

# မင်းသိင်္ခ

# ဇင်ယော်နဲ့ ရွှေယမင်းဦး

သားအဖသုံးဦး အထူးပြောပြတဲ့

## ရုပ်ရှင်မရိုက်ဖြစ်သေးတဲ့ လူတွေအကြောင်း

Scanned by CamScanner

မောင်ယဉ်ကျော် စီစဉ်သည်

စာမူခွင့်ပြုချက် - ၅၀၀၁၃၄၀၂၀၀၈
မျက်နှာဖုံးခွင့်ပြုချက် - ၅၀၀၁၉၁၀၂၀၀၈

## မင်းသိခ်

## ဇင်ယော်နီ

## ရွှေယမင်းဦး

သားအဖသုံးဦး အထူးပြောပြတဲ့

# ရုပ်ရှင်မရိုက်ဖြစ်သေးတဲ့ လူတွေအကြောင်း

(သားအဖသုံးဦး အထူးအစီအစဉ်)

ထုတ်ဝေသူ - ဦးဝင်းမြိုင် (သိဒ္ဓိမြိုင်ပုံနှိပ်တိုက်)
၁၁၃/၃၄ လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ပိုင်းသဇင်ငွေးလှိုင်
အောင်ပိုင်မင်းစာပေ
၂၂၂-စက်ရုံလမ်း၊ ဒေါပုံ၊ ရန်ကုန်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၅၀၀ ကျပ်

ပထမအကြိမ်၊ မတ်လ၊ ၂၀၀၈ ခုနှစ်

မောင်ယဉ်ကျော်
စီစဉ်သည်



မင်းသိခ်



ဇင်ယော်နီ



ရွှေယမင်းဦး

သားအဖသုံးဦး အထူးပြောပြတဲ့
ရုပ်ရှင်မရိုက်ဖြစ်သေးတဲ့
လူတွေအကြောင်း

သားအဖသုံးဦး
အထူးအစီအစဉ်

# စီစဉ်သူ၏ ညှော်ခံစကား

(က)

ဆရာကြီးမင်းသိခ်

ဆရာဇင်ယော်နီ

ဆရာမရွှေယမင်းဦး

သူတို့သားအဖသုံးဦးနှင့် ကျွန်တော် ...

ဆရာကြီးနှင့်ကျွန်တော် ခင်မင်ခဲ့သည်မှာ နှစ်ပေါင်း ၃၀ ကျော်ခဲ့ပြီ။ ထိုကာလအတွင်းဆရာကြီးသည် ကျွန်တော်နှင့်ရေးဖော်ရေးဖက်လည်းဖြစ်သည်။ သူငယ်ချင်းဆိုလည်း ဟုတ်သည်။ ဆရာတပည့်ဆိုလည်း မှန်သည်။ ကျေးဇူးရှင်ဆိုလည်း မမှား။ အများကသားအဖလို့ ပြောကြသည်။ တကယ်လည်း ကျွန်တော်တို့နှစ်ယောက်က သားအဖ။ ဆရာကြီးကို ကျွန်တော်အရမ်းအားကျသည်။ လေးစားသည်။ အားကိုသည်။ ဒါကြောင့် ကျွန်တော်က ဆရာအဖေလို့ ခေါ်သည်။

(ခ)

အရှေ့တောင်အာရှတွင် ဆရာကြီး၏ ဝတ္ထုများသည် ရုပ်ရှင်ဗီဒီယို တီတီခွေဇာတ်လမ်း စင်တင်ပြဇာတ် စသည့် သက်ဝင်လှုပ်ရှားအများဆုံးပြောင်းလဲခံခဲ့ရသည့်စာရေးဆရာဖြစ်သလို ဆရာကြီး၏ ဝတ္ထုဇာတ်ကောင် ဆားပုလင်းနှင်းမောင်ကို ပထမဆုံး အသက်သွင်းခဲ့သူမှာ ယမုံနာရုပ်ရှင်မှ အကယ်ဒမီဒါရိုက်တာကြီး ဦးကြီးမြင့်

ဟု မှတ်သားထားမိခဲ့သလို သူပြောခဲ့တဲ့ စကားလည်း ခုထက်ထိ ကြားနေတုန်းပါ။

ဇာတ်လမ်းဆင်ပြီး ဇာတ်ကောင်ကို ကွက်ကွက်ကွင်းကွင်း ပေါ်အောင် ခွဲနေအောင် ရေးနိုင်တဲ့ စာရေးဆရာမျိုး နောက်ထပ် ပေါ်လာနိုင်မယ်မထင်ပါဘူးတဲ့။

ဒါကြောင့်လည်း ဆရာကြီးဝတ္ထုထဲက ဇာတ်ကောင်တွေဟာ စာဖတ်ပရိတ်သတ်ကြားထဲစွဲနေအောင် ထဲထဲဝင်ဝင် ထင်ထင်ရှားရှား ရှိနေခဲ့ကြတာပါ။

ရုပ်ရှင်သမားကြိုက် ဇာတ်လမ်းဆိုတာ ရှားတယ်။ ဒါပေမယ့်ဆရာကြီးရေးသမျှ ရုပ်ရှင်သမားတွေအတွက် ဓာတ်စာလို ဖြစ်ခဲ့လို့ ဆရာကြီးမင်းသိခ်၏ ဝတ္ထုတို၊ ဝတ္ထုရှည် တို့မှာ ရုပ်ရှင်ကြီးရိုက်ကြ။ တီတီခွေသွင်းကြ။ ဗီဒီယိုရိုက်ကြ။ စင်တင်ပြဇာတ်အဖြစ် ကပြကြနှင့် အတော်များများ ကုန်နေပြီဖြစ်သော်လည်း တချို့ ရုပ်ရှင်အဖြစ် မရိုက်ရသေး၍ မကြည့်ရသေးသည်မှများလည်း ရှိပါသေးသည်။

ယခု ကျွန်တော် ဖော်ကောင်လုပ်ဖောက်သည်ချလိုက်ရမည့် ဇာတ်လမ်းတိုနှစ်ပုဒ်မှာလည်း ရုပ်ရှင်၊ ဗီဒီယိုသမားတို့ မျက်စိကျပြီး ဆရာကြီးနှင့်တွေ့ ဆွေးနွေးခွင့်ပြုချက်ယူရန် စိစဉ်နေကြသည့် ကာလဖြစ်ပါသည်။

ထိုအတူ ဒီခြံထဲက ထွက်တဲ့အရွက် ဘာနဲ့ချက်ချက် ချိုတယ်ဆိုသလို အချိန်တိုတိုနှင့် ရှေ့ဆင့်နောက်ဆင့် စာပေလောကမှာ သူ့လိုင်းနဲ့သူ လက်မပြပဲ ကျော်တတ်လာတဲ့ ဆရာဇင်ယော်နီရဲ့ ရသေ့ကြီး ဦးရွှေတောင်နှင့်လူမိုက် အခန်းဆက်ဝတ္ထုရှည်နှင့် ဆရာမ ရွှေယမင်းဦးရဲ့ ဂရုဏာနှောင်ကြိုး အခန်းဆက်ဆက်ဝတ္ထုရှည်တို့မှာလည်း မကြာခင် ဗီဒီယိုရုပ်ရှင်အဖြစ် မြင်ကြရတော့မှာမို့ လောလောဆယ် ရုပ်ရှင်အဖြစ် မကြည့်ရသေးခင် စာဖတ်ပရိသတ်များအား တစ်စုတစ်ပေါင်းတည်း ဖတ်ရှုနိုင်ကြဖို့ ရည်ရွယ်ပြီး ဆရာကြီးမိသားစုရဲ့ ခံစားချက်အဖြစ် သူတို့သားအဖ သုံးဦး အထူးပြောပြတဲ့ ရုပ်ရှင်မရိုက်ဖြစ်သေးတဲ့ လူတွေအကြောင်း အမည်ဖြင့် စီစဉ်လိုက်ရခြင်း ဖြစ်ပါသည်။

စာဖတ်သူများရဲ့
(မောင်ယဉ်ကျော်)
စီစဉ်သူ

# ဖတ်စရာအညွှန်း


ဆရာ မင်းသိင်္ခ - စာ-၅ မဖိတ်ဘဲ လာတဲ့လူ

စာ-၃၁ မအိမ်မြို့နှင့် မအိမ်စောင့်အမြွာညီအစ်မ

ဆရာ ဇင်ယော်နီ -စာ-၄၈ ရသေ့ကြီးဦးရွှေတောင်နှင့်လူမိုက်

ဆရာမ ရွှေယမင်းဦး-စာ-၁၀၈ ဂရုဏာနှောင်ကြိုး




## မဖိတ်ဘဲလာတဲ့လူ

တစ်နေ့သ၌ ကျွန်ုပ်သည် မိတ်ဆွေတစ်ဦးက ပေးထားသော သံပတ်ဖြင့် ပြုလုပ်ထားသည့် တိုက်ကပ်နာရီ အပျက်တစ်လုံးကို ဝက်အူလှည့်၊ ပလာယာ၊ တံစဉ်း စသည်တို့ကို အသုံးပြုလျက် ပြင်ဆင်နေလေတော့၏။ ရှေးနှစ်ပေါင်းများစွာမှ အသုံးပြုခဲ့သော တိုင်ကပ်နာရီတစ်လုံးဖြစ်သောကြောင့် သံပတ်များ ကျိုးပြတ်နေပြီဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်သည် သံပတ်အသစ်ကို လဲ၍ တတ်ရလေ၏။ ခွေးသွားစိတ်များမှာလည်း တုံးနေပြီဖြစ်သောကြောင့် တစ်ခုနှင့်တစ်ခုမငြိတော့ဘဲ အံချော်၍နေလေ၏။ ထို့ကြောင့် ပြုတ်တူလေးဖြင့် ညှပ်ကာ စိတ်ရှည်လက်ရှည် တံစဉ်းတိုက်ရလေ၏။ ဒိုင်ခွက်တွင်ရှိသော နံပါတ်များမှာလည်း ကြည့်၍မရအောင် မှိန်နေပြီဖြစ်သောကြောင့် အသစ်ပြန်၍ ရေးရလေ၏။ မှန်သည်လည်း အကွက်များထ၍ အစင်းများထင်နေသောကြောင့် ကျွန်ုပ် အသုံးပြုလေ့ရှိသော မှန်ချေးချွတ်ဆေးဖြင့် ပွတ်တိုက်ရလေ၏။ ကျွန်ုပ်၏ မှန်ချေးချွတ်ဆေးမှာ သွားတိုက်ဆေးနှင့် ရေနံဆီကို ပေါင်းစပ်ကာ မှန်ကိုသုတ်လိမ်း၍ အခြောက်ခံထားပြီး ခြောက်သောအခါမှ အဝတ်ဖြင့် ပွတ်တိုက်သော



Scanned by CamScanner

နည်းဖြစ်၏။ ရေနံဆီဖြင့် ဖျော်ထားသော သွားတိုက်ဆေးသည် မှန်ကို ကြည့်လင်ရန်အတွက် လွန်စွာ အထောက်အကူ ပြုလေ၏။

ကျွန်ုပ်သည် အလုံးစုံပြင်ဆင်ပြီးသောအခါ၌ နာရီစက်အား နာရီအိမ်အတွင်းသို့ သွင်းပြီးလျှင် လက်တံများ ချိန်သီးများကို သူနေရာနှင့်သူ နေရာချ၍ သံပတ်ပေးလိုက်လေ၏။ ထိုသို့ သံပတ်ပေးလိုက်သောအခါ၌ ကျွန်ုပ်၏ တိုင်ကပ်နာရီလက်တံသည် နာရီနှင့်မတူတော့ပဲ တကွတ်ကွတ်နှင့် တစ်ကွက်ပြီးတစ်ကွက် ရွေ့လေတော့၏။ ကျွန်ုပ်သည် လွန်စွာစိတ်ဓာတ်ကျသွား၏။ ထိုအချိန်၌ ကျွန်ုပ်နှင့် သိကျွမ်းခြင်းမရှိသော လူတစ်ယောက်သည် ကျွန်ုပ်အနီးသို့ ရောက်လာပြီးလျှင် ကျွန်ုပ်၏ နာရီကို ကြည့်ကာ ...

"ဒီထက် နည်းနည်းလေး မြန်အောင်လုပ်လိုက်ရင် နွေအခါမှာ အသုံးဝင်လိမ့်မယ်။ နာရီကြည့်ဖို့မဟုတ်ဘူး။ အအေးခံဖို့"

ဟု ပြောသဖြင့် ကျွန်ုပ်က ထိုသူ၏ မျက်နှာကို လှမ်းကြည့်ပြီးလျှင် ...

"ခင်ဗျား ပြင်တတ်သလား"

ဟု မေးလိုက်လေ၏။ ထိုသူက ခေါင်းကို ဖြည်းညင်းစွာခါပြီးနောက် ...

"မပြင်တတ်ပါဘူး ဆရာ ရ။ ကျွန်ုပ် ပြီးတော့ ပြင်ဖို့လည်း စိတ်မကူးပါဘူး။ ဒီခေတ်မှာ နာရီတွေ ဒီလောက်ပေါနေတာ





အသစ်တစ်လုံးဝယ်လိုက်မှာပေါ့။ ဘာဖြစ်လို့ ဒီလောက်စုတ်တဲ့နာရီကြီးကို အချိန်ကုန်ခံပြီး ပြင်နေရမှာလဲ"

ဟု ပြောလေ၏။

"ဒီလို ရှိတယ်ဗျ။ အသစ်ဟာ အသစ်အနေနဲ့ တန်ဖိုးရှိသလို အဟောင်းကလည်း အဟောင်းအနေနဲ့ မြတ်နိုးစရာကောင်းတယ်"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ထိုသူက မခိုးမခန့် ပြုံး၍

"ဆရာက ဆရာ့ပစ္စည်းကို အန်းတစ် လို့ ပြောချင်လို့လား။ အခုခေတ်မှာ လူတော်တော်များများဟာ အန်းတစ်ကို ခံစားတတ်မှ ခေတ်မီသလို ဖြစ်နေကြတယ်။ အဲဒီထဲမှာ ဆရာလည်း ပါနေတာကိုး"

ဟု ထိုသူက ပြောလေ၏။

"ဒီလိုရှိတယ် ကိုယ့်လူ။ ကျုပ်က ခေတ်မီအောင် ရှေးဟောင်းပစ္စည်းကို နှစ်သက်တာမဟုတ်ဘူး။ ဘယ်လိုကြောင့်လဲတော့ မသိဘူး။ ကျုပ်ရဲ့စိတ်မှာ ရှေးဟောင်းပစ္စည်းတွေကို သိပ်သဘောကျတယ်ဗျ။ ရှေးဟောင်းနာရီပျက်ကြီးတွေ၊ ရှေးဟောင်း အိုးစုတ်ကြီးတွေ၊ ရှေးဟောင်း စားပွဲခုံကြီးတွေ၊ ပြီးတော့ ရှေးဟောင်း ဓာတ်ပုံကြီးတွေကို တွေ့လိုက်ရရင် ကျုပ်စိတ်ထဲမှာ တစ်မျိုးပဲဗျ။ တစ်ခုခုကို လွမ်းသလိုလို ဆွေးသလိုလို ခံစားရတယ်"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ထိုသူက ...



Scanned by CamScanner

"အဲဒါ .. စိတ်ရောဂါ"

ဟု တုံးတိတိ ပြောလိုက်လေ၏။

"ပြီးတော့ .. ကျုပ်ဟာ အဲဒီပစ္စည်းတွေကို ဖုန်တွေဘာတွေ ခါ၊ ပျက်တာတွေရှိရင် ပြန်ပြင်၊ ပိန်တာတွေရှိရင် ပြန်ဖောင်းပြီး ကျုပ် အလုပ်လုပ်တဲ့အနားမှာ ထားလေ့ရှိတယ်။ အချိန်ရရင် အဲဒီ ပစ္စည်းတွေကြည့်ပြီး စဉ်းစားတော့တာပဲဗျို့၊ ဥပမာဗျာ .. ဟောဒီ တိုင်ကပ်နာရီကြီးဟာ ကျုပ်မိတ်ဆွေက ကျုပ်ကို လက်ဆောင်ပေး ထားတာ။ အဲဒါဟာ သူ့အဖိုးသုံးခဲ့တဲ့ နာရီတဲ့။ သူ့အဘိုးက မြန်မာလူ မျိုးမဟုတ်ဘူး။ မရဝါရီ ကုလားကြီးတဲ့။ ကျုပ်တို့တိုင်းပြည်ကို ရောက် လာတဲ့အခါမှာ သူက ရွှေချတ်တဲ့လုပ်ငန်းကို လုပ်တယ်။ ပြီးတော့ ရွှေအရောင်းအဝယ်လုပ်တယ်လို့လည်း ပြောတယ်။ အဲဒီတော့ ကျုပ် က ဘာတွေလျှောက်ပြီး စိတ်ကူးသလဲဆိုတော့ အဲဒီမာရဝါရီကုလား ကြီးဟာ ရွှေအရောင်းအဝယ်လုပ်ပြီး ပိုက်ဆံရှိလာတဲ့အခါမှာ မာရဝါရီ တစ်ယောက်နဲ့ အိမ်ထောင်ပြုမယ်ဗျာ။ ပြီးတော့ အိမ်တစ်လုံးဆောက် မယ်ဗျာ။ ပြီးတော့ သူ့အိမ်ရဲ့ ဧည့်ခန်းမှာချိတ်ဖို့ ဒီနာရီကြီးကိုဝယ် မယ်ဗျာ။ အဲဒီ အချိန်တုန်းကတော့ ဒီနာရီကြီးဟာ အသစ်ကြီးပေါ့ ဗျာ။ အဲဒီလိုကနေပြီး ကျုပ်ဟာ တွေ့လည်းမတွေ့ဖူး၊ မြင်လည်း မမြင်ဘူးတဲ့ မာရဝါရီ ကုလားသူဌေးကြီးတစ်ယောက်အကြောင်းကို စဉ်းစားလိုက်တာ မပြီးတော့ပါဘူးဗျာ"





ဟု ပြောလိုက်လျှင် ထိုသူက ...

"အဲဒါ စိတ်ရောဂါ"

ဟု တုံးတိတိ ပြောပြန်လေ၏။

နောက်ပြီးတော့ ဒီလိုရှိသေးတယ်ဗျ။ အဲဒီ ရှေးဟောင်း ပစ္စည်းတွေမှာ မူလက သုံးခဲ့တဲ့လူရဲ့ ဓာတ်ငွေ့ ဓာတ်သက်တွေ ဝေ့ တွေပေ့ါဗျာ။ အဲဒါတွေ ကျန်ရစ်နေတယ်လို့ ကျုပ်စိတ်မှာ ထင် တယ်ဗျ"

ဟု ပြောလိုက်ရာ ထိုသူက ...

"အဲဒါ .. စိတ်ရောဂါ"

ဟု တုံးတိတိ ဆိုပြန်လေ၏။

ထို့ကြောင့် ကျွန်ုပ်က ...

"သူများအိမ်ကို မဖိတ်ဘဲလည်း လာတယ်။ ပြီးတော့ သူများလုပ်တာကိုကြည့်ပြီး စိတ်ရောဂါ .. စိတ်ရောဂါလို့ ပြောတဲ့လူ ဟာလည်း စိတ်ရောဂါ ဖြစ်နေတဲ့လူပဲ"

ဟု ပြောလိုက်လျှင် ထိုသူက ...

"မှန်လိုက်တာ ဆရာရယ်၊ ကျွန်တော့်မှာလည်း ဆိုက်ကိုး ဆစ် အဲ .. အဲ .. စိတ်ရောဂါ .. စိတ်ရောဂါ ရှိနေပါတယ်။ အဲဒီ စိတ်ရောဂါကို ကျွန်တော်ကိုယ်တိုင် နာမည်ပေးထားတာကတော့ တောင်စဉ်ရေမရ စိတ်ရောဂါ လို့ နာမည်ပေးထားတယ်။ ရေလိုချင်



Scanned by CamScanner

တဲ့သူဟာ တောင်တွေပေါ်တက်ပြီး တောင်စဉ်အတိုင်း ရေလိုက်ရှာတယ်။ တကယ်က တောင်ပေါ်မှာ ရေမရနိုင်ဘူး။ တောင်အောက်ကိုဆင်းမှ ရေရမယ်ဆိုတာကို မသိသားဆိုးဝါးပြီး တောင်စဉ်ခုနစ်ထပ်ကို ရေရှာထွက်ခဲ့လို့ ရေမရဘဲ ခြေကုန်လက်ပန်းကျတဲ့ ရောဂါပေါ့ဗျာ"

ဟု ဆွေးဆွေးမြေ့မြေ့ ပြောလိုက်လေ၏။ ကျွန်ုပ်သည် ထိုသူ၏ မျက်နှာကို စေ့စေ့ကြည့်လိုက်လေ၏။ ထို့နောက် ...

"အဲဒါ စိတ်ရောဂါ"

ဟု ၎င်းပြောသည့် လေသံအတိုင်း ပြန်၍ ပြောလိုက်လေ၏။ ထိုအခါ ထိုသူက ..

"မှန်ပါတယ် ဆရာရယ်၊ ကျုပ်ဟာ နှစ်ပေါင်းများစွာ ဖွဲနဲ့ကြိုးစားပြီး ဘာမှဖြစ်မလာတဲ့အခါကျမှ ငါလုပ်တဲ့ အလုပ်ဟာ ဘာမှဖြစ်မယ့်အလုပ်လည်း မဟုတ်ပါလားလို့ သိရတော့တယ် ဆရာရယ်။ အဲဒီတော့ ကိုယ့်ကိုကိုယ် ယူကြုံးမရဖြစ်ပြီး တောက်တခေါက်ခေါက်နဲ့ အိပ်မပျော် စားမဝင် ဖြစ်တော့တာပါပဲ"

ဟု ပြောလေ၏။ ကျွန်ုပ်သည် ထိုသူ၏ စကားကို နားထောင်ပြီးနောက် ...

ဟိုးရှေးရှေးတုန်းက လူတစ်ယောက်ဟာ မိုးပေါ်ကို မော့ကြည့်တယ်။ အဲဒီမှာတိမ်တိုက်တွေ လွင့်ရှားသွားလာနေတာကို





တွေ့ရတယ်။ အဲဒီတော့ ဒီလူက တိမ်တိုက်ထဲကို လူတစ်ယောက်များ ရောက်သွားရင် ဘယ်လိုနေမလဲလို့ သူကသိချင်တယ်။ အဲဒီနောက်တော့ ဒီလူဟာ ဝါးတောထဲကိုတိုးဝင်ပြီး ဝါးတွေခုတ်တော့တာပဲ။ ပြီးတော့ သူတစ်ယောက်တည်း တကုပ်ကုပ်နဲ့မျှော်စင်ကြီးတစ်ခု ဖြစ်အောင် လုပ်တယ်။ သူ့မျှော်စင်ကြီးဟာ တဖြည်းဖြည်း မြင့်လာလိုက်တာ နောက်ဆုံးတော့ တိမ်တိုက်ထဲကို ရောက်ရောဆိုပါတော့ကွာ။ အဲဒီတော့ မျှော်စင်ထိပ်ပေါ်မှာထိုင်ပြီး ဟိုကြည့်ဒီကြည့်လုပ်တယ်။ ဖြူဖြူအငွေ့ခတွ သူ့ဘေးနားက ဖြတ်သွားတာကလွဲပြီး ဘာမှထူးခြားမှုမရှိပါဘူး။ အဲဒီတော့ သူလုပ်တဲ့အလုပ်ဟာ ဘာမှမဟုတ်ပါလား။ လို့သဘောက်ပြီးလျှင် မျှော်စင်ကြီးကို တဖြည်းဖြည်း ဖျက်ချတယ်။ အဲဒီတော့ ဝါးခုတ်တာရော၊ မျှော်စင်ဆောက်တာရော၊ ပြန်ပြီးဖျက်တာရောဆိုရင် နှစ်ပေါင်းသုံးဆယ်လောက်အချိန်ကြာသွားတယ်။ အသက်လေးဆယ့်လောက်ကစပြီး လုပ်တာဆိုတော့ ဘာမှမဟုတ်ပါလားဆိုတာ သိတဲ့အချိန် အသက်ခုနစ်ဆယ်ရောက်သွားပြီ၊ လူ့သက်တမ်းကုန်ဆုံးသွားပြီ။ အဲဒီတော့ ခင်ဗျားလည်းပဲ အခုကျုပ်ပြောပြတဲ့ ပုံပြင်ထဲကလူလို ဘာမှမဟုတ်ပါလားဆိုတာ သိဖို့ အချိန်တွေတော်တော်ဖြုန်းခဲ့တယ်ထင်တယ်"

ဟု ပြောလေရာ ထိုသူက ...

"မှန်ပါတယ်ဗျာ၊ မှန်ပါတယ်။ ဆရာပြောပြတဲ့ ပုံပြင်နဲ့



Scanned by CamScanner

ကျွန်တော်နဲ့အကိုက်ဆုံးပါပဲ။ ကျုပ်နာမည် ဦးစန်းမောင်တဲ့။ ကျွန်တော် ဂိုဏ်းဆရာတစ်ယောက်ဆီမှာ တပည့်ခံပြီး သူခိုင်းတဲ့အတိုင်းလုပ်လာခဲ့တာ နှစ်ပေါင်းနှစ်ဆယ်ကျော်ပြီ။ အတိအကျပြောရရင် နှစ်ဆယ့်နှစ်နှစ်ရှိပြီ။ ဘာဆိုဘာမှ ထူးထူးခြားခြား မဖြစ်ခဲ့ဘူး။ သူက ဟောဒီလိုလုပ် သိဒ္ဓိတိုးလိမ့်မယ်ဆိုရင် ကျွန်တော်က လိုက်ပြီး လုပ်တာပဲ။ ဟောဒီအစိဋ္ဌာန်ဝင် ဘယ်လိုအကျိုးမျိုးရမယ်ဆိုရင် လိုက်ပြီးဝင်တာပဲ။ ကျွန်တော့်ဆရာကလည်း တော့်တော့်ကို အပြောကောင်းတယ်။ စကားပြောရင် ဒေါနဲ့မာန်နဲ့ မာန်နဲ့ထန်နဲ့ ပြောတတ်တယ်။ သူပြောတဲ့အတိုင်း လိုက်ပြီးမလုပ်ရင် မျက်ထောင့်နီကြီးနဲ့ ကျွန်တော့်ကိုကြည့်လိုက်တာ ကျွန်တော်ဖြင့် ကျောကိုစိမ့်သွားတာပဲ။ အဲဒီအခါမျိုးမှာ စကားပြောရင်လည်း တောက်ခေါက်ပြီး ပြောတော့တာပဲ။ ကျွန်တော်ဟာ သူ့ကိုကြောက်တာနဲ့ လိုက်ပြီးလုပ်ရတာတွေရှိတယ်။ ဒါပေမယ့် နှစ်ပေါင်းနှစ်ဆယ်ကျော် လုပ်တယ်လေ။ ဘာမှထူးခြားချက် မရှိဘူး။ ကျွန်တော်တင် မထူးခြားတာမဟုတ်ဘူး။ ကျွန်တော့်ဆရာလည်း ဘာမှ မထူးခြားဘူး။ အသက်သုံးဆယ်ကျော်လောက် ကျွန်တော့်ဆရာနဲ့ ကျွန်တော် အတူတကွ လုပ်ခဲ့ကြတာပဲ။ အနှစ်နှစ်ဆယ်ကျော်လောက် လုပ်ကြတာဆိုတော့ အသက်ငါးဆယ်ကျော်ကုန်ကြပြီ။ နှစ်ယောက်စလုံး ဆံပင်တွေကျွတ်ပြီး ထိပ်တွေပြောင်ကုန်ကြပြီ။ ဘာသိဒ္ဓိမှလည်းမရဘူး။ ဘာတန်ခိုးမှလည်း မရဘူး။ ဘယ်လိုလောကီ





အကျိုးစီးပွားမှလည်းမဖြစ်ထွန်းဘူး။ ကျွန်တော့်ဆရာဆိုရင် လစဉ်ဝင်တဲ့ငွေနဲ့ လစဉ်ကုန်တဲ့ငွေ မကာမိလို့ သူ့မိန်းမကြီးကိုတောင် တောပြန်ပို့လိုက်ရတယ်။ ပြီးခဲ့တဲ့အပတ်က ကျွန်တော့်ဆရာက ကျွန်တော့်ကို အဓိဋ္ဌာန်တစ်ခုဝင်ဖို့ခိုင်းတယ်။ အဲဒီမှာ ကျွန်တော်က မဝင်နိုင်ဘူးလို့ ပြောလိုက်တယ်။ အဲဒီတော့ ဆရာက ထုံးစံအတိုင်း တောက်ခေါက်ပြီး မျက်လုံး နီနီရဲရဲနဲ့ ကျွန်တော့်ကိုကြည့်တယ်။ အဲဒီတော့ ကျွန်တော်က ဆရာ့ကို ပြန်ပြီးပြောတယ်။ "ဒီမှာ ဆရာ ကျွန်တော်တို့လုပ်လာတာ အနှစ်နှစ်ဆယ်ကျော်ပြီ။ ဘာမှ ထူးထူးခြားခြား မရှိဘူး။ ဥပမာ ဆရာရယ်၊ ဆရာမင်းသိခ်တို့အုပ်စုက သူ့တပည့်တွေနဲ့သူ ဟိုဘုရားမှာ အဓိဋ္ဌာန်ဝင်လိုက်၊ ဒီဘုရားမှာ ပုတီးစိပ်လိုက် လုပ်ကြတာပဲ။ ဘာပဲဖြစ်ဖြစ် သူတို့အုပ်စုဟာ ကျွန်တော်တို့ ဆရာတပည့်ထက်တိုးတက်တယ်" လို့ ကျွန်တော်ကလည်း ပြောလိုက်ရာ အဲဒီမှာ ကျွန်တော့်ဆရာဟာ ယမ်းပုံမီးကျ ဖြစ်တော့တာပဲ။ "ဟေ့ကောင် မြဲမြဲမှတ်ထား။ မင်းသိခ်ဆိုတဲ့ အကောင်အကြောင်း ငါ့အိမ်ပေါ်မှာ မပြောနဲ့။ ဒီကောင့်ကို ငါအထင်မကြီးဘူး" လို့ ပြောတော့တာပဲ။ အဲဒီတော့ ကျွန်တော်က ဒီလိုမပြောပါနဲ့ဆရာရယ်။ ဆရာ့ကိုလည်း မင်းသိခ်က ဒီလိုပဲရှိတော့မှပေါ့လို့ ပြန်လည်းပြောလိုက်ရော ကျွန်တော့်ဆရာဟာ သိပ်ပြီး ဒေါပွလာပြီး အနားမှာရှိတဲ့ ပုလင်းကို ဆွဲချပြီး သူ့ခေါင်းကိုသူ ရိုက်ချလိုက်တယ်။ ပုလင်းဟာ "ဖောင်းခနဲ" ကွဲသွား

ပြီး သူနဖူးက သွေးတွေစီးကျလာတယ်။ အဲဒီတော့ ဆရာရယ် ကျွန်တော်လည်း ဘယ်လိုလုပ် ကြည့်နေလို့ ဖြစ်တော့မလဲ ကျွန်တော်က သွေးမြင်ရင် ရှော့ခ်ဖြစ်တတ်တယ်။ အဲဒီတော့ ကျွန်တော်လည်း ဆရာ့ကိုဒီအတိုင်းထားပြီး သူ့အိမ်က ကပျာကယာ ဆင်းလာခဲ့တော့တယ်''

ဟု ဦးစန်းမောင်က ပြောလေ၏။

ကျွန်ုပ်သည် ဦးစန်းမောင်၏ မျက်နှာကို သေချာစွာ ကြည့်ပြီးနောက် ...

''ခင်ဗျားလို လူမျိုးတွေ ကျုပ်ဘဝမှာ အများကြီးတွေ့ဖူးပါတယ်ဗျာ။ ကျုပ်နာမည်ကို မင်းလို့ကြားလိုက်တာနဲ့ နောက်က သိခ်ဆိုတဲ့ စာလုံးတောင်မကြားချင်တဲ့သူတွေ အများကြီးပါ။ ကျုပ်အဖို့တော့ ဒါမျိုးတွေ ရိုးနေပါပြီ။ ဒီလူတွေဟာ စိတ်ရောဂါဖြစ်နေတဲ့ လူတွေ။ ကျုပ်ကလည်း သူတို့ကို ဘာမှလည်း မပြော၊ မလုပ်ပဲ သက်သက်အမုန်းပွားနေတယ်ဆိုတာ လူကောင်းတွေရဲ့ အလုပ်မှ မဟုတ်ဘဲ။ အရူးတစ်ယောက်ရဲ့အလုပ်ပဲ။ ထားလိုက်ပါတော့လေ။ ခင်ဗျားလာရင်းကိစ္စကိုပဲ ပြောပါ''

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဦးစန်းမောင်က ...

''ဒီလိုဆရာရဲ့ ကျွန်တော့်ဆရာဟာ နောက်တစ်နေ့ကျတော့ ကျွန်တော့်အိမ်ကို ပတ်တီးကြီးနဲ့ ရောက်လာတယ်။ ပြီးတော့





တပည့်ရေ မနေ့က ငါစိတ်ဆိုးမာန်ဆိုး လုပ်မိတာ တောင်းပန်ပါတယ်။ တို့ဆရာတပည့်နှစ်ယောက် ခင်ခင်မင်မင်ပေါ့ကွာ။ တစ်ခုပြောရဦးမယ် ဆရာရေ။ ကျွန်တော့်ဆရာနဲ့ ကျွန်တော်က ရွယ်တူခင်ဗျ။ ဒါပေမယ့် ကျွန်တော့်ဆရာက သိပ်ပြီးအသားယူတာ။ ဘယ်တော့မှ ကျွန်တော့်ကို နာမည်မခေါ်ဘူး။ တပည့်လို့ပဲခေါ်တာ။ တပည့်တောင်မှ အသံထွက်တစ်မျိုးခင်ဗျ။ တပည့်ဆိုရင် ပုံ့ပါသွားမှာစိုးလို့ တပည့်လို့ခေါ်တယ်။ ဆရာကတော့ ဒီလိုမဟုတ်ဘူး။ ဆရာ့တပည့်တွေနဲ့ ဆရာနဲ့ အတူတူသွားလာနေကြတာ။ တစ်ခါမှလည်း တပည့်ဆိုတဲ့ အသုံးအနှုန်း မသုံးဘူး။ ကျွန်တော်ဖြင့် ပျော်လိုက်တာ။ ဆရာ့တပည့်တွေကလည်း ဘာပဲဖြစ်ဖြစ် ဆရာ့ကို ချစ်ကြပါတယ်။ ကျွန်တော့်ဆရာကတော့ ဒီလိုမဟုတ်ဘူး။ ကျွန်တော့်တို့ဟာ ကျွန်တော့်ဆရာကို ကြောက်တာတော့ မှန်ပါတယ်။ ဒါပေမယ့် မချစ်ဘူး ခင်ဗျ။ ဆရာ့ရဲ့ အပြုအမူတွေဟာ ကြာလာတဲ့အခါမှာ ချစ်ကြောက်ရိုသေရမယ့်အစား ရွံ့ကြောက်ကြီး ဖြစ်လာတယ်''

ဟု ပြောလေ၏။

ထိုအခါ ကျွန်ုပ်က ...

''ဒီမှာ ကိုစန်းမောင် .. ရှုံးနေတဲ့ခင်ဗျား ဆရာအကြောင်းကိုထားပြီး ခင်ဗျားလာရင်းကိစ္စကို ပြောပါဗျာ''

ဟု ပြောလိုက်လျှင် ဦးစန်းမောင်က ...

"ဘာပြောစရာလိုသေးသလဲ ဆရာရယ်။ ဟိုဆရာဆီက ထွက်လာပြီး ဒီဆရာဆီမှာ တပည့်ခံဖို့ပေါ့"

ဟု ပြောလေတော့၏။

ထိုအခါ ကျွန်ုပ်က ...

"ဒီလိုရှိတယ် ကိုစန်းမောင်ရေ .. ဟိုဆရာနဲ့ ပူးတွဲပြီး အစီအရင်လုပ်တာမထူးလို့တော့ မထူးဘူးဆိုပြီး ကျုပ်ဆီကိုမလာနဲ့။ ကျုပ်ဆီမှာလည်း ဘာမှမထူးဘူး။

ကျုပ်တပည့်တွေနဲ့ ကျုပ်ကိုကြည့်ပြီး တိုးတက်နေတာလို့လည်း မယူဆနဲ့ဦးဗျ။ ကျုပ်တို့က အထက်ဂိုဏ်းလည်း မဟုတ်ဘူး။ ရှင်းရှင်းပြောရရင် ဂိုဏ်းဆိုတဲ့ ဝေါဟာရကိုကျုပ်တို့က သိပ်ပြီးကြိုက်တာမဟုတ်ဘူး။ ကျုပ်က ပတ်သက်ရာပတ်သက်ကြောင်းတွေကို ခေါ်ပြီး ဗေဒင်လေး၊ လက္ခဏာလေးသင်ပေးတယ်။ သူတို့က အဲဒါလေးတွေ တတ်သွားတော့ တချို့လည်း ကိုယ့်အိမ်မှာကိုယ် ဗေဒင်ဟောကြတယ်။ တချို့က ဆိုင်ခန်းလေးတွေဘာတွေ ဝယ်နိုင်လျှင်လည်းဝယ်၊ ငှားနိုင်လျှင်လည်း ငှားပြီး ဗေဒင်လက္ခဏာဆိုင်ဖွင့်ကြတယ်။ အဲဒီတော့လည်း အပေါက်အလမ်းတည့်ပြီး ဝင်ငွေလေးတွေ ဖြောင့်လာကြတာပေါ့။ အဒီလိုဖြစ်လာကြတော့လည်း ကျုပ်တို့လူစုက မခွဲဘူးဗျ။ ကျုပ်တို့က တပူးတတွဲတွဲ သွားလိုက်ကြ၊ စားလိုက်ကြ၊ အစီအရင်ဝင်လိုက်ကြ၊ တစ်ယောက်တစ်လဲ ကျွေးလိုက်ကြ၊





ဝေငှလိုက်ကြ၊ လုပ်နေကြတာ ဘေးကကြည့်ရင် ဂိုဏ်းတစ်ဂိုဏ်းလို့ တောင်မြင်နိုင်တယ်။ အမှန်က ဘာဂိုဏ်းမှမဟုတ်ဘူး။ အဲဒီတော့ ခင်ဗျားက ကျုပ်တို့ဆီလာပြီး ဘာလုပ်မှာလဲ။ ဗေဒင်သင်ယူမှာလား။ ဗေဒင်ဟောမှာလား။ ကြိုပြီးပြောထားမယ်။ ကျုပ်တို့လည်း လုပ်နေတာကြာပြီ။ ဘာမှထူးလှတယ်ရယ်လို့တော့မဟုတ်သေးဘူး ကိုစန်းမောင်ရေ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ...

"အဲဒါကိုပဲ ကျွန်တော်က သဘောကျတာပါ။ ကျွန်တော့်ဆရာဆိုရင် ဒီလိုမဟုတ်ဘူးဗျ ဘယ်သူပဲလာလာ ထူးနေပြီ။ ဟုတ်နေပြီလို့ ဖြီးလုံး၊ ဖြန်းလုံးတွေ လုပ်နေတယ်။ ကျွန်တော်သိတာပေါ့ ဆရာရယ်။ ကျွန်တော့်ဆရာဟာ ဘာမှမထူးဘူးလို့ပြောရမှာဟာ သူ့အတွက် အတော့်ကို ဝန်လေးနေတယ်။ ဒီအချက်ကိုက မရိုးသားတာကိုပြတာပဲ။ ဘာပဲဖြစ်ဖြစ် ဆရာကတော့ ရိုးသားပါတယ်။ မထူးတာကို မထူးဘူးလို့ ပြောဖော်ရတယ်။ အဲဒါကြောင့် ဆရာ့ဆီမှာ တပည့်ခံချင်ပါတယ်"

ဟု ဦးစန်းမောင်က ပြောလေ၏။

ထိုအခါ ကျွန်ုပ်က ...

"ဒီလိုလုပ်ပါဗျာ။ ကျုပ်ဆီမှာ တပည့်မခံပါနဲ့။ ကျုပ်တို့ အစီအရင်ဝင်တဲ့နည်းလေးတော့ ရှိပါတယ်။ အဲဒါလေး ကူးယူသွား

ပြီး ဟိုဆရာဆီမှာပဲ ဆက်နေပါ။ ကျုပ်တို့နည်းလေးကို သဘောကျရင်လည်း ခင်ဗျားဟာ ခင်ဗျား အဓိဋ္ဌာန်ဝင်ပေါ့''

ဟု ကျွန်ုပ်က ပြောရလေ၏။

ထိုအခါ ကိုစန်းမောင်က ...

''မသိလို့ မေးပါရစေဦး ဆရာရယ်၊ ဆရာ့ဆီကို ကျွန်တော် ကလာပြီး တပည့်ခံတာကို ဆရာက ဘာကြောင့် လက်မခံချင်ရတာလဲ။''

ဟု မေးလေ၏။

''လက်မခံချင်လို့ မဟုတ်ပါဘူး ကိုစန်းမောင်ရယ်။ ခင်ဗျားက ကျုပ်ဆီမှာထူးမယ်ထင်ပြီး ဝင်လာရော။ ဒီလည်းကျရော ဘာမှ မထူးဘူးဆိုရင် တစ်ချိန်ချိန်မှာ ကျုပ်ကို ရန်လုပ်လိမ့်မယ်။ အဲဒါကြောင့် ခင်ဗျားဟာ ခင်ဗျားဆရာနဲ့နေ။ ကျုပ်တို့နည်းလမ်းကို သဘောကျရင် ကျုပ်တို့နည်းလမ်းအတိုင်း လုပ်ကြည့်ပေါ့။ အဲဒါဟာ အကောင်းဆုံးပါပဲဗျ''

ဟု ပြောလိုက်လျှင် ၎င်းကိုစန်းမောင်က ...

''ကောင်းပြီလေ၊ ဆရာတို့ ဘယ်တော့ အဓိဋ္ဌာန်ဝင်ဦးမလဲ၊ ဆရာတို့ဆီက နည်းကို တနဲ့ကူးမယ်။ ဆရာတို့လုပ်တာတွေကိုလည်း လက်တွေ့လိုက်ပြီး လုပ်ကြည့်မယ်။ ပြီးတော့ ကျွန်တော့်ဘာသာ ကျွန်တော်လုပ်ပါ့မယ်''






ဟု ပြောလေ၏။

ထို့ကြောင့် ကျွန်ုပ်သည် ၎င်းကိုစန်းမောင်ဆိုသူအား ကျွန်ုပ်တို့ပြုလုပ်လေ့ရှိသည့် အဓိဋ္ဌာန်နည်းလေးတစ်ခုကို အောက်ပါအတိုင်း ပေးလိုက်လေ၏။

''တနင်္ဂနွေနေ့မှာ အဓိဋ္ဌာန်ဝင်ရင် ကြွေပန်းကန်ပြားပေါ်မှာ ပေဟာဒီစာလုံးလေး အထက်လမ်းစကားနဲ့ ပြောမယ်ဆိုရင် ဓမလေးလုံးပေါ့ဗျာ။ အဲဒါကို ရေးဆွဲပြီး အဓိဋ္ဌာန်ဝင်ရတယ်။ အဲဒီလေးလုံးက ဘာလဲဆိုတော့ (ပ၊ က၊ သ၊ အ) ဖြစ်နေတယ်ဗျ။ ကြွေပန်းကန်ပြားကို လေးစိတ်မျဉ်းတားပြီး တစ်စိတ်ဆီမှာ ဓမလေးလုံးဆီ ရေးသွင်းရတယ်။ ဒီမှာ ကျုပ်ပုံဆွဲပြမယ်။ ခင်ဗျားကြည့်''

ဟု ဆိုပြီးလျှင် အောက်ပါပုံကို ဆွဲပြရလေ၏။




ပထမဦးဆုံးစိပ်ရမယ့် ပုတီးက ...

အရဟံ .. သိဒ္ဓိ .. ပစောက်

လို့ဖြစ်တယ်။ အဲဒါကို တစ်ရာ့ရှစ်လုံးပုတီးနဲ့ တစ်ပတ်ပြည့်

အောင်စိပ်ရမယ်။ တစ်ပတ်ပြည့်အောင် စိပ်ပြီးတဲ့အခါမှာ ပစောက်ဆိုတဲ့ စာလုံးပေါ်မှာ ဖယောင်းတိုင် အဖြူတစ်တိုင် ထွန်းညှိပူဇော်ရမယ်။ ပြီးရင် ...

အရဟံ .. သိဒ္ဓိ .. ကကြီး

ဆိုတာကို ပုတီးတစ်ပတ်ပြည့်အောင် စိပ်ရမယ်။ စိပ်ပြီးရင် ကကြီးဆိုတဲ့ စာလုံးပေါ်မှာ ဖယောင်းတိုင် အဖြူတစ်တိုင် ထွန်းရမယ်။ ပြီးလို့ရှိရင် ...

အရဟံ .. သိဒ္ဓိ .. သ

လို့ စိပ်ရမယ်။ ပုတီးတစ်ပတ်ပြည့်ရင် သ ဆိုတဲ့ စာလုံးပေါ်မှာ ဖယောင်းတိုင်တစ်တိုင်ထွန်းရမယ်''

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ...

''ဆရာ့ ဥစ္စာက ပုတီးစိပ်ရမှာ လေးပတ်ထဲပါဗျာ။ ဘာမှ ခက်ခဲမှုမရှိပါဘူး။''

ဟု ဦးစန်းမောင်က ပြောလေသည်။

''ဒါက ဒီလိုလေ။ ပထမနေ့မှာ ပုတီးလေးပတ်ပဲပေါ့။ နောက်ကျတော့ နှစ်ဆတိုးသွားမှာပေါ့။ ဘယ်အချိန်မှာ နှစ်ဆတိုးမလဲဆိုတော့ ခုနစ်ရက်စိပ်ပြီးရင် နှစ်ဆတိုးမယ်။''

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဦးစန်းမောင်က ...

''နှစ်ဆတိုးမှ ရှစ်ပတ်ရှိသေးတယ် ဆရာ''





ဟု ပြန်၍ ပြောပြန်လေ၏။

''နောက်ထပ် ခုနစ်ရက်ပြည့်ပြီးရင် စမတစ်လုံးမှာ ပုတီးသုံးပတ်စိပ်ရမယ်လေဗျာ''

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ၎င်းဦးစန်းမောင်က ...

''စမတစ်လုံးမှာ ပုတီးသုံးပတ်နှုန်းစိပ်မှ ဆယ့်နှစ်ပတ်ပဲရှိပါသေးတယ် ဆရာရယ်''

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က ...

''ဒီအဓိဋ္ဌာန်က ခုနစ်ရက် ခုနစ်လီ (၄၉)ရက် လုပ်ရတာ ဦးစန်းမောင်ရေ။ အဲဒီတော့ (၄၉)ရက် အဓိဋ္ဌာန်နောက်ဆုံးပတ်မှာ စမတစ်လုံးမှာ ပုတီးခုနစ်ပတ်စိပ်ရမှာဗျာ''

ဟု ပြောလိုက်လျှင် ၎င်းဦးစန်းမောင်က ...

''စမတစ်လုံးမှာ ပုတီးခုနစ်ပတ်စိပ်မှ ပုတီး ၂၈ ပတ်ပဲ ရှိပါတယ် ဆရာရယ်။ မလုပ်နိုင်စရာ မရှိပါဘူး။''

ဟု ပြောလေ၏။

ထိုအခါ ကျွန်ုပ်သည် ၎င်းနှင့် စကားငြင်းခုန်ခြင်း မပြုတော့ဘဲ ...

''လွယ်ရင် လုပ်ကြည့်ပေါ့ဗျာ။ တော်တော်ကြာတော့ ကိုယ့်ရှေ့မှာချထားတဲ့ စမပန်းကန်ကြီးကို ရိုက်ခွဲချင်စိတ်ပေါက်လာလိမ့်မယ်''

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ကိုစန်းမောင်က ...

"ဒီမှာ ဆရာ၊ ခင်ဗျားပြောတဲ့ အဓိဋ္ဌာန်ဟာ ကျုပ်ရဲ့ ဆရာပေးတဲ့ အဓိဋ္ဌာန်နဲ့ ယှဉ်လိုက်မယ်ဆိုရင် အများကြီးနုပါသေး တယ်ဗျာ။ ကျုပ်ဆရာရဲ့ အဓိဋ္ဌာန်နဲ့ ဆရာခရဲ့ အဓိဋ္ဌာန်ယှဉ်လိုက် မယ်ဆိုရင် ဆရာခရဲ့ အဓိဋ္ဌာန်ဟာ ကျွန်တော့်ဆရာရဲ့ အဓိဋ္ဌာန်ကို အလေးပြုပြီး ကော့သောင်းမှာ ချိန်မှတ်နေရလိမ့်မယ်။ ကျုပ်ဆရာ ပေးတဲ့ အဓိဋ္ဌာန်ဟာ တောထဲမှာ သွားလုပ်ရတာတွေရှိတယ်။ သစ်ပင် အောက်မှာ ခြင်ကိုက်ခံပြီး လုပ်ရတာတွေရှိတယ်။ ထမင်းကို ဟင်း နဲ့မစားဘဲ ဆားဖြူးစားရတဲ့ အဓိဋ္ဌာန်တွေရှိတယ်။ စုံနေတာပဲ"

ဟုပြောလေ၏။

"အဲဒါတွေ သဘောကျရင် ခင်ဗျားဆီကို ပြန်သွားလေ။ ခင်ဗျားဆရာနိုင်းတာတွေလုပ်ပေါ့"

ဟု ကျွန်ုပ်က ခပ်ငေါ့ငေါ့ ပြောလိုက်ရာ ၎င်းဦးစန်းမောင် က..

"ဆရာကလည်းဗျာ ..ကျုပ်ဆရာရဲ့ အဓိဋ္ဌာန်တွေကို ကြိုက်တယ်လို့ ကျုပ်က မပြောပါဘူး။ ခက်တာကို ပြောတာပါ"

ဟု ပြောလေ၏။

"ဒီမှာ ဦးစန်းမောင်၊ ခက်တိုင်း ကောင်းမယ်ထင်ရင် သလဲသီးတစ်လုံးဝယ်ပြီးတော့ အထဲက အစေ့တွေ ကော်ထုတ်ပြီး





ရင် သူ့နေရာသူ ကျအောင် ပြန်ထည့်ကြည့်စမ်း။ ပြီးတော့ သပွတ် သီးခြောက်တစ်ခုဝယ်ပြီး အထဲက သပွတ်အူကိုထုတ် အထဲမှာ အပေါက်ဘယ်နှစ်ပေါက်ပါသလဲလို့ ရေတွက်ကြည့်စမ်း။ ခင်ဗျား ခေါင်းက ကျိုးတိုးကျဲတဲ ဖြူနေတဲ့ ဆံပင်တွေဟာ အကုန်လုံးဖြူသွား လိမ့်မယ်။ ဒါပေမယ့် ဘယ်လိုအကျိုးမျိုးမှ ရမှာမဟုတ်ဘူး။ ခက်တာ နဲ့ ကောင်းတာဟာ ဘာမှမပတ်သက်ဘူးဗျ။ ခက်တိုင်းကောင်းမယ် မထင်နဲ့။"

ဟု ပြောလိုက်လျှင် ကိုစန်းမောင်က ...

"ဆရာတို့ ပုတီးသမားတွေဟာ အတော့်ကို စိတ်တိုကြ တာပဲ။ ဒါကြောင့် ကျွန်တော်ဖြင့် စိပ်ပုတီးကို စိပ်ပုတီးလို့ မခေါ်ချင် ဘူး။ စိတ်တိုပုတီးလို့ ခေါ်ချင်တယ်"

ဟု ပြောလိုက်လေ၏။

"မဟုတ်တာတွေ မပြောနဲ့ ဦးစန်းမောင်၊ ခင်ဗျား ငရဲကြီး လိမ့်မယ်။ အဲဒီတော့ တနင်္ဂနွေနေ့မှာ စတဲ့ အဓိဋ္ဌာန်ကို ခင်ဗျား သဘောပေါက်ပြီပေါ့။ သဘောပေါက်ရင် ခုလာမယ့် တနင်္ဂနွေနေ့ မှာ လုပ်စမ်းကြည့်ပါဦး။ တစ်ခုတော့ ပြောလိုက်မယ်။ အဲဒီ အဓိဋ္ဌာန် က အိမ်မှာလုပ်လို့မရဘူး။ စေတီတော်တစ်ဆူဆူမှာ သွားလုပ်ရတာ။ အဲဒီစေတီတော်ကလည်း ရိုးရိုးစေတီမဟုတ်ဘဲ နှစ်တစ်ထောင် အထက်မှာရှိတဲ့ စေတီမှရတယ်"



Scanned by CamScanner

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ကိုစန်းမောင်က ...

"ဒါလည်း လွယ်ပါတယ်ဗျာ၊ ရွှေတိဂုံ ဆူးလေ၊ ရွှေဘုန်းပွင့် ဗိုလ်တစ်ထောင်စတဲ့ စေတီတွေဟာနှစ်တစ်ထောင်အထက်မှာရှိတာ ပေါ့။ ဒါပေမယ့် ကျုပ်သိချင်တာက အဲဒါ မဟုတ်ဘူး။ တနင်္ဂနွေမှာ စပြီး လုပ်ရတဲ့ အဓိဋ္ဌာန်အတွက် ပန်းကန်ပြားပေါ်မှာ ရေးရတဲ့ စာလုံးကိစ္စပဲ။ အဲဒီစာလုံးလေးလုံးက ဘယ်ကနေရသလဲ။ သူ့အရင်း အမြစ်က ဘယ်ကနေလာသလဲ"

ဟုမေးလေတော့၏။

"ဒါက ဒီလို ကိုစန်းမောင်ရဲ့ အင်္ဂဝိဇ္ဇာကလာတာ။ အင်္ဂဝိဇ္ဇာ မှာ တနင်္ဂနွေတိုင်ကို ထူလိုက်ရင် ဟောဒီလိုရတယ် မဟုတ်လားဗျ"

ဟု ကျွန်ုပ်ကဆိုကာ အောက်ပါအတိုင်း ရေးပြလိုက်လေ၏။

၅ ပ<br>
၂ က<br>
၆ သ<br>
၁ အ<br>
၄<br>
၇<br>
၃

ဦးစန်းမောင်သည် ကျွန်ုပ်ရေးပြသော အင်္ဂဝိဇ္ဇာတိုင်ကို





သူ၏ မှတ်စုစာအုပ်တွင် ကူးယူပြီးလျှင် ...

"အဲဒီလို အခြေအမြစ်သိရတော့ လုပ်ရတာ ပိုအားရှိတာ ပေါ့။ ကျွန်တော့်ဆရာနဲ့ လုပ်ရတုန်းက သူကလုပ်ဆိုရင် လုပ်ရတာပဲ။ ဘာမှမရှင်းပြဘူး။ ရှင်းမပြဘူးဆိုတာကလည်း သူကိုယ်တိုင်မသိတာ လည်းပါတယ်။ ဆရာစားချန်တာလည်း ပါတာပေါ့ဗျာ။ အဲဒီလိုဆိုရင် တနင်္လာအတွက်၊ အင်္ဂါအတွက်၊ ဗုဒ္ဓဟူးအတွက်၊ ကြာသာပတေး အတွက်၊ သောကြာအတွက်၊ စနေအတွက် အဓိဋ္ဌာန်ဝင်ရမယ့် စာလုံး စမတွေပေါ့ ဆရာရယ်၊ ဒါတွေကို အကုန်လုံးပြောပြလိုက်ပါ"

ဟု ပူဆာလေတော့၏။

ထို့ကြောင့် ကျွန်ုပ်က အဓိဋ္ဌာန်စဝင်မည့် နေ့ရက်များနှင့် သက်ဆိုင်သော စမခုနစ်မျိုးကို အောက်ပါအတိုင်း ရေးပြလိုက်လေ တော့၏။

| | | |
|---|---|---|
| ၉ ..ပ | ၆ ..ပ | ၇ ..ပ |
| ၂ ..က | ၃ ..က | ၄ ..က |
| ၆ ..သ | ၇ ..သ | ၁ ..သ |
| ၁ ..အ | ၂ ..အ | ၃ ..အ |
| ၄ | ၉ | ၆ |
| ၇ | ၁ | ၂ |
| ၃ | ၄ | ၉ |
| ၁ ..ပ | ၂ ..ပ | ၃ ..ပ |
| ၉ ..က | ၆ ..က | ၇ ..က |
| ၂ ..သ | ၃ ..သ | ၄ ..သ |
| ၄ ..အ | ၉ ..အ | ၆ ..အ |
| ၇ | ၁ | ၂ |
| ၃ | ၄ | ၉ |
| ၆ | ၇ | ၁ |
| ၄ ..ပ | | |
| ၁ ..က | | |
| ၉ ..သ | | |
| ၇ ..အ | | |
| ၃ | | |
| ၆ | | |





ဦးစန်းမောင်လည်း ကျွန်ုပ်ရေးပြသည်ကို သူ၏ မှတ်စု၌ ကူးယူပြန်သေ၏။ ထိုသို့ ကူးယူပြီးနောက် ...

"တနင်္ဂနွေနဲ့ ပတ်သက်တဲ့ လေးလုံးက စောစောက ရေးပြပြီးပြီပဲ။ ဘယ်ဖြစ်လို့ ထပ်ပြီးရေးပြတာတုန်း ဆရာရယ်"

ဟု အပြစ်တင်လေ၏။

"ဒါက ဒီလိုဗျ။ ခုနစ်နေ့အတွက် စမ ရေးပြပါဆိုလျှင် ခုနစ်နေ့၊ ခုနစ်နံအတွက် ရေးရတယ်ဗျ။ ခင်ဗျား သိပြီးပြီဆိုပြီး ကျုပ်ကရေးမပြဘူးဆိုရင် တင်းပြည့်ကျပ်ပြည့် ဖြစ်မှာမဟုတ်ဘူး။ ခင်ဗျားကကြဲဖန်ပြီး အပြစ်တင်နေတာကိုး။ ခင်ဗျားနဲ့ ခင်ဗျားဆရာပဲ ကိုက်ပါတယ်ဗျာ။ ကျုပ်တို့ဆီမလာပါနဲ့ဗျ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ဦးစန်းမောင်က ...

"ပုတီးသမားစိတ်တိုတယ်ဆိုတာ အမှန်ပဲဗျ။ မသိလို့မေးမိတာ ဒီလောက်တောင် စိတ်တိုရသလား"

ဟုပြောလိုက်လျှင် ကျွန်ုပ်က ...

"ခင်ဗျားဟာက မေးတာနဲ့ မတူဘူး။ ရန်လုပ်တာနဲ့ တူနေတယ်။ အဲဒါကြောင့် ကျုပ်က ကောင်းကောင်းမပြောဘဲ ခင်ဗျားကို ဟောက်တာ။ အဲဒီတော့ ခင်ဗျား နည်းသိပြီပဲဗျာ။ သွားပြီးတော့ လုပ်ပေတော့။ ပြန်ပေတော့၊ ပြန်ပေတော့ မြန်မြန်မသွေ့ ပြန်ပါလေ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ၎င်း ဦးစန်းမောင်က ...



Scanned by CamScanner

"ခင်ဗျားကနေ ထွဲရင်လည်း မနေပါဘူး။ ပြန်မှာပါ။ မနက် ဖြန်တနင်္ဂနွေနေ့ဆိုတော့ အဓိဋ္ဌာန်ဝင်ရမယ်။ အဲဒီအတွက် ပြင်ဆင်စရာရှိတာလေးတွေလည်း ပြင်ဆင်ရဦးမယ်။ သွားမယ်"

ဟု ဆိုလိုက်ရင်း ဦးစန်းမောင်သည် ထွက်သွားလေတော့၏။

ထိုနောက်တွင်ကား ဦးစန်းမောင်နှင့် ကျွန်ုပ်သည် မတွေ့တော့ပါ။ လေးလခန့်ကြာသောအခါ၌ ဦးစန်းမောင်သည် ကျွန်ုပ်ထံ ရောက်လာလေ၏။ ကျွန်ုပ်လည်း ၎င်းကိုမြင်လျှင်မြင်ချင်း …

"ဦးစန်းမောင်ပါလား ဘာများ ကျွန်ုပ်ကို အပြစ်ပြောမလို့ လာတာပါလိမ့်"

ဟု ကျွန်ုပ်ကပြောလိုက်လျှင် ဦးစန်းမောင်က ပြုံးလျက်..

"အပြစ်မဟုတ်ပါဘူးဗျာ။ အဖြစ်ကို ပြောမလို့ပါ။ ဟိုတစ်ခါတုန်းက ကျုပ်မှာက ဒုက္ခနဲ့ဗျ။ ဒုက္ခက တခြားဒုက္ခမဟုတ်ပါဘူး။ အလုပ်က ချက်ချင်းကြီးပြောင်းလာရတာဆိုတော့ အိမ်မရှိလို့ နှမဝမ်းကွဲတစ်ယောက်အိမ်မှာကပ်ပြီး နေနေရတာ။ ယောက်ဖဝမ်းကွဲကလည်း ဆိုးလိုက်တာ မပြောပါနဲ့တော့။ အဲဒီမှာ ဆရာသမားပေးတဲ့ တနင်္ဂနွေဝတဲ့ အဓိဋ္ဌာန်လုပ်လိုက်တာ မမျှော်လင့်ဘဲ အိမ်ဒုက္ခ ငြိမ်းသွားတယ်ဗျို့၊ နေဖို့၊ ထိုင်ဖို့ အဆင်ပြေသွားတယ်။ အဲဒီမှာ ကြွေးမြီလေးတွေနည်းနည်းရှိတော့ စိတ်ညစ်စရာတွေ ကျန်သေးတာပေါ့။ ဒါပေမယ့်





တနင်္လာနေ့မှာ ဝတဲ့အဓိဋ္ဌာန်ဝင်လိုက်တော့ နိုင်ငံခြားရောက်နေတဲ့ ညီဝမ်းကွဲက ငွေပို့လိုက်တယ်လေ။ အဲဒီမှာ ကြွေးဆပ်ပစ်လိုက်တယ်။ အဲဒါကြောင့် ကျုပ်မှာ လူလည်းချမ်းသာ၊ စိတ်လည်းချမ်းသာဖြစ်နေတဲ့ အဖြစ်လေးကို လာပြီးပြောချင်နေတာ။ မအားလို့ မလာရတာ"

ဟုပြောလေ၏။ ထိုအခါ ကျွန်ုပ်က …

"အဲဒီ အဓိဋ္ဌာန်ဟာ တစ်ခါဝင်ရင် (၄၉)ရက်ကြာတယ်။ ဗုဒ္ဓဟူးနံကြောင့် ဒိပ်ညစ်နေရင် ဗုဒ္ဓဟူးနေ့မှာဝင်လိုက်ရုံပဲ။ ကြာသာပတေးနံကြောင့် အခက်အခဲတွေ့နေရင် ကြာသာပတေးနေ့မှာ ဝင်လိုက်ရုံပဲ။ ကျွန်တော်တို့ ဆရာတပည့်တွေ မကြာခဏ (၄၉) ရက်တစ်ခါ၊ (၄၉)ရက်တစ်ခါ အဓိဋ္ဌာန်ဝင်နေတယ်ဆိုတာ အဲဒါပါပဲဗျာ။ အခုဦးစန်းမောင်အနေနဲ့ လုပ်တတ်သွားပြီဆိုရင် ခင်ဗျား မိတ်ဆွေတွေကိုလည်း ပြောပြလိုက်စမ်းပါ။ လေးလေးနက်နက် ယုံယုံကြည်ကြည်နဲ့ လုပ်ကြည့်စမ်းပါ။ မဖြစ်ဘူးရယ်လို့ မရှိပါဘူး။ အဖြစ်ထူးနဲ့ တကယ်တွေ့ရမှာပါ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ဦးစန်းမောင်က ..

"မှန်ပါတယ်ဗျာ။ မှန်ပါတယ်။ ကျုပ်လည်း ကျုပ်ရဲ့မိတ်ဆွေတွေကို ပြောပြရဦးမယ်။ အခုလာတာက ဆရာနဲ့ ဆရာ့တပည့်တွေကို ကျေးဇူးဆပ်တဲ့အနေနဲ့ လက်ဖက်ရည်တိုက်မလို့ဗျ"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က …



Scanned by CamScanner

"တခြားနည်းနဲ့ ဆပ်ပါဗျာ။ လက်ဖက်ရည်တော့မတိုက်ပါနဲ့။ ကျုပ်တို့အိမ်မှာသောက်တဲ့လက်ဖက်ရည်ဟာ တော်ရုံတန်ရုံဆိုင်မမှီပါဘူး။ အဲဒီတော့ ကျုပ်တို့ကပဲ တိုက်ပါရစေ။ လက်ဖက်ရည်မှာ အင်မတန်နာမည်ကြီးတဲ့ မုတ်ဆိတ်တောင် ကျုပ်အိမ်ကလက်ဖက်ရည်သောက်ပြီး ချီးကျူးသွားတယ်ဗျ။ မယုံရင် ခင်ဗျားသွားမေးကြည့်။ ရွှေဂုံတိုင် စားမြိန်ဆိုင်မှာ မုတ်ဆိတ်ရောက်နေတယ်။ မေးချင်ရင်တော့ အခုသွားမေးနော်။ နောက်လဆိုရင်တော့ ဘင်္ဂလီဆုမှာ မုတ်ဆိတ်ဆိုင်ထွက်မယ်ဆိုပဲ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဦးစန်းမောင်က ...

"သွားမယ် .. သွားမယ်။ ကျုပ်လည်း သူ့လက်ဖက်ရည်ကိုကြိုက်တယ်ဗျ။ ဒါပေမယ့် ဆရာကလည်း ဆရာ့လက်ဖက်ရည်ကိုကောင်းတယ်ဆိုတော့ သောက်ကြည့်ဦးမယ်လေ"

ဟု ဆိုသဖြင့် ကျွန်ုပ်သည် ငင်းကိုစန်းမောင်ဆိုသူအား လက်ဖက်ရည်ချိုတစ်ခွက် ဖျော်တိုက်လိုက်ရလေတော့သတည်း။

သဗ္ဗေသတ္တာ ကမ္မသကာ

မင်းသိင်္ခ





# မအိမ်မြနှင့် မအိမ်စောင့် အမြွှာညီအစ်မ

တစ်နေ့သ၌ တာမွေစာတိုက်မှ မောင်စိန်ဝင်းဆိုသည့်စာပို့လုလင်တစ်ဦးသည် ကျွန်ုပ်ထံသို့ ရောက်လာပြီးလျှင် အညိုရောင်စာအိတ်ရှည်ကြီး[illegible]အိတ်အား လက်မှတ်ထိုး၍ လက်ခံယူပါရန်ပြောကြားလေ၏။ ကျွန်ုပ်လည်း ရေစစ္စရိ ပြုလုပ်၍ ပေးပို့သော ထိုစာအိတ်ညိုကြီးအား လက်ခံယူထားလိုက်ပြီးလျှင် ဖောက်၍ ဖတ်ရှုလိုက်သောအခါ၌ အောက်ဖော်ပြပါအတိုင်းတွေ့ရ၏။

သို့ ...

ဆရာကြီးမင်းသိင်္ခရှင့် ...၊ ...မြို့မှ မအိမ်မြနှင့် မအိမ်စောင့် အမြွှာညီအစ်မက ဆရာ၏ ဗေဒင်လက္ခဏာပညာကို ယုံကြည်လေးစားစွာဖြင့် အောက်ပါအဖြစ်အပျက်အား စာရေး ပေးပို့လိုက်ရပါတယ်။ ။

ကျွန်မတို့ ညီအစ်မနှစ်ယောက်ဟာ ဆရာ့ထံတွင် လွန်ခဲ့သော နှစ်နှစ်က ဗေဒင်လာ၍ကြည့်ဖူးပါတယ်။ အဲဒီတုန်းက ကျွန်မတို့ကို ဆရာက "ငွေသုံးရာ၊ သုံးထောင်၊ သုံးသောင်း



Scanned by CamScanner

အလိမ်ခံရကိန်းရှိတယ်။ ဦးလေး၊ ဘကြီးတို့နဲ့စကား ပြောရလိမ့်မယ်။ ရပ်ဝေးမှ မကောင်းသတင်းကြား ရလိမ့်မယ်။ ကုန်ခြောက်လုပ်ငန်းနှင့် စီးပွားရေး အကျိုးပေးလိမ့်မယ်'' လို့ ဟောပြောခဲ့ပါတယ်။ ဆရာရဲ့ ဟောပြောချက် သွေးထွက်အောင်မှန် ကြောင်း နောက်တော့ တွေ့လာရပါတယ်။

ကျွန်မတို့ ညီအစ်မနှစ်ယောက်နဲ့ ခင်မင် ရင်းနှီးတဲ့ မိတ်ဆွေတစ်ဦးကို ဆန်အိတ်ဝယ်ဖို့ငွေ သုံးရာပေးလိုက်တာ ဟိုလိုလို ဒီလိုလိုနဲ့ ဒီနေ့အထိ ပြန်မရတော့ပါဘူး။ အညာကဦးလေးတစ်ယောက် ကလည်း ကျွန်မတို့နေတဲ့ အိမ်ကို ရောင်းပြီး သူ နဲ့ အတူနေဖို့ ပြောပါတယ်။ ကျွန်မတို့က ဒီမြို့ ကလွဲပြီး ဘယ်မှမသွားဘူး။ ဒီအိမ်ကိုလည်း မ ရောင်းဘူးလို့ ပြောလိုက်ပါတယ်။

အဲဒီတုန်းက ကျွန်မတို့ ညီအစ်မနှစ် ယောက်ဟာ ဦးလေးနဲ့ တော်တော်လေး စကား ပြောလိုက်ရပါတယ်။ နောက်ဆုံးတော့ ကျွန်မ တို့ ညီအစ်မနှစ်ယောက်ကို ဦးလေးက စိတ်ဆိုး သွားပါတယ်။ အဲဒီ ဦးလေးလာတဲ့ လထဲမှာပဲ မြစ်ကြီးနားမှာရှိတဲ့ ကျွန်မတို့ မောင်ဝမ်းကွဲတစ်





ယောက် ရေနစ်ပြီးသေတယ်လို့ ကြားရပါတယ်။ ဆရာ့ရဲ့ ဟောပြောချက် အားလုံးဟာ တစ်ခုပြီး တစ်ခု မှန်လာတာကို တွေ့ရပါတယ်။ ခုဆိုရင် ကျွန်မတို့ ညီအစ်မဟာ အိမ်မဲ့ဈေးမှာ ကုန်ခြောက် ဆိုင်ဖွင့်ထားတာ တော်တော်လေးအကျိုးပေး တယ်။ ပထမ အထည်ဆိုင် ဖွင့်တုန်းကဆိုရင် အကျိုးမပေးတဲ့အပြင် အကြွေးတွေပိုင်းပြီး အရှုံး ပေါ်ခဲ့ပါတယ်။

ဒါပေမယ့် ဆရာဟောလိုက်တဲ့ အချက် ထဲမှာ ကျွန်မတို့ ဘဝင်မကျဖြစ်နေတဲ့ အချက်တစ် ချက်ရှိပါတယ်။ ဆရာက ကျွန်မတို့ ညီအစ်မနှစ် ယောက်ကို ''၈၁ ခုနှစ် ထဲမှာ အမွေရကိန်းရှိ တယ်'' လို့ ပြောပါတယ်။ အဲဒီတုန်းက ကျွန်မ တို့က ''ကျွန်မတို့ ငယ်ငယ်ထဲက အမေဆုံးသွားခဲ့ ပါတယ်။ အဖေကတော့ လွန်ခဲ့တဲ့နှစ်ကတည်းက ဆုံးသွားတာပါ။ ကျွန်မတို့နေတဲ့ အိမ်တစ်လုံးက လွဲလို့ ဘာပစ္စည်းမှ အဖေဟာ ထားမသွားနိုင်ပါ ဘူး''လို့ ဆရာ့ကို ပြောပြပါသေးတယ်၊ ဒါပေမယ့် ဆရာက ''အဲဒါတွေတော့ ကျုပ်မသိဘူး။ ခင်ဗျား တို့ ညီအစ်မနှစ်ယောက်လုံး ဒီနှစ်ထဲမှာ မိဘရဲ့



Scanned by CamScanner

အမွေအနှစ်ရကိန်းရှိတယ်။ သိပ်အဖိုးတန်တဲ့ အမွေ ပဲ။ ဒါပေမယ့် အဲဒီအမွေကိုလဲ ခင်ဗျားတို့ ညီအစ်မ နှစ်ယောက်စလုံး ခံစားလိုက်ရမှာမဟုတ်ဘူး''လို့ ဟောခဲ့ပါတယ်။ ကျွန်မတို့ ညီအစ်မနှစ်ယောက် လည်း ဆရာ့ရဲ့ဟောပြောချက်ကို ဘဝင်မကျဖြစ် ခဲ့မိတယ်။ ဘာဖြစ်လို့လည်းဆိုတော့ အဖေဟာ ကျွန်မတို့ငယ်ငယ်ကတည်းက ဘာအလုပ်မှ မယ် မယ်ရရ မလုပ်ခဲ့ပါဘူး။ အမေကပဲ ဈေးထဲမှာ အထည်ဆိုင်ဖွင့်ပြီး စီးပွားရှာခဲ့ပါတယ်။

အဲဒီတုန်းက အထည်ဆိုင်က ရောင်း ကောင်းပေမယ့် အဖေ အဂ္ဂိရတ်ထိုးလို့ စီးပွားမ ဖြစ်ခဲ့ပါဘူး။ အဖေ့ကို မနက်ဘက် အညောင်းပြေ လမ်းထွက်လျှောက်တုန်းပဲ တွေ့လိုက်ရတယ်။ တစ်နေ့လုံး တစ်ညလုံး အခန်းထဲက မထွက်ဘဲ ဖိုထိုးနေတော့တာပါပဲ။ အမေဆုံးတုန်းက ကျွန်မ တို့ညီအစ်မနှစ်ယောက်ဟာ ၁၀ နှစ် သမီးပဲရှိပါ သေးတယ်။ ကျွန်မတို့ ညီအစ်မနှစ်ယောက်ကို အဖေက ကျောင်းကထုတ်လိုက်ပြီး ကျွန်မကို အထည်ဆိုင်မှာ ရောင်းခိုင်းပါတယ်။ ညီမလေးကို တော့ အိမ်မှာချက်ပြုတ်ဖို့ ထားပါတယ်။ အဖေက





တော့ အခန်းထဲကတောင်ထွက်ပြီး အညောင်းပြေ အညာပြေအောင် လမ်းထွက်လျှောက်တာတောင် မတွေ့တော့ဘူး။ တစ်နေကုန် ဖိုထိုးနေတော့တာ ပဲ။

ထူးဆန်းတာကတော့ အဖေ့မှာ မိတ် ဆွေအပေါင်းအသင်းဆိုလို့ တစ်ယောက်မှ မရှိတာ ပါပဲ။ အခန်းထဲက မထွက်ဘဲ နှစ်နဲ့ချီပြီး ဖိုထိုးနေ တော့ အိမ်နီးနားချင်းတွေကတောင် ရှိမှရှိသေး ရဲ့လားလို့ မကြာခဏ မေးကြသေးတယ်။ ကျွန်မ တို့ ငယ်ငယ်ကတည်းက အဖေ့ရဲ့ မိတ်ဆွေဆိုလို့ တစ်ယောက်မှ လာလည်တာ မတွေ့ရပါဘူး။ ဆွေမျိုးတွေလာလည်ရင်လည်း အဖေက ထွက် မတွေ့တာများတော့ အဖေ့ဘက်က ဘယ်ဆွေမျိုး မှ မလာတော့ပါဘူး။ ဒါပေမယ့် တစ်နှစ်မှာ သုံး လေးခါလောက်တော့ စာတိုက်က ပါဆယ်ထုတ် ကြီးတွေ ရောက်ရောက်လာတတ်ပါတယ်။ အဲဒီ ထဲမှာ ဘာတွေပါပြီး ဘာတွေပို့နေတယ်ဆိုတာ လည်း ကျွန်မတို့ မသိရပါဘူး။ အဖေ့ကို မေးကြည့် တော့လည်း အဖေက ''သမီးတို့နဲ့ မဆိုင်ပါဘူး ကွယ်။ အဖေ့မိတ်ဆွေဆီက ပို့လိုက်တဲ့ ပစ္စည်း



Scanned by CamScanner

တွေပါ''လို့ပဲ ပြောပါတယ်။ အဖေဟာ မဆုံးခင် တစ်နှစ်လောက်ကစပြီး ထမင်းလည်း ထွက်မစား တော့ဘူး။ ရေလည်းထွက်မသောက်ပါဘူး။ ကျွန်မ တို့က ''အဖေဘာဖြစ်လို့ ထမင်းမစားတာလဲ'' လို့ မေးတော့ အဖေက ''အဖေ့ အခန်းထဲမှာ အစားအသောက်တွေရှိပါတယ်ကွယ်။ သမီးတို့ အဖေ့အတွက် စိတ်မပူကြပါနဲ့'' လို့ ပြန်ပြောပါ တယ်။

ဒီလိုနဲ့ နေလာကြတာ တစ်နေ့တော့ အဖေဟာ အခန်းထဲက ထွက်လာပြီး အိမ်ပေါ်ထပ် က ပြတင်းပေါက်နားမှာ ရပ်နေပါတယ်။ နောက် ပြီးတော့ ခြံထဲက မန်ကျည်းပင်ပေါ်ကို ကြည့်ပြီး တစ်ယောက်တည်း စကားပြောနေပါတယ်။ ကျွန်မ တို့ ညီအစ်မနှစ်ယောက်ဟာ အဖေတော့ စိတ် နောက်သွားပြီလို့ထင်ပြီး သိပ်စိုးရိမ်သွားပါတယ်။ အဖေ့နောက်ကနေပြီး မန်ကျည်းပင်ပေါ်ကို ကြည့် လိုက်တော့ အဲဒီ မန်ကျည်းပင်ပေါ်မှာ ဇီးကွက် ကြီးတစ်ကောင်နားနေတာကို တွေ့ရပါတယ်။ ကျွန်မတို့အဖေဟာ အဲဒီဇီးကွက်ကြီးနဲ့ စကားပြော နေတာကို။ အဖေက ပြောလိုက်၊ ဇီးကွက်ကြီးက



မငီးသါစ်

အသံပြုလိုက်နဲ့ နာရီဝက်လောက် ကြာမယ်ထင် တယ်။ ဒါပေမယ့် အဖေပြောတဲ့ စကားသံကို ကြားနေပေမယ့် ဘာတွေပြောနေမှန်းကိုတော့ မသိဘူး။ အဲဒီစကားသံမျိုးကို ကျွန်မတို့ တစ်ခါမှ မကြားဖူးပါဘူး။

ပိုပြီး ထူးဆန်းတာက အဲဒီအချိန် အိမ် မြှောင်တွေ စုတ်ထိုးလိုက်တာ တစ်အိမ်လုံးကို ဆူညံနေတာပါပဲ။ မျက်နှာကျက်ပေါ်ကို မော့ကြည့် လိုက်တော့ အိမ်မြှောင်တွေ အကောင်တစ်ရာ ကျော်လောက် ရှိလိမ့်မယ်ထင်တယ်။ ကျွန်မတို့ အိမ်မှာ ဒီလောက်တောင် အိမ်မြှောင်တွေမများပါ ဘူး။ ကျွန်မတို့ တစ်သက်မှာတော့ အိမ်မြှောင် တွေ ဒီလောက်များများကို တစ်ခါမှ မတွေ့ဖူးပါ ဘူး။ ပိုပြီးထူးဆန်းတာက ဇီးကွက်ဆိုတာ ညပိုင်း မှထွက်တယ်မဟုတ်လား ဆရာ။ ဒါပေမယ့် အဖေ နဲ့ စကားပြောနေတဲ့ ဇီးကွက်ကြီးကိုတော့ နေ့ခင်း ဘက်မှာ ဘာကြောင့်တွေ့ရသလဲဆိုတာကိုကျွန်မ တို့ စဉ်းစားလို့ မရပါဘူး။ နာရီဝက်လောက်ကြာ တော့ဇီးကွက်ကြီးဟာ အသံပြုပြီးတော့ မန်ကျည်း ပင်ပေါ်ကနေ အရှေ့ဘက်ကို ပြန်သွားတယ်။

အဖေကလည်း "သာဓု ‥ သာဓု ‥ သာဓု" ဆိုပြီး သုံးကြိမ်ခေါ်လိုက်တယ်။

ကျွန်မတို့လည်း အဖေရဲ့ အခြေအနေကို အကဲခတ်ပြီး ကြည့်နေကြတယ်။ အဖေကတော့ သူ့အခန်းထဲကို ပြန်မဝင်တော့ဘူး။ အခန်းတံခါးကို အပြင်ကနေ သော့ခတ်လိုက်တယ်။ ပြီးတော့ ကျွန်မတို့ ညီအစ်မနှစ်ယောက်ကို "သမီးတို့ အဖေ ဒီနေ့ ဘုန်းကြီးငါးပါးကို ဆွမ်းကပ်ချင်တယ်။ အချိန်မီ မြန်မြန် စီစဉ်ပေးကြပါကွယ်" လို့ ပြောပါတယ်။ ကျွန်မတို့လည်း ဈေးကိုသွားပြီး ချက်ပြုတ်စရာရှိတာတွေကို ဝယ်ချမ်းချက်ပြုတ်ကြပါတယ်။ ကျွန်မတို့ ညီအစ်မနှစ်ယောက် တောက်တိုမယ်ရ ခေါ်နိုင်းနေတဲ့ "ခြကူး" ဆိုတဲ့ ရေထမ်းသမားကို ဘုန်းကြီးကျောင်းလွှတ်ပြီး ဘုန်းကြီးငါးပါး ပင့်နိုင်းလိုက်ပါတယ်။ ဒီလိုနဲ့ အဲဒီနေ့မှာပဲ ဘုန်းကြီးငါးပါးကို ဆွမ်းကပ်လှူဒါန်းလိုက်ရပါတယ်။ အဖေကိုယ်တိုင်ပဲ ဘုန်းကြီးတွေကို ဆွမ်းကပ်ပါတယ်။ ဘုန်းကြီးတွေ ကျောင်းပြန်ကြွသွားတော့ အဖေက ကျွန်မတို့ ညီအစ်မနှစ်ယောက်ကို ခေါ်ပြီး "သမီးတို့ အဖေ့ရဲ့ ကျန်းမာရေးက





တော့ သိပ်မကောင်းတော့ဘူး။ တကယ်လို့ အဖေ သေသွားခဲ့ရင် အဖေ့အလောင်းကို မီးမသင်္ဂြိုဟ်ကြပါနဲ့။ အုတ်ဂူပဲ သွင်းကြပါ။ အုတ်ဂူထိပ်နှင့် ခြေရင်းမှာ တလက်မပတ်လည် အပေါက်ကလေး ဖောက်ပေးပါ" လို့ ပြောပါတယ်။

ကျွန်မတို့ ညီအစ်မနှစ်ယောက်က အဖေ့တော့ စိတ်ဖောက်ပြန်သွားပြီလို့ပဲ ထင်ကြပါတယ်။ အဲဒီအချိန်မှာ အိမ်အောက်ထပ်ကနေ "မအိမ်မြနဲ့ မအိမ်စောင့် လာခဲ့ကြဦးဟေ့" လို့ ခေါ်သံကြားတော့ ကျွန်မတို့ ညီအစ်မနှစ်ယောက်လည်း အိမ်အောက်ထပ်ကို ပြေးဆင်းသွားကြပါတယ်။ အိမ်အောက်ထပ်ရောက်တော့ အိမ်တံခါးဝမှာ အရူးကြီးတစ်ယောက်ကို တွေ့ရပါတယ်။ အဲဒီ အရူးကြီးကို တွေ့လိုက်တော့ ကျွန်မတို့ ညီအစ်မနှစ်ယောက်လည်း ကြောက်လန့်ပြီး "အဖေရေ ‧ အဖေ လာပါဦး" လို့ အော်ကြပါတယ်။ ဒါပေမယ့် အဖေကတော့ အောက်ထပ်ကို ဆင်းမလာပါဘူး။

အရူးကြီးက ကျွန်မတို့ ညီအစ်မနှစ်ယောက် မျက်နှာကို တစ်လှည့်စီကြည့်ပြီးတော့ "ဟဲ့ အမြွာ ညီအစ်မ မသိသူကျော်သွား သိသူဖော်တား လူကြီး

တွေစကားကို မမေ့ကြပါနဲ့'' လို့ ပြောပြီး ပြန်ထွက်သွားပါတယ်။

အဲဒီ အရူးကြီးကို ကျွန်မတို့ မြို့မှာ အရင် တစ်ခါမှ မမြင်ဖူးပါဘူး။ ပြီးတော့ ကျွန်မတို့ညီအစ်မနှစ်ယောက်ရဲ့ နာမည်ကိုလည်း ဒီအရူးကြီးက ဘာကြောင့် သိနေတာလဲဆိုတာကိုလည်း တွေးမရအောင်ပါပဲ။ ဒါနဲ့ ကျွန်မတို့ ညီအစ်မနှစ်ယောက်လည်း အဖေ့ကို အကျိုးအကြောင်းပြောပြမလို့ အိမ်ပေါ်ထပ်ကို တက်သွားတော့ အဖေဟာ ပက်လက်ကုလားထိုင်ပေါ်မှာ အိပ်ပျော်နေပါတယ်။ ပထမတော့ ကျွန်မတို့က ''အဖေ .. အဖေ'' လို့ အသံပေးပြီး နှိုးကြည့်ကြပါသေးတယ်။ ဒါပေမယ့် နိုးမလာတာနဲ့ လက်ကိုကိုင်ပြီး လှုပ်နှိုးကြပါတယ်။ နောက်ဆုံး နှိုးလို့မရတာနဲ့ စိတ်ထဲမှာ သက်မကောင်းဖြစ်လာကြပါတယ်။

ဒါနဲ့ ကျွန်မတို့လည်း ''ခြကူး'' ကိုခေါ်ပြီး ဆရာဝန်ဆီ လွှတ်လိုက်ပါတယ်။ အဲဒီအချိန်မှာ အိမ်နီးနားချင်းတွေလဲ ရောက်လာကြပါတယ်။ အိမ်နီးနားချင်းတွေကတော့ နင်တို့အဖေ အသက်





မရှိတော့ဘူးလို့ ပြောပါတယ်။ ဒါပေမယ့် ကျွန်မတို့ ညီအစ်မနှစ်ယောက်က မယုံသေးပါဘူး။ ခဏကြာတော့ ဆရာဝန်ရောက်လာပြီး စမ်းသပ်ကြည့်ပါတယ်။ ဆရာဝန်က နှလုံးရောဂါနဲ့ ဆုံးသွားပြီလို့ ပြောမှဘဲ ယုံပါတော့တယ်။ ဒီလိုနဲ့ ကျွန်မတို့လည်း အဖေ့အလောင်းကို မီးမသင်္ဂြိုဟ်ပဲ ဂူသွင်း မြှုပ်နှံ လိုက်ကြပါတယ်။ အဖေမှာသွားတဲ့ အတိုင်း အုတ်ဂူထိတ်နဲ့ ခြေရင်းမှာ အပေါက်လေးတစ်ပေါက်စီ ဖောက်ပေးထားပါတယ်။ ဘာအဓိပ္ပာယ်မှန်းတော့ မသိပါဘူး။ အဖေဆုံးသွားတဲ့ အချိန်ကစပြီး ကျွန်မတို့ ညီအစ်မနှစ်ယောက်ဟာ အဖေနေသွားတဲ့အခန်းကို တစ်ခါမှ ဖွင့်မကြည့်မိခဲ့ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ အဲဒီအခန်းကို ဖွင့်ကြည့်ရင် အဖေ့ကို သတိရပြီး ငိုမိမှာစိုးလို့ပါပဲ။ တစ်ခါတစ်ခါတော့ အခန်းထဲ လမ်းလျှောက်သံတို့ ချောင်းသံတို့ ကြားရပါတယ်။ ကျွန်မတို့က အဖေမကျွတ်လွတ်သေးဘူးလို့ထင်နေကြပါတယ်။

ပြီးခဲ့တဲ့လကတော့ ကျွန်မတို့ ညီအစ်မနှစ်ယောက် ပျင်းပျင်းရှိတာနဲ့ ဟိုအကြောင်းဒီ

အကြောင်း ထိုင်စကားပြောရင်း ဆရာ့ရဲ့ဖေဒင်အကြောင်းကို ရောက်သွားပါတယ်။ ''တို့ညီအစ်မနှစ်ယောက်ကိုတော့ ဆရာမင်းသိခ်က ဒီနှစ်ထဲမှာ မိဘရဲ့ အမွေအနှစ်ရကိန်းရှိတယ်လို့ သေချာပေါက်ဟောထားတာပဲ။ အဖေများ သူ့အခန်းထဲမှာ အဖိုးတန်ပစ္စည်းတွေများ ထားသွားလားမသိဘူး။ တို့ကိုပြောဖို့ အချိန်မရလိုက်လို့နေမှာပေါ့'' လို့ ကျွန်မတို့ ညီအစ်မနှစ်ယောက် စဉ်းစားကြည့်ကြတယ်။

အဲဒီအချိန်မှာ ရေထမ်းသမား ခြကူး ရောက်လာတာနဲ့ အခန့်သင့်ဖြစ်သွားတယ်၊ အခန်းသော့ခလောက်ကိုဖွင့်ဖို့ ခြကူးကိုပဲ အကူအညီတောင်းရတယ်။ ခြကူးက သော့ခလောက်ကို ရိုက်ဖျက်ပြီး ဖွင့်ပေးပါတယ်၊ အခန်းတံခါးပွင့်သွားတော့ အခန်းထဲကို ကျွန်မတို့နှစ်ယောက် ဝင်ကြည့်ကြပါတယ်။ အဖေ့အခန်းထဲမှာ ကျွန်းသေတ္တာကြီးတစ်လုံးကလွဲလို့ ပစ္စည်းဆိုလို့ ဘာမှမရှိတော့ဘူး။ ''အိပ်ရာ၊ ခြင်ထောင်၊ ခုတင်တွေနဲ့ ငါမအိပ်ချင်ဘူး။ အင်္ကျီအဝတ်အစားတွေလဲ အထူးအထွေမလိုဘူး။ အပြင်ကိုထုတ်ထားလိုက်''





ဆိုလို့ အဖေကပြောတာနဲ့ အပြင်မှာထုတ်ထားပေးတာကတော့ ကြာလှပါပြီ။ ဒါပေမယ့် အခန်းထဲမှာ အဖေအင်္ဂရိတ်ထိုးတဲ့ ဖားဖိုကြီးရယ်၊ လုံကွဲလုံပေါက်တွေ မရှိတော့တာကတော့ အံ့ဩစရာသိပ်ကောင်းနေတယ်။ ဒါနဲ့ သော့ခတ်ထားတဲ့ ကျွန်းသေတ္တာကြီးကိုလည်း ခြကူးကို သော့ခလောက်ဖျက်ခိုင်းပြီး ဖွင့်ကြည့်ကြပါတယ်။

အဲဒီ ကျွန်းသေတ္တာကြီးထဲမှာ အဖိုးတန်ပစ္စည်းဆိုလို့ ဘာမှမတွေ့ရပါဘူး။ အင်္ဂရိတ်အကြောင်းတွေ မှတ်ထားတဲ့ မှတ်စုစာအုပ်တစ်အုပ်ရယ်၊ ပြာတွေထည့်ထားတဲ့ ပုလင်းလေးတစ်လုံးရယ်ပဲ တွေ့ပါတယ်။ ပထမတော့ ကျွန်မတို့ညီအစ်မနှစ်ယောက်လဲ အဖိုးမတန်ပေမယ့် ကိုယ့်အဖေရဲ့ ပစ္စည်းဆိုပြီး အမှတ်တရ သိမ်းဆည်းဖို့ပါပဲ။ ဒါပေမယ့် ရေထမ်းသမားခြကူးက သူ အင်္ဂရိတ်အကြောင်းလေ့လာချင်လို့ သူ့ကိုပေးဖို့အတင်းတောင်းနေတာနဲ့ သူ့ကိုပဲ ပေးလိုက်တယ်။ အဲဒီခြကူးဟာ လွန်ခဲ့တဲ့ ငါးနှစ်လောက်ထဲက ကျွန်မတို့ ရပ်ကွက်ထဲကိုရောက်လာပြီး အိမ်တွေကို ရေထမ်းရောင်းတယ်။ ညဘက်မှာတော့ ကင်းတဲ

မှာ အိပ်တယ်။ အိမ်မဲ့ရာမဲ့ တစ်ကောင်ကြွက်တစ် ယောက်ပဲ။ စိတ်သဘောထားကောင်းပြီး ရိုးရိုး သားသား နေတော့ တစ်ရက်ကွက်လုံးက သူ့ကို တောက်တိုမယ်ရ ခေါ်ခိုင်းပြီး ကျွေးမွေးပေးကမ်း ကြတယ်။

သူ့အသက်က ၄၀ လောက်ရှိမယ်ထင် တယ်။ ဥပဓိရုပ်ကလဲ သန့်သန့်ပြန့်ပြန့်ပါပဲ။ ရေ ထမ်းရောင်းသမားဆိုပေမယ့် ဗဟုသုတကတော့ တော်စုံပုံရပါတယ်။ လူနုံလူဖျင်းတစ်ယောက်တော့ မဟုတ်ပါဘူး။ ဒါနဲ့ အဲဒီ ကိုခြကူးဟာ အဖေထား ခဲ့တဲ့ မှတ်စုစာအုပ်နဲ့ ပြာပုလင်းလေးကို ရတာနဲ့ ရွှေရသလို ထခုန်လိုက်တာ မပြောပါနဲ့တော့။ ကျွန်မတို့ညီအစ်မနှစ်ယောက်ကတောင် သူလည်း အဂ္ဂိရတ်ရူးပဲလို့ ပြောလိုက်ကြသေးတယ်။

ကိုခြကူးဟာ အဲဒီအချိန်ကစပြီး ကျွန်မ တို့ကို နှုတ်ဆက်ပြီး ထွက်သွားလိုက်တာ ပေါ်မ လာတော့ဘူး။ ကျွန်မတို့မြို့မှာလည်း မတွေ့ရ တော့ဘူး။ ထူးဆန်းတာက အဲဒီနေ့ညမှာ အဖေ့ သေကာနီးမှာ လာသွားတဲ့ အရူးကြီးဟာ အိမ် ပေါက်ဝကို ရောက်လာပြီး ကျွန်မတို့ ညီအစ်မနှစ်





ယောက်ကို ''ဟဲ့ ကောင်မတွေမသိသူကျော်သွား သိသူဖော်စား လူကြီးစကားအလကားမဟုတ်ဘူး'' လို့ ပြောပါတယ်။ ဒါနဲ့ ကျွန်မတို့လည်း ကြောက် တာနဲ့ သူ့ကိုမောင်းထုတ်လိုက်ကြတယ်။ အရူး ကြီးကတော့ ဖော်စားတဲ့ကောင်နောက်ကို လိုက် မယ်လို့ ပြောပြီး ပြန်ထွက်သွားပါတယ်။

ပြီးခဲ့တဲ့ အပတ်ကတော့ ကျွန်မတို့ ညီ အစ်မနှစ်ယောက်ဟာ ဆရာကြီးမင်းသိခ်ရဲ့ ဟော ချက်ကို ပြန်ပြီးစဉ်းစားကြည့်တယ်။ ဒီနှစ်ထဲမှာ မိဘအမွေအနှစ်ရမယ်။ ဒါပေမယ့် မခံစားလိုက်ရ ဘူဆိုတဲ့ အချက်ပါပဲ။ အဖေထားခဲ့တဲ့ မှတ်စုစာ အုပ်နဲ့ ပြာထည့်တဲ့ ပုလင်းလေးကို တွေးကြည့်မိ တယ်။ အဖိုးထိုက်အဖိုးတန်တော့ မဟုတ်ပါဘူး။ ဒါပေမယ့် ရေထမ်းသမားခြကူးက ဒီပစ္စည်းကိုရ တာနဲ့ ရွှေရသလို ထခုန်တာကို တွေးကြည့်မိ တော့ ကျွန်မတို့ မစဉ်းစားတတ်အောင်ဖြစ်လာ တယ်။ ဒါကြောင့် ဆရာ့ဆီကို အကျိုးအကြောင်း အစုံအလင် စာရေးလိုက်ခြင်းဖြစ်ပါတယ်။ အဖေ ထားခဲ့တဲ့ မှတ်စုစာအုပ်နဲ့ ပြာပုလင်းလေးက တော် တော်ပဲ အဖိုးတန်လို့လား။ အဲဒီပစ္စည်းတွေက

အဖိုးတယ်ဆိုရင်တော့ ဆရာဟောပြောချက် သွေးထွက်အောင် မှန်နေပြီဆိုတာကို စာရေးလိုက်ပါတယ်။

လေးစားစွာဖြင့်

မအိမ်မြ၊ မအိမ်စောင့်

....မြို့။

ကျွန်ုပ်သည် အထက်ပါစာကို ဖတ်ရှုပြီးသောအခါ၌ "အမြှာညီအစ်မရေ မင်းတို့အဖေထားခဲ့တဲ့ အဖိုးမဖြတ်နိုင်အောင် တန်ဖိုးရှိတဲ့ ပစ္စည်းကတော့ ကိုခြကူးလက်ထဲကို ရောက်သွားပြီ" လို့ အားမလိုအားမရဖြစ်ကာ ညည်းတွားလိုက်မိလေတော့သတည်း။

(မှတ်ချက်။ ။ ဗဟုသုတနည်းပါးခြင်းသည်ကား လောကီလောကုတ္တရာနှစ်ဖြာသော အကျိုးစီးပွားကို ယုတ်လျော့စေတတ်သော အကြောင်းတရားများအနက် တစ်ခုသော အကြောင်းတရား ဖြစ်ပေသည်။

သဗ္ဗေသတ္တာကမ္မဿကာ

မင်းသိခ်







ရှင်ယောဂီ

ရသေ့ကြီး ဦးရွှေတောင်

နှင့်

လူမိုက်

# ရသေ့ဦးရွှေတောင်နှင့်လူမိုက်

နှင်းမြူများ ပိန်းပိန်းပိတ်အောင် ကျဆင်းနေသည့် တစ်ခုသော ဆောင်းနံနက်ခင်း၌ ဖြစ်လေတော့သည်။ ခေါင်သီလှစွာသော တောလမ်းကလေးတစ်ခုအတိုင်း အသက်ခြောက်ဆယ်ခန့် ရသေ့ကြီးတစ်ပါးသည် လူတစ်ရပ်ခန့် ဝါးတောင်ဝှေးကြီးတစ်ချောင်းကို အားပြု၍ ထောက်ရင်း တရွေ့ရွေ့ လျှောက်လာလေ၏။

၎င်းရသေ့ကြီး၏ ဆံပင်များ၊ မုတ်ဆိတ်မွှေးများသည် ပြဒါး၏ အရောင်အလား ဆွတ်ဆွတ်ဖြူကာ တလက်လက်ဖြစ်နေကြ၏။ ရသေ့ကြီးသည် လွန်စွာကြီးမားလှသော ဖျင်လွယ်အိတ်ကြီးတစ်လုံးကို စလွယ်သိုင်း၍ လွယ်ထားလေ၏။ မည်သည့်အချိန်က ထ၍ လမ်းလျှောက်လာခဲ့သည် မသိ။ ရသေ့ကြီးသည် ချမ်းအေးလှသော ရာသီဥတု၏ အောက်မှာပင် ချွေးများ စို့လျက်ရှိလေတော့၏။

ရသေ့ကြီး၏ ခန္ဓာကိုယ်မှ ချွေးသီးချွေးပေါက်များနှင့် ထက်ကောင်းကင်မှ မြူနှင်းမှုန်များသည် ပေါင်းစပ်ကာ နဖူးမှဆံစများနှင့် မုတ်ဆိတ်များတို့တွင် ပုလဲလုံးလေးများပမာ တွဲရွဲခိုလျက် သီးနေကြ





လေတော့၏။ ၎င်းရသေ့ကြီးသည် တောင်ဝှေးကြီးကို တဒေါက်ဒေါက်ခေါက်ရင်း အေးအေးလူလူပင် လျှောက်လှမ်းလာခြင်းဖြစ်၏။ ၎င်း၏ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်းသည် ငြိမ်းချမ်းမှု၊ သက်တောင့်သက်သာ ရှိမှုတို့ကို ဖော်ပြနေ၏။ တစ်ပြိုင်တည်းမှာပင် တည်ကြည်ရဲရင့်ခြင်း၊ ကြံ့ခိုင်ခြင်း၊ အားရှိခြင်းတို့လည်း ဖော်ပြနေလေတော့၏။ ပီရိသေသပ်လှစွာသော ရသေ့ကြီး၏ နှုတ်ခမ်းအစုံမှာလည်း ပြုံးယောင်ယောင် မဲ့ယောင်ယောင် အမူအရာကို ဖော်ပြလျက်ရှိလေတော့၏။ ထိုနှုတ်ခမ်းများသည် ဤလောကကြီးသည် လွန်စွာ အဓိပ္ပာယ်ရှိ လေးနက်ဘိသကဲ့သို့ ဘာမျှမဟုတ်ကြောင်းကိုလည်း ပြောပြလိုဟန်တူလေ၏။ ဘဝကို အလေးအနက်သဘောထား၍ လျှောက်လှမ်းရန်နှင့် ပေါ့ပေါ့ပါးပါးကလေးပင် ဖြတ်သန်းကျော်လွန်သွားရန်ဟူသော အဓိပ္ပာယ်များကိုလည်း ပြောပြချင်သယောင်ယောင် ရှိလေတော့၏။

ဤသို့ဖြစ်လျှင် ၎င်းရသေ့ကြီးသည် တရွေ့ရွေ့လျှောက်လာခဲ့ရာ သစ်ပင်အုပ်အုပ်ကလေးများ စုဝေးပေါက်ရောက်နေသော တောတန်းငယ်လေးတစ်ခုရှိရာသို့ ရောက်ရှိလာခဲ့လေ၏။ ရသေ့ကြီးသည် တောတန်းကလေးထဲသို့ တရွေ့ရွေ့ဝင်လာခဲ့ရာ တစ်နေရာသို့ အရောက်တွင် ဝါးတစ်ရိုက်နီးပါးခန့်အလို၌ လူနှစ်ဖက်ခန့်မျှ

ကြီးမားသော ကျောက်တုံးကြီးတစ်တုံးကို ဘွားခနဲ တွေ့လိုက်ရလေတော့၏။ ထိုကျောက်တုံးကြီး၏ ဘေးတွင်မူ အသက်နှစ်ဆယ်ကျော်ခန့် လူငယ်လေးတစ်ဦးသည် ကျောက်တုံးကြီးကိုမှီရင်း ခြေပစ်လက်ပစ် ထိုင်၍အမောဖြေနေသည်ကို တွေ့ရလေ၏။ ရသေ့ကြီးသည် လူငယ်၏ ဘေးတွင် ထိုင်ချလိုက်ရင်း ရင်ခေါင်းထဲမှ လေပူများကို ဟူးခနဲ မှုတ်ထုတ်လိုက်သည်။ လူရွယ်က ရသေ့ကြီးအား ငုံ့စောင်း၍ ကြည့်လိုက်ပြီးနောက် သူ၏အိတ်ထဲမှ ကောက်ညင်းထုပ်တစ်ထုပ်ကို ထုတ်ကာ လက်နှစ်ဖက်ဖြင့် ရသေ့ကြီးအား ရိုသေစွာ ကမ်းပေးလိုက်သည်။ ပါးစပ်ကမူ ဘာတစ်ခွန်းမျှ မပြောပေ။

ရသေ့ကြီးလည်း လူရွယ်ကမ်းပေးသော ကောက်ညင်းထုပ်ကို လှမ်း၍ယူရင်း တစ်ချက်မျှ ပြုံးပြလိုက်၏။ ပြီးနောက် သူ၏လွယ်အိတ်အတွင်းမှ ဘူးသီးခြောက် ရေဘူးကြီးကို ထုတ်ကာ လူရွယ်အား လှမ်းပေးလိုက်၏။ လူရွယ်လည်း ရသေ့ကြီးအား နှစ်လိုစွာ တစ်ချက်ပြန်၍ ပြုံးပြလိုက်ပြီးနောက် ရေဘူးကို လှမ်းယူ၍ ရေခဲရေတမျှ အေးစက်နေသော ရေကို တစ်ကျိုက်မျှ မော့သောက်လိုက်လေ၏။ ပြီးနောက် တစ်ချက်မျှ ပြုံးပြပြီးလျှင် လက်နှစ်ဖက်ဖြင့် ရေဘူးကို ပြန်ပေးလေ၏။

ရသေ့ကြီးလည်း ကောက်ညင်းထုပ်ကို ဖြည်၍ အမောပြေရင်း ဖြည်းဖြည်းချင်းစားလေ၏။ ပြီးနောက် ရေကို တစ်ကျိုက်မော့လေ၏။ ထိုအခိုက်မှာပင် မြင်းခွာသံများ ကြားလိုက်ရသောကြောင့် ၎င်းတို့နှစ်ဦးလည်း အသံလာရာဘက်ဆီသို့ မျက်နှာမူကာ နားစွင့်မိလိုက်ကြ၏။ မြူနှင်းများ ပိတ်ဆီးနေသောကြောင့် ဝါးတစ်ရိုက်သာသာခန့် ပို၍ မမြင်နိုင်ကြပေ။ မြင်းခွာသံများ နီးသထက်နီးလာပြီးနောက် မြင်းခြောက်စီးသည် မြူနှင်းများကြားမှ ဘွားခနဲ ပေါ်လာလေတော့၏။

မြင်းခြောက်စီးသည် ကျောက်တုံးကြီးကို မှီ၍ထိုင်နေသော လူနှစ်ဦးကိုမြင်လျှင် ဘေးမှ ဝိုင်းရံထားလိုက်သည်။ ၎င်းတို့သည် ဓားရှည်များကို ကိုယ်စီ လွယ်ထားကြလေသည်။ ထိုထဲမှ မြင်းအနက်ကြီးတစ်ကောင်ကို စီးနင်းထားသော ခေါင်းဆောင်ဖြစ်ဟန်တူသူသည် မြင်းပေါ်မှပင် မဆင်းဘဲ ရသေ့ကြီးတို့အနီးသို့ တိုးကပ်လာလေ၏။ မြင်းသည် တစ်ချက်ဟီ၍ ဟူးခနဲ နှာမှုတ်လိုက်ရာ ရသေ့ကြီး၏ ဆံစများသည်ပင် လှုပ်ခါသွားကြကုန်၏။

ကျန်မြင်းစီးသမားငါးဦးမှာမူ မြင်းများပေါ်မှ ဖတ်ခနဲ ဖတ်ခနဲ ခုန်ဆင်းကာ ဓားများကို ဓားအိမ်မှ ချွတ်၍ အသင့်ကိုင်ဆောင်ရင်း ရသေ့ကြီးတို့အား ဝိုင်းရံလျက် မားမားကြီး ရပ်ထားလိုက်ကြလေ၏။ မြင်းနက်ကြီးနှင့်လူသည် ..

"ခင်ဗျားတို့ ဘယ်ကလာကြတာလဲ" ဟု ရေခဲတုံး တမျှ အေးစက်မာကျောသော လေသံမျိုးဖြင့် မေးလေ၏။ ရသေ့ကြီးလည်း သွားကြားတွင် ကပ်နေသော ကောက်ညင်းစေ့ကို လက်ညှိုးဖြင့် ထိုးခွာရင်း ..

"ဒီဘက်က လာကြတာ .." ဟု ခပ်အေးအေးပင် ပြန်၍ ဖြေလေ၏။

"ဘယ်ကို သွားကြမှာလဲ"

မြင်းနက်ကြီးနှင့်လူက မေးပြန်၏။

"ဟိုဘက်ကိုသွားမှာ .." ဟု ရသေ့ကြီးက ပြန်၍ ဖြေလေ၏။

"ခင်ဗျားဘယ်သူလဲ" မြင်းနက်ကြီးနှင့်လူက မေးပြန်၏။ ထိုအခါ ရသေ့ကြီးက ..

"ကျွန်တော့်နာမည် ဦးရွှေတောင် ... တောထဲတောင်ထဲ မှာနေပါတယ် ... ကျွန်တော့်အဖေက ဦးပွေလီ ... မြွေဆိုးကိုက်လို့ သေပါပြီ ... နေရပ်လိပ်စာမရှိပါ ... တွေ့တဲ့လူတိုင်းဟာ ... မိတ်သဟာ ... မိတ်ဆွေတို့နဲ့ အခုလိုတွေ့ ... ဝမ်းသာလှပါပေ့ ... ကြုံတုန်းကြိုက်တုန်း မိတ်ဆွေရာ ... အလှူဒါနလေး ပြုသွားပါ ... နောင်ဘဝမှာ သင်ကောင်းဖို့ ... ကျုပ်ကူညီပါရစေဗျို့ ..."





ဟု သံချပ်လိုလို လေသံမျိုးဖြင့် ပြောလေတော့၏။ မြင်းနက်ကြီးနှင့်လူလည်း နှာခေါင်းကိုရှုံ့ကာ လူရွယ်ဘက်သို့လှည့်၍ ...

"မင်းကရော ဘယ်သူလဲ ..." ဟု မေးလိုက်ပြန်၏။ လူရွယ်က ...

"လူမိုက် ..." ဟု ပြန်၍ ဖြေလေ၏။ မြင်းနက်ကြီးနှင့်လူလည်း ထောင်းခနဲ စိတ်တိုသွားကာ ...

"ကောင်းကောင်းမေးနေတာကို ကောင်းကောင်းဖြေ၊ ဇက်ပြုတ်သွားမယ် ..." ဟု ဓားကိုဆွဲ၍ ချွတ်လိုက်ရင်း ကြိမ်းလေ၏။ လူရွယ်ကလည်း ...

"ကောင်းကောင်းဖြေတာပဲ၊ ကျုပ်မွေးပြီးပြီးချင်း အမေသေတယ်။ အမေဆုံးပြီး လေးနှစ်လောက်ရှိတော့ အဖေ ထန်းပင်ပေါ်က ပြုတ်ကျပြီး ဒုက္ခိတဖြစ်တယ်။ အဖေ့ကို ဆေးကုဖို့ ပိုက်ဆံမရှိဘူး။ ကျုပ်ငါးနှစ်သားလောက်မှာ ဒုက္ခိတအဖေကို အခမဲ့ ဆေးကုပေးဖို့ ရွာလယ်က ဆေးကုဆရာကြီးကို သွားပြီး တောင်းပန်တယ်။ ဆေးဆရာကြီးက နင်ပဲသေ ပြောပြီး မောင်းထုတ်လိုက်လို့ သူ့အိမ်ထဲကို လမ်းပေါ်က နွားချေးတုံးတွေ တစ်တုံးပြီးတစ်တုံး ပစ်သွင်းခဲ့တယ်။

ဒါနဲ့ သူကြီးကခေါ်ပြီး ငေါက်တယ်။ ကျုပ်က သူကြီးကို



Scanned by CamScanner

တော့ ကြောက်တယ်။ သူကြီးမိန်းမကိုတော့ မကြောက်ဘူးလို့ ပြောပြီး စည်ပိုင်းလို ဝဝတုတ်တုတ် သူကြီးမိန်းမရဲ့ ခြေသလုံးကို ပြေးပြီး ကိုက်တယ်။ သူကြီးလည်း ငိုရမလို၊ ရယ်ရမလိုနဲ့ "ဒီကောင် လူမိုက်ပဲကွ . . ." လို့ ရေရွတ်တယ်။ အဲဒီအချိန်ကစပြီး ကျုပ်နာမည် လူမိုက်ဖြစ်သွားရတော့တာပဲ၊ မည်တွင်သညာ ခေါ်စရာကား မောင် လူမိုက်တဲ့ . . .၊ ရွာဦးဆရာတော်ကတောင် ဇာတာဖွဲ့ပေးထား သေးတယ်။ ကျုပ်က ပြိဿရာသီလဂ်၊ ဗုဒ္ဓဟူးညနေဘက်ဖွားတာဗျ" ဟု ပြောပြောဆိုဆိုပင် သူ၏ အိတ်အတွင်းမှ ထန်းဖူးဇာတာတစ်ခု ကို ထုတ်၍ ပြလေ၏။

မြင်းနက်ကြီးနှင့်လူလည်း ဇာတာကိုယူ၍ တစ်ချက်မျှ ကြည့်ပြီးနောက် "လူမိုက်" ဆိုသော လူရွယ်အား ပြန်၍ ပစ်ပေး လိုက်ပြီးလျှင် . . .

"ဟဲ . . . ဟဲ . . .၊ လူမိုက်တွေ၊ လူပေတွေ လုပ်မနေ ကြနဲ့၊ ငါတို့က ဒီလမ်းဒီနယ်ရဲ့ တာဝန်ရှိသူတွေပဲ၊ မသမာသူတွေ၊ လူဆိုး သူခိုးတွေကြောင့် ခရီးသွားတွေ အန္တရာယ်မကြုံရလေအောင် စစ်ဆေးစောင့်ရှောက်နေရတာ" ဟု ပြောပြောဆိုဆိုပင် သူ၏ လူများ အား မျက်ရိပ်ပြလိုက်လေ၏။

မြင်းကိုင်ထားသော လူငါးဦးလည်း လူရွယ်အား မတ်တပ်





ရပ်စေကာ တစ်ကိုယ်လုံးအနှံ့ ရှာဖွေကြလေ၏။ သူ၏ ခရီးဆောင် အိတ်ကြီးကိုလည်း မြေကြီးပေါ်သို့ သွန်၍ ရှာဖွေကြလေ၏။

"ဒီလို ဓားမျိုးသယ်ခွင့်မရှိဘူး . . ." ဟု ပြော၍ တစ် ယောက်က လူရွယ်၏ အိတ်ထဲမှ ဓားမြှောင်ကို သိမ်းယူလေ၏။

"ဒီကောက်ညှင်းထုပ်က ကျုပ်တို့ဒေသမှာ တားမြစ်ထား တဲ့ ကုန်ပစ္စည်းဖြစ်တယ်။ သယ်ခွင့်မပေးနိုင်ဘူး . . ." ဟု ပြော၍ တစ်ယောက်က ကောက်ညှင်းထုပ်များကို သိမ်း၏။

"ဒီငွေတွေက ချောင်းလေးရဲ့ ဒီဘက်မှာ သုံးခွင့်မရှိဘူး။ အမှန်က အရေးယူလို့ရတယ်။ သနားသောအားဖြင့် ငွေကိုပဲ သိမ်း ထားလိုက်ပါမယ် . . ." ဟု ပြော၍ တစ်ယောက်က ငွေစ ကြေးစ များကို သိမ်းယူလေ၏။

အခြားနှစ်ဦးကလည်း ရသေ့ကြီးအား ရှာဖွေကြပြန်လေ၏။

"ဒီကွမ်းညှပ်က လက်နက်အဖြစ် အသုံးပြုနိုင်တယ်" ဟု ပြော၍ တစ်ယောက်က ရသေ့ကြီး၏ ကွမ်းညှပ်ကို သိမ်းလေ၏။ တစ်ဦးကလည်း . . .

"ကျုပ်တို့ဒေသမှာ ကွမ်းစားခွင့်မရှိဘူး" ဟု ပြော၍ ကွမ်း အစ်ကိုပါ သိမ်းယူလေ၏။ နောက်ဆုံးတွင် ရသေ့ကြီးတို့နှစ်ဦး၌ အဝတ်တစ်ထည်ကိုယ်တစ်ခုသာလျှင် ကျန်လေတော့၏။ ထိုအခါ



Scanned by CamScanner

မြင်းနက်ကြီးနှင့်လူက ...

''ကဲ .. မိတ်ဆွေတို့၊ ခရီးဆက်စရာရှိတာကို စိတ်အေးချမ်းသာစွာနဲ့ ဆက်နိုင်ပါပြီ။ လမ်းမှာ ဘယ်သူနဲ့ပဲတွေ့တွေ့ တာဝန်မှူးမြင်းနက်ကျော်နဲ့ တွေ့ခဲ့ပြီးပါပြီလို့ ပြောလိုက်ရင် လိုအပ်တာတွေ ကူညီပါလိမ့်မယ်။ ပြောစရာတောင် မလိုပါဘူးလေ ...၊ ခရီးဆောင်အိတ်တွေ ဘာတွေမပါဘဲ အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ လာတယ်ဆိုကတည်းက ကျုပ်တို့နဲ့ တွေ့ပြီးပြီဆိုတာကို အားလုံး သဘောပေါက်ကြမှာပါ။ ကဲ ကဲ ဒီလမ်းခရီးတစ်လျှောက်လုံးမှာ ဘယ်နိုးသားဓားပြကမှ လုယက်တိုက်နိုက်ခြင်း မပြုစေရဘူးလို့ ကျုပ်တာဝန်ယူပါတယ်။ ကျုပ်နယ်ကို ကျုပ်ပိုင်ပါတယ်။ ခရီးလမ်းဖြောင့်ဖြူးကြပါစေဗျာ ...'' ဆုမွန်ကောင်းပို့သလျက် မြင်းခြောက်စီးလည်း နှင်းတောထဲ တိုးဝင်ပျောက်ကွယ်သွားကြလေတော့၏။

□□□□□

ဦးရွှေတောင်ဟူသော ရသေ့ကြီးလည်း လူမိုက်ဆိုသော လူရွယ်ကိုကြည့်၍ တစ်ချက်မျှ ပြုံးလိုက်၏။ လူမိုက်ကလည်း ပြန်၍ ပြုံးပြလေ၏။ ရသေ့ကြီး ဦးရွှေတောင်က ...

''တော်တော်ဆိုးတဲ့ကောင်တွေပဲကွ၊ ဒီကောင်တွေက ဓားပြတွေ ...၊ ဓားပြလည်း တိုက်သေးရဲ့၊ ကြီးကြီးကျယ်ကျယ်လည်း





ပြောသေးရဲ့ ...၊ တော်တော်ခံရခက်တယ်သကွာ ...'' ဟု မကျေမချမ်းရေရွတ်လျှင် လူမိုက်က ...

''ခံရပဲခက်ခက်၊ ခံရပဲလွယ်လွယ် ခံရတာက ခံရတာပါပဲဗျာ ...၊ အခု ကျုပ်တို့မှာ အခက်တွေ့မှာက ဒီခရီးကို ဘယ်လိုဆက်မလဲဆိုတာပဲ။ ကျုပ်တို့ဟာ ဒီတောလမ်းအတိုင်း သုံးရက်ခရီးနှင်လာခဲ့ကြပြီးကြပြီ၊ ရှေ့မှာ အနီးဆုံးမြို့ကိုရောက်ဖို့ ခြေလှမ်းသွက်သွက်နဲ့ဆိုရင် ခုနစ်ရက်ခရီးသွားရမယ်။ ကျုပ်အတွက်ကတော့ သိပ်ပြီး ကိစ္စမရှိလှပါဘူး။ ကြုံသလိုစားရင်း ကြုံသလိုနားရင်းနဲ့ ဒီခရီးလောက်က ရောက်သွားမှာပါ ...'' ဟု ပြောလိုက်လျှင် ဦးရွှေတောင်ဆိုသော ရသေ့ကြီးက ...

''စိမ်လိုက်စမ်းပါ လူမိုက်ရာ ...၊ မင်းကမှ ကြုံရင် စားဦးမယ်၊ ကြုံရင် နားဦးမယ်၊ ငါက ရသေ့ပါကွ ...၊ မကြုံရင် မစားဘူး၊ မကြုံရင် မနားဘူးကွာ ...'' ဟု ပြန်၍ ပြောလျှင် လူရွယ်လည်း ရသေ့ကြီးအား ခြေဆုံးခေါင်းဆုံးကြည့်၍ နှစ်နှစ်ခြိုက်ခြိုက်ကြီး ပြုံးလိုက်လေ၏။

ထိုအချိန်မှာပင် တဘုတ်ဘုတ် လျှောက်လှမ်းလာသော ခြေသံများနှင့်အတူ အသက်သုံးဆယ်ဟု ခန့်မှန်းရသော လူရွယ်နှစ်ဦးသည် ကျောက်တုံးကြီးကို မှီ၍ ထိုင်နေသော ရသေ့ကြီးဦး

ရွှေတောင်တို့နှစ်ဦးကို ဘွားခနဲ တွေ့လိုက်ရလျှင် ရုတ်တရက် အံ့အားသင့်ဟန်၊ ထိတ်လန့်သွားဟန် ဖြစ်သွားကြကုန်၏။ ထို့နောက် ၎င်းတို့နှစ်ဦးသည် မဝံ့မရဲ ခြေလှမ်းများဖြင့် ရသေ့ကြီးတို့အနီးသို့ တိုးကပ်လာပြီးလျှင် မြေကြီးပေါ်၌ ဒူးထောက်၍ ထိုင်ချလိုက်ကြကာ ...

"ကျွန်တော်တို့ကို ဒီလမ်းကနေ ဖြတ်သန်းသွားလာခွင့် ပေးပါခင်ဗျာ။ ရှေ့နားမှာ တာဝန်ခံဆရာကြီး မြင်းနက်ကျော်တို့အဖွဲ့နဲ့ တွေ့ခဲ့ပြီးပါပြီ။ သူတို့က လိုအပ်တာတွေအားလုံး စစ်ဆေးမေးမြန်းပြီး ခွင့်ပြုလိုက်တာပါ။ ကျွန်တော်တို့ကို ခရီးဆက်ခွင့်ပေးပါခင်ဗျာ ..." တောင်းတောင်းပန်ပန် လေသံကလေးဖြင့် ပြောကြလေ၏။ ထိုအခါ ရသေ့ကြီးက ...

"အေး ..အေး ..၊ ကိုယ့်လမ်းကိုယ်သွားကြ ...၊ ကိုယ့်လမ်းကိုယ်သွားကြ။ ကိုယ့်လမ်းကိုယ်မသွားနဲ့လည်း ငါတို့မှာ တားခွင့်မရှိပါဘူး။ မသွားချင်လည်း မသွားကြနဲ့ ...၊ သွားချင်လည်းသွားကြ ..." ဟု ပြောလျှင် နောက်မှ ရောက်လာသော လူရွယ်နှစ်ဦးလည်း 'ဗျာ'ခနဲ ရေရွတ်လိုက်မိကြလေ၏။ ထို့နောက် တစ်ယောက်က ...

"ဆ ... ဆရာကြီးတို့က မြင်းနက်ကျော်အဖွဲ့က မဟုတ်





ဘူးလား ..." ဟု မေးလိုက်လျှင် လူမိုက်က ထိုသူ၏ ပခုံးကို လက်ဝါးဖြင့် ပုတ်လိုက်ရင်း ...

"မြင်းနက်ကျော်အဖွဲ့ကလည်း မဟုတ်ဘူး။ မုန့်ဆီကြော်အဖွဲ့ကလည်း မဟုတ်ဘူး။ ငါတို့လည်း မင်းတို့လိုပဲ မြင်းနက်ကျော်တို့အဖွဲ့က အခုလေးတင်ပဲ ဓားပြတိုက်သွားကြတယ် ..." ဟု ပြောလိုက်မှပင် လူရွယ်နှစ်ဦးလည်း "ဩော် ..." ဟု ရေရွတ်ကာ ထိုင်နေရာမှ ထ၍ ဖုတ်များကို လက်ဝါးဖြင့် ခါလိုက်ကြလေ၏။ ထို့နောက်တစ်ဦးက ...

"ကျုပ်တို့က ဟိုးဘက်ရွာကြီးကပါ။ ငယ်ငယ်လေးကတည်းက ရွာဦးဆရာတော်ရဲ့ ကျောင်းမှာ ဆရာတော်ကို ခြေဆုပ်လက်နယ် ဝတ်ကြီးဝတ်ငယ်ပြုစုရင်း ပညာသင်လာခဲ့ကြတာပါ။ ပညာဟာ လောကကြီးမှာ အရမ်းအရေးကြီးတယ် မဟုတ်လား။ ပညာမြင့်ပါမှ လူ့အဆင့်အတန်း၊ လူ့ယဉ်ကျေးမှု မြင့်မှာလေ။ လူ့ယဉ်ကျေးတွေ မြင့်မားလာပါမှ လူ့ဘောင်လောကကြီးမှာ ပိုပြီးတော့ တိုးတက်သာယာငြိမ်းချမ်းမှာ မဟုတ်လား။ ဒီနေ့ ခေတ်က တော်တော် စိတ်ပျက်ဖို့ ကောင်းတယ်။ လူမိုက်တွေ များသထက်များလာပြီဗျ" ဟု ပြောလျှင် ရသေ့ကြီး ဦးရွှေတောင်လည်း လူမိုက်ဘက်သို့ လှည့်၍ မျက်လုံးကို ပြူးပြလိုက်လေ၏။ လူမိုက်ကမူ ပြုံးပြုံး

ကြီး လုပ်၍သာ နေလေ၏။ ထိုအခါ လူရွယ်က ဆက်လက်၍ ..

"လူ့လောကကြီးမှာ လူယဉ်ကျေးတွေ၊ ပညာရှိတွေ၊ အဆင့်အတန်းမြင့်မားသူတွေ များသထက်များလာဖို့ကိုတော့ ကျုပ်တို့ အစွမ်းကုန်ကြိုးပမ်းသွားမယ်လို့ ဆုံးဖြတ်ထားတယ်။ ကျုပ်တို့ကို ပညာသင်ပေးနေတဲ့ ဆရာတော်က ဟိုဘက်လထဲကပဲ ပျံလွန်တော်မူသွားပြီဗျ ...၊ ဆရာတော်ကြီး ပျံလွန်တော်မူခါနီးမှာ ဟိုးဘက်မြို့တော်ကြီးက တက္ကသိုလ်ကြီးတစ်ခုကို သွားပြီး ပညာဆက်သင်ဖို့ မိန့်မှာသွားတယ် ...၊ ကျုပ်တို့က အမြွှာညီအစ်ကိုတွေပါ ...၊ ကျုပ်နာမည်က မောင်ကြီးတဲ့၊ သူ့နာမည်က မောင်လေးတဲ့"

ဟု မောင်ကြီးဆိုသော လူရွယ်က သိမ်မွေ့လှစွာသော ဝီယဝါစာလေသံကလေးဖြင့် မိတ်ဆက်လေ၏။ ထို့နောက် မောင်လေးဆိုသော လူရွယ်က ...

"ကဲ ... ကဲ ... ကဲ၊ ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်ဟာ လောကအကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးကြမယ်၊ ဘယ်လောက်ကြီးကျယ်မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တွေဖြစ်တယ်ဆိုတာကိုတော့ ဒီလောက်ပြောရင် သဘောပေါက်လောက်ကြရောပေါ့။ ဒီက ရသေ့ကြီးနဲ့ ဒီညီအစ်ကိုတို့ကလည်း ပြန်ပြီး မိတ်ဆက်ကြပါဦး။ ခရီးသွားခရီးဖော်တွေဆိုတော့ တစ်ယောက်အကြောင်း တစ်ယောက်သိထားကြ





တော့ ပိုကောင်းတာပေါ့။ အရေးကြီးတာကတော့ လူမိုက်၊ လူညံ့တွေနဲ့ မပေါင်းသင်းမိဖို့ပါပဲ ...၊ 'အသေဝနာစဗာလာနံ' လို့ ဆိုတယ်မဟုတ်လား။ လူမိုက်ဆိုရင် ဝေးရာက ရှားရမယ်လေဗျာ ..."

ဟု ပြောလိုက်လျှင် ဦးရွှေတောင်ဆိုသော ရသေ့ကြီးလည်း လူမိုက်ဘက်သို့လှည့်ကာ မျက်လုံးကိုပြူး၍ မျက်ခုံးကို ပင့်ပြလိုက်လေ၏။ ပြီးနောက် ရသေ့ကြီး ဦးရွှေတောင်က ...

"အခုလို အင်မတန် မြင့်မြတ်ကြီးကျယ်သော သူတော်ကောင်းများနဲ့ အဆွေခင်ပွန်းကောင်း ဖြစ်ရတာ၊ ခရီးဖော် ခရီးဖက်ဖြစ်ရတာကို ဂုဏ်ယူလို့ မဆုံးပါဘူးကွယ် ...။ တစ်ခုတော့ ကျုပ်တောင်းပန်ချင်ပါတယ်။ အမှန်တကယ်က ကျုပ်ဟာ လုံးဝဥဿုံမြင့်မြတ်စင်ကြယ်သော ရသေ့အမျိုးအစားထဲမှာ မပါပါဘူး။ လူ့ဘဝမှာ လုပ်သမျှ ဒုက္ခတွေ ကြုံရာကနေ ထွက်ပေါက်တစ်ခုအနေနဲ့ ရသေ့အသွင်ကို ပြောင်းလိုက်သူတစ်ယောက်ရယ်ပါ ...၊ စာတတ်ပေတတ် ကျမ်းဂန်နံ့စပ်ပြီး တရားဓမ္မကို နားလည်ကျေညက်သူမဟုတ်ရပါဘူး။ ပြောရမယ်ဆိုရင် ကျုပ်ဟာ ရသေ့တော့ ရသေ့၊ ဘာတစ်လုံးနကန်းမှ မသိနားမလည်တဲ့လူမိုက်ရယ်ပါ ...၊ အဲဒီလို လူမိုက်လူမဲတစ်ယောက်အနေနဲ့ မောင်ရင်တို့လို မြင့်မြတ်သော မဟာလူသားတွေနဲ့ ခရီးအတူသွားရမှာကို လိပ်ပြာမလုံမိရိုး အမှန်ရယ်ပါ။



Scanned by CamScanner

မောင်ရင်တို့အတွက်လည်း အားတောင့်အားနာဖြစ်ရပါတယ်။ ဒါပေမယ့် အခုလို ခရီးဝေး ခရီးကြမ်းမျိုးမှာ ဘာမှလည်း အသုံးမဝင်ဝင်အဖော်လေးရရင် တော်သေးတာပေါ့ ဆိုတဲ့ သဘောမျိုးနဲ့ ကျုပ်ကို ယာယီမိတ်ဆွေအဖြစ် အသိအမှတ်ပြုဖို့ကလေးကိုတော့ တောင်းပန်ချင်ပါတယ် ...'' ဟု လေအေးအေးဖြင့် တစ်လုံးချင်း တစ်လုံးချင်းပြောလေ၏။

မောင်ကြီးနှင့်မောင်လေးလည်း ရသေ့ကြီး၏ စကားများကို ကြားသည်ရှိသော် နှာခေါင်းကို ပြိုင်တူရှုံ့လျက် တစ်ဦးမျက်နှာတစ်ဦး ကြည့်လိုက်ကြလေ၏။ ထို့နောက် မောင်ကြီးက ...

''ဘယ်တတ်နိုင်ပါ့မလဲ ..၊ လက်ခံလိုက်ပါကွာ ...၊ ရသေ့အိုကြီးသနားပါတယ်'' ဟူသော အဓိပ္ပာယ်မျိုးဖြင့် မောင်လေးအား မေးတစ်ချက်ငေါ့ပြလေ၏။ ထိုအခါ မောင်လေးလည်း ...

''ရပါတယ်လေ ... အတူကြုံနေတဲ့ နောက်တော့မှ ဘယ်တတ်နိုင်ပါ့မတုံး ...၊ မဆိုးတော့ မဆိုးပါဘူး။ ကိုယ့်ကိုယ်ကို လူမိုက်တစ်ယောက်လို့ သိထားခြင်းကိုက လူလိမ္မာဖြစ်ဖို့ လမ်းပေါက်လေးတစ်ခုပွင့်နေတာပါပဲ။ အမှားကိုမြင် အမှန်ကိုပြင်။ အမှားကိုဖျောက် အမှန်ရောက်ရမှာပေါ့ဗျာ ...။ အားမငယ်ပါနဲ့ ရသေ့ကြီးရယ်။ ရသေ့ကြီးမှာ ပါရမီတတ်ခံလေး အနည်းအကျဉ်းတော့





ပါလာဟန်တူပါတယ် ...'' ဟု ဆရာကြီး သမားကြီးတစ်ဦး၏ လေသံမျိုးဖြင့် ပြောလေ၏။ ထို့နောက် လူမိုက်ဘက်သို့ လှည့်ကာ..

''ကိုရင်ကရော ...'' ဟုမေးလေ၏။ ထိုအခါ လူမိုက်က သက်ပြင်းရှည်ကြီးတစ်ချက်ကို ချလိုက်ကာ မောင်ကြီးနှင့်မောင်လေးတို့၏ ရှေ့၌ ဒူးထောက်ထိုင်ချရင်း ...

''ကျွန်တော့်ကိုလည်း ခွင့်လွှတ်ကြပါဗျာ။ အမြတ်မ်းအတွက်မဟုတ်တဲ့ရင်တောင် ဟောဒီ ခရီးကလေးတစ်ကြောင်းအတွက်တော့ သနားသောအားဖြင့် ခွင့်လွှတ်ကြပါဗျာ ...၊ ကျွန်တော်အမှန်အတိုင်းပြောပါရစေ။ ကျွန်တော်ဟာ စာတစ်လုံးမှ မတတ်တာအမှန်ပါ ...၊ ငယ်ငယ်တုန်းက လူကြီးသူမတွေ နှုတ်တတ်ချပေးလို့ ဘုရားရှိခိုးတို့၊ မင်္ဂလသုတ်တို့၊ သမ္ဗုဒ္ဓေတို့ကိုတော့ ချောင်းချောင်းပြေး ရွတ်ပြနိုင်ပါတယ်။

ဒါပေမယ့် အဲဒါတွေကို ကျွန်တော့်ရှေ့မှာ ပုပ်လောက်ကြီးရေးပြရေးပြ၊ ဆင်လောက်ကြီးပဲ ရေးပြရေးပြ၊ ကျွန်တော် မဖတ်တတ်ပါဘူး။ သိလည်းမသိပါဘူး။ ကျွန်တော့်ရဲ့ ဘဝပေးအခြေအနေအရ ကျွန်တော်ဟာ အင်မတန် စက်ဆုပ်ဖွယ်ကောင်းတဲ့ မုဆိုးဘဝနဲ့ အသက်မွေးနေရသူ တစ်ယောက်ဖြစ်ပါတယ်။ ဒီလို ရိုင်းလှမိုက်လှတဲ့ မုဆိုးတစ်ဦးက အစ်ကိုတော်တို့နဲ့အတူ ခရီးဖော်အဖြစ် လိုက်ပေး



Scanned by CamScanner

ဝို့ မလှဲသာမရှောင်သာ တောင်းပန်ရခြင်း အပေါ်မှာလည်း အများကြီး အားနာမဆုံးဖြစ်နေရပါတယ်။ ဒါပေမယ့် ဒီလမ်း ဒီခရီးမှာ ကျွန်တော့်ကိုတော့ တစ်ယောက်တည်း ပစ်ပြီး မထားခဲ့ကြပါနဲ့ဗျာ တို့ရယ် ...'' ဟု လွန်စွာမှ တိုးလျှိုးတောင်းပန်သော အသံလေးဖြင့် တစာစာပြောလေတော့၏။ မောင်ကြီးနှင့် မောင်လေးတို့လည်း နှာခေါင်းကို ကိုယ်စီရှုံ့ကာ တစ်ဦးမျက်နှာတစ်ဦး ကြည့်လိုက်ကြပြန်၏။ ထို့နောက် မောင်ကြီးက ...

''အင်း ... တော့်တော့်ကို မိုက်မဲတဲ့ သတ္တဝါနဲ့မှ လာတွေ့နေရတာပါလား။ ဘာပဲဖြစ်ဖြစ်ပေါ့လေ ...၊ ကံရှိလို့ လာဆုံကြတာပဲ။ ကံစီမံရာကိုတော့ နာခံရပေမပေါ့ ...၊ ဒါကို နားလည်လက်ခံမှလည်း ပညာရှိသူတစ်ဦးပီသပေတော့မပေါ့။ ကဲ .. ကဲ အတူလိုက်ပါစေဗျား ...'' ဟု သံတေလေသံကလေးဖြင့် ရေရွတ်လေ၏။ လူမိုက်၏ မျက်နှာသည်လည်း ရုတ်ချည်းဆိုသလို ဝင်းပသွားရလေတော့သတည်း ...။ ။

□□□□□

ဤသို့ဖြင့်လျှင် ခရီးသွားလေးဦးတို့သည် တရွေ့ရွေ့ ခရီးဆက်ခဲ့ကြလေတော့၏။ မကြာမီမှာပင် နေခြည်တန်းတို့သည် နှင်းထုကို ဖြိုခွင်းလျက် တဖြည်းဖြည်း လင်းလက်လာခဲ့လေ၏။ နှင်း





ကွဲသည်ဆိုလျှင်ပင် နေရှိန်သည် တစ်စထက်တစ်စ ပူပြင်းလာလေတော့၏။ ခရီးသွားလေးဦးတို့မှာ ဦးခေါင်းထက်၌ ခြဝရာ၊ မိုးစရာ၊ တဘက်၊ ခေါင်းပေါင်း ဟူ၍ ဝေးစွ၊ စီးစရာဖိနပ်ပင်လျှင် မရှိကြတော့ပြီမို့ တရိပ်ရိပ်တိုးလာသော အပူဒဏ်ကို မသက်သာစွာ ခံစားကြရလေတော့၏။ မောင်ကြီးသည် စူးရှလင်းလက်နေသော နေလုံးကြီးကိုဖျတ်ခနဲ ကြည့်လျက် ...

''ဩော် ... နေမင်းကြီး ... နေမင်းကြီး ...၊ မိုက်မဲလှစွာတကား။ အသိဉာဏ်နည်းလှစွာတကား ...၊ မဆင်မခြင်မစဉ်းစားဘဲကို ဖွတ်အတင်းပူတော့တာပါလား ...၊ အမှန်က သူသာစဉ်းစားဉာဏ်ရှိခဲ့ရင်၊ ဆင်ခြေတုံတရား လက်ကိုင်ထားနိုင်ခဲ့မယ်ဆိုရင် ပူသင့်တဲ့နေရာတွေကိုပဲပူပြီး မပူသင့်တဲ့နေရာတွေကို မပူပဲ ထားလိုက်ရုံပဲပေါ့ ...၊ အခုတော့ မဟုတ်ပေါင်။ မိုက်လိုက်တဲ့ နေမင်းကြီးရယ်။ အင်း ... မိုက်ပြီဟေ့ဆိုရင် ဘာပဲမိုက်မိုက် မကောင်းပါလား။ လူပဲ မိုက်မိုက်၊ နေပဲ မိုက်မိုက် လောကကို စိတ်မချမ်းမသာ ဖြစ်စေနိုင်ပါလား ...'' ဟု ရေရွတ်လေ၏။ မောင်လေးကလည်း ခြေထောက်တွင် စူးဝင်သွားသော ကျောက်စရစ်ခဲလေးကို လက်ဖြင့်ဖယ်၍ တကျွတ်ကျွတ် စုပ်သပ်ရင်း ...

''မိုက်လိုက်တဲ့ ကျောက်ခဲရယ် ...၊ သူ့ဟာသူ လုံးလုံး

ချောချောလေးဆိုလည်း ကျောက်ခဲပဲ။ ချွန်ချွတ်စူးစူးဆိုလည်း ကျောက်ခဲပဲ။ အဲဒါကိုများ သူက စူးအောင် ချွန်အောင် လုပ်ထားတယ်လို့ပဲ။ လုံးလိုက်တဲ့အတွက် သူ့မှာ ဘာနစ်နာသွားမှာ လိုက်လို့။ စူးနေ ချွန်နေတဲ့အတွက် ငါ့မှာတော့ ထိခိုက်နစ်နာတာပေါ့လေ။ ဒင်းအနေနဲ့ ဒီလောက်လေးတောင် မစဉ်းစားမိဘူးတဲ့လား ...၊ အေးလေ ဒါကြောင့်လည်း ကျောက်ခဲဖြစ်တာပေါ့ ...၊ ကျောက်ခဲတောင် ရိုးရိုးကျောက်ခဲမဟုတ်ဘူး။ ကျောက်မိုက် ကျောက်မဲ၊ ကျောက်မိုက် ကျောက်မဲ ...'' ရေရွတ်ရင်း ခြေထောက်တွင် စူးဝင်နေသော ကျောက်ခဲကို စိတ်ဆိုးမာန်ဆိုးဖြင့် အဝေးတစ်နေရာဆီသို့ လွှင့်ပစ်လေတော့၏။

လူမိုက်ကမူ နေပူသည်ကိုလည်း ဂရုမထား၊ ခြေထောက်တွင် ကျောက်ခဲစများ စူးသည်ကိုလည်း မသိယောင်ပြုလျက် လမ်းသွားရင်း ဘေးဘီဝဲယာ၌ ပေါက်ရောက်နေသော မြက်ပင်ရှည်ကြီးများကို နှုတ်၍ နှုတ်၍ ကလေးတစ်ဦးပမာ ဆော့ကစားနေလေတော့၏။ တဖြည်းဖြည်းနှင့် နေရှိန်မှာလည်း ပြင်းသည်ထက် ပြင်းလာခဲ့ပြီဖြစ်၏။ မြေနီနှင့် ကျောက်စရစ်တို့ ရောပြွမ်းသော မြေကြီးမှာလည်း တရိပ်ရိပ်ပူလာခဲ့ပြီဖြစ်၏။ ခရီးသွားလေးဦးမှာလည်း မီးခဲပေါ် နင်းရသကဲ့သို့ မသက်သာစွာ ခံစားနေကြရလေ၏။ ၎င်းတို့





သည် တည့်ည်းည့်ည်း တည့်ည့်ဖြင့်ပင် ခရီးဆက်ကြရင်း သစ်ပင်ပုကလေးများအနီးသို့ ရောက်လျှင် ခေတ္တခဏ နားသည်ဆိုရုံကလေးမျှ နားလိုက်ကြလေ၏။ ကြာကြာလည်း မနားကြပေ။ အကြောင်းမှာ လမ်းတစ်လျှောက်၌ တွေ့သော သစ်ပင်ကလေးများဆိုသည်ကလည်း နေခိုနိုင်လောက်အောင် အရိပ်အာဝါသ မပေးနိုင်သောကြောင့် ဖြစ်လေတော့၏။

လူမိုက်ကမူ မည်သူနှင့်မျှ စကားမပြောဘဲ မြက်ပင်များကို နှုတ်လိုက်၊ ကလေးတစ်ဦးပမာ ဆော့ကစားလိုက်ဖြင့် ပတ်ဝန်းကျင်ကို မေ့နေဟန်တူ၏။ အတော်အသင့် အရိပ်အာဝါသရသော သစ်ပင် ခတ်လတ်လတ်တစ်ပင်အောက်သို့ ရောက်သော အခါတွင်ကား ၎င်းတို့သည် ခြေပစ်လက်ပစ် ထိုင်ချလိုက်ကြ၏။ လူမိုက်ကမူ မြက်ပင်များဖြင့်သာလျှင် တကုပ်ကုပ် အလုပ်ရှုပ်နေလေ၏။ အတန်ငယ်မျှ ကြာလျှင် ခရီးဆက်ရန် မတ်တပ်ရပ်လိုက်ကြလေ၏။ ထိုအခါ လူမိုက်က ...

''ခဏလေး .. ခဏလေး။ နေက တော်တော်ပြင်းနေပြီ။ ရှေ့ဆက်ပြီး ကျုပ်တို့ ခြေထောက်တွေ ဘယ်ခံနိုင်ပါတော့မလဲ ..၊ ရော့ ... ရော့ ... ဒါလေးတွေ ခြေထောက်မှာ စွပ်ထားလိုက်ကြ ...'' ဟု ဆိုကာ သူ၏ ပုဆိုးခါးပုံစအတွင်းမှ တစ်လမ်းလုံး

လမ်းလျှောက်ရင်း သူ ရက်လုပ်ခဲ့သော မြက်ခြေနင်းလေးများ တစ်စုံစီ ထုတ်ပေးလေ၏။ ထိုခြေနင်းကလေးများကို ရလျှင် မောင်ကြီးနှင့် မောင်လေးတို့၏ မျက်နှာများသည် အတိုင်းမသိ ဝင်းပသွားကြ၏၊ သို့ရာတွင် လူမိုက်ရက်လုပ်ပြီးသမျှမှာ သူ့အတွက် မရှိသေးဘဲ ဖြစ်နေလေ၏။ လမ်းတစ်လျှောက်တွင် မြက်ပင်ရှည်ကြီးများမှာလည်း တစတစ နည်းပါးလာကာ ထိုနေရာတွင်မူ တစ်ပင်တစ်လေမျှပင် မပေါက်ရောက်တော့ပေ။ သို့ဖြစ်ရာ လူမိုက်မှာမူကား ခြေဗလာဖြင့်ပင် ခရီးဆက်ရမည်ဖြစ်လေတော့၏။ လူမိုက်က ...

"ကျုပ်ကို အားမနာကြပါနဲ့ဗျာ ...။ ကျုပ်လို လူမိုက်တစ်ယောက်ဟာ လောကအတွက် သိပ်ပြီး အရေးမကြီးလှပါဘူး။ မိတ်ဆွေတို့ ဖြောင့်ဖြောင့်ဖြူးဖြူး ခရီးသွားရအောင် ကူညီခွင့်ရတာကိုပဲ ကျုပ် ဝမ်းမြောက်လှပါပြီ။ ကျုပ်ကိုယ်တိုင် လောကကောင်းကျိုးကို ဆောင်ရွက်နိုင်တဲ့ ဉာဏ်ပညာ အရည်အချင်းမျိုး မရှိလေတော့လည်း သယ်ပိုးနိုင်တဲ့လူကိုပဲ တက်စွမ်းသမျှ ကူညီရတော့မှာပေါ့ဗျာ ..." ဟု သနားစဖွယ် လေသံလေးဖြင့် ပြောလေ၏။ ထိုအခါ မောင်ကြီးက လူမိုက်၏ ကျောကုန်းကို လက်ဝါးဖြင့် ပုတ်ရင်း ...

"အေးကွာ ...၊ အခုလို အမှန်အတိုင်း မြင်တတ်တာကို ဝမ်းသာတယ်ကွာ ...၊ ပါရမီဖြည့်တယ်ဆိုတာ ဒါပဲပေါ့ကွ။ ဒီဘဝမှာ ဒီလို ပါရမီဖြည့်ကျင့်တဲ့အတွက် နောက်ဘဝကျရင် မင်းဟာ အရှိန်းအစိုင်းတစ်ယောက် ပြန်မဖြစ်တော့မှာ သေချာတယ်။ ဒီဘဝထက်တော့ လိမ္မာယဉ်ကျေးပြီး ဉာဏ်ပညာကြီးလာမှာပါကွာ...။ ငါတို့တွေလည်း အရင့်အရင် ဘဝပေါင်းများစွာတုန်းက မင်းလို ပါရမီဖြည့်ခဲ့ရမှာပါပဲ။ အားမငယ်ပါနဲ့ လူမိုက်ရယ် ...၊ ပညာရှိသူနဲ့ ပေါင်းသင်းဆက်ဆံရခြင်းဟာ မင်္ဂလာတစ်ပါးတဲ့ ...။ မင်းအနေနဲ့ ငါတို့လို ပညာရှိတွေနဲ့ တွေ့ဆုံကြုံကြိုက်ခွင့်ရတာကို ဂုဏ်ယူလိုက်စမ်းပါကွာ ...၊ ငါတို့အတွက် နစ်နာပေမယ့် မင်းအတွက် မြတ်ပါတယ်ကွ၊ ဒါကြောင့် ငါ တစ်ခုစဉ်းစားထားတယ်။

နောင်ဆယ့်ငါးနှစ်။ နှစ်နှစ်ဆယ်လောက်ကြာရင် ငါတို့ညီအစ်ကိုနှစ်ယောက်ဟာ လူတွေရဲ့ အကျိုး၊ လောကအကျိုးကို သယ်ပိုးနိုင်မယ့် ဉာဏ်ပညာဗဟုသုတတွေနဲ့ ပြည့်စုံလောက်ပြီကွ။ အဲဒီအခါကျရင် လောကအကျိုးကို သယ်ပိုးထမ်းရွက်မယ့် ကိုယ်စိတ်နှစ်ပါး မြင့်မြတ် အင်အားရှိတဲ့ မျိုးဆက်သစ်တွေ မွေးထုတ်ဖို့ ကျောင်းတော်ကြီးတစ်ကျောင်းထောင်မယ်ကွ။ ကျောင်းတော်ကြီးကိုလည်း "လောကအလင်း တက္ကသိုလ်" လို့ အမည်ပေးမယ်။ အဲဒီ ကျောင်းတော်ကြီးမှာ မင်းကို ကျောင်းစောင့်ကြီးခန့်မယ်ကွာ"

ဟု ပြောလိုက်လျှင် လူမိုက်သည် ဝမ်းသာအယ်လဲ တုန်တုန်ရီရီဖြင့် မောင်ကြီးနှင့်မောင်လေးတို့အား လက်အုပ်ကလေးချီရင်း ...

"အခုလိုစကားမျိုးကြားရတာကိုကပဲ ဝမ်းသာလှပါပြီခင်ဗျာ ...။ ဒါပေမယ့် ကျွန်တော့်အဆင့်က အများကြီးကြီးစားရဦးမှာပါ ...။ ကျွန်တော်လို အမိုက်အမဲ အရိုင်းအစိုင်းတစ်ယောက်အနေနဲ့ အဲဒီလောက် မြင့်မြတ်ကြီးကျယ်တဲ့ ကျောင်းတော်ကြီးနဲ့ ပတ်သက်ဖို့ဆိုတာ မဝံ့ရဲပါဘူးခင်ဗျာ ...။ ဒီလောက် လောကအတွက်အရေးကြီးတဲ့ အလုပ်ကြီးမှာ ကျွန်တော့်ကြောင့် အနှောင့်အယှက်မဖြစ်စေချင်ပါဘူး။ အဲဒီရာထူးတာဝန်ကို လက်မခံရပါစေနဲ့ဗျာ ..." ဟု တောင်းတောင်းပန်ပန် လေသံလေးဖြင့် ဝမ်းပန်းတနည်း ပြောရှာလေ၏။

ထိုအခါ မောင်လေးကလည်း လူမိုက်၏ ကျောကုန်းကို လက်ဝါးလေးဖြင့် အသာပုတ်ရင်း ...

"အားမလျှော့ပါနဲ့ကွာ ...၊ ကြိုးစားရင် ဘုရားတောင်ဖြစ်နိုင်တယ်လို့ ဆိုကြတယ် မဟုတ်လား။ မင်းလို ဉာဏ်နုံနည်းပြီးတော့ ပါရမီဆင်းရဲတဲ့ လူမိုက်၊ လူမဲတစ်ယောက်အနေနဲ့ ဘုရားမဖြစ်ရင်တောင်မှ ဘုရားတောထွက်တဲ့အခါ အဖော်အဖြစ် လိုက်ပေးခဲ့တဲ့ မောင်ဆန်လောက်တော့ ဖြစ်လာနိုင်ပါတယ်ကွာ ...၊





အားမငယ်ပါနဲ့ကွ ..." ဟု အားပေးရှာလေ၏။ ထိုအခါ ရသေ့ကြီးဦးရွှေတောင်က ဝင်၍ ...

"ဟုတ်တယ် လူမိုက်ရ ... ဟုတ်တယ်၊ တောင့်ထားကွ ...၊ နောက်ဆုံး ကုန်ကုန်ပြောမယ်ကွာ ...၊ မင်းလိုလူမိုက် လူမဲ တစ်ယောက်အနေနဲ့ မောင်ဆန်လို အဆင့်ကို မမျှော်လင့်ရဲရင်တောင်မှ ဘုရားအလောင်းကို ကျောမှာပိုးပြီး ပါရမီဖြည့်ခဲ့တဲ့ ခန္ဒကလောက် မျှော်လင့်နိုင်စရာ အကြောင်းရှိပါသေးတယ်ကွာ ..." ဟု ဝင်၍ ပြောလိုက်သည်ဖြစ်ရာ မောင်ကြီးနှင့် မောင်လေးအမွှာညီအစ်ကိုကလည်း ...

"ဟုတ်တယ် .. ဟုတ်တယ်၊ ရသေ့ကြီးပြောတာ အမှန်ပဲ ...." ဟု အားတက်သရော ဝင်၍ ထောက်ခံကြလေ၏။ လမ်းတစ်လျှောက်လုံးတွင်လည်း ကြီးမြတ်သော ရည်ရွယ်ချက်ကြီးများဖြင့် လောကအကျိုး၊ လူအများအကျိုးကို သယ်ပိုးကြလတ္တံ့သော အမျိုးကောင်းသား မောင်ကြီးနှင့်မောင်လေးတို့သည် လူမိုက်အား များစွာ ဖက်လှဲတကင်း စကားမပြောကြပေ။ ရသေ့ကြီး ဦးရွှေတောင်အားသာလျှင် လူရာသွင်းလျက် စကားပြောသွားကြလေ၏။ ရသေ့ကြီးအား လူရာသွင်းပြောသည်ဆိုရာ၌လည်း ၎င်းတို့ညီအစ်ကိုက ဆရာကြီးလုပ်၍ ရသေ့အား တရားဟော နားချသော

လေသံမျိုးဖြင့်သာလျှင် ပြောကြခြင်း ဖြစ်လေတော့၏။ ၎င်းတို့၏ ကြီးကျယ်မြင့်မြတ်လှစွာသော မဟာရည်ရွယ်ချက်ကြီးများကို မစားရ ဝခမန်း ခေါင်းမှဖင်၊ ဖင်မှခေါင်း ပြန်ကာ လှန်ကာ ပြောသွားကြခြင်း ဖြစ်လေတော့၏။

□□□□□

ဤသို့ဖြစ်လျှင် နေရှိန်မှာ တရိပ်ရိပ်ပြင်းသည်ထက် ပြင်းလာတော့၏။ ကံကောင်းထောက်မစွာပင် လမ်းခုလတ်တစ်နေရာ၌ ရေအိုင်ငယ်တစ်ခုကို တွေ့ကြရလေတော့၏။ သို့ရာတွင် ထိုရေအိုင်မှာ ရက်များစွာမကြာမီကပင် ခန်းခြောက်သွားပြီဖြစ်သောကြောင့် ရွှံ့နွံများသာ အတိပြီးလေတော့၏။ အချို့နေရာများ၌ဆိုလျှင် ပက်ကြားအပ်ကြီးများပင် ဖြစ်နေပြီဖြစ်၏။ မောင်ကြီးသည် ခန်းခြောက်နေပြီဖြစ်သော ရေအိုင်ကိုကြည့်၍ စိတ်ပျက်လက်ပျက် သက်ပြင်းရှည်ကြီးတစ်ခုကို မှုတ်ထုတ်လိုက်လေ၏။ မောင်လေးကမူ မကျေမချမ်းဖြင့် တောက်တစ်ချက် ခပ်ပြင်းပြင်းခေါက်လိုက်ပြီးနောက် –

"တော်တော်မိုက်မဲတဲ့ရေကွာ ...၊ မခန်းဘဲနေလိုက်တော့ သူမှာ ဘာဖြစ်သွားမှာမို့တုံး ...၊ ဒီအိုင်ထဲမှာ သူရှိနေလို့ ဆိုပြီး ဘယ်သူက ဖမ်းပြီးရိုက်မှာမို့လို့လဲ ...၊ သူရှိနေရင် သတ္တဝါတွေ သောက်သုံးရတာပေါ့ ...၊ ဒီလောက်လေးတောင် သူမှာ စဉ်းစားဉာဏ်မရှိဘူးတဲ့လား ...၊ အေးပေါ့လေ ...၊ ဒါကြောင့်လည်း ရေဖြစ်နေရရှာတာပေါ့ ..." ဟူ၍ မကျေမချမ်း ဖြစ်ခြင်းတစ်ဝက်၊ နားလည်းခွင့်လွှတ်သဘောထားကြီးဟန် တစ်ဝက်လေသံမျိုးဖြင့်ပြောလေတော့၏။ မောင်ကြီးဆိုသူကမူ ...

"မောင်လေးရေ ...၊ အဲဒါလေး တစ်ခု ခေါင်းထဲမှာ ထည့်ထားကွ၊ ငါတို့တတ်နိုင်တဲ့ အချိန်တစ်ချိန်ကြရင် ဒီနေရာမှာ ရေတွင်းကြီးတစ်တွင်းလာပြီးတူးမယ်။ ဒါမှမဟုတ်ရင်လည်း လူအင်အားသုံးပြီး ရေကန်ကြီးတစ်ကန် တည်ထားလိုက်မယ်ကွာ ...၊ ငါတို့အရင်က ဒီခရီး၊ ဒီလမ်းကို သွားခဲ့ကြတဲ့လူတွေကရော ဒီလို မစဉ်းခဲ့ကြဘူးတဲ့လား။ လူတွေတော်တော်ညံ့ပါတယ်ကွာ။ အေးပေါ့လေ ... ငါတို့တွေးမိတယ်ဆိုတာကလည်း ငါတို့က အများသူငါနဲ့မတူတဲ့ လူတော်တွေ ဖြစ်နေတာကိုးကွ ..." ဟု ပြောပြောဆိုဆိုပင် လူမိုက်၏ဘက်သို့လှည့်ကာ –

"တွေ့တယ်မဟုတ်လား .. လူမိုက်ရေ၊ လူချင်းတူပေမယ့် အကြံဉာဏ်ချင်း၊ ရည်ရွယ်ချက်ချင်း ကွာတယ်ကွ ...၊ စိတ်ဓာတ်ချင်းကွာတယ်ကွ ...၊ ကွာလိုက်သမှ နည်းနည်းလေးတောင် မဟုတ်ဘူးဟေ့ ...၊ မိုးနဲ့မြေလို ကွာတာကွ၊ မြင့်မိုရ်တောင်နဲ့ဆီးစေ့ ကွာသလိုမျိုး ကွာတာကွ ...၊ နွားသေးအိုင်နဲ့ မဟာသမုဒ္ဒရာ

ကွာသလိုမျိုး ကွာတာကွ ...၊ ဒါတွေကို မင်း သဘောပေါက် ထားဖို့လိုတယ်။ အေးပေါ့လေ .. မင်းကိုယ်တိုင်ကတော့ ဘယ်မှာ သဘောပေါက်နိုင်ပါ့မလဲ ...၊ အဲဒီတော့ ငါတို့ပြောတဲ့ စကားတွေ ကို သေသေချာချာမှတ်ကွ ...၊ မိသလောက်လေး နောက်ကလိုက် ပြီး တွေးကွ ...၊ အတုယူစရာရှိတာကို ယူရတယ်ကွ ...'' ဟု အကျအန ဆုံးမလေ၏။ လူမိုက်ကလည်း လက်အုပ်ကလေးချီရင်း–

''ဟုတ်ကဲ့ပါခင်ဗျ ... ဟုတ်ကဲ့ပါ၊ ကျွန်တော် အစွမ်းရှိ သလောက် မှတ်သားပါ့မယ် ခင်ဗျာ ...'' ဟု၍ ရိုရိုကျိုးကျိုး ကလေးပြောလေ၏။ ထိုသို့ပြောရင်း လူမိုက်သည် စောင်းခပ် ထက်ထက်ကျောက်ပြားတစ်ပြားကို ရှာဖွေ၍ ရေအိုင်စပ်တွင် ပေါက် နေသော ငှက်ပျောပင်များကို ချွေးဒီးဒီးကျအောင် လှီးဖြတ်လေ တော့၏။ ရရှိလာသော ငှက်ပျောတုံးများကို ရသေ့ကြီး ဦးရွှေတောင် နှင့် မောင်ကြီးတို့ညီအစ်ကိုအား ပေး၍ –

''ကဲ .... ကဲ ရေကတော့ မရနိုင်ဘူး။ ရေငတ်ပြေ အဲဒီ ငှက်ပျောအူကလေးတွေ စုပ်ကြတာပေါ့ဗျာ ...'' ဟု ပြော၍ သူကိုယ်တိုင်လည်း စုပ်လေ၏။ ရသေ့ကြီး ဦးရွှေတောင်သည် ငှက် ပျောတုံးတစ်တုံးကု ပါးစပ်ဖြင့် စုပ်ရင်း –

''လူမိုက်ဆိုတဲ့ကောင်က လူကလည်းမိုက်သေး၊ ဉာဏ်





ကလည်းနည်းသေး။ ဒါပေမယ့် ဒီကောင့်မှာ ဉာဏ်မရှိပေမယ့် ရေ တော့ရှိနေတယ်ကွ။ မောင်ကြီးတို့မောင်လေးတို့မှာက ဉာဏ်ပညာ ကတော့ အပြည့်ပဲ၊ ဒါပေမယ့် ရေမရှိဘူး ဖြစ်နေတယ် ...'' ဟု ပြောလျှင် မောင်ကြီးတို့ ညီအစ်ကိုလည်း ဉာဏ်နုံနည်း၍ သနားစ ဖွယ်ကောင်းလှစွာသော လူမိုက်ကိုကြည့်ကာ လှောင်ပြောင်သော သဘောမျိုးဖြင့် ဝါးခနဲ ရယ်မောလိုက်လေ၏။

ဤသို့ဖြင့် ၎င်းတို့လေးဦးသားသည် နေပူကျဲကျဲကြီး အောက်၌မှာပင် တရွေ့ရွေ့ ခရီးဆက်ခဲ့ကြတော့၏။ တဖြည်းဖြည်း နှင့် နေကျလာပြီမို့ အပူရှိန်မှာလည်း လျော့သည်ထက် လျော့လာ ပြီဖြစ်၏။ အပူဒဏ် အနည်းငယ် သက်သာလာသော်ငြားလည်း ၎င်းတို့သည် ဆာလောင်မွတ်သိပ်သောဒဏ်ကို ခံစားကြရလေတော့ သည်။

လမ်းတစ်လျှောက်တွင် လူမိုက်သည် လက်သီးဆုပ်ခန့် မရှိတရှိ ကျောက်တုံးလေးများကို တွေ့လျှင် ကောက်ယူ၍ လက်ထဲ ၌ တဆဆ ချိန်ကြည့်လေ၏။ ပြီးနောက် ခါးပုံစာထဲ၌ ထည့်လေ၏။ ဤသို့လျှင် ကျောက်ခဲလေးများကို ကောက်ယူခဲ့လေ၏။ မောင် ကြီးတို့ညီအစ်ကိုမှာမူ လူမိုက်ကိုကြည့်၍ အချင်းချင်း နှာခေါင်းရှုံ့ ပြကြကုန်၏။

တစ်နေရာသို့ အရောက်တွင် ချုံပုတ်လေးတစ်ခု၌ နားနေသော အရောင်အသွေးစုံလင်လှသည့် ငှက်ကလေးတစ်ကောင်ကို တွေ့ကြရလေတော့၏။ ထိုငှက်ကလေးကိုတွေ့လျှင် မောင်ကြီးက–

"ငှက်ကလေးက လှလိုက်တာ၊

စုံပါတဲ့ အရောင်အသွေး ..." ဟု စာချိုးလေ၏။

ထိုအခါမောင်လေးက –

"သနားစဖွယ်

ငှက်ငယ်တဲ့ တစ်ကောင်တည်း ..." ဟု ကဗျာ စပ်ပြန်လေ၏။ မောင်ကြီးကမူ ကဗျာအဆုပ်ပိုဒ်ကို စဉ်းစားနေခိုက်မှာပင် လှမိုက်သည့် ခဲဖြင့် ပစ်ချလိုက်ပြန်၏။ ထိုအခါ ရသေ့ကြီး ဦးရွှေတောင်က –

"သူ့ခေါင်းကို မိုးကြိုးပစ်

ခေါင်းရှစ်စိပ်ကွဲ ..." ဟု ကဗျာကို အပြီးသတ်ပေးလိုက်လေ၏။ မောင်ကြီးမှာမူ လှမိုက်အား ရွံ့ရှာမုန်းတီးလှစွာသော မျက်လုံးမျိုးဖြင့် ကြည့်ရင်း –

"တော်တော် မိုက်မဲတဲ့သတ္တဝါပါလား။ တိရစ္ဆာန်ထက်တောင် မိုက်လုံးကြီးလှစွာတကား" ဟု ရေရွတ်လေ၏။

တဖြည်းဖြည်းနှင့် နေမင်းပျောက်ကွယ်ခဲ့ပြီဖြစ်၏။ နေခြည်





ပျောက်သည်နှင့် တစ်ပြိုင်နက်ဆိုသလိုပင် ပတ်ဝန်းကျင်တစ်ခုလုံး၌ မြူနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းလာလေတော့၏။ အအေးဓာတ်မှာလည်း သိသိသာသာ ဆိုသလိုပင် ဝင်ရောက်လွှမ်းခြုံလာလေတော့၏။ ဝါးတစ်ရိုက်ခန့်အကွာအဝေးကိုပင် သဲကွဲစွာ မမြင်နိုင်တော့သည်အထိ မြူများ ဆိုင်းလာလေတော့၏။ ကံအားလျော်စွာပင် ၎င်းတို့သည် လမ်းခုလတ်၌ ထီးထီးကြီး ပေါက်ရောက်နေသော ညောင်ပင်ကြီးတစ်ပင်ကို တွေ့ကြရလေတော့၏။ ထို့ကြောင့် ထိုညောင်ပင်၌မှာပင် တစ်ညတာ စတည်းချဖို့ရန် ဆုံးဖြတ်ကြရလေတော့၏။

၎င်းတို့လေးဦးသည် ညောင်ပင်ကြီး၏ အောက်၌ ခြေပစ်လက်ပစ်ထိုင်ချလိုက်ကြလေ၏။ မောင်ကြီးတို့ညီအစ်ကိုနှစ်ဦးလည်း တရား သံဝေဂရသော စကားလုံးများကို အသံနေအသံထားဖြင့် ရေရွတ်ကြလေ၏။ ထိုသို့ရေရွတ်ရင်း မောင်လေးသည် အလွတ်ကျက်ထားသည့် သံဝေဂစာကြောင်းများကို မေ့နေထစ်နေသောကြောင့် မောင်ကြီးက ထောက်ပြပေးရလေ၏။ ရသေ့ကြီး ဦးရွှေတောင်ကမူ သူ၏လည်ပင်းမှ မြင်းနက်ကျော်တို့ မပယ့်ဘဲ ချန်ထားခဲ့သော ပုတီးကြီးကိုဖြုတ်ကာ တဂျောက်ဂျောက် စိပ်နေလေ၏။ အအေးဓာတ်မှာလည်း သိသိသာသာကြီး တိုးသည်ထက်တိုးလာ

လေရာ မောင်ကြီးတို့ညီအစ်ကိုမှာ တဆတ်ဆတ် တုန်လျက် မေး တဂတ်ဂတ် ရိုက်နေကြရရှာ၏။ မောင်လေးသည် စို့တက်လာသော မျက်ရည်စများကို လက်ခုံဖြင့် မသိမသာသုတ်ရင်း –

''အစ်ကိုရယ် ...၊ ကျွန်တော်တို့ ကံကလည်း ဆိုးလိုက်တာဗျာ၊ လောကအတွက် ကြီးကျယ်မြင့်မြတ်တဲ့ ရည်ရွယ်ချက်ကြီးတွေနဲ့ ကိုယ်ကျိုးစွန့်အနစ်နာခံပြီး ကြိုးပမ်းကြမယ်ဆိုတဲ့ ကျွန်တော်တို့လို လူ့အဖိုးတန်တွေအနေနဲ့ ဘာလို့များ ဒီလိုဒုက္ခတွေ ကြုံရတာလဲ မသိဘူးနော်။ လူမိုက်တို့လိုကောင်တွေ ဒုက္ခရောက်တာက မိုက်လို့ရောက်တာပဲ၊ ဒီထက်ဆိုးတဲ့ ဒုက္ခမျိုးရောက်ရင်လည်း သူတို့အတွက်က တန်ပါတယ်။ ကျွန်တော်တို့အတွက်ကတော့ မတန်ဘူးဗျာ ...၊ လောကကြီးဟာ မတရားဘူးဗျာ ...၊ လူ့အဖိုးတန်တွေနဲ့ တစ်ပဲ နှစ်ပြားမတန်တဲ့ အလကားလူတွေ လောက်ကိုတော့ ခွဲခြားပြီး ဆက်ဆံသင့်ပါတယ်ဗျာ ...၊ လောကကြီးဟာ မတရားဘူးဗျာ ...'' ဟု မျက်ရည်ကလေး စမ်းစမ်း စမ်းစမ်းဖြင့် ညည်းညူလေ၏။ မောင်ကြီးက မောင်လေး၏ နောက်ကျောကို အသာအယာပွတ်၍ –

''တောင့်ထားစမ်းပါ ညီလေးရာ ...၊ လောကကြီးဟာ လူဆိုးနဲ့ လူကောင်းကို မခွဲခြားတတ်တော့တာ အမှန်ပဲ ...၊ မတရား





တာလည်း အမှန်ပဲ ...၊ ဒါပေမယ့် သူ မတရားတိုင်း ကိုယ်လည်း လိုက်ပြီး မတရားဘူးဆိုရင် မင်းတို့ငါတို့တွေဟာ လူမိုက်တွေ ဖြစ်ကုန်မှာပေါ့ကွ ...၊ အဲဒီမတရားတဲ့ စဉ်းစားဆင်ခြင်ဉာဏ် နည်းတဲ့ လောကကြီးကို ငါတို့ အချိန်ယူပြီး ဆုံးမသင်ကြားလေ့ကျင့်ပေးကြရမယ်ကွ ...'' ဟု ဖျောင်းဖျရှာလေ၏။ ထိုအခါ မောင်လေးသည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ သွေးရူးသွေးတန်းလေသံမျိုးဖြင့် –

''လောကကြီးကို ဆုံးမမယ် ...၊ လောကကြီးကို ဆုံးမမယ် ...'' ဟု အာခေါင်ခြစ်၍ ထအော်လေ၏။ မျက်စိကလေးကို မှိတ်၍ ပုတီးစိပ်နေသော ရသေ့ကြီး ဦးရွှေတောင်သည်ပင် 'ဆတ်'ခနဲ လန့်သွားကာ မျက်စိကို အသာဖွင့်၍ ကြည့်မိလေ၏။ ထိုအချိန်၌မှာပင် လူမိုက်ကလည်း လက်သီးလက်မောင်းကို တန်း၍ ခုန်ပေါက်ကာ –

''ဟေး .. ရပြီကွ၊ ရပြီကွ ..'' ဟု ထအော်လေ၏။ မောင်ကြီးတို့ ညီအစ်ကိုနှင့် ရသေ့ကြီးသည် လူမိုက်အားလှမ်းကြည့်လိုက်ကြရာ မြက်ခြောက်များနှင့် သစ်ကိုင်းခြောက်များကို စုပုံ ထားပြီး လျှင် ကျောက်တုံးများဖြင့် မီးရအောင် ခတ်နေသော လူမိုက်အား တွေ့လိုက်ကြရလေတော့၏။ ၎င်းတို့ကြည့်လိုက်သော တခဏ၌



Scanned by CamScanner

မြက်ခြောက်ကလေးများတွင် မီးစွဲ၍ ဟုတ်ခနဲ မီးထတောက်သည်ကို တွေ့လိုက်ကြလေတော့၏။ မြူများ ဝိုန်းဝိုန်းဝိတ်အောင် ဆိုင်း၍ အေးစိမ့်လှသော လေတို့က တသွားသွှယ် နှိပ်စက်နေသည့် အကာအကွယ်မဲ့ နေရာတစ်ခုတွင် မီးတောက်မီးလျှံကို တွေ့လိုက်ကြရလေသော မောင်ကြီးတို့ညီအစ်ကိုသည် ဟန်မျှပင်မဆောင်နိုင်တော့ဘဲ မီးပုံအနီးသို့ သုတ်ခနဲ ပြေးကပ်ကြလေတော့၏။ ရသေ့ကြီးဦးရွှေတောင်လည်း မီးပုံအနီး၌ ဝင်၍ ထိုင်လေ၏။

□□□□□

ထိုသူတို့ မိုက်မိုက်တုန်အောင် ချမ်းအေးနေကြသည့်အချိန်တွင် မီးရအောင် ကြိုးပမ်းခဲ့သော လှမိုက်မှာမူ ချွေးဒီးဒီးကျနေလေတော့၏။ လှမိုက်သည် မီးဖိုနား၌ မထိုင်နိုင်သေးဘဲ အနီးဝန်းကျင်သို့ စမ်းတဝါးဝါးနှင့် လျှောက်သွားကာ သစ်ကိုင်းခြောက်များကို ရှာလေ၏။ ထို့အပြင် အိပ်တန်းတက်ချိန်ရောက်၍ ညောင်ပင်ပေါ်တွင် ရှုပ်စွာ အော်မြည်နေသော ငှက်များကိုလည်း အလွယ်တကူပင် ကျွမ်းကျင်စွာ ဖမ်းယူသတ်ဖြတ်လေတော့၏။ မောင်ကြီးတို့ညီအစ်ကိုလည်း လှမိုက်၏ အပြုအမူများကို ကြည့်ကာ ..

"တစ်နေ့နေ့တော့ ဒီလို အရိုင်းအစိုင်းသတ္တဝါ လုံးဝပျောက်ကွယ်ပြီး ဟောဒီ ကမ္ဘာမြေကြီး သာယာငြိမ်းချမ်းစေရမယ်။





အဲဒီတာဝန်ကို ဘယ်သူတွေပဲ မယူမယူ .. ငါတို့ ယူကြရလိမ့်မယ် ..." ဟု ရေရွတ်ကြကုန်၏။ လှမိုက်မှာမူ သမ်းတစ်လျှောက်တွင်ရခဲ့သော ငှက်များကိုရော၊ ညောင်ပင်ပေါ်မှ ထပ်မံရရှိသည့် ငှက်များကိုပါ အမွေးနှုတ်၍ မီးဖိုတွင် ကင်လေတော့၏။ မောင်ကြီးတို့ညီအစ်ကိုသည် လှမိုက်၏ အပြုအမူများကို ရွံရှာမုန်းတီးစွာ ကြည့်၍ နှာခေါင်းရှုံ့ကြလေ၏။ သို့ရာတွင် ဆာလောင်မွတ်သိပ်နေသည့်အချိန်၌ လှမိုက်၏ ငှက်ကင်များမှာ လွန်စွာမွှေးကြိုင်လာသည် ဖြစ်ရကား နှုတ်ခမ်းကို လျှာဖြင့်သပ်လျက် မကြာခဏ တံတွေးကို မျိုချမိကြလေတော့၏။

ထို့နောက် လှမိုက်သည် မောင်ကြီးတို့ ညီအစ်ကိုအား ငှက်ကင်သုံးကောင်စီ ပေးလေ၏။ သူလည်း သုံးကောင်စားလေ၏။ တစ်ချိန်တည်းမှာ သူ၏ အိတ်ထဲသို့ လက်ဖြင့်နှိုက်၍ ဆွဲထုတ်လိုက်ရာ လွန်စွာကြီးမားလှသော ပုတီးလုံးကြီးများဖြင့် သီကုံးထားသည့် (၁၀၈) လုံး ပုတီးနှစ်ကုံးကို တွေ့လိုက်ကြရလေတော့၏။ ထိုအချင်းအရာကို မြင်သည့်ရှိသော် မောင်လေးက မောင်ကြီးကို လက်တို့၍-

"အလကားကောင် ...၊ အခုမှ ကြောင်သူတော်ယောင်လာမဆောင်နဲ့၊ လှမိုက် လူမဲ ဆိုတာ ငါတို့သိပြီးသား ...၊ ဘယ်လောက်ကြီးတဲ့ ပုတီးနဲ့စိပ်စိပ် ငစိပ်ပဲ။ သူ့အပြစ်တွေကတော့

လျော့သွားမှာမဟုတ်ဘူး'' ဟု ကဲ့ရဲ့ ပြစ်တင်သော စကားကို ဆိုလေ၏။ ထိုသို့သာ ဆိုနေသော်လည်း ပါးစပ်ကမူ လူမိုက်စီစဉ်ပေးသော ငှက်ကင်ကို အငမ်းမရ တကျွပ်ကျွပ် ကိုက်ဝါးလျက်ရှိလေတော့၏။ လူမိုက်ကမူ မကြားဟန်ပြုလျက် သူ၏ ပုတီးကြီးမှ ပုတီးလုံးနှစ်လုံးကို လက်ဖြင့် ထုခွဲ၍ ဖြုတ်ပြီးလျှင် လက်နှစ်ဖက်ဖြင့် ရသေ့ကြီးအား ရိုသေစွာကမ်းပေးရင်း –

''ဒါက တကယ့်ပုတီးမဟုတ်ပါဘူး။ လမ်းမှာ အရေးနဲ့အကြောင်းနဲ့ဆိုရင် ဒုက္ခရောက်နိုင်တယ်ဆိုတာ ကြိုပြီးတွေးမိလို့ ထန်းလျက်လုံးတွေကို ကြိုးနဲ့သီလာတာပါ ...။ ဦးရသေ့အနေနဲ့ ညစာအဖြစ် မှီဝဲလို့ ရပါတယ်'' ဟု ပြောလျှင် ရသေ့ကြီး ဦးရွှေတောင်လည်း သဘောကျစွာဖြင့် မျက်လုံးများပင် လက်ခနဲ ဖြစ်သွားသည်အထိ ပြုံးလိုက်မိလေ၏။ မောင်ကြီးကမူ မောင်လေးအား အသာလက်တို့၍ –

''ရသေ့သူတော်စင်ကို လှူတဲ့တန်းတဲ့ ကုသိုလ်က သပ်သပ်၊ သူတစ်ပါးအသက်ကို သတ်တဲ့အပြစ်က သပ်သပ်ပဲ'' ဟု မကြားတကြား ရေရွတ်လေ၏။ ရသေ့ကြီး ဦးရွှေတောင်ကမူ လူမိုက်၏ ထန်းလျက်ခဲကို အသာမြုံရင်း –

''သူတစ်ပါးရဲ့ အသက်ကို သတ်ဖြတ်ခြင်းသည် အရိုင်း





အစိုင်းတို့၏ အပြုအမူဖြစ်၏။ ဆာလောင်မွတ်သိပ်နေသူတို့အား အစားအသောက် ကျွေးမွေးစောင့်ရှောက်ခြင်းမှာမူ လူသိမ်၊ လူမွေ့၊ လူယဉ်၊ လူကျေး တို့၏ အပြုအမူ ဖြစ်လေတော့၏'' ဟူ၍ ရေရွတ်နေလေတော့၏။

ထိုအခိုက်မှာပင် လူမိုက်သည် အခြားပုတီးတစ်ကုံးမှ ပုတီးသုံးလုံးကို ဆွဲ၍ ဖြုတ်လိုက်ပြန်၏။ မောင်ကြီးတို့ ညီအစ်ကိုအား တစ်လုံးစီ ကမ်းပေးရင်း –

''ရော့ ... ရော့ ...။ ဒီလောက်ဆို ဒီက ကျွန်တော်အစ်ကိုများ ညစာဖူလုံသွားမှာပါ။ တကယ့်ပုတီးမဟုတ်ဘူးဗျ။ ပုတီးစိပ်တဲ့ သူတော်ကောင်းအလုပ်နဲ့ ကျွန်တော့်အလုပ်ကလည်း မဆီလေးရယ်မှ အိုမဆိုင် မဟုတ်လားဗျာ ...၊ ယုတ်မာတယ် လို့ပြောပြော၊ ပုတီးယောင်ဆောင်ပြီး စားဖို့သောက်ဖို့လေးတွေ ထည့်လာခဲ့တာပါ။ ကောက်ညင်းတွေပါ ...၊ သေချာပြုတ်ပြီး အခြောက်ခံထားတာ။ ဒီလိုအခြေအနေမျိုးမှာတော့ ဒီလောက်ဆိုရင်ပဲ အာဂပါးစပ် လူဖြစ်ကျိုးနပ်လောက်ပါရဲ့ဗျာ ...'' ဟု ပြောလေ၏။

ထို့နောက်တွင်ကား လူမိုက်သည် တစ်ညလုံးစာ သစ်ကိုင်းခြောက်များကို မြွေမကြောက်၊ ကင်းမကြောက်၊ နှင်းတောတိုး၍ ရှာဖွေရင်း စုပုံပေးလေ၏။ မောင်ကြီးတို့ညီအစ်ကိုမှာမူ ဗိုက်အတန်

ငယ်ပြည့်သွားပြီဖြစ်ရကား မီးဖိုအနီးရှိ ညောင်မြစ်ကို ခေါင်းအုံးကာ ကျောဆန့်ကြရင်း နောင်တစ်ချိန်တွင် ၎င်းတို့ ကိုယ်ကျိုးအနစ်နာခံကာ ထူထောင်ကြလတ္တံ့သော "လောက အလင်းတက္ကသိုလ်ကြီး" ၏ အကြောင်းကို မစားရဝခမန်း ပြောနေကြလေ၏။ လူမိုက်မှာမူ ရသေ့ကြီးအနီး၌ ဝင်၍ထိုင်ကာ မှက်များ၊ ခြင်များကို မောင်းနှင်ပေးရင်း သူ၏ ရည်ရွယ်ချက်များကို ပြောပြခြင်းဖြင့် ကုန်လွန်ခဲလှစွာသော အထီးကျန်ဆောင်းညကို အချိန်ဖြုန်းရလေတော့၏။ လူမိုက်သည် ပညာမတတ်၊ ဉာဏ်မွဲသူပီပီ သူ၏ စကားလုံးများမှာလည်း မောင်ကြီးတို့ မောင်လေးတို့၏ စကားလုံးများကဲ့သို့ ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့ ချိုချိုသာသာ မရှိလှပေ။ ခပ်ကြမ်းကြမ်း၊ ခပ်ပြတ်ပြတ်၊ ခပ်တိုတို၊ ခပ်တုတ်တုတ် စကားလုံးများသာလျှင် ဖြစ်နေကြလေတော့၏။

လူမိုက်သည် သူ၏ မုဆိုးဘဝကို မည်သို့စတင်ခဲ့ရသည့်အကြောင်း၊ မုဆိုးပညာများကို မည်သို့မည်ပုံ အသက်နှင့်လဲ၍ စွန့်စွန့်စားစား ပင်ပင်ပန်းပန်း သင်ယူခဲ့ရသည့်အကြောင်း၊ တဖြည်းဖြည်းနှင့် မုဆိုးလုပ်သက်ရင့်လာသည်နှင့်အမျှ မည်သို့မည်ပုံတိုးတက်မှုများ ရှိလာခဲ့ကြောင်း၊ ယခုအခြေအနေကိုလည်း အားမရ မတင်းတိမ်နိုင်သေးကြောင်း၊ ထို့ကြောင့် အလုပ်များကို ခေတ္တရပ်ကာ မြို့သို့





ထွက်လာခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းအနေနှင့် ဝါးဖြင့် ပြုလုပ်ထားသော ရိုးရိုးမြားကို အသုံးပြုခဲ့ရာမှ ယခုအခါ သံထိပ်ဖူးတပ်ထားသည့် မြားတံကို အသုံးပြုနိုင်နေပြီဖြစ်ကြောင်း၊ ထိုသံမြားထိပ်ဖူးကိုလည်း အဆိပ်လူးမြားအဆင့်သို့ တိုးတက်နိုင်ရန် မြို့သို့ ရောက်လျှင် စုံစမ်းကြည့်မည်ဖြစ်ကြောင်း၊ ထို့အပြင် ၎င်းအနေနှင့် တိရစ္ဆာန်များကို ထောင်၍ဖမ်းရာတွင်၌လည်း ရိုးရိုးလျှော်ကြိုး၊ ချည်ကြိုးများကို အသုံးပြုနေရာမှ သံနန်းကြိုးများအဆင့်သို့ တိုးတက်၍ အသုံးပြုရန် ရည်ရွယ်ထားကြောင်း၊ ထို့အပြင် သေနတ်ဆိုသော အရာသည် အလွန်အစွမ်းထက်သည်ဟု ကြားဖူးလေရာ ထိုအရာပိုင်ဆိုင်သော မုဆိုးကြီးတစ်ဦးဖြစ်သည်အထိ ကြိုးပမ်းသွားမည်ဖြစ်ကြောင်းတို့ကို ရှင်းရှင်းနှင့် ဘွင်းဘွင်းကြီး ပြောချနေလေ၏။

မောင်ကြီးတို့ညီအစ်ကိုလည်း ရသေ့ကြီး ဦးရွှေတောင်ဘက်သို့လှည့်ကာ –

"ဒီညလေးကတော့ဖြင့် မမေ့နိုင်စရာ ညလေးတစ်ညပါဗျို့" ဟု ပြောလေတော့၏။

□□□□□

နံနက် နှင်းကွဲလုလုအချိန်တွင် ခရီးသည်လေးဦးတို့သည် ခရီးဆက်ရန် တာစူကြလေ၏။ တစ်နေ့လုံး နေလောင်သောဒဏ်ကို

ခံစားခဲ့ရသောကြောင့် ၎င်းတို့၏ နှုတ်ခမ်းများမှာ ဖူးဖူးရောင်လျက်ရှိလေတော့၏။ လူမိုက်သည် -

"ခဏလေး . . ခဏလေး . . ." ဟု ပြော၍ မလှမ်းမကမ်းသို့ ထွက်သွားလေ၏။ ချက်ချင်းဆိုသလိုပင် ပြန်ရောက်လာပြီးနောက် သူ၏ လက်ထဲမှ ညောင်ရွက်တစ်ရွက်စီကို ရသေ့ကြီး ဦးရွှေတောင်နှင့် မောင်ကြီးတို့အား ပေးလေ၏။ မောင်ကြီးကလည်း မျက်မှောင်ကြီး ကုတ်လျက် -

"ဘာတွေလဲ . . . ." ဟု မေးလေ၏။ လူမိုက်က -

"ညကတည်းက ညောင်ရွက်ခပ်ကြီးကြီးတွေကို မြေကြီးပေါ်မှာ ခင်းပြီး နှင်းရည်ခံထားတာပါ . . .။ ရေငတ်မပြေရင်တောင် လျှာစိုရုံလေး နှင်းရည်ခံထားတာပါ . . .၊ ရေငတ်မပြေရင်တောင် လျှာစိုရုံလောက်လေး အာမခြောက်ရုံလေးတော့ ရတာပေါ့ဗျာ . . ." ဟု ပြောလေ၏။

လူမိုက်သည် ညောင်ရွက်အရွက်နှစ်ဆယ်ခန့်ဖြင့် နှင်းရည်များကို ခံထားခဲ့သည်ဖြစ်ရာ ၎င်းတို့လေးဦးအဖို့ အတန်ငယ်မျှ ရေအငတ်ပြေသွားခဲ့ကြရ၏။ အတော်အတန်ကလေး လန်းလန်းဆန်းဆန်းဖြစ်သွားရလေ၏။ ဤသို့ဖြင့် တရွေ့ရွေ့ ခရီးဆက်ခဲ့ကြပြန်၏။

လမ်းခရီးတစ်လျှောက်လုံးတွင် လူမိုက်သည် တွေ့သမျှ





ငှက်များကို အလွတ်မပေးဘဲ ပစ်ခတ်ဖမ်းဆီးလေသည်။ လူမိုက်ငှက်တစ်ကောင်ကို ပစ်လိုက်တိုင်း မောင်ကြီးနှင့်မောင်လေးတို့ ညီအစ်ကိုသည် သံဝေဂရသော အမူအရာမျိုးဖြင့် "ပါဏာတိ၊ ပါဏာတိ" ဟု ရေရွတ်ကြကုန်၏။ လူမိုက်ကမူ မကြားယောင်ပြုလျက် လက်ထဲတွင် ခဲလုံးများကို တဆဆ လုပ်နေလေ၏။ ပုတတ်တွင်းများ တွေ့သောအခါ၌လည်း သစ်ကိုင်းအတိုအစများဖြင့် တူးဆွကာ ပုတတ်များကို ဖမ်းဆီးလေ၏။

ဤသို့ဖြင့်လျှင် တစ်နေ့ဝင်ခဲ့ရပြန်လေတော့၏။ ထိုညတွင်လည်း ခရီးသွားလေးဦးတို့သည် လူမိုက်၏ စောင့်ရှောက်ဖြည့်ဆည်းမှု ဒုက္ခများကြားမှာပင် အကျအန စတည်းချနိုင်ခဲ့ကြလေ၏။ လမ်းတစ်လျှောက်တွင် လူမိုက်ရှာဖွေခဲ့သော ငှက်များ၊ ပုတတ်များနှင့် ပုတီးလုံးသဖွယ် ပြုလုပ်၍ သယ်ဆောင်လာခဲ့သော ကောင်ညှင်းတုံးများကြောင့် ၎င်းတို့အဖို့ အစားအသောက် ပြတ်မည့်ဘေးမှ လက်မတင်လေး လွတ်မြောက်နေခဲ့ကြရလေ၏။

ထိုညက မောင်ကြီးသည် ခရီးပန်းသောဒဏ်၊ အစစအရာရာ ချို့ငဲ့သောဒဏ်၊ ရာသီဥတုကြမ်းသောဒဏ်တို့ကြောင့် မေးတဂတ်ဂတ် ရိုက်ကာ အဖျားကြီးဖျားလေတော့၏။ မည်သည့် ဆေးမည်သည့်ဝါးမှလည်း မရှိသောကြောင့် လက်ပိုက်၍သာ ကြည့်နေကြ

ရလေ၏။ မောင်ကြီးသည် အမေကို တလိုက်၊ အဖေကို တလိုက်၊ ဆရာဘုန်းကြီးကို တလိုက် ဖြင့် အားငယ်လွန်းလှသောကြောင့် တစ်ငိုတည်းငိုနေလေတော့၏။ ထိုသို့ငိုရင်း -

"မတရားလိုက်တဲ့ လောကကြီးရယ်၊ အလိုက်ကန်းဆိုး မသိလိုက်တဲ့ လောကကြီးရယ်၊ ကျုပ်လို ဉာဏ်အမျော်အမြင်ကြီး မားပြီး လောကအကျိုးကို သယ်ပိုးမယ့် လူကောင်းလူမြတ်တစ်ယောက်ကိုမှ ဘာပြုလို့များ ရောဂါဝေဒနာနဲ့ နှိပ်စက်ချင်ရတာတဲ့တုံး။ လောကအကျိုးကို ဆုတ်ယုတ်စေမယ့် လူမိုက်လိုကောင်မျိုးကျတော့ ဒီအတိုင်းကြည့်နေတယ်။ အသိဉာဏ်နည်းလိုက်တဲ့ လောကကြီးရယ် ..." ဟု မဆီမဆိုင် လက်ပံသားကို ဓားနှင့် ချိုင်လေတော့၏။ ထိုအခါ လူမိုက်က -

"တရားနဲ့ပြေပါ ကိုမောင်ကြီးရယ်၊ လောကကြီးက အသိဉာဏ်ကြီးပါတယ်ဗျ။ တလွဲမထင်ပါနဲ့ဗျာ ...၊ ကျုပ်တို့လို လူဖျင်းလူမိုက်ဆိုတာမျိုးက ကိုယ့်ကိုယ်ကို ကောင်းစွာ စောင့်ရှောက်နိုင်ဖို့ မလွယ်ဘူးခင်ဗျ။ ဒါကြောင့် သူက စောင့်ရှောက်ပေးနေတာ ဖြစ်မှာပါ။ ကိုမောင်ကြီးတို့လို ဉာဏ်ပညာအမြော်အမြင်ကြီးသူတွေကတော့ ကိုယ့်ကိုယ်ကို ကောင်းစွာ စောင့်ရှောက်နိုင်တဲ့အပြင် တစ်လောကလုံးကိုတောင် တာဝန်ယူစောင့်ရှောက်ဦးမှာဆိုတော့ သူဝင်ပါစရာ





မလိုလို့ ဖြစ်မှာပါဗျာ" ဟု ပြောလေ၏။ ထိုအခါ မောင်လေးက -

"ဟော့ကောင် လူမိုက် ...၊ ဘာမှ နားမလည်ဘဲနဲ့ လူတတ်လုပ်ပြီး ဝင်မပြောနဲ့ ...၊ အမြင်မကြည်မလင်ဖြစ်နေတဲ့ လောကကြီးရဲ မျက်စိရှေ့က တိမ်သလ္လာတွေကို တစ်နေ့ကျရင်တော့ ကောင်းကောင်းကြီး ဖယ်ရှားပေးရမယ်ကွ ...၊ လောကကြီးရေ ... သင့်ကိုကုသဖို့ ငါတို့ညီအစ်ကိုနှစ်ယောက် လာနေပြီ ..." ဟု လက်သီးလက်မောင်းတန်း၍ ကြိမ်းဝါးလေ၏။ ထိုအခါ လူမိုက်က မောင်ကြီးအား ယုယစွာ ထွေးပွေ့ရင်း -

"လောကကြီးရဲ့ ရောဂါတွေကိုတော့ ခင်ဗျားတို့နှစ်ယောက်ကုသပေးမှုဖြစ်မှာ ကိုမောင်ကြီးရဲ့၊ အဖျားရောဂါကိုတော့ ကျွန်တော်ကုသကြည့်ချင်တယ်ဗျာ ...၊ ကျွန်တော်ကုကြည့်ချင်တယ်ဆိုပေမယ့် ကျွန်တော်မပါပါဘူး။ ကိုမောင်ကြီး ကိုယ့်ဟာကိုယ် ကုရုံပါပဲ။ ကျွန်တော်တစ်ခါတုန်းက အမဲလိုက်ရင်းနဲ့ တောထဲမှာ အပြင်းဖျားတယ်။ ဘာဆေးဝါးမှလည်း မရှိ။ ကယ်မယ့်သူလည်း နတ္ထိပေါ့ဗျာ။ အဲဒီမှာ ကြံရာမရဖြစ်ပြီး သေချင်လည်း သေတော့ကွာဆိုပြီး အသက်မရှူတော့ဘဲ ရပ်ထားပစ်လိုက်တယ်။ ဘယ်နေနိုင်ပါ့မလဲ။ နောက်ဆုံးတော့ အသက်ပြန်ရှူရတာပဲပေါ့။

ဒါပေမယ့် အသက်ကို အောင့်ထားလိုက်၊ တဝကြီးပြန်

ရှုလိုက်နဲ့ ဆယ့်လေးငါးခါလောက် လုပ်လိုက်တဲ့အခါ ကျွန်တော့် တစ်ကိုယ်လုံးကနေ ရောမ ချွေးသီးချွေးပေါက်ကြီးတွေ ထွက်လာတယ်။ အဲသလိုပဲ ချွေးတွေထွက်လာရော သေမတတ်ခံစားနေရတဲ့ ကျုပ်ရဲ့အဖျားဟာလည်း ချက်ချင်းဆိုသလို ကျသွားတော့တာပါပဲဗျာ'' ဟု ပြောလျှင် အဖျားဝေဒနာကို ပြင်းထန်စွာခံစားနေရသော မောင်ကြီးလည်း လူမိုက်အား မယုံတစ်ဝက်၊ ယုံတစ်ဝက်မျက်လုံးမျိုးဖြင့် ကြည့်လေ၏။ ထိုအခါ ရသေ့ကြီး ဦးရွှေတောင်က ဝင်၍ -

''လူမိုက်ပြောတာ ဖြစ်နိုင်တယ်ကွ။ ငါ တရားထိုင်တဲ့အခါ အသက်အရှူအသွင်းအထုတ်ကို ထိန်းချုပ်တဲ့နည်းလမ်းလေးတစ်ခု လုပ်လေ့ရှိတယ်။ အဲဒီနည်းကို လုပ်တဲ့အခါတိုင်း တစ်ကိုယ်လုံးကနေ ချွေးတွေ ထွက်လာလေ့ရှိတယ်ကွ။ ဒီလိုအခြေအနေမျိုးမှာတော့ ဒီနည်းဟာ အကောင်းဆုံးပဲပေါ့ ...'' ဟု ပြောလျှင် ကြံရာမရပြီဖြစ်သော မောင်ကြီးလည်း တဟင်းဟင်း အဖျားတတ်နေသည့်ကြားမှပင် အသက်ကို တဝကြီးရှူလိုက်၊ အောင့်ထားလိုက်၊ ပြန်ထုတ်လိုက် လုပ်ကြည့်လေတော့၏။ မကြာမီမှာပင် ၎င်း၏ ခန္ဓာကိုယ်မှ ချွေးသီးချွေးပေါက်ကြီးများ ထွက်လာပြီးနောက် နေသာထိုင်သာရှိသွားလေတော့၏။

ဤသို့ဖြင့်လျှင် ခရီးသွားလေးဦးတို့သည် အသက်ကလေး





ကို မသေအောင် ကြံဖန်၍မွေးရင်း ခက်ခဲကြမ်းတမ်းလှစွာသော ခရီးလမ်းကို ဖြတ်သန်းနေကြရလေ၏။ နောက်ဆုံးတွင်ကား ရွာကြီးတစ်ရွာသို့ရောက်ရန် တစ်ရက်ခရီးမျှ အလိုသို့ ရောက်ခဲ့ရလေတော့၏။

ထိုညတွင် ခရီးသွားလေးဦးတို့သည် ချောက်ကမ်းပါးကြီးတစ်ခု၏အစပ် တောင်စောင်းလေးကွယ်သော နေရာလေးတစ်ခု၌ တစ်ထောက်နားခဲ့ကြလေ၏။ ထုံးစံအတိုင်းပင် လူမိုက်သည် သစ်ကိုင်းခြောက်များကို ရှာဖွေစုပုံ၍ မီးဖိုလေ၏။ ငှက်များ၊ ပုတတ်များကို ကင်၍ ခရီးဖော်များအား ကျွေးမွေးလေ၏။

ထိုညသည် လမိုက်ညဖြစ်သည့်အပြင် မြူနှင်းများမှာလည်း ခါတိုင်းညများထက် ပို၍ ပိန်းပိတ်အောင် ကျဆင်းနေသည်ဟု ထင်ရလေ၏။ ရေခဲတမျှ အေးစက်သော လေရူးကလည်း တစ်ချက်တစ်ချက်ဆိုသလို ဖွတ်အတင်းကပ်၍ နေကြရလေ၏။

ညသန်းခေါင်ကျော်အချိန်ခန့်တွင် လူမိုက်ရှာဖွေစုဆောင်းထားသော သစ်ကိုင်းခြောက်များမှာလည်း ကုန်လုနီးနီး ဖြစ်သွားရကား မီးဖိုမှာတဖြည်းဖြည်း အရှိန်ကျလာရလေ၏။ ဖျားနေသော မောင်ကြီးသည် အဆက်မပြတ် တဟင်းဟင်း ညည်းငြူနေလေ၏။ ကျန်လူများမှာမူ မျက်စိကို ဖွတ်အတင်းမှိတ်၍ ကြိုးစားပြီး

အိပ်စက်နေကြ၏။

ထိုအခိုက်မှာပင် မောင်ကြီး၏ ရှုးရှုးဝါးဝါး အာခေါင်ခြစ်၍ အော်လိုက်သော အသံကြောင့် အားလုံးမှိန်း၍ နေရာမှ လန့်နိုးသွားကြရလေ၏။

□□□□□

မီးတောက်မီးလျှံဟူ၍ မရှိတော့ဘဲ မီးခဲများသာ ဖြစ်နေသော မီးပုံမှ မီးအလင်းရောင်ဖြင့် ရှုးရှုးရဲရဲ မျက်လုံးတစ်စုံကိုမြင်လိုက်ကြရ၏။ ထိုမျက်လုံးများနှင့်အတူ အရိပ်မည်းမည်းတစ်ခုသည် မောင်ကြီး၏ ကိုယ်ပေါ်မှ ခွ၍စီးကာ ဘေးသို့ ဖွတ်အတင်းဆွဲနေလေ၏။ မောင်လေးက ဖင်ရွှေ့ဖင်ရွှေ့ဖြင့် ကြောက်လန့်တကြား နောက်သို့ ဆုတ်ရင်း -

"ကြောင် ... ကြောင်ကြီး ..." ဟု ဗလုံး ဗထွေး ရေရွတ်လေ၏။ ရသေ့ကြီး ဦးရွှေတောင်ကမူ -

"ကျားသစ်ပါလား ..." ဟု တီးတိုးရေရွတ်၏။ ကျားသစ်သည် လူလေးယောက်အိပ်နေသည့်ကြားမှ တဟင်းဟင်းအသံထွက်နေသော မောင်ကြီးကို ဝင်၍ ဆွဲခြင်းဖြစ်သည်။ မောင်ကြီး၏ လည်မျိုကို အပိုင်ခဲကာ ဘေးသို့ခုန်ထွက်သွားရန် အားယူနေလေ၏။ အားလုံးလည်း အကြောင်သားကြည့်နေမိကြ၏။ မောင်ကြီးမှာမူ အာ





ခေါင်ခြစ်၍ အော်ဟစ်ရင်း ကြောက်လန့်လွန်းလှသောကြောင့်သေးများပင် ထွက်ကျလာ၏။

လူမိုက်လည်း ခေတ္တမျှ အကြောင်သား ဖြစ်နေရာမှ ကျားသစ်နှင့် မောင်ကြီးရှိရာသို့ သုတ်ခနဲ ပြေးကပ်လိုက်၏။ မောင်ကြီးကို ချီ၍ ခုန်ထွက်လုဆဲဆဲ ကျားသစ်ကို ဝင်၍ ဖက်လိုက်လေ၏။ ကျားသစ်မှာမူ မောင်ကြီးအား မလွှတ်စတမ်း ခဲမြဲခဲထား၏။ လူမိုက်က မည်သို့ပင် ကြိုးစားပါသော်လည်း မလွှတ်ပေ။ နောက်ဆုံးတွင်မူ လူမိုက်သည် ကျားသစ်၏ မျက်လုံးတစ်ဖက်ထဲသို့ သူ၏ လက်ညှိုးကို ဆတ်ခနဲ ထိုးသွင်းလိုက်လေတော့၏။

သတ္တဝါတို့မည်သည် အားကြီးအားသေးမဟူ၊ အကောင်သေးအကောင်ကြီးမဟူ မျက်လုံးကို ရုတ်တရက်ထိမိစဉ် ပါးစပ်ဟသွားတတ်စမြဲဖြစ်၏။ သို့ဖြစ်ရာ မျက်လုံးကို အနှိုက်ခံလိုက်ရသော ကျားသစ်သည်လည်း ယောင်ယမ်း၍ ပါးစပ်ဟသွားရလေ၏။

မောင်ကြီးလည်း ကျားသစ်၏ ပါးစပ်မှ လွတ်လေ၏။ ထိုအခါ ကျားသစ်သည် ဒေါသတကြီးဖြင့် လူမိုက်အား ကိုက်ခဲပြန်လေတော့၏။ အားကြီးလှစွာသော ရှေ့လက်များဖြင့် အငြိုးတကြီး ပုတ်လေတော့၏။ လူမိုက်လည်း ဖွတ်အတင်း လုံးထွေးကာ ကျားသစ်၏ လည်ပင်းအား ညှစ်၏။ သူတစ်ပြန်ကိုယ်တစ်ပြန် လုံးထွေး



Scanned by CamScanner

နေကြ၏။ ထိုအချိန်တွင် မောင်လေးက -

''ကိုလူမိုက်တော့ သေပါပြီ။ ကိုလူမိုက်တော့ သေပါပြီ'' ကိုလူမိုက်သေရင်တော့ ကျားသစ်က တို့ဘက်လှည့်လာမှာပါပဲ။ တို့လည်းသေမှာပါပဲ။ ပြေးလို့လည်း လွတ်မှာမဟုတ်ပါဘူး ...''

ဟု ဂယောင်ချောက်ခြား အောင်ဟစ်ရင်း အသံပြုကြီးဖြင့် ငိုလေတော့၏။

ကျားသစ်နှင့် လုံးထွေးနေသော လူမိုက်သည် ဒဏ်ရာများစွာရနေပြီဖြစ်၏။ ကျားသစ်မှာလည်း အတန်ငယ်အထိနာကာ ပို၍ ဒေါသတကြီး မာန်ဖီကိုက်ခဲလေတော့၏။ လူမိုက်သည် ကျားသစ်နှင့် လုံးထွေးနေရာမှ ဆတ်ခနဲခွာလိုက်ကာ ဘေးသို့ ခုန်ထွက်၏။ ကျားသစ်က ဒေါသတကြီးဖြင့် ခုန်အုပ်လေ၏။ လူမိုက်က ဖွတ်အတင်းခွာကာ ဘေးသို့ ခုန်ထွက်လိုက်ပြန်၏။ ကျားသစ်က လိုက်၍ ခုန်အုပ်ပြန်၏။ ထိုတစ်ချီတွင်မူ လူမိုက်သည် ကျားသစ်အား လုံးဝအလွတ်မပေးဘဲ တင်းကြပ်မြဲမြံစွာ ဖက်၍ ချုပ်ထားလိုက်လေတော့၏။ ပြီးနောက် အားကုန်စု၍ ဘေးသို့ သုံးလေးပတ်မျှလည်အောင် လိမ့်ချလိုက်ရာ လူမိုက်နှင့် ကျားသစ်တို့သည်တောင်စောင်းမှနေ၍ လိမ့်ချလိုက်ရာ လူမိုက်နှင့်ကျားသစ်တို့သည် တောင်စောင်းမှနေ၍ လွန်စွာနက်လှသော ချောက်ထဲသို့ ဝေါခနဲ ပြုတ်ကျ





သွားရလေတော့၏။ ချောက်ထဲဆီမှ ဗုန်းခနဲ အသံကြီး ကြားလိုက်ရပြီးနောက် ပတ်ဝန်းကျင်တစ်ခုလုံးသည် ပြန်လည် ငြိမ်သက်သွားလေတော့သတည်း ...။

ရသေ့ကြီး ဦးရွှေတောင်၊ မောင်ကြီးနှင့်မောင်လေး သုံးဦးသားတို့သည် အတန်ကြာမျှ ကြက်သေသေကာ ငြိမ်သက်နေမိကြလေ၏။ မောင်လေးက -

''လောကအတွက် ဘာမှအသုံးမဝင်တဲ့ ငမိုက်သားတစ်ကောင်တော့ သူ့စရိုက်နဲ့ သူသွားရှာပြီ ...'' ဟု ရေရွတ်၏။ မောင်ကြီးကလည်း ခေါင်းကလေးကို တဆတ်ဆတ်ညိတ်ရင်း -

''ဒါပဲပေါ့ ညီလေးရယ်၊ အလပွါယ် ဆရာဟာ မြွေနဲ့ပဲ ဇာတ်သိမ်းရလေ့ရှိသတဲ့ ...။ မုဆိုးဟာလည်း တောကောင်နဲ့ပဲ ဇာတ်သိမ်းရတာပေါ့ကွာ ...၊ ကောင်းတာလုပ်တော့လည်း ကောင်းကျိုး၊ မကောင်းတာလုပ်တော့ မကောင်းကျိုးပေါ့ကွာ'' ဟု ရေရွတ်လေ၏။

ရသေ့ကြီး ဦးရွှေတောင်ကမူ မျက်ရည်ဝဲသော မျက်လုံးအစုံဖြင့် လူမိုက်နှင့် ကျားသစ်ပြုတ်ကျသွားရာ ချောက်နက်ကြီးဆီသို့ ငေးမောနေလေ၏။ ရသေ့ကြီး၏ မျက်ဝန်းအစုံတို့သည် မျက်ရည်ကျည်တို့ဖြင့် တလက်လက်ဖြစ်နေသော်လည်း မောင်ကြီးနှင့် မောင်

လေးတို့ စကားများကိုကြားရသောအခါမှ သူသည် နှုတ်ခမ်းကလေး တွန့်သည်ဆိုရုံလေးမျှ ပြုံးနေလေ၏။

ထို့နောက်တွင်ကား ခရီးသွားသုံးဦးတို့သည် နှင်းတောကို တိုးလျက် တရွေ့ရွေ့ ခရီးဆက်ခဲ့ကြလေတော့၏။ နေ့ဝက်ခန့် ခရီး နှင်မိလျှင် ယိုင်နဲ့ရုတ်ပြတ်နေသော ဇရပ်အိုကလေးတစ်လုံးရှိရာသို့ ရောက်ရှိလာခဲ့ကြလေ၏။ ထိုဇရပ်ကလေးကိုတွေ့လျှင် အားလုံးသည် ဝမ်းသာသွားကြလေသည်။ အဘယ်ကြောင့်ဆိုသော် ထိုဇရပ်လေးကို တွေ့ပြီးလျှင် မကြာမီ မြို့တံခါးဆီသို့ ရောက်တော့မည် မဟုတ်ပါ လော။

ခရီးသည် သုံးဦးတို့သည် အတန်အသင့် စိတ်အေးသွား ကြပြီဖြစ်၏။ မသေရုံတမယ် ဖြတ်သန်းခဲ့ရသော ခရီးကြမ်းကြီးတစ်ခု သည် အောင်မြင်စွာပင် နိဂုံးကမ္ပတ်ခံ အဆုံးသတ်တော့မည် မဟုတ်ပါ လော။ အထူးသဖြင့် မောင်ကြီးနှင့်မောင်လေးတို့၏ မျက်နှာများမှာ သိသိသာသာပင် ရွှင်လန်းဝင်းပနေကြလေ၏။

''ဗျို့ ...ဦးရသေ့၊ မပျော်ဘူးလားဗျာ၊ မကြာခင် မြို့ တံခါးကို ရောက်တော့မယ်လေဗျာ'' ဟု မောင်ကြီးက ပြော၏။ ရသေ့ကြီး ဦးရွှေတောင်ကမူ ဘာတစ်ခွန်းမျှ ပြန်၍မပြောဘဲ ပြုံးတုံ့ တုံ့ကလေးလုပ်လျက် ဦးခေါင်းတစ်ချက်သာလျှင် ညိတ်ပြလေ၏။





''ဘာလဲ ...၊ ဟိုလူမိုက်ဆိုတဲ့ကောင် အသေဆိုးနဲ့သေ သွားလို့ ဦးရသေ့က စိတ်မကောင်းဖြစ်နေတာလား ....၊ ဒါ စိတ်မ ကောင်းဖြစ်စရာမဟုတ်ပါဘူးဗျာ ...၊ လောကရဲ့ အမှိုက်တစ်ခု ရှင်းသွားတာပေါ့။ ဒီနေရာကျတော့လည်း လောကကြီးက အတော် သားဗျ။ လောကအတွက် အသုံးဝင်မယ့်လူနဲ့ အသုံးမဝင်မယ့်လူ သူ သေသေချာချာ ကွဲကွဲပြားပြားသိလို့ ဒီဆုံးဖြတ်ချက်ကို ချမှတ် လိုက်တာဖြစ်မှာပေါ့ဗျာ ...'' ဟု မောင်လေးက ဝင်၍ ပြောလေ ၏။ ရသေ့ကြီး ဦးရွှေတောင်ကမူ ဘာတစ်ခွန်းမျှ ပြန်မပြောဘဲ ပြုံး ပြုံးကလေးလုပ်ရင်း ခေါင်းကလေးသာလျှင် တဆတ်ဆတ် ညိတ် နေလေ၏။ ထိုအခါ မောင်ကြီးက –

'တကယ်တော့ ... လောကကြီးက လူကောင်းနဲ့ လူဆိုး ခွဲခြားတတ်ပါတယ်ဗျာ။ ပြောရမယ်ဆိုရင် လူမိုက်တို့လို လူစားမျိုးတွေ နည်းသထက်နည်းသွားဖို့ နောက်ဆုံးမှာ ပေါ်ဒီကမ္ဘာ မြေကနေ တစ်ယောက်မကျန် ကွယ်ပျောက်သွားဖို့ အရေးကြီးတယ် ဗျ။ ပထမအဆင့် အနေနဲ့ လူဖျင်းလူမိုက် လူမွဲတွေကို လူကောင်း လူတော် လူအဖိုးတန်တွေဖြစ်လာအောင် အတတ်နိုင်ဆုံး ကြိုးစား ပြီး ဆွဲခေါ်ရမှာပဲ ...၊

အဲဒီလို မေတ္တာထားပြီး ခေါ်တာကိုမှ မလိုက်နိုင်ဘူးဆို



Scanned by CamScanner

ရင်တော့ အပြတ်ရှင်းပစ်ရမှာပဲ။ သဘောကတော့ဗျာ ...၊ အမိုက်တွေကို ရွှေဖြစ်အောင် လုပ်ရမယ်။ ရွှေလုပ်လို့မရတဲ့ အမိုက်တွေကိုတော့ မီးရှို့ပစ်ရမှာဘဲ။ ဒါလည်း သိပ်ပြီးခဲရာခဲဆစ် မဟုတ်ပါဘူး။ လူမိုက်ဆိုတဲ့ အမှိုက်တစ်စအတွက် ကျားသစ်ဆိုတဲ့ မီးတစ်စကို လောကလက်ဆောင်အဖြစ် အရောက်ပို့ပေးလိုက်တာပဲ မဟုတ်လား။ အဲဒီတော့ လောကကောင်းကျိုးအတွက် လူမိုက်တို့လို လူစားမျိုးတွေ နည်းထက်နည်းသွားဖို့ အရေးကြီးတယ်။

မောင်ကြီးတို့ မောင်လေးတို့လို ယဉ်ကျေးသိမ်မွေ့ပြီး သီလသမာဓိသိက္ခာနဲ့ ပြည့်စုံတဲ့ ဉာဏ်ပညာ အမြော်အမြင်ကြီးမားတဲ့ လူယဉ်လူကျေးတွေ များသထက်များလာဖို့ အရေးကြီးတယ် ဦးရသေ့ရေ ...'' ဟု ပြောပြန်လျှင် ရသေ့ကြီး ဦးရွှေတောင်လည်း ပြုံးပြုံးကြီးလုပ်ရင်း ခေါင်းတဆတ်ဆတ်သာလျှင် ညိတ်နေလေ၏။ ထိုအခါ မောင်လေးက -

''စကားလေး ဘာလေး ပြန်ပြောစမ်းပါဦး ဦးရသေ့ရဲ၊ ကျွန်တော်ပြောတာတွေကို သဘောပေါက်ရဲ့လား ...'' ဟု မေးလျှင် ရသေ့ကြီးသည် ခေါင်းလေးတစ်ချက်ညိတ်ပြလေ၏။ ထိုအခါ မောင်ကြီးက -

''သဘောပေါက်တယ်ဆိုရင်လဲ ဘယ်လိုပေါက်တာလဲ





ပြောပြဗျာ ...၊ ရသေ့ကြီး ပြောပြတတ်သလိုပဲ ပြောပါ။ ဒါဆိုရင် ရသေ့ကြီးရဲ့ စကားအသွားအလာကိုကြည့်ပြီး ရသေ့ကြီးဘယ်လောက် သဘောပေါက်တယ် မပေါက်ဘူးဆိုတာ ကျွန်တော်တို့ အကဲခတ်လို့ရတာပေါ့'' ဟု ပြောလေ၏။ ထိုအခါ ရသေ့ကြီးက -

''ကျုပ်သဘောပေါက်တာကတော့ လူမိုက်ဆိုရင် ရှောင်ရမယ်။ ပညာရှိသူကို မှီဝဲဆည်းကပ် ပေါင်းဖော်ရမယ် ...'' ဟု ပြောလိုက်ရာ မောင်ကြီးနှင့် မောင်လေးတို့သည် လက်သီး လက်မောင်းတန်းလျက် -

''ပေါက်သွားပြီ ...၊ ပေါက်သွားပြီ။ ဒီလောက်ဆိုရင် ရသေ့ကြီး တကယ်သဘောပေါက်သွားပြီ ...'' ဟု ဝမ်းသာအားရ အော်ဟစ်ကြရလေ၏။ ရသေ့ကြီးအားလည်း ဖွတ်အတင်း လက်ကို ဆွဲကာ ခါရမ်းလျက် ချီးကျူးဂုဏ်ပြုကြလေ၏။ ထို့နောက် မောင်ကြီးက -

''ဒါဖြင့်ရင် ဦးရသေ့ ဘာဆက်လုပ်မှာလဲ ...'' ဟု မေးလျှင် ရသေ့ကြီး ဦးရွှေတောင်က -

''လူမိုက်ကိုရှောင်ပြီး လူလိမ္မာနဲ့ ပေါင်းမယ် ...'' ဟု တစ်လုံးချင်း ပြန်၍ ဖြေလေ၏။ ထိုအခါ မောင်ကြီးနှင့် မောင်လေးတို့ ညီအစ်ကိုနှစ်ဦးလည်း ခုန်ပေါက်လျက် -



Scanned by CamScanner

"ကြို်က်သွားပြီ ... ကြိုက်သွားပြီ။ ရသေ့ကြီးဟာ အမှန်တရားကိုသိသွားပြီ ...၊ လူ့အဖိုးတန် တစ်ဦးဖြစ်သွားပြီ ...၊ ကျုပ်တို့ညီအစ်ကိုဟာ ပညာရှိ လူလိမ္မာတွေဆိုတာ ရသေ့ကြီး ပိုင်ပိုင်နိုင်နိုင် သိသွားပြီ။ ကျုပ်တို့ဟာ ကိုယ်တိုင်ဉာဏ်အမြော်အမြင်ကြီးမားတဲ့ ပညာရှိတွေဖြစ်ရုံသာမက ပောဒီလောကကြီးမှာ ပညာရှိလူလိမ္မာပေါင်းများစွာများစွာ တိုးပွားလာအောင် ကိုယ်ကျိုးစွန့်အနစ်နာခံပြီး ဘဝနဲ့ရင်းပြီးစွမ်းဆောင်ကြမယ့် လူတွေဆိုတာကို ရသေ့ကြီး သေသေချာချာ သဘောပေါက်သွားပြီ၊ အဲဒီတော့ ...တခြား တောင်တောင်အီအီတွေ ဘာမှလျှောက်ပြီး စဉ်းစားမနေနဲ့ ...၊ ဘယ်ကိုမှ လျှောက်ပြီးသွားမနေနဲ့ ...၊ ကျုပ်တို့နဲ့သာ လိုက်ခဲ့ပေတော့ဗျို့ ..." ဟု ပြောပြောဆိုဆိုပင် ရသေ့ကြီးအား ချိုင်းတစ်ဖက်တစ်ချက်စီမှ ဆွဲမြှောက်လျက် ထူပေးလိုက်ကြပါလေတော့သတည်း ...။ ။

□□□□□

အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီး ဆယ့်ငါးနှစ်ခန့်ကြာသောအခါ လူတို့၏ ပါးစပ်ဖျား၌ သတင်းစကားတစ်ခုသည် ပျံ့နှံ့ရေပန်းစားလာလေ၏။ ထိုသတင်းကား အခြားမဟုတ်လွန်စွာဉာဏ်အမျော်အမြင်နှင့် ပြည့်စုံပြီး လေးစားကြည်ညိုဖွယ်ကောင်း





လှသော ဆရာကြီးနှစ်ဦးသည် "လောကအလင်း" အမည်ရှိ ကျောင်းတော်ကြီးတစ်ခုကို တည်ထောင်ထားကြောင်း။ ထိုကျောင်းတော်ကြီးတွင် အရေးအဖတ်၊ အတွက်အချက် ပညာရပ်များ၊ တရားဓမ္မဆိုင်ရာများ၊ ပန်းချီပန်းပု ဂီတစသော ပညာရပ်များအပြင် ဓားခုတ်လှံထိုး မြင်းစီးဆင်စီး၊ အမဲလိုက်နည်း၊ ငါးဖမ်းနည်း၊ သင်္ဘောတည်ဆောက်နည်း၊ ရေကြောင်း ခရီးသွားလာနည်း စသည် စသည်တို့ကိုပါ ကြပ်ကြပ်မတ်မတ် သင်ကြားပေးလျက်ရှိသည် ဆိုသောသတင်းစကားပင် ဖြစ်လေတော့၏။

ထိုကျောင်းတော်ကြီးမှ ပညာစုံ၍ မိမိနေရပ်သို့ ပြန်ရောက်လာကြသော တပည့်အပေါင်းတို့မှာလည်း မိမိတို့ရပ်ရွာအသီးသီးတွင် ကျရာတာဝန်အသီးသီးကို ထိရောက်စွာ တာဝန်ယူ ထမ်းဆောင်ရကြောင်း လူတို့၏ နှုတ်ဖျားဝယ် နေ့စဉ်နှင့်အမျှပြောမဆုံးပေါင် တောသုံးတောင် ဖြစ်၍ နေလေတော့၏။

ထိုကျောင်းတော်ကြီးမှ ပြန်ထွက်လာကြသူတို့သည် မိမိတို့ရပ်ရွာအသီးသီးသို့ ပြန်ရောက်သောအခါ အချို့က အုပ်ချုပ်ရေးတာဝန်ကို ကျွမ်းကျင်ပိုင်နိုင်စွာ ထမ်းဆောင်ကြ၏။ အချို့လည်း စိုက်ပျိုးရေးကို တွင်တွင်ကျယ်ကျယ် ပြုလုပ်ကြ၏။ အချို့လည်း မွေးမြူရေးကို တွယ်တွယ်ကျယ်ကျယ် ပြုလုပ်ကြ၏။ အချို့လည်း

ရပ်ရွာက လွန်စွာအားထားရသော သမားတော်ကြီးများ ဖြစ်လာကြလေ၏။ အချို့မှာကား ရေခြားမြေခြား တိုင်းတစ်ပါးတို့နှင့် ဆက်သွယ်ကာ ကုန်စည် ရောင်းဝယ်ဖောက်ကားသော အလုပ်ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြလေ၏။ အချို့ဆိုလျှင်လည်း ကလေးများအား ပညာသင်ကြားပြသသူ၊ တရားဓမ္မဖြန့်ဖြူးသူများအဖြစ် ရပ်ရွာက လေးစားကြရလေ၏။

ထိုကျောင်းတော်ကြီးကို အကြောင်းပြု၍ လူအပေါင်းတို့သည် များစွာ အကျိုးထူးခဲ့ရလေ၏။ တစ်နှစ်လျှင် တစ်ကြိမ်ဆိုသလို အနယ်နယ်အရပ်ရပ်မှ တပည့်များသည် ၎င်းတို့၏ ကျေးဇူးရှင် ဆရာကြီးနှစ်ဦးအား သွားရောက်ကန်တော့ကြကုန်၏။ တပည့်များသာမက အခြားသော အရပ်သူအရပ်သားများကလည်း ထိုဆရာကြီးနှစ်ဦး၏ ဂုဏ်ကျေးဇူးကို မျက်ဝါးထင်ထင် အောက်မေ့သိမြင်ကြသည်ဖြစ်သောကြောင့် တပည့်များနှင့်အတူ ကန်တော့ကြလေ၏။

ထိုသို့ လာရောက်ကန်တော့ ကြသော ဆန်၊ ဆီ၊ ဆေး၊ ဆား အသုံးအဆောင်များမှာ ရောမတဲကြီးတစ်လုံးနှင့် အပြည့်အမောက် ရှိလေတော့၏။ ဆရာကြီးနှစ်ဦးသည် ၎င်းတို့၏ လောကအလင်းကျောင်းတော်ကြီးတွင် လာရောက်ပညာဆည်းပူးကြကုန်သော အနယ်နယ်အရပ်ရပ်မှ ကျောင်းတော်သားအပေါင်းတို့အား





ထိုစားနပ်ရိက္ခာများဖြင့်ပင် စားရိတ်ငြိမ်းကျွေးမွေးလျက် ရင်ဝယ်သားပမာ ပညာသင်ပေးကြလေ၏။

တစ်နေ့သ၌ ရွာကြီးတစ်ရွာမှ သူကြွယ်တစ်ဦးသည် လှည်းတစ်စီးတိုက်အပြည့် ဆန်များဖြင့် ဆရာကြီးနှစ်ဦးအား လာရောက်ကန်တော့ရင်း ၎င်းတို့၏ တစ်ဦးတည်းသောသားငယ်လေးကို အပ်နှံလေ၏။ ထိုသားငယ်လေးမှာ ဆယ်ကျော်သက်မျှ အရွယ်ဖြစ်၏။ ဆရာကြီးတစ်ဦးသည် ထိုလူငယ်လေး၏ ကိုယ်လုံးကိုယ်ပေါက် ဟန်အမူအရာတို့ကို အကဲခတ်ပြီးလျှင် –

"ဒီလူလေးကိုတော့ အမဲလိုက်နည်း သင်ခန်းစာ စသင်ပေးရမှာပဲ၊ အဲဒီပညာနဲ့ အများကြီး ထွန်းပေါက်လိမ့်မယ်။ ရပ်ရွာရဲ့ အကျိုးကို အဲဒီပညာနဲ့ ကောင်းစွာ သယ်ပိုးနိုင်လိမ့်မယ်။ လူတွေကို အန္တရာယ်ပြုမယ့် တောကောင်အရိုင်းအစိုင်းတွေကို ရဲရဲဝံ့ဝံ့ ရှင်းပစ်နိုင်လိမ့်မယ်။ ဒီလူလေးဟာ တစ်နယ်လုံးကို ဒုက္ခပေးမယ့် တောရိုင်းတိရစ္ဆာန်နှစ်ကောင်ကို အနိုင်သတ်ဆုံးမပြီး ဘုရင့်ရဲ့ ရွှေတံဆိပ်တော်နှစ်ခု ချီးမြှင့်ခြင်းခံရလိမ့်မယ်"ဟု နိမိတ်ဖတ်လိုက်လေ၏။

ထိုစကားကြားလျှင် ကျောင်းလာအပ်သော ဖခင်သူကြွယ်ဖြစ်သူသည် ကွက်ခနဲ တစ်ချက် မျက်နှာပျက်သွားလေ၏။ ထို့နောက် မရဲတရဲ ငေသံကလေးဖြင့် –

"ကျွန် .. ကျွန်တော်ရဲ့သားလေး၊ အဲဒီပညာမှာ ထူးချွန်သွားရင် ငရဲပြည်ကို ရောက်သွားမှာပေါ့ ..." ဟု ပြောလိုက်လျှင် အခြားသော ဆရာကြီးတစ်ဦးက -

"ဟောဒီ ကမ္ဘာမြေမှာ အမဲလိုက်နည်းက အရင်ပေါ်တာ။ ငရဲပြည်က တော်တော်ကြီးနောက်ကျပြီးမှ ပေါ်လာတာပါ ..." ဟု တစ်လုံးချင်း ပြန်၍ ပြောလိုက်ရာ ဖခင်သူကြွယ်လည်း ဘာပြန်ပြောလိုက်ရမှန်းမသိအောင် ဖြစ်သွားရရှာလေ၏။

ထိုအခိုက်မှာပင် ကျောင်းနှင့်မလှမ်းမကမ်း လမ်းမကြီးပေါ်မှ ဆူဆူညံညံ အသံများကို ကြားလိုက်ရသောကြောင့် အားလုံးလှမ်းကြည့်လိုက်ကြရာ ရဲမက်တော်တစ်စုသည် ရာဇဝတ်သားနှစ်ယောက်အား လက်ပြန်ကြိုးတုပ်လျက် လူသတ်ကုန်းရှိရာသို့ ခေါ်ဆောင်သွားနေခြင်းဖြစ်ကြောင်း တွေ့လိုက်ရလေ၏။ သေအံ့ဆဲဆဲ ရာဇဝတ်ကောင်နှစ်ဦးသည် -

"လောကကြီးဟာ မတရားဘူး ...၊ လောကကြီးဟာ အလွန်မိုက်မဲတယ်၊ မိုက်မဲတဲ့ လောကကြီးကို ပညာသင်ကြားဆုံးမရမယ်။ လောကကြီးကိုဆုံးမမယ်၊ လောကကြီးကို ဆုံးမမယ် .." ဟု သွေးရူးသွေးတန်းဖြင့် အော်ဟစ်နေကြလေ၏။

၎င်းတို့အနီးမှ လိုက်ပါလာကြသော လူအုပ်ကြီးကမူ -





"လူလိမ်လူညာတွေကို ဆုံးမပစ် ...၊ လောကကြီးထဲက အပြီးထုတ်ပစ်။ လောကအမိုက်တွေကို အရှင်မထားနဲ့၊ အပြီးရှင်းပစ် ..." ဟု အော်ဟစ်နေကြလေ၏။

ထိုအဖြစ်အပျက်ကို မြင်ရကြားရသည့်ရှိသော် လောကအလင်းကျောင်းတော်ကြီး၏ ဆရာကြီးနှစ်ဦးအနက်မှ မျက်နှာနှင့်လက်များတွင် သားရဲတိရစ္ဆာန်တစ်ကောင်ကောင်၏ ကုတ်ခြစ်မှုကို အပြင်းအထန်ခံခဲ့ရဟန်တူသော အမာရွတ်ဗရပွနှင့် ဆရာကြီးသည် အနီးရှိ ချိုင်းထောက်ကို ဆွဲယူလိုက်ရင်း အခြားဆရာကြီး၏ မျက်နှာကို တစ်ချက်လှမ်းကြည့်လိုက်လေ၏။ ထိုအကြည့်တွင် စကားလုံးပေါင်းများစွာ၊ အဓိပ္ပါယ်ပေါင်းများစွာ ကိန်းအောင်းနေလေ၏။

ထိုအခါ ဆရာကြီးထက အသက်များစွာ ကြီးဟန်တူသောရသေ့ဝတ်နှင့် ဆရာကြီးက ထိုအကြည့်ကို ကောင်းစွာနားလည်သဘောပေါက်သည့်အလား ခေါင်းတစ်ချက်ဖြည်းညင်းစွာ ပြန်၍ညိတ်ပြလိုက်လေ၏။ ထိုသို့ခေါင်းတစ်ချက်ညိတ်ခြင်းနှင့်အတူ ဖွဖွလေး ရေရွတ်လိုက်သော စကားသည်ကား -

"လူမိုက်ဆိုတာ ရှောင်ရမှာ၊ လောကအမိုက်ပါ ..." ဟူ၍ ဖြစ်ပလေတော့သတည်း ..။ ။

သဗ္ဗေမှာ

ဇင်ယော်နီ



# ရွှေယမင်းဦး

## ဂရုဏာနှောင်ကြိုး



ဆရာကြီးကိုယ်တိုင် နာမည်ရွေးပေးခဲ့တဲ့ သူ့သမီး ရွှေယမင်းဦးရဲ့အမည်။

ရွှေ လိုရှားတဲ့ တပည့်တစ်ယောက်ကို
ယ ယမနေသားလို
မင်း သိခ်ဆိုတဲ့ ဆရာအဖေက
ဦး ဦးဦးဖျားဖျား စာပေလိုင်းမှာ

ထူးထူးခြားခြား စင်တင်ပေးခဲ့တဲ့ အမျိုးသမီးစာရေးဆရာတစ်ဦး

စာတစ်လုံးချင်းတွေမှာ အဓိပ္ပာယ်တွေနဲ့ ရှိနေတဲ့ ဆရာကြီးရဲ့သမီး စာမူလက်ရာ။

အသီးချိုတယ်ဆိုတာ အပင်မျိုးကောင်းလို့ဖြစ်ကြောင်း သက်သေခံပစ္စည်းအဖြစ် ...။



Scanned by CamScanner

# ဂရုဏာနှောင်ကြိုး

သည်ကလေးမ ဘယ်လိုသန္ဓေနှင့် မွေးဖွားလာသည်မသိ။ အူဝဲဆိုပြီး လောကထဲရောက်လာသည်နှင့် မိခင်က အပြီးတိုင် လမ်းခွဲသွား၊ ဖခင်ဖြစ်သူ ထူးဆန်းစွာ ပျောက်ဆုံး။ နောက်ဆုံးမှာတော့ အဒေါ်က ကောက်ယူမွေးစား၊ အဒေါ်၏ ယောက်ျား အရက်သမား ဦးလေးရဲ့ အိမ်ထောင်မှုတာဝန် မကျေပွန်တဲ့ မိသားစုကြားမှာ ကြီးထွားရှင်သန် လူဖြစ်ရန် ဖန်တီးခဲ့ပေ၏။

အမည်ကတော့ နဒီလှိုင်။ အရှိုင်းသက်သက် ပန်းနွယ်လေးတစ်ခက်ပမာ လောင်းရိပ်အောက်မှာ ရှင်သန်လာရ။ အာဂသတ္တိ ခံနိုင်ရည်ဖွဲ့တွေကလည်း အတိပြီး။ ငြီးငြီးငွေ့ငွေ့ ဘဝတွေကြား ပြဿနာများစွာနှင့် ကလေးမဆိုပြီး ငယ်စဉ်တောင်ကျေး ကလေးဘဝထဲက နာမည်သတင်းကြီးခဲ့သူဖြစ်၏။

ဦးလေး၏ အော်ဟစ်ငေါက်ငမ်းဆဲဆိုသံများ။ အဒေါ်၏ ရက်စက်ကြမ်းတမ်းသော ရိုက်နှက်မှု၊ ဒဏ်ပေးမှုတွေရဲ့အောက်မှာ တကယ့်ပေမှပေ။ ထုလေမာလေသံမဏိသွေးတွေနဲ့ ဘဝကို မထီ





တရီ အပြုံးနှင့်ကြည့်ပြီး လူမုန်းခံနိုင်ရည်ရှိတာလည်း သူမကို ဘယ်သူမှလိုက်မမီနိုင်။ ဘေးဘီပတ်ဝန်းကျင်ကိုလည်း အရေးမထား။ စိတ်အားရှိသမျှတော်လှန် ဘဝကို အောင်ပွဲခံ၍ ကြီးပြင်းကာ အရွယ်ရောက် အပျိုပေါက်ကလေးဖြစ်လာခဲ့၏။

သူမမှာ ကောင်းတူဆိုးဖက်၊ လက်တွဲဘက်၊ ငယ်ပေါင်းသူငယ်ချင်းကောင်းယောက်မတစ်ဦးတော့ရှိ၏။ နဒီလှိုင်းရင်ဖွင့်ရာ နဒီလှိုင်းတွယ်တာရာ နဒီလှိုင်းနားခိုရာ မေတ္တာရင်ခွင်နန်းပိုင်ရှင်မလေးကတော့ခင်ဇာမဏီဟု အမည်တွင်၏။ လူကုံတန်အသိုင်းအဝိုင်းကြားမှ ရွှေသမင်မလေးအလား ထင်မှတ်မှားရလေအောင် အလှဂုဏ်တွေဆောင်နေတဲ့ ပကာသနအရှိန်အရောင် တောက်ပြောင်မှုတွေကြားက မိန်းမပျိုမလေးတစ်ဦးဖြစ်၏။

သူမ၏ ဘဝက ကံကောင်းထောက်မမှုတွေနဲ့ လိုလေသေးမရှိပြီးပြည့်စုံသူ။ နဒီလှိုင်းအပေါ်တွင်လည်း ကြီးမားသော သံယောဇဉ်တွေနှင့် ချစ်တတ်လိုက်တာမှ ဆွေမျိုးများပင် လိုက်မမှီခဲ့။ သူတို့နှစ်ဦးဘဝက ကံအကျိုးပေးမတူပေမယ့်လည်း သဘာဝတရားရဲ့ မှန်ကန်ခြင်းနိယာမတွေကို တူညီစွာရှာဖွေသိရှိ နားလည်တတ်ခဲ့တဲ့ အတွင်းအဇ္ဈတ္တသဏ္ဍာန်ခြင်းကထပ်တူညီနေလေတော့ လောကကို ရင်ဆိုင်ဖော်ရင်ဆိုင်ဘက် သောကို ဖြေရှင်းဖော် ဖြေရှင်းဘက်၊ ဝါသနာတူ

ကူညီဖော် ကူညီဖက်မို့ သူတို့နှစ်ဦးကြား စိတ်ပျက်အားငယ်ခြင်းကင်းစွာ လက်တွဲနိုင်ခဲ့၏။

ခင်ဇာမဏီဆိုသော မိန်းမချောလေးက ငယ်စဉ်ဘဝကတည်းက ဆန့်ကျင်ဘက်အသွင်သဏ္ဍာန်တွေကြားမှာ ရှားပါးစွာ လူဖြစ်လာရပြီး ကံအကျိုးပေးကောင်းလှသူ၊ ဆုတောင်းပြည့်လှသူ မိန်းမပျိုလေးဖြစ်သည်။

ခေတ်မှီလွန်းသော ခေတ်ရှေ့ရောက်အောင် ပြေးလွန်းသော ဖခင်ဖြစ်သူ လက်ဖက်ခြောက်ရှုံပိုင်ရှင်ကြီး ဦးဇာနည်၏ ပွဲပြင်ထိန်းကွပ်မှုအောက်မှာ ပြောရဲဆိုရဲ ဆုံးဖြတ်ရဲ လုပ်ရဲကိုင်ရဲ ရင်ဆိုင်ရဲသော သတ္တိ၊ ဗျတ္တိ အားမာန်တွေအတိပြီးခဲ့၏။ ခေတ်မှီသော မိန်းမချောလေးဟု အများက အသိအမှတ်ပြုထားသူဖြစ်၏။

ရိုးသားယဉ်ကျေးလွန်းပြီး မြန်မာဆန်လွန်း၊ ရှေးကျလွန်းသော မိခင်ဖြစ်သူ ဒေါ်ခင်မေကြီးကြောင့် ရှေးဟောင်းနှောင်းဖြစ်၊ လူတို့၏ ယဉ်ကျေးမှု အမွေအနှစ်တွေကို တန်ဖိုးထားတတ်သူ၊ သိမ်မွေ့သော ဗမာမလေးများ၏ ဟန်အမူအရာတို့ နှစ်သက်လက်ခံတတ်သူ မိန်းမပီသသော နူးညံ့ချိုသာသော စကားလေသံနှင့် နွဲ့နှောင်းသော ဟန်ပန်အမူအရာတို့ကို အရယူထားနိုင်သူ။ အေးချမ်းသိမ်မွေ့သော အကြင်နာအပြုံးလေးများကို ထာဝစဉ်ပြုံးပြတတ်သူ။ အားနည်း





သူ လူတန်းစားဘက်မှ အစဉ်သဖြင့် ရပ်တည်ဆုံးဖြတ်တတ်သူ၊ မြန်မာလူမျိုးတို့၏ မေတ္တာ၊ စေတနာ အရင်းခံသော ကိုယ်ချင်းစာတရား၊ ဂရုဏာတရားတို့ကို ဝေဖန်သုံးသပ်နားလည်တတ်ခဲ့သူဖြစ်၏။

မိခင်ဒေါ်ခင်မေကြီး၏ သိမ်မွေ့သော အကြင်နာတရား၊ နူးညံ့သော အယုအယတရားတို့ကို အပြည့်အဝ ခံစားကြီးပြင်းလာရသူပီပီ၊ ငယ်စဉ်ကတည်းက အလွန်အဖိုးတန်လွန်းသော မိခင်မြတ်စိတ်ဓာတ်၊ မိန်းမမြတ်စိတ်ဓာတ်၊ ရင်တွင်း၌ အမြစ်တွယ်ရှင်သန်ခဲ့သူမို့ အရာရာတွင် အနစ်နာခံနိုင်ခြင်း၊ သူတစ်ပါးအတွက် အားပေးကူညီဖြည့်ဆည်းပေးတတ်ခြင်း စသည့် မွန်မြတ်သန့်စင်သော စိတ်သန္တေလေးများကကို ကံကောင်းထောက်မစွာ ပိုင်ဆိုင်ခွင့်၊ စောစီးစွာ ရနေခဲ့သူလည်းဖြစ်၏။

ဒေါ်ခင်မေကြီး၏ ဆွေမကင်းမျိုးမကင်း၊ ဝမ်းကွဲညီမတစ်ယောက်ဖြစ်သူ ဒေါ်ဝတ်မှုန်၏ ဘဝဇာတ်ကြောင်းတစ်ခုလည်း ခင်ဇာမဏီ ငယ်စဉ်ကတည်းက ရင်းနှီးကျွမ်းဝင်စွာသိရှိကြားနာခဲ့ရပြီး ကြည်နူးစိတ်၊ ပီတိစိတ်တို့ သူမ၏ ရင်တွင်းနှလုံးသားထက်၌ အတွင်းလှိုက်ဆုဝေဖွယ် လှုပ်ခတ်သံတို့ကို ဂရုဏာသံစဉ်လေးများအဖြစ် တိုးတိတ်ညင်သာစွာ ခံစားခဲ့ရဖူးလေ၏။

ဒေါ်ဝတ်မှုန်၏ မာနတရားကလည်း ရှားမှရှားသည့် အာဂ

သတ္တိ၊ အပြည့်အဝရှိခဲ့သည်။ ရောဝတီမြစ်နဘေး မထင်မရှား ကမ်းနီ ရွာလေးတွင် တောသူတောင်သား လူတန်းစားဘဝဖြင့် အပျိုဘော် ဝင်စ မဝတ်မှုန်၏ ဘဝတွင် မြို့ကြီးမှ မျက်စိလည်လာသော မြို့သား ပညာတတ် ဥစ္စာပေါ၊ ရုပ်ချော လူချမ်းသာတစ်ဦးကို တိတ်တခိုး အားကျ အထင်ကြီးလေးစားမှုအထွေထွေဖြင့် ငယ်သူတို့ဓလေ့ထုံးစံ အတိုင်း စိတ်ကူးယဉ်ဖွဲ့လန်းမိသည်မှာ လောကသဘာဝတရားတစ်ခု မဟုတ်ပါလား။

မဝတ်မှုန် အပျိုစင်ကလေးက မြို့သားအချစ်ကိုယုံစား တမိုး အောက်မှာ တယောက်ထင်၊ တိုင်ပင်ဖော် တိုင်ပင်ဘက်ပင်မထား၊ ကံကောင်းထောက်မလေသူဟု သူတစ်ကိုယ်တည်း ထင်မှား၏။ မြို့သား ၏ ရင်ခွင်တွင်း ချစ်ခြင်းဖွဲ့၊ မိုးမမြင်လေမမြင်ပျော်ပွဲဝင်ခဲ့၏။

အပျော်လွန်ပြီး မကြာမီမှာ မြို့သားကိုလူငယ်က တမြို့ တစ်ရွာအလုပ်ရှာသွားမည် ဟု ပြောပြီး လယ်တောကို စွန့်၍အပြန် မြို့သားကိုလူပျို၏ ပြန်လာမည့်ရက်ကို စောင့်မျှော်ရင်း မျှော်လင့်ခြင်း ကြီးစွာထားလျက် နေ့စဉ်ရက်ဆက် လက်ချိုးရေတွက်ခဲ့သည်မှာ တစ်သီတင်းမှ တစ်လကူး တစ်လမှ နှစ်လအကူးတွင် ထူးခြားစွာ ညှိုးချုန်းလျက် အပူလုံးကြီးစွာဖြင့် ဖုံးမနိုင် ဖိမရသော သောကကြိုး ထုံး သိသာစွာထုံးနှောင်ဖွဲ့လာသောအခါ မောင်ဖွားသားချင်း ဖခင်ရင်း





ကပင်မလိုလား မိုက်လုံးကြီးလှတဲ့ မိန်းမ၊ နင့်အပြစ်ဒဏ် နင်သာခံ၊ နင့်မြို့သားထံ နင်လိုက်သွားဟု မိုက်မဲစွာ မောင်းအထုတ်မှာ သောက ဝန်ထုပ်ကြီး ရင်မှာပိုက်ပြီး မြို့မှာနေတဲ့ ဒေါ်ခင်မေကြီးထံမှာ အားကိုး တကြီး ဝင်ရောက်မှီခိုခဲ့ရ၏။

အကြင်နာတရားကြီးမားသော နှလုံးသားပိုင်ရှင် ဒေါ်ခင် မေကြီးက လှိုက်လှဲပျူငှာစွာ လက်ကမ်းကြိုဆို၍ မဝတ်မှုန်၏ ဘဝ အစအဆုံး ဟာဝန်ယူ ကူညီမည်ဟု အတိအလင်း ဖော်ထုတ်ကြေငြာ ပြီး နေစရာအိမ်ကလေးတစ်လုံးပေး ကျွေးမွေးစောင့်ရှောက်ထားခဲ့၏။

မဝတ်မှုန်၏ မေတ္တာတရား၊ သူမ၏ ရင်သွေးလေးအား မျှော်ကိုးကြီးကြီးစားစား ငွေရှာ တွေ့ရာအလုပ်မနားတမ်းလုပ်၊ ရသမျှငွေလေး ထုတ်ထား၊ မီးဖွားစဉ်မှာ သုံးမည်ဆိုတဲ့ အာဂစိတ်၊ ရင်သွေးအတွက် ကုန်ကျစရိတ်ကို မိမိတာဝန် မိမိယူပြီး ရင်သွေးအတွက် ထောက်ပံ့ မှုကို မည်သူ့ထံကမှမယူ။ မငြီးမငြူ ငွေရှာခဲ့၏။ နေ့စဉ် ထမင်းကျွေး နေတဲ့ ထမင်းရှင်၊ ကျေးဇူးရှင်တွေကိုလည်း စားကြွေးသောက်ကြွေး အတွက် ပေးဆပ်၊ လိုအပ်သမျှ လုပ်ကိုင်ဆောင်ရွက်ပေးပြီး နေ့စဉ် ဦးနိုက်ကန်တော့လိုက်သေး၏။

မွန်မြတ်တဲ့ မေတ္တာတရား၊ မိခင်စိတ်ထားအပေါ် ချီးကျူး ဦးဇာနည်နဲ့ ဒေါ်ခင်မေကြီးတို့က အစစ ကူညီထောက်ပံ့မည်ဆိုသော်

လည်း ရင်သွေးမွေးဖွားရန်အတွက် အကူငွေဆို၍ လုံးဝမယူလေသော မဝတ်မှုန်၏ ပီတိစိတ် တိတ်တခိုးကြည်နူးစရာ မဟုတ်ပါလား။

ကိုယ်ဝန်ကြီးက တစ်နေ့ထက်တစ်နေ့ ရင့်မာလာသော်လည်း လုပ်မြဲကိုင်မြဲ သွားမြဲလာမြဲ လှုပ်ရှားရုန်းကန်မြဲ စိတ်အားလည်းမနည်း။ လူအားလည်းမနည်း။ အားမငယ်တတ်သော အာဂစိတ် အပြည့်အသိပ်နှင့် လှုပ်ရှား၊ ကလေးမွေးဖွားပြီးချိန်ကျမှ အနားယူခဲ့လေ၏။ မွေးဖွားသန့်စင်လာသော သမီးငယ်လေး ငွေရောင်ဖွေးဖွေး၊ အသားနု နုလေးတွေမို့ ငွေကြာဖြူဟု တင်စား ပီတိစိတ်တွေပွားနေတဲ့ မိခင် တစ်ယောက်ရဲ့ အပြုံးတစ်သက်လုံး မေ့ရက်နိုင်စရာမရှိ။ လင်ကောင် မပေါ်သည့် ကလေးမွေးရဲသည့် သတ္တိ၊ ပြုစုရဲသည့် လုပ်ရပ်၊ ရိုးသား မှုစိတ်ဓာတ် အပြည့်နှင့် မည်သူ့ကိုမျှ အပြစ်မတင် ဘဝတွင် ဖြစ်လေ ရာ အဆင်ပြေအောင် လှုပ်ရှား၊ ကြည်နူးစရာ ဇာတ်လမ်းတစ်ပုဒ် ရိုးသားစွာအားထုတ်ခဲ့သူဖြစ်၏။

သမီးငယ်လေး ငွေကြာဖြူအတွက် မျက်နှာမမြင်ရခင်ကတည်းက စီစဉ်ထား ဝယ်ခြမ်းထားသည်များက တပုံတပင်။ ကလေးအခါလည်အရွယ်အထိ သုံး၍ကုန်နိုင်စရာပင်မရှိ၊ ပြီးပြည့်စုံလှသည်မို့ မီးတွင်းကို လာရောက်ကြည့်ရှုအားပေးသူတိုင်းက ရင်သပ်ရှုမော





အံ့ဩတွေဝေစိတ်ဝင်အောင် မိခင်ကောင်းတစ်ယောက်အဖြစ် သူမ၏ သတ္တိနှင့် ဇွဲတို့ အမှန်ပင် ဖော်ထုတ်လုပ်ဟ ပြနိုင်ခဲ့သူဖြစ်၏။

"လင်ကောင်မပေါ်တဲ့ကလေးဟယ် ... ချစ်စရာလေး"

"ဖခင်မရှိရှာတဲ့ ကလေးငယ်ပါလား။ သနားစရာလေး"

ဂရုဏာတရားကြီးမားစွာဖြင့် အနီးအနားမှ ဝိုင်းဝန်းစောင့်ရှောက် ကူညီထောက်မကြသဖြင့် မဝတ်မှုန်၏ ဘဝတွင် ပတ်ဝန်းကျင်လေးတစ်ခု အားကိုးအားထားပြုနိုင်လောက်အောင် ပိုင်ဆိုင်ခွင့်တစ်ခုကိုလည်း ရရှိခဲ့သေး၏။

ကလေးအခါလည်တော့ တစ်နှစ်ပြည့် ဘုန်းကြီးဆွမ်းကျွေးပြီး လက်ထဲမှာ စုဆောင်းရှာဖွေထားသမျှ ငွေစလေးတွေ ပြတ်တောက်သွားခဲ့သည်မို့ အလုပ်ခွင်ပြန်ဝင်ရန် ဟန်ပြင်ပါသော်လည်း ရင်သွေးငယ်ကို မခွဲနိုင် မခွာရက် အဖြစ်သည်း၊ အချစ်သည်းနေတဲ့ မဝတ်မှုန်ကိုကြည့်ပြီး အိမ်တွင်းမှ အလုပ်တစ်ခုဖြစ်အောင် ဝိုင်းဝန်းစီစဉ်ပေးလိုက်ကြတော့ အကျီချုပ်ဆိုင်လေးတစ်ခုကိုပင် နေ့ချင်းညချင်း ပိုင်ဆိုင်ခွင့်ရခဲ့ပြန်၏။ ကိုယ်တိုင်လည်း ချုပ်၊ အဖော်အကူသမားလည်းထား နေ့မအား နေ့မအား ညမအား ရင်သွေးလေးကိုလည်း ပြုစုယုယ ဘဝမှာ လှုပ်ရှားတက်ကြွမှုတွေနဲ့ ပျင်းရိငြီးငွေ့ဖွယ်မရှိ ပျော်ပွဲရွှင်ပွဲ့နိုင်ခဲ့ပေ၏။ အာဇာနည်ဗမာပီသသော အမျိုးသမီးကောင်းကြီး



Scanned by CamScanner

မှာ တစ်နေ့တခြား စီးပွားဥစ္စာရှာဖွေတိုင်း တိုးတက်ပြီး သူ့ခြေထောက်ပေါ် သူရပ်တည်နိုင်ခဲ့၏။

လောကသဘာဝတရားကြီးက လောကကြီးအတွက် တာဝန်ကျေပွန်လေသော မိန်းမမြတ် မိခင်ကောင်းတစ်ဦးကို တုံ့ပြန်ဖြည့်ဆည်း ကောင်းချီးပေးခြင်းသာ ဖြစ်ပေလိမ့်မည်။

ငွေကြာဖြူလေးမှာ အတွေးအခေါ် ထက်မြက် ဉာဏ်အားထက်သော်လည်း ရင်တွင်းက အားနည်းချက်တစ်ခု ရှိခဲ့၏။ မိမိနှင့် ဆန့်ကျင်ဘက် ပုရိသယောကျ်ားမှန်သမျှ ရွံ့တွန့်တွန့် ရှောင်ဖယ်ဖယ်နေတတ်ပြီး မျက်နှာချင်းမဆိုင်ရဲ၊ အကြည့်ချင်း မပြိုင်ရဲသော မုဆိုးကိုမြင်၍ ကြောက်လန့်တုန်လှုပ်တတ်သော သမင်ပျိုမလေးတို့၏ ကြီးမားသော စိုးရိမ်ကြောင့်ကျစိတ်တို့ဖြင့် သူမ၏ မျက်လုံးများကို မျက်လွှာအစဉ်ချ အားငယ်ရသောပုံစံမျိုး ရှိခဲ့၏။

ငယ်စဉ်မှ အပျိုဘော်ဝင်သည့်အချိန်ထိ မိခင်ဖြစ်သူ၏ ကြည်စိတ်ကူးမှုဖြင့် မိမိဘဝတွင် လိုလေသေးမရှိ ပြည့်စုံခဲ့သော်လည်း ဖခင်ဖြစ်သူ၏ အရိပ်အာဝါသ တစ်ခုကို လုံးဝပိုင်ဆိုင်ခွင့်မရခဲ့သူပီပီ။ အဖေ့မေတ္တာ ငတ်ခဲ့သည်မှာက သေချာလှ၏။

ပတ်ဝန်းကျင်မှ မိသားစုများ၊ အဖေရယ် အမေရယ်၊ မောင်ရယ် နှမရယ် စုစည်း ညီညာပျော်ရွှင်စရာတွေကို မြင်တိုင်း ရင်တွင်း





နှလုံးသားထက် ခံစားချက်တစ်ခုဝင်လာပြီး အမေ့အား အဖေ့အကြောင်းမေးကြည့်ချင်လှသည့် ဆန္ဒစိတ်တွေ တဖွားဖွားမြိုသိပ်ထား၍ မရနိုင်တော့လောက်အောင် လျှံကျပြည့်နှက် ပွင့်အန်ထွက်ခဲ့လေ၏။

"အမေ .. ကြာဖြူကို စိတ်မဆိုးရင် အမေ့ကို စကားတစ်ခွန်းလောက် မေးကြည့်ချင်တယ် အမေ"

"ဘာလဲ သမီး .. သမီး အဖေ ဘယ်သူလဲဆိုတာလား။ မသိချင်ပါနဲ့ သမီးရယ်၊ ဘဝမှာ ကံမကုန်သေးရင်တော့ သမီးနဲ့ သမီးသိပ်တွေ့ချင်တဲ့ အဖေ ပြန်ဆုံနိုင်ခွင့်ရဦးမှာပေါ့။ အမေ့အနေနဲ့တော့ သမီးအဖေ ဘယ်သူလဲ၊ ဘယ်မှာရှိနိုင်လဲ၊ ဘယ်လိုအခြေအနေမျိုးနဲ့ နေတတ်သလဲဆိုတာကို သမီးကို ပြောပြဖို့ဝေးလို့ အမေကိုယ်တိုင်တောင် မရှာဖွေ တတ်ခဲ့တာမို့ အမေ့မှာ အခုလို ဘဝကို ကိုယ့်အားကိုယ့်မာန်နဲ့ ရပ်တည်နေနိုင်အောင် လေ့ကျင့်ပျိုးထောင်နေရတာ သမီးလည်း အသိသားပဲကွယ်။ ဘာဖြစ်လို့များ အမေ့ရဲ့ သမီးလေးက ကံအကျိုးပေးမကောင်းလို့ ဖခင်တစ်ယောက်ရဲ့ အရိပ်က သမီးဘဝအတွက် ငြိမ်းချမ်းမှုအာဝါသတွေ အပြည့်အဝ မပေးနိုင်လို့လား သမီး"

"မဟုတ် .. မဟုတ်ပါဘူး အမေရယ်၊ အမေ့စိတ်ငြိုငြင်



Scanned by CamScanner

သွားခဲ့ရင် သမီး ရှိုးတောင်းပန်ပါတယ်နော်။ အမေ သမီးကို အထင်မလွဲလိုက်ပါနဲ့။ သမီးမှာ အပြစ်ရှိရင် ခွင့်လွှတ်ပါ အမေရယ်''

သမီးကို အမေထာဝစဉ် နားလည်ခွင့်လွှတ်ပြီးသားပါ။ သမီးကြာဖြူလေးရယ်။ ကဲ ဒီနေ့ကစပြီး သမီးရဲ့ စိတ်ထဲမှာ ပြန်ဆုံနိုင်လိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်လေးတစ်ခုပျိုးထားပြီး ဘုရားရှင်ထံမှာ နေ့စဉ်ဆုတောင်းပေတော့။ သမီးရဲ့ အဖေဟာ ဒီလောကကြီးထဲမှာ သက်ရှိထင်ရှား ရှိနေသေးရင်တော့ တစ်နေ့မှာ အဖေဆိုတဲ့ လူကြီးတစ်ယောက် သမီးနဲ့ ပြန်လည်ဆုံဆည်းခွင့်ပေးပါဘုရားလို့ပေါ့။ မဆုံနိုင်တော့ရင်လည်း ဒီဘဝမှာ သမီးရယ်၊ အမေရယ်၊ သောကကင်းဝေးစွာနဲ့ ရာသက်ပန် မခွဲမခွာ နေရပါစေသားလို့ ဆုတောင်းနေပေါ့ သမီး။ ဟုတ်လား ...''

''ဟုတ်ကဲ့ပါ အမေရယ်။ အမေ့ဆန္ဒအတိုင်း သမီးနေ့စဉ်မျှော်လင့်ချက်ကြီးစွာထားပြီး ဆုတောင်းနေပါမယ်။ စိတ်ချပါအမေ။ အမေ့ကိုတော့ ဒီတစ်သက် ဘယ်လိုအကြောင်းမျိုးနဲ့ပဲဖြစ်ဖြစ် အမေ့ရင်ထဲက သမီးမထွက်သွားပါဘူးဆိုတာ သမီးကတိပေးရဲပါတယ်''

''ယုံပါတယ် သမီးရယ် သမီးလေးဘဝ စိတ်ချမ်းသာဖို့အတွက်ဆိုရင်လဲ ဘယ်လိုကိစ္စမျိုးပဲဖြစ်ဖြစ် အမေ့ဘက်ကလုပ်ပေးဖို့ ဝန်မလေးဘူးဆိုတာကိုလဲ သမီးလေး မြဲမြဲမှတ်ထားပါ။ အမေ့ကို





အပြည့်အဝ ယုံကြည်အားကိုးစမ်းပါနော်။ နောက်ပြီး ရင်ထဲမှာ ဘယ်လိုကြောင့်ကြမှုမျိုးဖြစ်ဖြစ် အမေ့ကို ဖွင့်ပြောဖို့ ကြိုးစားပါ။ အမေ့ပေါ်မှာ ပွင့်လင်းပါ သမီး''

''ဟုတ်ကဲ့ပါ အမေ ...''

''အခုလို ပြောရတာလဲ အမေငယ်စဉ်က တွေ့ကြုံခဲ့ရတဲ့ဘဝသင်ခန်းစာကြောင့်ပါ။ မိဘတွေအပေါ် မပွင့်လင်းခဲ့တော့ မိဘတွေက အမေ့ကို အထင်သေးအပြစ်မြင် စွန့်ပစ်ခဲ့ကြတယ်။ ဒါပေမယ့် မိဘဆိုတာ မိဘပဲ အမေအိမ်က ထွက်လာပြီး မကြာခင်လေးမှာပဲ အမေ့စိတ်နဲ့ အဖေရော အမေပါ ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားခဲ့ကြတယ်။ အဲဒီလို ရင်နာစရာ အဖြစ်ဆိုးတွေ သမီးလေးဘဝမှာ မကြုံဆုံရလေအောင် အမေအမြဲတမ်း သတိပေးနေရတာပါ သမီး။ အမေ့လိုဘဝမျိုး နောက်ထပ် ဘယ်လိုမိန်းကလေးမျိုးမှ မရောက်ရှိပါစေနဲ့။ မခံစားကြရပါစေနဲ့လို့ ကောင်းမှုတစ်ခု ပြုပြီးတိုင်း နေ့စဉ်ဆုတောင်းမေတ္တာပို့နေလျက်ပါ သမီး ...''

''အမေကိုယ်တိုင် အမေဖြစ်လာမှ မိဘရဲ့ မေတ္တာအလေးအနက်ကြီးမားပုံတွေ နောင်တသိမြင်ခဲ့ရတယ်။ ဒါပေမယ့် အမေ့အသိက နောက်ကျသွားခဲ့ပြီ။ သမီးအလှည့်မှာတော့ အရာရာနောင်တဆိုတာ မရှိရလေအောင် အမေလမ်းညွှန်ပြခဲ့တာချည်းပဲ သမီး''

□□□

ညဦးဆည်းဆာ စားသောက်ခန်းမအတွင်းမှ လူအများ၏ မျှောင်လင့်တောင့်တနေကြသူ နှစ်ဦးမှာတော့ ခင်ဇာမဏီနှင့် နဒီလှိုင်းတို့ဖြစ်၏။ သူတို့နှစ်ဦး၏ အနုပညာနှင့် ပတ်သက်သော အသက်ဝင်လှုပ်ရှားမှုလေးများကို လူအများ လိုလားတောင့်တကြ၏။ သူတို့နှစ်ဦး၏ ပရိတ်သတ်အပေါ်အတွင်းလိုက်၍ ဆွဲဆောင်နိုင်မှုကလည်း အံ့မခန်းချီးကျူးဖွယ် ဖြစ်၏။ ဖျော်ဖြေရေးအစီအစဉ် စတင်လိုက်သည်နှင့် စားလက်စ၊ အစားအသောက်လေးတွေကို မေ့သွားတတ်ကြ၏။ သူတို့၏ ပိုင်နိုင်သော ဆိုပုံ၊ ဆိုပေါက်သွက်လက်ပေ့ါပါးသော ပင်ကိုယ်ဟန်မူရာ တက်ကြွသော လှုပ်ရှားမှုလေးများကို မျက်တောင်မခတ်မိအောင် ကြည့်တတ်ကြသေး၏။

မကြာခဏ ပွဲတောင်းခံရခြင်း၊ လက်ခုပ်ဩဘာ ထောပနာပြုခြင်း၊ အများဆုံးရရှိသူ နှစ်ဦးလည်းဖြစ်၏။ ပန်းကုံးပေါင်းများစွာလည်မှာ ဆွဲချိတ်ခံရသူနှစ်ဦးလည်းဖြစ်၏။ သူတို့နှစ်ဦး၏ ခြားနားမှုကတော့ ခင်ဇာမဏီကို အမျိုးသမီးအများစုက နှစ်သက်ကြပြီး နဒီလှိုင်းကိုတော့ အမျိုးသားအများစုက စွဲလမ်းတောင့်တကြခြင်းဘဲဖြစ်၏။

ဝါသနာတူ ဗီဇရိုက်တူ ခင်ဇာမဏီနှင့် နဒီလှိုင်းတို့က ညီမ့်ညောင်းသော တေးသွားများအလိုက်တွင် သီဆိုဖျော်ဖြေရင်း





နှစ်မျောပါဝင်ကြသူများဖြစ်၏။ နဒီလှိုင်းက သီဆိုဖျော်ဖြေရင်း စိတ်နှစ်မျောချိန်တွင် မျက်လုံးကို ဝေ့ကာ၊ ဝိုက်ကာ ကစားတတ်၏။ မိမိအတွက် ချစ်သူအဖော်ကောင်းလေးများ ရအောင် ရှာဖွေတတ်၏။ ခင်ဇာမဏီကတော့ ယဉ်ကျေးမှုကို နားလည်သူပီပီ ဖော်ရွေသော အပြုံးအပြစ်ကင်းစင်သော မျက်လုံးကလေးများဖြင့်သာ ပရိတ်သတ်အားလုံးကိုတုံ့ပြန် ပြုတတ်သူဖြစ်၏။

စစ်ငြိမ်းဟု အမည်ရသော သက်တူရွယ်တူ လူငယ်လေးတစ်ဦးကိုတော့ နဒီလှိုင်းက ချစ်ခင်သူအများထဲမှ ထူးခြားစွာ အရေးပေးလာ၏။ စစ်ငြိမ်းအတွက် လှုပ်ရှားမှု၊ မြူးကြွမှုများက ထင်ပေါ်လွန်းလာ၏။ ခင်ဇာမဏီက စစ်ငြိမ်းကို နဒီလှိုင်း၏ ဖူးစာရှင်အဖြစ် အသိအမှတ်ပြု နားလည်လက်ခံထားသူဖြစ်၏။ လူမှုရေးကိစ္စတွင် တစ်ဦးနှင့်တစ်ဦး ဝင်ရောက်စွက်ဖက်ခြင်းမပြုကြ။ ကိုယ့်ဆန္ဒ ကိုယ့်သဘောအတိုင်း ပုံမှန်ဆက်ဆံတတ်ကြ၏။ လိုက်လှဲသော မေတ္တာတရားကိုယ်စီဖြင့် တစ်ဦးပေါ်တစ်ဦး နားလည်မှုများစွာဖြင့် ချစ်တတ်ကြသော သူငယ်ချင်းမနှစ်ဦး၏ အကြားတွင် မည်သို့သော အဟန့်အတားမည်သို့သော စည်းခြားမှုမျိုးမှမရှိ။ ပွင့်လင်းသော ပေါင်းသင်းဆက်ဆံရေးကို ပိုင်ဆိုင်ထားကြ၏။

“ဇာမဏီရေ .. ဒီနေ့ ငါ စောစောပြန်မယ်။ အချစ်တော်

လေး စစ်ငြိမ်းနဲ့ ပစ်ချာသွားဖို့ ချိန်းထားလို့ ဒီနေ့တော့ နှင်တစ်ယောက်ထဲဘဲ နေရစ်ခဲ့ပါတော့နော်"

နဒီလှိုင်းက ခင်ဇာမဏီ၏ ပခုံးကို ပွေ့ဖက်ရင်း ပါးဖောင်းဖောင်းလေးကို ဆွဲလိမ်လိုက်၏။ နှုတ်ခမ်းကလေးစူစူ။ မူတူတူ လှုပ်ရှားမှုများဖြင့် မျက်လုံးကလေးပြူးပြီး နှုတ်ဆက်ထွက်ခွာသွားသော သူငယ်ချင်းမကို ကြည့်ပြီး ခေါင်းညိတ်ပြလိုက်၏။ လက်ကလေးတစ်ဖက်ကို သွက်လက်စွာ ခါယမ်းနှုတ်ဆက်လိုက်သည့် ခင်ဇာမဏီ၏ ရင်တွင်းမှ နဒီပျော်ပါစေဟု ကြည်နူးခြင်း ပီတိတွေနှင့် ဆန္ဒပြုလျက်ရှိ၏။

နဒီလှိုင်းထွက်ခွာသွားပြီးနောက် ပရိတ်သတ်က ပွဲတောင်းလာသဖြင့် ကြည်နူးတက်ကြွဖွယ် တေးသွားလေးတစ်ပုဒ်ကို သီဆိုဖျော်ဖြေရန်။ စင်မြင့်ပေါ်တွင် နေရာယူလိုက်၏။ စတူဒီယို အဆိုတော်ဇော်ဝင်းရှိန်၏ လူငယ်တစ်ဦး တေးသွားကို သီဆိုရန် ဟန်ပြင်လိုက်သည်။ တက်ကြွသွက်လက်အားမာန်တက်စေမည့် တေးသွားတီးလုံးလေးက ညဦးဆည်းဆာခန်းမအတွင်း ပျံ့လွင့်နေခဲ့၏။

အချိန်တိုင်းမှာ တက်ကြွစွာလှုပ်ရှား ... ပျိုမြစ်လန်းဆန်းဝိညာဉ်များ .. ရင်ထဲ ရဲဝင့်စွာ အကြင်နာတရား ... လုံခြုံမှုများသူ့အတွက်ရှိစေသား ... အချစ်တွေ ခံစားနေချိန်ဆဲ .. ဘဝဟာ





လူငယ်တစ်ဦးအတိုင်းဘဲ ... ခြေလှမ်းတိုင်းမှာ ယုံကြည်စွာနဲ့ ဘဝခရီးလမ်းကိုဆက်မယ် .. စိတ်ကူးယဉ်ရုပ်ပုံအိပ်မက်များ ဟိုးအဝေးကပဲ ချန်ထား .. အတိတ်ကမ်းစပ်က သဲအိမ်များ ကံကြမ္မာဒီလှိုင်းများက ရိုက်ဖြိုသွား အချစ်ရယ် စိတ်မကောင်းဘူးဆိုပေမယ့် ဘဝဟာ လူငယ်တစ်ဦးအတိုင်းပဲ ... ခြေလှမ်းတိုင်းမှာ ယုံကြည်စွာနဲ့ ရဲရဲဝံ့ဝံ့ ဘဝခရီးလမ်းကို ဆက်မယ် .. လူငယ်တစ်ဦး ရှင်သန်ဆဲ ယုံကြည်ချက်နဲ့ကွယ် .. လူငယ်တစ်ဦး ရှင်သန်မယ် အချစ်များနဲ့ကွယ် .. ဒီလို အဆိုးအကောင်းများနဲ့ ဆန့်ကျင်ဘက်တွေအလယ် ဆက်ပြီး ဘဝရဲ့ ခရီးရေဆန် တို့မရှုံးဘူးကွယ် ...။

ခင်ဇာမဏီ၏ လူမှုရေးတာဝန်တွေက အများသားပင်။ ဖခင်ဦးဇာနည်ဘက်မှ တစ်မျိုး။ မိခင်ဒေါ်ခင်မေကြီးဘက်မှတသွယ်။ နှစ်မျိုးနှစ်သွယ် ဆွေမျိုးများကြားမှာ မကြာခဏ ပေါ်ပေါက်လာတတ်တဲ့ လူမှုရေးကိစ္စ အကောင်းအဆိုးမှန်သမျှ ခင်ဇာမဏီက ပင်တိုင်တာဝန်ယူပြီး လှုပ်ရှားဆောင်ရွက်ခဲ့သည်။

ယနေ့တော့ ရုံးပိတ်၊ ကျောင်းပိတ် အားလပ်ရက်တစ်ခု ဆိုပေမယ့် မင်္ဂလာအခမ်းအနားလဲသွားစရာမရှိ။ လူနာသတင်းမေးကျန်းမာရေးကိစ္စများလည်းမရှိ။ ပေါ့ပါးလွတ်လပ်နေသော ငြိမ်းချမ်း

ရေးရသည့်နေ့ဖြစ်သည်။ ဒီနေ့တော့ အိမ်မှာ အနားယူရင်း လုံးချင်း စာအုပ်လေးတစ်အုပ် စာအုပ်ပုံမှ ဆွဲထုတ်ပြီး ဧည့်ခန်းထဲမှာ ဖတ်နေခဲ့သည်။

တတစ်အုပ်ဖတ်၍မှ မဆုံးသေးမီ အိမ်ရှေ့တွင် ကားရပ်သံနှင့်အတူ ပေါ့ပါးသွက်လက်စွာ ဝင်ရောက်လာခဲ့သော နဒီလှိုင်းကို လှမ်းမြင်လိုက်ရ၏။ စာအုပ်ကို အမှတ်အသားပြုပြီး ပိတ်ထားလိုက်၏။ ထိုင်ရာမှ ပေါ့ပါးစွာထ၍ လက်နှစ်ဖက်ကို ဆန့်တန်းပြီး နဒီလှိုင်းအား ပြုံးရွှင်စွာ ကြိုဆိုလိုက်၏။ တစ်ယောက်လက်ကို တစ်ယောက် ဆုပ်ကိုင်လှုပ်ယမ်းကြရင်း ပခုံးလေးများ သိမ့်သိမ့်လှုပ်အောင် ရယ်မောလိုက်ကြ၏။

"နဒီလာတာ အတော်ပဲ ငါတစ်ယောက်တည်း ပျင်းလိုက်တာဟာ ဒီမှာ စာအုပ်တစ်အုပ်နဲ့ အဖော်လုပ်နေရတယ်"

"နဒီကတော့ မပျင်းပေါင်။ အချစ်တော်လေးတွေနဲ့ လျှောက်လည်ပြီး ပြန်လာခဲ့တာလေ"

"ကောင်းပါတယ် ယောက်မရယ်။ နင့်မှာက အချစ်တော်တွေ အများကြီးကို။ လက်တွဲဖော် အချစ်တော်ကြီး စစ်ငြိမ်းရော ပါမလာဘူးလား"

"ဇာမဏီရယ် နင်နဲ့တွေ့ဖို့လာတာ သူပါလို့ ဖြစ်မလားဟဲ့။





ငါခေါ်ထားပြစ်ခဲ့တယ်။ နေရာတကာတော့ တတန်းတန်းနဲ့ မခေါ်ချင်ပေါင်"

"အေးဟဲ့ .. နင့်ကိုငါ တစ်ခုတော့ ချီးကျူးတယ်။ ဘာပဲလုပ်လုပ် ပြတ်ပြတ်သားသားဘဲ။ နင့် စစ်ငြိမ်းက နင့်ကို တစ်ခါမှ စိတ်မကောက်ဘူးလား"

"ဟာ ကောက်တာပေါ့။ ဘာဖြစ်သေးလဲ သူစိတ်ကောက်ရင် မသိချင်ယောင်ပြုး တခြားလူတွေနဲ့ သွားပျော်ပစ်လိုက်တာပေါ့။ ယောကျာ်းတစ်ယောက် စိတ်ကောက်တာကို ချော့နေရင် အကျင့်ပါတယ်။ ငါဘယ်တော့မှ မချော့ဘူး။ ချော့ခြင်းချော့ သူက ငါ့ကို ချော့ရမှာပေါ့"

"ဟင်း .. ဟင်း .. နင်ကတော့ ဘယ်တော့ဖြစ်ဖြစ် နင့်ဘက်ကဘဲ တွေးတတ်တယ်နော် နဒီ"

"အေး ကိုယ့်ကိုကိုယ်ချစ်တာ အမှန်ဆုံးပဲမဟုတ်လား။ သူတို့ပျော်ဖို့ စိတ်ကျေနပ်ဖို့အတွက် နဒီက အခြောက်တိုက်စိတ်ဆင်းရဲပေးရမှာလား။ ဘယ်တော့မှ စိတ်ညစ်မခံဘူး။ ပျော်ပျော်ဘဲ မကျေနပ်လေ ဖြတ်ပေါ့ ဇာမဏီရယ် ... ဟား .. ဟား .. ဟား "

"အေး .. နင်နဲ့ စကားပြောရတာ အဲဒါကြောင့် ငါပျော်တာ။ ဘယ်တော့မှ စိတ်ညစ်စရာမတွေးဘူး။ ကောင်းတယ်သူငယ်



Scanned by CamScanner

ချင်း နှင့်စိတ်ကလေးက အရမ်းသန့်တာပဲ''

''ငါ့ထက် နင်က ပိုသန့်ပါတယ် ဇာမဏီရယ်။ နှင့်ကိုယ် နင်လဲ ပျော်အောင် နေတယ်။ ကောင်းအောင်ကြိုးစားတယ်။ သူများ ကောင်းကျိုးအတွက်လည်း နင်အမြဲကူညီတယ်။ နှင့်ကိုမြို့ လူတွေက တအားချီးကျူးကြတာပဲ။ ငါဆို မျက်မုန်းကျိုးတဲ့လူလဲရှိတယ်။ ကြည့် မရတဲ့လူလည်းရှိတယ်။ မခေါ်ချင် မပြောချင်တဲ့လူလည်း ရှိတယ်။ ဒါတွေကို ငါက ဂရုမစိုက်တတ်တော့ ငါ့ကို မထိနိုက်ဘူးထင်တာပဲ။ သူတို့အမုန်းစိတ်က သူတို့အတွက်ပဲ မဟုတ်လား''

''အေး နဒီ နင်ပြောမှန်တယ်။ လူတစ်ယောက်ရဲ့ ရင်ထဲ ကလာတဲ့ အမုန်းစိတ်က နင့်ကိုလဲထိမှာမဟုတ်ဘူး။ ငါ့ကိုလဲ ထိမှာ မဟုတ်ဘူး။ သူတို့ဖာသာ သူတို့ပဲ ပြန်ထိမှာ''

''ဟုတ်တယ် .. ငါလဲ လက်ခံတယ်။ သူများကို ကဲ့ရဲ့ ရင် ကိုယ့်ကို ကဲ့ရဲ့တဲ့သူ ပြန်တွေ့မယ်။ သူများကို မုန်းရင် ကိုယ့် ကိုမုန်းတဲ့လူ ပြန်တွေ့မယ် မဟုတ်လား''

''ဟုတ်တယ် နဒီ လူတွေဟာ သူ့စရိုက်သူ့မင်ပြီး သူ ထင်ရာ သူစိုင်းနေကြတာချည်းပဲ။ ဒါကို သဘာဝကျကျ မြင်တတ် တွေးတတ်တာ တို့အတွက် ကံကောင်းတာပေါ့နော်။''

ဒီအချိန်မှာပဲ ခင်ဇာမဏီ၏ မိခင် ဒေါ်ခင်မေကြီးက ဝင်လာ





ပြီး စကားတစ်ခွန်း ပြောခဲ့တယ်''

''သမီးတို့နှစ်ယောက် သဘာဝကျကျတွေးတာလဲ မှန် သင့်သလောက်တော့ မှန်ပါတယ်ကွယ်။ ဒါပေမယ့် သမီးတို့အတွက် မေမေသတိပေးချင်တာတစ်ခုတော့ ရှိတယ်''

''ဟုတ်ကဲ့ ပြောပါမေမေ''

''သမီးတို့က မိန်းကလေးတွေဆိုတော့ ဆန့်ကျင်ဘက် ယောကျ်ားလေးတွေနဲ့ ပေါင်းသင်းဆက်ဆံကြမယ်ဆိုရင် အလေး အနက်သတိထားရမယ့် အချစ်တစ်ခု ရှိနေတယ်''

''ဘယ်လိုလေးနက်မှုမျိုးလဲ အန်တီခင်''

''အေး .. ဆန့်ကျင်ဘက်ဆိုတဲ့ စကားကိုက မတူဘူး ဆိုတာ သက်သေခံနေတာဘဲ မဟုတ်လား''

''ဟုတ်ကဲ့ သမီးတို့ သဘောပေါက်ပါတယ်''

''သမီးတို့က မိန်းကလေး။ သူတို့က ယောကျ်ားလေး ဆိုပြီး ယောကျ်ားလေးတိုင်းက သူတို့ကိုယ်သူတို့ သမီးတို့ထက်ပို ပြီး မြင့်မြတ်တယ်လို့ နားလည်လက်ခံထားတတ်ကြတယ်။ ယောကျ်ား တစ်ယောက်ရဲ့ အကြိုက်ဆုံးစိတ်ဓာတ်ကိုပြပါဆိုရင်တော့ သူတို့ ကိုအထင်ကြီးပြတာ။ ရိုသေလေးစားပြတာကို အကြိုက်ဆုံးပဲ။ အင်း .. သူတို့မနှစ်သက်ဆုံး။ အရွံဆုံးစိတ်ဓာတ်ကို ပြပါဆိုရင်တော့



Scanned by CamScanner

သူတို့ကို အထင်မြင်သေးတာ။ မထီမဲ့မြင်လုပ်ပြတာ သူတို့အမုန်းဆုံးပဲ။ ဒါကြောင့် သူတို့နဲ့ ဆက်ဆံတဲ့အခါမှာ ကိုယ့်စိတ်သဘာဝထက် သူတို့ စိတ်သဘာဝကို နားလည်ထားဖို့ လိုတယ် သမီးတို့''

''ဟုတ်ကဲ့ပါ မေမေ''

''သူတို့ကို မထီမဲ့မြင်ပြုမိရင် သမီးတို့စိတ်နဲ့ သမီးတို့ ဆုံးဖြတ်မိရင် သမီးတို့မှာ ဘယ်လိုအမှားတွေ ရှိလာနိုင်သလဲ အန်တီခင်''

''အေး သမီးမေးတာ မှန်တယ်။ သူတို့ရဲ့ ရင်ထဲကို ငုံ့ဝင်သွားတဲ့ မကျေနပ်စိတ်ဟာ သမီးတို့မြင်နိုင်၊ သိနိုင်၊ နားလည်နိုင်မှာ မဟုတ်ဘူး။ တစ်နေ့ လုံးဝမထင်မှတ်တဲ့ အချိန်ကျမှ ဒုက္ခပေးခြင်းတွေကို လုလုကြီး ပြန်ပြီး ခံစားကြရတတ်တယ်''

''ဒါဆို သူတို့ရဲ့ အတွင်းသဘောကို သမီးတို့ဘက်က အမြဲတမ်း စစ်ကြောဝေဖန်စဉ်းစားနေရမယ်ပေါ့ ဟုတ်လား . . အန်တီခင်''

''ဟုတ်တယ် သမီး။ စိတ်မဝင်စားရင်လဲ ကင်းကင်းရှင်းရှင်းနေ။ စိတ်ဝင်စားရင်လည်း သူတို့ရဲ့ အတွင်းစိတ်သဏ္ဌာန်ကို မသိသိအောင် နည်းအမျိုးမျိုးနဲ့ အမြဲတမ်း စစ်ကြောဝေဖန်နိုင်မှ တန်ကာကျလိမ့်မယ်။ ဖြောင့်ရင်လဲ သူတို့ဘဲ။ ကောက်ရင်လဲ သူ





တို့ဘဲ။ အန်တီတို့ မိန်းမသားတွေလို ပြီးပြီးရော အေးအေးနေတတ်ကြသူတွေ မဟုတ်ဘူး။ စကားဘွင်းဘွင်းပြောရရင် ယောကျ်ားတွေက ဉာဏ်များတယ်ပေါ့ သမီးရယ်''

''ဟုတ်တယ် မေမေ။ ဒါကိုတော့ သမီးလက်ခံတယ်။ ဖေဖေနဲ့ မေမေဆိုရင် ဖေဖေက ပိုပြီး ဉာဏ်များတယ်။ မေမေ့လို ရိုးရိုးသားသား ဘာကိုမှ မဆုံးဖြတ်ချင်ဘူး။ သူများထက် ခေါင်းတစ်လုံးသာတတ်တဲ့ အဆုံးအဖြတ်ကိုမှ ဖေဖေက ကြိုက်တတ်တယ်''

ခင်ဇာမဏီ၏ စကာအဆုံးတွင်တော့ အမျိုးသမီးသုံးယောက်စလုံး၏ ရင်တွင် ပေါ့ပါးရှင်းလင်းစွာဖြင့် လွတ်လပ်စွာရယ်မောလိုက်ကြသည်။

ခင်ဇာမဏီတို့၏ အပြန်လမ်းတစ်လျှောက်လုံးဝယ်၊ နဒီလှိုင်း၏ ရင်တွင်း၌ အန်တီခင်၏စကားသံများကသာ မင်းမူစိုးမိုးလျက်လိုက်ပါလာခဲ့လေတော့သည်။ သဘာဝကျကျ လက်ခံစဉ်းစားပြီး ကျေနပ်မှုများစွာဖြင့် ခေါင်းဆတ်ဆတ်ညိတ်လိုက်မိသေး၏။

''ဟုတ်တယ်၊ စစ်ငြိမ်းကို ငါစိတ်ဝင်စားခဲ့ပေမယ့်လည်း စစ်ငြိမ်းရဲ့အပေါ်မှာ အထင်မြင်ကြီးတဲ့စိတ်မျိုး ငါ့မှာ တစ်ခါမှ မပေါ်ပေါက်ခဲ့မိသေးဘူး။ သူတို့လည်း လေးလေးစားစား သဘောမျိုးနဲ့ တစ်ခါမှမဆက်ဆံမိသေးဘူး။ ငါ့စိတ်သဘောအတိုင်း ငါ့ပင်ကိုသဘာဝ

အတိုင်း။ ပြောချင်သလိုပြော၊ ဆိုချင်သလိုဆို၊ ပေါင်းသင်းဆက်ဆံရေးမျိုးပဲရှိခဲ့တယ်။

အင်း ....ဒါပေမယ့် တစ်ခုတော့ရှိပါတယ်။ တခြား ယောကျ်ားလေးတွေထက်စာရင်တော့၊ စစ်ငြိမ်းကို ငါပိုပြီး အရေးပေး၊ အလေးသာခဲ့ပါတယ် သူနဲ့ငါ နှစ်ယောက်ထဲဆိုရင်တော့ ငါကိုယ်ငါပဲ အရေးထားခဲ့တာများတယ်။ ဒါတွေကို စစ်ငြိမ်းရင်ထဲက ဘယ်လို နားလည်လက်ခံထားခဲ့သလဲဆိုတဲ့ အတွင်းစိတ်ဓာတ်ကို တနည်းနည်းနဲ့ ငါသိအောင်ကြိုးစားရအုန်းမယ်၊ စကားပြောရင်းနဲ့လည်း ဆန်းစစ်ဝေဖန်ကြည့်ရအုန်းမယ်။

မိမိအတွေးစိတ်ကူးအဆုံးမှာတော့ ကျေနပ်တဲ့အပြုံးလေး တစ်ခုနဲ့ လက်ဖျစ်တစ်ချက်တီးရင်း၊ ဘဝရှေ့ရေးအတွက် လေးနက်မှုလေးတစ်ခု ရရှိနားလည်သွားခဲ့၏။

အင်း .... လောကကြီးမှာ စိတ်မဝင်စားချင်လို့မရနိုင်တဲ့ အရာတွေ၊ လျစ်လျူရှုထားလို့ မဖြစ်နိုင်တဲ့အရာတွေ၊ အဖြစ်သနစ်တွေ၊ အချက်အလက်တွေကို ငါတစ်နေ့မှာ ရင်ဆိုင်ဆုံတွေ့ရဦးမှာပဲ၊ အန်တီခင်ရဲ့ သတိပေးစကားလေးတစ်ခွန်းဟာ ငါ့ဘဝအတွက်တော့ တယယ့်ကို အဖိုးတန်ပါပေတယ်။

ငါ့ဘဝရှင်သန်ခဲ့ပြီးတဲ့ ကာလတစ်လျှောက်လုံးမှာ အခုလို





မျိုး။ ငါမသိသေးတာကိုသိအောင် ပြောဆိုဆုံးမနိုင်တဲ့သူ၊ ငါမတတ်သေးတာကို တတ်အောင်သင်ပြပေးနိုင်တဲ့သူဆိုလို့ တစ်ယောက်မှမရှိသေးခဲ့ပါလား၊ ငါဟာ တော်တော်ကံဆိုးခဲ့တာပဲ။

ငါ့ရဲ့အဒေါ်တွေ၊ ဦးလေးတွေကလည်း ဆိုးရွားစွာ လူဖြစ်လာခဲ့ရတဲ့ငါ့ဘဝအပေါ်မှာ၊ အပြစ်ရှာဖို့ အမိန့်ပေးဖို့ ချုပ်ချယ်တင်းကြပ်ဖို့၊ အကြမ်းဖက်ဖို့လောက်ပဲ ကြိုးစားနေခဲ့ကြတာ တစ်ချိန်လုံးလိုလိုပါပဲ၊ ငါကိုယ်တိုင်ကလည်း သူတို့ကိုမှီခိုအားထားနေရတာကလွဲလို့ အပြည့်အဝ ယုံကြည်လိုက်ပြန်ရင်လည်းပဲ ငါ့ဘဝရှေ့ရေးကြီးက မတွေးဝံ့စရာကြီးပဲ၊ ကြာလေ နလပိန်းတုံးဖြစ်လေနေမှာပဲ၊ ငါမှန်တယ်ထင်တာလုပ် ငါလုပ်ပြီး၊ သူတို့အပြစ်တင်သံတွေကို လျစ်လျူရှုထားနိုင်ခဲ့လို့သာ ငါ့ဘဝမှာ အခုလို မိတ်ဆွေကောင်းအဖော်ကောင်းတွေနဲ့ တွေ့ဆုံခွင့်ရခဲ့တာပဲ မဟုတ်လား။

အိမ်အပြန်လမ်းတစ်လျှောက်လုံးမှာ မိမိဘဝကိုမိမိ လေးလေးနက်နက် ဆင်ခြင်သုံးသပ်ပြီး ရင့်ကျက်သော စိတ်ကူးများကို အကောင်အထည်ဖော်နိုင်တော့မည်ဖြစ်သည်။

ယခုတစ်လော စစ်ငြိမ်းတစ်ယောက် ညဦးဆည်းဆာသို့ အလည်အပတ်ရောက်မလာခဲ့သည်မှာ ကြာခဲ့ပြီဖြစ်၏။ သည်အချက်ကို ခင်ဇာမဏီ သတိမထားမိခဲ့သည်မှာလည်း ကာလကြာခဲ့ပြီဖြစ်၏။



Scanned by CamScanner

နဒီလှိုင်းနှင့်ဆုံလျှင် မေးမည်မေးမည်နှင့် အကြောင်းအရာမတိုက်ဆိုင်သေး၍ မမေးဖြစ်နိုင်ခဲ့။ နဒီလှိုင်း၏ လှုပ်ရှားပြောင်းလဲ လာခြင်းမရှိသော အသွင်သဏ္ဌာန်ဟန်ပန်အနေအထားတို့ကြောင့်လည်း မမေးဖြစ်ခဲ့ခြင်းဖြစ်ပေလိမ့်မည်။

တစ်နေ့တော့ ဤကိစ္စနှင့်ပတ်သက်၍ နဒီလှိုင်းကပင် စတင်၍ ရင်ဖွင့်ပြောကြားလာခဲ့၏။

"ဇာမဏီ ငါ့မှာ ဘေးကြပ်နံကြပ်အခက်အခဲတစ်ခု ရင်ဆိုင်နေရတယ်ဟာ၊ အဲဒါ ဘယ်လိုနည်းနဲ့ ဖြေရှင်းရမလဲဆိုတာ စဉ်းစားရင်း၊ စဉ်းစားရင်း၊ ငါ့ခေါင်းထဲမှာ ရှုပ်ထွေးနောက်ကျိုလာလို့ နင့်ကို ဖွင့်ပြီးတိုင်ပင်ရတာပဲ သူငယ်ချင်း၊ အားတော့နာပါတယ်ဟာ"

"နင့်စကားတွေက ဆန်းတော့ဆန်းတယ်၊ တစိမ်းဆန်သလိုလည်း ဖြစ်နေတယ် နဒီ၊ နင်နဲ့ငါ့ကြားမှာ အားနာတာတို့၊ နစ်နာတာတို့ဆိုတာ မရှိသင့် မရှိအပ်တဲ့အကြောင်းအချက်တွေပါ၊ ကဲ့ပြော ငါနင့်ကို ဘယ်လိုကူညီရမလဲ"

"ငါ ယောက်ျားလေးတွေကို အထင်မကြီးတတ်တာ၊ အားမကိုးတတ်တာ နင်သိတယ်နော်ဇာမဏီ"

"အေးပါ ဒါတွေ ငါသိပြီးသားပဲ၊ ဆက်ပါဦး"

"ဒါပေမယ့် ငါ စစ်ငြိမ်းကိုတော့ အရမ်းပဲချစ်ခဲ့မိတယ်၊





သူ့ကို ချစ်တယ်ဆိုတာတစ်ခုပဲ ငါသိတယ်၊ အထင်ကြီးတဲ့ဒိတ်မျိုး၊ သူ့ကို အားကိုးအားထားပြုချင်တဲ့စိတ်မျိုးတော့ ငါ့မှာလုံးဝမရှိဘူး၊ ချစ်တာတစ်ခုထဲကို အကြောင်းပြုပြီးတော့ပဲ ရင်းရင်းနှီးနှီးနေဖြစ်ခဲ့ကြတယ်"

နဒီလှိုင်း အနည်းငယ်အနားယူဟန်ဖြင့် အသက်ကို ပြင်းပြင်းရှူထုတ်လိုက်၏။ ပြီးမှ–

"တစ်နေ့မှာတော့ ငါနဲ့သူ မာနချင်းပြိုင်ခဲ့ကြတယ်"

"ဟင်း ....."

"ချစ်သူနှစ်ဦးကြားမှာ နားလည်မှုပဲရှိသင့်တယ် နဒီ၊ မာနဆိုတာမျိုးတော့ မထားသင့်ဘူးထင်တယ်"

"အေး ဟုတ်တယ်၊ ပထမတော့ ငါလည်း မာနမထားခဲ့ပါဘူး၊ ဒါပေမယ့် သူကစပြီး မာနစကားတွေပြောလာတယ်၊ အသိုင်းအဝိုင်းစကားတွေပြောလာတယ်၊ နင်စဉ်းစားကြည့်လေ၊ ငါ့မှာ အသိုင်းအဝိုင်းဆိုလို့ လက်ညှိုးထိုးပြစရာ ဘာတစ်ခုမှ ရှိခဲ့သူမဟုတ်တာ"

"ဒီတော့ နင်က သူ့ကို ဘယ်လိုနားလည်ခဲ့လဲ နဒီ"

"ငါ နားလည်လိုက်တာကတော့ စစ်ငြိမ်းဟာ ငါ့ရဲ့အားနည်းချက်ကို ဖိနှိပ်ပြီး သူကိုယ်သူ ဘဝင်မြင့်ပြလိုက်တာလို့ပဲ တစ်ထစ်ချယုံကြည်လိုက်တယ်"

နဒီလှိုင်း၏တင်းမာလွန်းသော မျက်နှာထား၊ ပြတ်သားလွန်းနေသော စကားအသုံးအနှုန်းနှင့် မာကြောလွန်းနေသော လေသံတို့ကို ခင်ဇာမထီ သတိထားရင်း ငေးကြည့်နေလိုက်၏။

"စစ်ငြိမ်းဟာ အန်တီခင်ပြောသလိုပဲ၊ ယောက်ျားတွေဟာ မိန်းမတွေထက် မြဲမြဲမြံမြံ ပြတ်တယ်၊ အောက်ကျနောက်ကျပြောစရာ မလိုဘူးဆိုတဲ့ မာနစိတ်ရှိတယ်။ နောက်ပြီး ငါ့ကို သိပ်ပြီး လိုက်လျောနေစရာမလိုဘူး။ သူလိုချင်တဲ့ပုံစံမျိုး၊ အနေအထားမျိုးကို၊ ငါကသာ သူ့ကို အမှန်အကန်ချစ်ခဲ့ရင် လိုက်လျောသင့်တယ်လို့ ယူဆထားပြီးပုံရတယ်"

"ဂုဏ်ခြင်းယှဉ်လိုက်ရင်လည်း သူကသာ မျိုးရိုးဂုဏ်သာတယ်လို့ ယူဆနေတယ်၊ ငါက အသိုင်းအဝိုင်းတို့ ဆွေဂုဏ်မျိုးဂုဏ်တို့ကို ထည့်တွက်နေတဲ့ မိန်းမမျိုးမှမဟုတ်ဘဲ၊ သူ့ကို ငါချစ်တယ်၊ သူကလည်း ငါ့ကိုချစ်တယ်၊ အဲဒီချစ်ခြင်းမေတ္တာရဲ့ အလေးအနက်ကို အားကိုးပြီး သူနဲ့ငါလက်တွဲကြမယ်၊ ဘဝကိုရင်ဆိုင်ဖြေရှင်းကြမယ်၊ ငါတို့နှစ်ယောက်ရဲ့ဘဝကို သူ့အရည်အချင်းနဲ့ ငါ့အရည်အချင်းနှစ်ခုပေါ်မှာပဲ ရပ်တည်ပြီး ခိုင်မာအောင်တည်ဆောက်ချင်တယ်"

"ဒါတွေကို သူနားလည်အောင် နဒီက ရှင်းမပြခဲ့ဘူးလား"

"ရှင်းပြတာပေါ့ ဇာမထီရယ်၊ ဒါပေမယ့် သူက သူ့အသိုင်းအဝိုင်းရဲ့ ဂုဏ်အရှိန်အဝါအောက်က ဘောင်အတွင်းဘက်ကနေ ရုတ်တရက် အပြင်ကိုထွက်လာဖို့ဆိုတာ သတ္တိမရှိနိုင်သေးဘူးတဲ့။ မိန်းမတစ်ယောက်ကို ယုံကြည်ဖို့ဆိုတာလည်း သူလိုပညာတတ်ယောက်ျားတစ်ယောက်အတွက် သိပ်ပြီးစဉ်းစားနိုင်မှ တန်ကာကျလိမ့်မယ်တဲ့"

ဒေါသသံများ စွက်ဖက်ဝင်ရောက်နေသော နဒီလှိုင်း၏ စကားသံတို့နှင့်အတူ နဒီလှိုင်း၏ ရင်တွင်းမှ မာနတရားကြောင့်လည်း နဒီလှိုင်း၏ ရင်ပြင်မှာ ဖားဖိုကဲ့သို့ လှုပ်ရှားလျက်ရှိနေခဲ့၏။

"ဒီတော့ ငါကလည်း ပြတ်ပြတ်သားသား ပြန်ပြောလိုက်တာပေါ့။ အဲဒီစည်းဝိုင်းရဲ့ ဘောင်အပြင်ဘက်ကို ရဲရဲသာထွက်ခဲ့ပါ။ သတ္တိရှိရှိနဲ့ ငါ့ကိုရဲရဲသာ လက်တွဲလိုက်ပါ။ လောကကြီးမှာ လူသာအဖိုးတန်ပါတယ်။ လူသာပဓာနအကျဆုံးပါ လို့ ..."

"ဒီတော့ စစ်ငြိမ်းတွေဝေမသွားဘူးလား"

"သူသာ ငါ့ကို တကယ်မေတ္တာစစ်နဲ့ ချစ်တာမှန်ရင်တော့ နင်ပြောသလိုပဲ ငါ့စကားကို နားထောင်ပြီးရင် စဉ်းစားတွေဝေသွားမှာပဲပေါ့ဟာ။ ဒါပေမယ့် သူက သရဲဘောကြောင်တယ်။ သတ္တိနည်းတယ်။ သူ့ကိုယ်သူပဲပိုချစ်တယ်လို့ ငါဆုံးဖြတ်လို့ရလောက်အောင် ငါ့စကားအဆုံးမှာ အကြောက်အကန်ငြင်းဆန်သလို သူ့ခေါင်းကို တွင်တွင်ကြီးခါ ယမ်းပြလိုက်တယ် သူငယ်ချင်း"

"ဒီတော့ နင်ဘာဆက်ပြောလိုက်သေးလဲဟင် ..."

"ငါ ဘာဆက်ပြောစရာလိုသေးလို့လဲ ဇာမဏီ၊ ငါ့ဘဝအတွက် ငါ အလျက်အမြန် စဉ်းစားဆုံးဖြတ်ရပြီပေါ့။ တကယ်တန်းကျတော့ သူ့ကို ငါတကယ်ချစ်ခဲ့တာ။ သူ့ကို ပိုင်ဆိုင်ချင်တဲ့စိတ်တွေက တားမရနိုင်ဘူး။ သူ့ကိုငါ အဆုံးအရှုံးမခံချင်ဘူးဆိုတာ ငါဆုံးဖြတ်လို့ရခဲ့တယ်။"

"ဒီတော့ နင်အလျှော့ပေးလိုက်ရရောလား"

"ဟင်း .. ဟင်း ဇာမဏီရယ်။ နင်ကလည်း ငါ့အကြောင်းသိသားနဲ့ ငါဟာ လိုချင်တာတစ်ခုကို မရရအောင် ယူတတ်တဲ့မိန်းမတစ်ယောက်ပဲဟာ ဒီတော့ ငါမိန်းမဉာဏ်သုံးရတာပေါ့"

"နင် သူ့ကို ဘာတွေ လုပ်ခဲ့သလဲဟင်"

"ငါ သူ့ကို စဉ်းစားဖို့ အချိန်ပေးသလိုနဲ့ လေသံကို အတတ်နိုင်ဆုံး လျှော့ပစ်ခဲ့ပါတယ်။ နောက်ပြီး သူဘယ်နည်းနဲ့ဖြစ်ဖြစ် ငါ့ဘက်ပါလာအောင် ဆွဲဆောင်သိမ်းသွင်းမိခဲ့တယ် သူငယ်ချင်း။ ငါ ပွင့်ပွင့်လင်းလင်းပြောရရင်တော့ ငါ့ရဲ့ ရှုပ်ကွန်ယက်ထဲက သူမရုန်းထွက်နိုင်အောင် အမိအရ ဖမ်းချည်ထားမိလိုက်တာပဲ သူငယ်ချင်း"

"အင်း .. နင့်အဖြစ်ကလည်း တိမ်မရောင်နဲ့ နက်နေပေါ့ နဒီရယ်"





"သူက စိတ်ဓာတ်က ခပ်ပျော့ပျော့ဆိုတော့ ငါအောင်မြင်စွာ သွေးဆောင်ဖျားယောင်းနိုင်ခဲ့တယ်ဆိုပါတော့ဟာ။ သူ ငါ့အချစ်အပေါ် တမ်းတမ်းစွဲ မက်မောသွားခဲ့တယ်။ မခွဲနိုင် မခွာရက်အောင်ဖြစ်ပြီး နေ့စဉ်ရက်ဆက်ဆိုတာလို သူနဲ့ငါ အပွင့်လင်းဆုံး ဆက်ဆံမိခဲ့ကြတယ်ဟာ။ ဒါကို သူ့အသိုင်းအဝိုင်းက ရိပ်မိသွားပြီး သူ့ကို ဘယ်လို စည်းရုံးသိမ်းသွင်းလိုက်သလဲမသိဘူး။ ခုတော့ သူ ငါ့ဘဝထဲကို လုံးဝဝင်မလာခဲ့တာ နင်အမြင်ပဲ မဟုတ်လား"

"ကဲ နင့်ရဲ့အဖြစ်သနစ်အလုံးစုံကို ငါနားလည်ခဲ့ပြီ နဒီ၊ အဲဒီတော့ နဒီဘာဖြစ်ချင်သလဲ။ ငါ့ဘက်က နင့်ကို ဘယ်လိုအကူအညီမျိုးတွေ ပေးရမလဲ"

"ပြောပါ့မယ် ဇာမဏီ၊ အခု ငါ့ဘဝမှာ ကြုံတွေ့နေရတဲ့ အခက်အခဲကတော့ သူနဲ့ ရင်းနှီးပတ်သက်မိခဲ့တဲ့ သူ့ရဲ့သွေးကို ငါ့ဝမ်းထဲမှာ အခုလွယ်ထားနေရပြီလေ။"

'ဟယ် ... ဒီအခြေအနေထိအောင် ဖြစ်နေပြီဆိုရင် မပေါ့ဆနဲ့တော့လေ။ သူနဲ့ မတွေ့တွေ့အောင် ကြိုးစားပေတော့ပေါ့"

"ငါ မပေါ့ဆပါဘူး သူငယ်ချင်းရယ်၊ သူ့ကို လူချင်းမတွေ့နိုင်တော့မှန်းသေချာသိတဲ့အချိန်မှာပဲ ဖုံးဆက်ပြီး အကျိုးအကြောင်းပြောပြခဲ့ပါတယ်။"



Scanned by CamScanner

"ဒီတော့ . . သူ့ဘက်က ဘယ်လိုစီစဉ်လဲ"

"သူ သိပ်မိုက်ရိုင်းတယ် ဇာမဏီ၊ ငါကိုယ့်ထဲက ကလေးကို သူနဲ့ရတာပါလို့ ငါကပြောတိုင်း သူကယုံရမှာလားတဲ့။ ငါ့လို အပျော်အပါးမက်မောပြီး သိပ်လွတ်လပ်လပ်နေတဲ့ မိန်းမတစ်ယောက်မှာ သစ္စာတရားရှိတယ်ဆိုတာ သူဘယ်လိုယုံကြည်ရမှာလဲတဲ့။ ခုလို အခြေအနေကြီးနဲ့ လူကြီးတွေကို ဖွင့်ပြောရင်လဲ သဘောတူကြမှာ မဟုတ်ဘူးတဲ့။"

"အင်း . . . ဒီလိုဆိုရင်တော့ နင့်ဘဝဒုက္ခရောက်ပြီပေါ့နော်။ ရှေ့ကိုဆက်ပြီး ဘယ်လိုစခန်းသွားမယ်လို့ နင်စဉ်းစားမိသလဲ နဒီ"

နဒီလှိုင်း မျက်လုံးများကို တင်းကြပ်စွာ ပိတ်လိုက်၏။ အံ့ကိုကြိတ်၏။ နာကျည်းစွာပြောလိုက်၏။

"ငါ ဒီကလေးကို ဖျက်ချပစ်လိုက်ချင်တယ်ဟာ"

"အမယ်လေး . . . နဒီရယ်၊ မကြံကောင်း မစည်ရာ။ ဒါကိုတော့ ငါလုံးဝလက်မခံနိုင်ဘူး နဒီ။ ဘာမှ အပြစ်မရှိတဲ့ ကလေးလေး တစ်ယောက်ကို ရှင်သန်ခွင့်တွေ ချုပ်ငြိမ်းပစ်လိုက်မယ်ဆိုရင် နင့်ထက်မိုက်မဲတဲ့လူ ဒီဘဝမှာ ရှိနိုင်ပါဦးတော့မလားဟာ"

"ဒါဆို ငါဘယ်လိုလုပ်ရမလဲဆိုတာ ပြောပါဦးဟာ"

"နင် စစ်ငြိမ်းကို တကယ်ချစ်တယ်နော် နဒီ"





"ငါအသက်လောက်ကို တန်ဖိုးထားပြီး ချစ်ခဲ့မိတာပါ ဇာမဏီရယ်၊ ဒါကြောင့်လည်း သူ့ကို ငါပိုင်ဆိုင်ခွင့်ရနိုင်ဖို့ ကြိုးစားအားထုတ်မိခဲ့တာပေါ့"

"အဲသည့်လိုဆိုရင် ဒီကလေးလေးကို နင်မွေးရဲရမယ်။ ဒါ စစ်ငြိမ်းရဲ့ရင်သွေးလေးပဲ။ သူ့အဖေလက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ၊ ဒါစစ်ငြိမ်းရဲ့ ကလေးလေးပဲ။ နင် စစ်ငြိမ်းကို ပိုင်ဆိုင်ချင်တာမှန်ရင် သူ့ရင်သွေးလေးရဲ့ဘဝကို ရှင်သန်ခိုင်မာလာအောင် ပြုစုပျိုးထောင်ပေးမှ ပြီးပြည့်စုံလိမ့်မယ် နင်သတ္တိရှိစမ်းပါ သူငယ်ချင်းရယ် . . ."

"နဒီလှိုင်း၏ ငိုရှိုက်သံတို့က တစ်ဝက်တစ်ပျက် ပျံ့လွင့်လျက် ထွက်ပေါ်လာခဲ့၏။ ဝမ်းနည်းကြေကွဲစွာ ငိုရှိုက်နေသော သူငယ်ချင်းမကို ကြည့်ပြီး ကြင်နာခြင်းမေတ္တာတရားများစွာဖြင့် သူမ၏ ရင်ခွင်တွင်း ပွေ့ဖက်သွင်းလိုက်ရင်း နဒီလှိုင်း၏ ကျောပြင်နှင့် ဆံစပ်လေးများကို လက်ချောင်းသွယ်သွယ်လေးဖြင့် ဖွဖွညင်သာ ပွတ်သပ်ပေးနေခဲ့၏။ အားရအောင် ငိုကျွေးပါလေတော့ နဒီလှိုင်းဟုလည်း ရင်တွင်းမှ ကြေကွဲစွာ မြည်တမ်းလိုက်မိ၏။ အတန်ကြာမှ

"ဇာမဏီ ငါ့ကို ခွင့်လွှတ်ပါ သူငယ်ချင်းရယ်၊ ဒီကလေးကို ငါမွေးမယ်၊ နင်ငါ့ကို လိုအပ်သမျှ အစွမ်းကုန်အကူအညီပေးပါ

နော်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုပုံစံ ဒီလိုဘဝမျိုးကြီးနဲ့ ငါ့အဒေါ်နဲ့ ဦးလေးအိမ်မှာ ငါဘယ်လိုမှ နေလို့ရမှာမဟုတ်လို့၊ နောက်ပြီး ဒီပတ်ဝန်းကျင်မှာလည်း ငါဆက်မနေချင်တော့ဘူး။ ငါအရမ်းခံစားရမှာ ကြောက်တယ်။ ပတ်ဝန်းကျင်အသစ်တစ်ခုမှာ ငါ့ဘဝကို ငါ ဖန်တီးချင်တယ် သူငယ်ချင်း။ နင်ငါ့ကို ကူညီပါနော်။ နင့်ကို ငါ အားလည်းကိုးပါတယ်၊ ယုံကြည်စိတ်ချမှုလည်း အပြည့်အဝရှိပါတယ် သူငယ်ချင်း''

ခင်ဇာမဏီ ကြည်လင်တောက်ပစွာ ပြုံးလိုက်၏။ သူလိုချင်တာ ဒါပဲဖြစ်၏။

ပြင်ဦးလွင်မြို့၏ ချောင်ကျကျနေရာလေးတစ်ခုတွင် ဖြစ်၏။ ခြံနှင့်ဝန်းနှင့် အတော်အတန်နေချင်စဖွယ် အိမ်လေးတစ်လုံးရှိခဲ့၏။ ခင်ဇာမဏီ၏ ဖခင်ဦးဇာနည်အတွက် နွေရာသီအတွင်း အပန်းဖြေရာ၊ အနားယူရာ အိမ်ဂေဟာလေးဆိုလျှင် မမှားနိုင်ပါ။

ထိုအိမ်လေး၏ ခြံဝင်းအတွင်းဘက်တွင် ခင်ဇာမဏီ၊ နဒီလှိုင်းတို့နှင့်အတူ ခင်ဇာမဏီ၏ မိခင်ဘက်မှ ဆွေမကင်းမျိုးမကင်း ဦးကြီးဘနှင့် ဒေါ်ခင်တုတ်တို့ လင်မယားစုစုပေါင်း လေးဦးသား စုပေါင်းလှုပ်ရှား အလုပ်များနေခဲ့၏။





ပေါင်းသင်ခြင်း၊ မြင်ခင်းများ ညှိဖြတ်ဖြင်း၊ သစ်ပင်ပန်းမန်များကို ရေလောင်းခြင်း၊ အမှိုက်များကို လှဲကျင်းခြင်း၊ စုပုံပြီး မီးတိုက်ခြင်းတို့ ပြုလုပ်နေခဲ့ကြ၏။

အသီးသီး၏ နဖူးပြင်၊ နားထင်ဆံစပ်တို့တွင်လည်း ချွေးသီးချွေးပေါက်တို့ စီးကျတွဲခိုနေခဲ့ကြ၏။ အားလုံး၏ မျက်နှာပြင်ပေါ်တွင်လည်း သန့်ြင်ကြည်လင်သော ရွှင်လန်းတက်ကြွမှုများ၊ မျော်လင့်ချက်ရောင်ခြည်လေးများက မင်းမူစိုးမိုးနေခဲ့၏။ ရင်တွင်းမှ အတွေးအမျှင်တန်းလေးတွေလည်း ကိုယ်စီကိုယ်ငှ ရှိနေကြ၏။ ထိုစဉ် ရှင်းသန့်လတ်ဆတ်သော လေပြေလေညှင်းလေးဝင်ရောက် တိုက်ခတ်လာသဖြင့် မွန်းကြပ်ကြပ်ဖြစ်နေသော ရင်တွင်းနေရာလေးများ၌ စိမ့်စမ်းလေးတစ်ခု ဖြတ်သန်းစီးဆင်းသွားသလိုမျိုး အေးစိမ့်မှုအရသာလေးကို ကိုယ်စီကိုယ်ငှ ခွဲဝေခံစားလိုက်ကြရ၏။

''ကဲ နားလိုက်ကြပြီး

အမောပြေကောက်ညှင်းပေါင်းစားလိုက်ကြဦး''

ပန်းကန်ပြားကြီးတစ်ချပ်တွင် ဖွန်းများ တပ်ဆင်ထားပြီး လင်ဘန်းတစ်ခုနှင့်ထည့်လျက် လက်ဖက်ရည်ပန်းကန်များ ခြံရံကာ ဒေါ်ခင်တုတ်က ပြင်ဆင်ပေးခဲ့၏။

သူတို့အားလုံး ခြေလက်မျက်နှာတို့ကို ရေအေးအေးဖြင့်

တဝကြီး ဆေးကြောသန့်စင်လိုက်ကြ၏။ ပြီးလျှင် ခြံအတွင်းရှိ ဝါးကြမ်းပြင်ကွပ်ပျစ်လေးပေါ်တွင် စုဝေး၍ ဝိုင်းဖွဲ့ထိုင်လိုက်ကြ၏။

"ဒေါ်ကြီးတုတ် နှမ်းတောင်းရော မပါဘူးလား"

"ဩော် ... အေးဟဲ့ ဟုတ်ပါရဲ့၊ မေ့လို့တော်ရေ့ နေကြဦး။ နောက်ဖေးဖက်မှာ နှမ်းတောင်းသွားယူလိုက်ဦးမယ်"

စကားဆုံးသည်နှင့် ဒေါ်ခင်တုတ်သည် သူ၏ စည်ပိုင်းလိမ့်သကဲ့သို့ ဝဖိုင့်ဖိုင့်ကိုယ်လုံးကြီးကို တလိမ့်လိမ့်သယ်ဆောင်ရင်း စားဖိုဆောင်အတွင်းသို့ တလှမ်းခြင်း ဝင်ရောက်သွားခဲ့၏။

ခင်ဇာမဏီက ဒေါ်ခင်တုတ်၏ လှုပ်ရှားမှုများကို ကောက်ညှင်းပေါင်း တစ်ဇွန်းခပ်၍ မြုံ့ရင်း ပြုံးကြည့်နေမိ၏။ ပြီးမှ ကောက်ညှင်းပေါင်းပန်းကန်းကို နုဒီလှိုင်းအား တိုးရွှေ့ပေးလိုက်ရင်း ...

"ရော့ .. နုဒီ ကောက်ညှင်းပေါင်းက စေးပိုင်နေတာပဲ၊ ကောင်းမှကောင်း ... မြည်းကြည့်စမ်းပါဦး"

နုဒီလှိုင်းက ကောက်ညှင်းပန်းကန်ကို လှမ်းယူပြီး ဇွန်းဖြင့် ခပ်ယူ၍ စားလိုက်၏။

"အေးဟယ် .. ကောက်ညှင်းပေါင်းက စားလို့ကောင်းလိုက်တာ၊ အရသာကလဲ ချိုစိမ့်စိမ့်နဲ့ စေးစေးပိုင်ပိုင်လေးနော်၊ ကောက်ညှင်းနံ့လေးကလဲ သင်းသေးတယ်"





ဦးကြီးဘကတော့ အကြမ်းပန်းကန်လုံးအတွင်းသို့ လက်ဖက်ခြောက်အဖန်ရည်ထည့်ရင်း တူမများကို ပြုံးလျက်ကြည့်နေခဲ့၏။ ပြီးမှ ...

"တူမတို့ ကောက်ညှင်းကြိုက်ရင်၊ ညကျရင် ဆီထမင်းထိုးကျွေးလိမ့်ဦးမယ်၊ ဒေါ်ကြီးတုတ်က ကောက်ညှင်းပေါင်းချက်တဲ့နေရာမှာတော့ အ---ဆုံးထိပ်ဆုံးကဗျ"

"ဟုတ်လား ဦးကြီးဘ၊ ဒါဆို သမီးတို့နဲ့တော့ အံကိုက်ပဲ၊ သမီးတို့နှစ်ယောက်ကလည်း မြန်မာ့အစားအစာတွေထဲမှာ ကောက်ညှင်းဆိုရင် အသေအလဲကြိုက်တာ"

ထိုစဉ် ဒေါ်ခင်တုတ် နောက်ဖေးဘက်မှ ထွက်လာခဲ့၏။ နှမ်းလှော်သောင်းပန်းကန်ကို ခင်ဇာမဏီ၏ ရှေ့သို့ တိုးရွှေ့ချပေးလိုက်၏။

"ဟာ ဒေါ်ကြီးတုတ်ရဲ့ နှမ်းလှော်ထောင်းကလည်း မွှေးမှမွှေးပဲ"

"အေး မွှေးလည်းမွှေးတယ်။ အရသာလည်း ရှိတယ်။ စားလို့လည်းခံတွင်းမြိန်တယ်။ အားရပါးရ မြိန်အောင် စားပြလိုက်စမ်းပါတော်။ ငါ့တူမတို့ ဒီကိုရောက်လာတာ ဒေါ်ကြီးတုတ်တို့နှစ်ယောက်အတွက် အပျင်းတွေပျောက်ပြီးအပျော်တွေရောက်လာသလို

ပဲ။ ဟိုမှာ ဦးလေးဘမျက်နှာလည်း ပြုံးလို့ရွှင်လို့ ကြည့်ကြစမ်းပါဦး။

"ဟုတ်လား ...ဦးလေးဘ၊ ဒါဆို သမီးတို့နှစ်ယောက် ဒီမှာ အကြာကြီး နေပစ်လိုက်မှာနော်"

"ပျော်သလောက်နေကြစမ်းပါ တူမတို့ရယ်၊ တူမတို့ရှိတော့ ဘကြီးတို့လင်မယား ပျော်လဲပျော်၊ အဖော်လဲရတာပေါ့။ တူမတို့ ဒေါ်ကြီးတုတ်က ဘကြီးဘအတွက် အဖော်ရအောင် သားသမီးတစ်ယောက်မှ မွေးပေးခဲ့တာမဟုတ်ဘူးကွဲ့"

"ဟုတ်ပတော် ..သားသမီးမရနိုင်တာဟာ ကျုပ်တစ်ယောက်ထဲရဲ့ ချွတ်ယွင်းချက်တော့ မဟုတ်နိုင်ပါဘူး။ တော် အသုံးမကျတာလဲပါဦးမှာပဲ တော်ရေ့ ..."

ခင်ဇာမဏီနှင့် နဒီလှိုင်းတို့နှစ်ဦး ဦးကြီးဘနှင့် ဒေါ်ခင်တုတ်တို့၏ လင်မယားနှစ်ဦးတစ်ဦးကို တစ်ဦး ကျီစယ်ရင်း အနိုင်ယူပြောဆိုနေကြသော စကားလုံးများကို ပြုံး၍ နားထောင်နေရာမှ ဒေါ်ခင်တုတ်၏ စကားအဆုံးတွင် အားလုံးဝါးလုံးကွဲအောင် လှိုက်လှဲပေါ့ပါးစွာ ရီမောလိုက်ကြတော့၏။

"ဝါး ...ဟား ...ဟား ...ဟား"

နဒီလှိုင်း၏ ဘဝအသစ်အစက ပျော်စရာသံစဉ်လေးများဖြင့် စတင်ခဲ့သည်မို့ လှပဖို့က သေချာနေပါတော့၏။





()()()

ခင်ဇာမဏီတို့ နေထိုင်သော အိမ်နှင့် သုံးမိုင်ခန့်အကွာတွင် မြို့တွင်းဈေးကလေးတစ်ခုရှိခဲ့၏။ ထိုဈေးနှင့် မနီးမဝေးကားလမ်းမကြီးဘေးတစ်ဖက်တစ်ချက်တွင် ဦးဇာနည်ပိုင်ဆိုင်သော လက်ဖက်ခြောက်ပွဲရုံကြီး၏ ရုံခွဲလေးတစ်ခုရှိ၏။ အနီးအနားမြို့ငယ် ရွာငယ်များမှ လက်ဖက်ခြောက်သွင်းသူ ကိုယ်စားလှယ်ယူသူများနှင့် နေ့ညမပြတ်လူစည်ကားလျက်ရှိတတ်၏။

ဤအရပ် ဤဒေသသို့ ဘုရားလည်းဖူး လိပ်ဥလည်းတူးစေသော အကြံအစည်မျိုးဖြင့် ဦးဇာနည်စီစဉ်ဖန်တီးပေးလိုက်၍ ခင်ဇာမဏီနှင့် နဒီလှိုင်းတို့ ရောက်လာခဲ့ကြခြင်းဖြစ်၏။

ခင်ဇာမဏီက ပွင့်လင်းသူပီပီ မိဘနှစ်ဦးစလုံးကို နဒီလှိုင်းနှင့် ပတ်သက်သော အဖြစ်အပျက်အလုံးစုံအား ရင်ဖွင့်ရှင်းလင်းပြလိုက်၏။ ခေတ်မီသော မိဘများပီပီ အပြစ်မယူဘဲ တာဝန်ယူစောင့်ရှောက်ကူညီကြခြင်းဖြစ်၏။

ရန်ကုန်မှ ပြင်ဦးလွင်သို့ ထွက်ခွာကြမည့်နေ့တွင် ခင်ဇာမဏီနှင့် နဒီလှိုင်းတို့ကို ဦးဇာနည်က ဤသို့ စီစဉ်ခန့်ခွဲပေးခဲ့၏။

"သမီး ဇာဇာက ဟိုရောက်ရင် လက်ဖက်ခြောက်ပွဲရုံကို တန်းသွားကြားလား။ ဖေဖေရေးပေးလိုက်တဲ့ စာကို ဦးစိုင်းအောင်ကို

ပေးလိုက် သူဖတ်ပြီး သမီးတို့ကို နေရာပေးလိမ့်မယ်။

အဓိက ကတော့ အနယ်နယ်အရပ်ရပ်ကလာတဲ့ လက်ဖက်ခြောက်ကိုယ်စားလှယ်တွေကို သမီးက ရင်းနှီးစွာ ပြောဆိုဆက်ဆံဖို့ပဲ။ သွင်းကုန်ကိုကြည့်ပြီး ဈေးဖြတ်တာတို့ အပိုအလို၊ အချိန်အဆညီတာတို့ အဆင်ပြေအောင် သမီးကဆောင်ရွက်ဖို့ပဲ”

“ဟုတ်ကဲ့ပါ ဖေဖေ၊ အစစအဆင်ပြေအောင် သမီးကြိုးစားအားထုတ်လုပ်ကိုင်ပါမယ်”

“သမီးနဒီကတော့ အဝယ်စာရင်း။ အရောင်းစာရင်းတွေကို သွင်းထားတဲ့စာရေးလေးတွေရဲ့ စာရင်းကိုက်မကိုက် စစ်ဆေးကြည့်ရှုရမယ်။ နောက်ဆုံးပိတ်စာရင်းကို ပေါင်းပြီး သွင်းထားတဲ့ငွေ လက်ကျန်ငွေတွေကို ချိန်ကိုက်ကြည့်ရမယ်။ လိုအပ်နေရင် ကွာဟနေရင် စာရေးကို ပြန်ပြီး ပြင်ခိုင်းရမယ်”

“ဟုတ်ကဲ့ပါ အန်ကယ်၊ သမီးအစွမ်းကုန်ကြိုးစားပြီး တာဝန်ကျေအောင် စွမ်းဆောင်ပါ့မယ်”

“အေး ...ကောင်းပြီ၊ တစ်ပတ်ကို တစ်ကြိမ်ဝင်ငွေစုစုပေါင်းကို သမီးတို့နှစ်ယောက် တွက်ချက်တောင်းယူပြီး လစာစာရင်းအတိုင်း လုပ်အားခငွေ အသီးသီးဖြတ်တောက်ပေးကြရမယ်။ တစ်ပတ်တစ်ကြိမ်ပေးရမှာနော်။ အဲဒါ မမေ့ မလျော့စေနဲ့ ကြားလား”





“ဟုတ်ကဲ့ စိတ်ချပါရှင်”

“အရင်ကတော့ ဒီတာဝန်တွေ ဖေဖေတစ်ယောက်ထဲ လုပ်ခဲ့တာ။ အခုသမီးတို့ရှိတော့ ဖေဖေပွဲရုံတစ်ခုအတွက် သက်တောင့်သက်သာ အနားယူလို့ရတာပေါ့”

“ဝမ်းသာပါတယ်ဖေဖေ”

“ဪ သမီးတို့လက်ထဲမှာ ကျန်တဲ့ငွေထဲက တစ်ယောက်ကို နှစ်ဆယ်ရာခိုင်နှုန်း သုံးစွဲခွင့် ဖေဖေပေးပါတယ်။ မုန့်ဖိုးပေးတယ်လို့ သဘောထားကြပေါ့ ဟုတ်လား”

“ဟုတ်ကဲ့ ဖေဖေ၊ ကျေးဇူးအများကြီးတင်ပါတယ် ဖေဖေ”

ဒေါ်ခင်မေကြီးက သားအဖတွေကို ပြုံးလျက်ကြည့်နေခဲ့သည်။ အားလုံးမှာကြားပြီးသည်နှင့် ခင်ဇာမဏီနှင့် နဒီလှိုင်းတို့ မိခင်ဖခင်တို့အား ဦးချကန်တော့လိုက်ကြ၏။

() () ()

ကားလမ်း နဘေးရှိ လက်ဖက်ခြောက်ပွဲရုံလေးတစ်ခုတွင် ခင်ဇာမဏီနှင့် နဒီလှိုင်းတို့ ဦးစီးလုပ်ကိုင်ကြရင်း ဦးဇာနည်၏ ပေးအပ်သောတာဝန်နှင့် ညွှန်ကြားချက်များကို လိုက်နာကြရင်း ဘဝသစ်တစ်ခုသို့ ရောက်ရှိနေခဲ့ကြ၏။

အလုပ်ချိန်တွင် ကိုယ်စီကိုယ်ငှ လုပ်ငန်းခွင်ဝင်ကြပြီး

အားလပ်ချိန်လေးများတွင် ဦးကြီးဘ၊ ဒေါ်ခင်တုတ်တို့ လင်မယားနှင့် ပျော်ရွှင်စွာ စနေသွားကြခြင်းဖြစ်၏။

ဤသို့ဖြင့် တစ်ပတ်မှ တစ်လ၊ တစ်လမှ နှစ်လ သုံးလ လေးလ လပေါင်းများစွာ ကြာမြင့်လာခဲ့ဖြစ်၏။ ဤကာလအတွင်း ဦးဘနည်းနှင့် ဒေါ်ခင်မကြီးတို့နှစ်ဦး နှစ်ကြိမ်နှစ်ခေါက်တိတိ အလည်အပတ် ရောက်ရှိလာခဲ့၏။ အခြေအနေကိုကြည့်ပြီး ကျေနပ်စွာပြန်သွားခဲ့ကြ၏။

နဒီလှိုင်း၏ တစ်နေ့တစ်ခြားရင့်မာလာသော ကိုယ်ဝန်အနေအထားကိုကြည့်ပြီး တာဝန်ဝတ္တရားများကို သက်တောင့်သက်သာ လျော့ပေါ့ဆောင်ရွက်ရန် ညွှန်ကြားလျက် ပွဲရုံတွင်းမှ တာဝန်ရှိသူများကိုလည်း မိန်းမသားနှစ်ဦး မပင်ပန်းရအောင် ကူညီဆောင်ရွက်ပေးရန် မှာကြားခဲ့၏။

ခင်ဇာမထီကလည်း မိခင်လောင်းတစ်ယောက်နှင့် ပတ်သက်သော စာအုပ်စာတမ်းများကို ရှာဖွေဖတ်ရှုလျက် နဒီလှိုင်းအား မိခင်စရိုက်ဝါကျအားများ ပီပြင်အောင် ပြုပြင်ပုံဖော်ပေးခဲ့၏။

"နဒီရဲ့ ငါးလကျော် ခြောက်လထဲ ရောက်လာပြီဆိုရင် အအိပ်အနေလျော့ရတော့မယ်။ လမ်းများများလျှောက်ပေးရတော့မယ်။





ပန်းခြံထဲမှာ လမ်းလျှောက်ရင်း ပန်းပွင့်လေးတွေရဲ့ အလှအပကို ခံစားရင်း ကြည်နူးပီတိစိတ်တွေ မွေးမြူပေးရမယ်။ ဟိုမှာသည်မှာ ပျံသန်းနေတဲ့ လိပ်ပြာလှလှလေးတွေကို ကြည့်ပြီးတော့လဲ သူတို့ရဲ့ ပေါ့ပါးလွတ်လပ်တဲ့ စိတ်တွေကို နဒီ့ရင်ထဲမှာ သန္ဓေတွယ်အောင် မွေးမြူရမယ်။ စိတ်ထဲမှာ တင်းကြပ်မှုတွေ လေးလံအိုက်စပ်မှုတွေ မထားနဲ့တော့ သူငယ်ချင်း"

"အေးပါ . . သူငယ်ချင်းရယ်၊ ငါ့စိတ်တွေ ပေါ့ပါးကြည်လင်နေပါတယ်"

"ဒါနဲ့လဲ မပြီးသေးဘူး နဒီရဲ့၊ ရင်သွေးလေးမွေးပြီးရင် ဘယ်လိုပြုစုယုယမယ်။ ဘယ်လို စေတနာ မေတ္တာတွေထားပြီး ပြုစုပျိုးထောင်မယ် ဆိုတာလေးတွေကိုလည်း တွေးကြည့်ပြီး ကြည်နူးနေရဦးမယ်နော်။ အဲဒီလို သံယောဇဉ်ကြိုးလေးတွေကို မမြင်ရခင်ကတည်းက ချိုနှောင်ထားနိုင်မှ နဒီရဲ့ ရင်သွေးလေးလူဖြစ်လာတဲ့အခါ အမိဝမ်းတွင်းကတည်းက ခိုင်မြဲစွာပါလာတဲ့ ဂရုဏာနှောင်ကြိုးလေးတွေကြောင့် နဒီအပေါ်မှာ သံယောဇဉ်တွေ ကြီးမားနေလိမ့်မယ်။ အဲဒါတွေရော နဒီတွေးမိရဲ့လား"

"ဇာမထီ နင်ဟာလေ တကယ့်ကို နုံ့နုံ့စပ်စပ် တွေးတတ်မြင်တတ်တဲ့ မိန်းမတစ်ယောက်ပဲ၊ နင့်ရဲ့ ကျေးဇူးတရားတွေဟာ

ငါ့အပေါ်မှာ ကြီးမားလွန်းတော့ ငါဒီတစ်သက် ပြန်ဆပ်လို့တောင် ကုန်နိုင်မယ် မထင်တော့ပါဘူး သူငယ်ချင်းရယ်''

''ဒါတွေ မပြောကြေးသူငယ်ချင်း။ အခု နင်ရယ်၊ ငါရယ် နင့်ရင်ထဲက ကလေးလေးရယ် ဘဝတစ်ခုပဲ။ ဒီသုံးယောက်စလုံးရဲ့ ဘဝရှေ့ရေးဟာ ရှေ့ရောက်ဘယ်လိုပုံ ဘယ်လိုမျိုး တိုးတက်မှုတွေ ရှိလာမလဲ။ ဘယ်လိုပျော်ရွှင်ကြည်နူးစရာတွေ ဖြစ်လာမလဲဆိုတာကို မှန်းဆပြီးတော့ပဲ ပျော်ရွှင်မှုသုခဘုံလေးတစ်ခုဖြစ်လာအောင် တို့နှစ်ယောက်အစွမ်းကုန် ဖန်တီးတည်ဆောက်ကြရတာမဟုတ်လား။ ဒါတွေကို တွေးပြီး ပျော်ရွှင်ကြည်နူးနေရတဲ့လူ။ ဒီလောကကြီးထဲမှာ ငါ့အပြင် ဘယ်သူမှ မရှိနိုင်ဘူးလို့တောင် ငါဂုဏ်ယူနေရတာပါကွယ်''

''ဟုတ်တယ်နော် ဇာမဏီ၊ နင်နဲ့ငါ စိတ်ကူးနဲ့ရှုးပြီး တည်ဆောက်ခဲ့တဲ့ ရှင်သန်ခြင်းဟာ ငါတို့နှစ်ယောက်ဘဝမှာ အကြီးမားဆုံး မျှော်လင့်ချက်ကျောက်တိုင်ကြီးပဲ၊ ဒါကြီးကို မပြိုလဲအောင် နိုင်မာအောင် စိုက်ထူပြရမှာ''

''ငါတို့ဘဝထဲကို ကလေးလေးတစ်ယောက် သေချာပေါက် ရောက်လာခဲ့မယ်၊ အဲဒီကလေးလေးရဲ့ စိတ်ပျော်ရွှင်ချမ်းမြေ့မှုတွေကို ငါတို့က ဖန်တီးပေးကြရမယ်၊ ဒီကလေးလေးရဲ့ အတွေးအခေါ်တွေ အသိတရာတွေ မှန်ကန်ဖို့အတွက် ငါတို့နှစ်ယောက် ပညာပေးကြ





ရမယ်။ ငါတို့ရဲ့ ဦးဆောင်မှုအောက်မှာ ဒီကလေးလေးဟာ တိုးတက်ခြင်းတွေ အောင်မြင်ခြင်းတွေ ပိုင်ဆိုင်ရလာလိမ့်မယ်''

''ဒါပေမယ့် သူ့မှာလိုအပ်နေတဲ့ ကွက်လပ်တစ်ခုကတော့ အသေအချာရှိနေခဲ့တယ်။ အဲဒါကတော့ အဖေပဲ၊ ဒီကိစ္စနဲ့ ပတ်သက်လို့လဲ နဒီကို ပွင့်ပွင့်လင်းလင်းပြောထားရဦးမယ်''

''ပြောပါသူငယ်ချင်း။ ဒါကိုငါလည်း တကယ်ပဲ သိချင်နေခဲ့တာပါ''

နဒီလှိုင်းက ခပ်ညိုညိုမျက်နှာအိုအိုလေးဖြင့် ရင်ဖွင့်လိုက်၏။

''သူ့အဖေ စစ်ငြိမ်းဟာ လူ့လောကမှာ တကယ်ရှိနေသေးတဲ့ လူတစ်ယောက်ဖြစ်တာမို့ ကလေးကို အဖေသေပြီဆိုပြီး အမိန့်ချ ပိတ်ပင်ထားတာမျိုး မလုပ်သင့်ဘူး နဒီ။ ကလေးရဲ့ အဖေဟာ အင်မတန်အလုပ်များပြီး ရုတ်တရက် ပြန်မလာနိုင်သေးတဲ့ ဒေသတစ်ခုမှာ ရှိနေတဲ့ သဘောလောက်ပဲ ကလေးနားလည်အောင် သိတတ်စအရွယ်ကတည်းက သင်ကြားထားရမယ်''

''နဒီလှိုင်းတွေတွေဝေဝေလေး ပြန်ကြည့်နေခဲ့၏။ ခင်ဇာမဏီက ဆက်ပြောနေခဲ့၏။''

''နောက်ပြီး စစ်ငြိမ်းရဲ့ ဓာတ်ပုံကို သူ့အဖေဆိုတာ ကလေး

မြင်ဖူးအောင် ပြထားပြီး အဖေခေါ်နိုင်းထားရမယ် နဒီ''

''အဲဒီလိုကြီးလုပ်လို့ဖြစ်ပါ့မလား သူငယ်ချင်းရယ်''

''ဘာလို့ မဖြစ်ရမှာလဲ၊ ဒါအမှန်တရားပဲဟာ''

''တကယ်လို့ ကလေးသိတတ်စ အရွယ်မှာ စစ်ငြိမ်းဟာ အိမ်ထောင်သည် တစ်ယောက်ဖြစ်နေခဲ့ရင်ရော ဘယ်လိုလုပ်မလဲ ဇာမဏီရယ်''

''အဲဒီလိုဆိုလဲ ဘာဖြစ်သေးလဲ၊ ကလေးအဖေဟာ နောက်ထပ်မိန်းမတစ်ယောက် ထပ်ယူလိုက်တယ်လို့ ကလေးနားလည်အောင် ပြာကြရမှာပဲ၊ အဓိက ကလေးအပေါ်မှာ ငါတို့နှစ်ယောက် မလိမ်မညာဖို့ ဟန်မဆောင်ဖို့ပဲ။ ဒီကလေးဟာ စစ်ငြိမ်းရဲ့ ကလေးဆိုတာကို သူများသိတာ မသိတာထက် စစ်ငြိမ်းနဲ့ သူ့ရင်သွေးလေးကတော့ သိဖို့လိုအပ်တာပဲမဟုတ်လား''

''အင်း ... နင်စီစဉ်သလို အစစအဆင်ပြေပြီး လူမှုရေးပြဿနာတွေလည်း မရှုပ်ထွေးဘူး။ စစ်ငြိမ်းကိုယ်တိုင်ကလည်း တစ်နေ့မှာ သူ့ကလေးဆိုတာကို ကိုယ်တိုင်ဝန်ခံတာမျိုး ဖြစ်အောင် တို့နှစ်ယောက် ကြိုးစားအားထုတ်နိုင်ရင်တော့ ဘဝဟာ ပျော်ရွှင်စရာ ပီတိတွေနဲ့ သုခဘုံကြီးတစ်ခု ဖြစ်လာမှာပဲနော်''

''နင် နားလည်ထားဖို့က ကလေးရဲ့အတွင်းစိတ်မှာ အား





နည်းချက် ကွက်လပ်တစ်ခု ဖြစ်မနေအောင် နဒီကိုယ်တိုင်က ခုလိုသန္ဓေသားဘဝထဲက အားမာန်တွေ အပြည့်နဲ့ သွတ်သွင်းပေးနေနိုင်ရမယ်။ စိတ်ဓာတ်ပျော့ညံ့တာတွေ လုံးဝ မစဉ်းစားကြေးနော် သိလား''

''စိတ်ချပါ သူငယ်ချင်း။ ငါ့စိတ်တွေ ထက်မြက်နေအောင် တက်ကြွနေအောင် ငါ အမြဲတမ်း နှိုးစက်ပေးထားပါ့မယ်ဟာ''

''စိတ်ဆိုတာ အပွန်းအပဲ့ အရှအနလေးတစ်ခု ဖြစ်သွားရင် စိတ်မှာ အနာရွတ်ထင်ကျန်ခဲ့တတ်တယ်။ အဲ့ဒါဆိုရင် ပြည့်ဝတဲ့ စိတ်မဖြစ်လာနိုင်တော့ဘူး။ ဒါကို နင်သဘောပေါက်ထားပါ နဒီရယ်''

''စိတ်ချပါ သူငယ်ချင်း။ ငါ့ကြောင့် ငါ့ရင်သွေးလေးမှာအနာရွတ်ဖြစ်ပြီး ကွက်လပ်ရှိနေမယ့် စိတ်မျိုးဘယ်တော့မှ ဖြစ်မလာစေရဘူးဆိုတာ ယုံပါဟာ''

''ကောင်းပြီ သူငယ်ချင်း။ ငါသိပ်ပြီး ဝမ်းသာတယ်။ နင့်စိတ်ဟာ နဂိုကတည်းက မာကြောပြီးသားပဲ။ နင်ဒီလိုဘဝကို ရင်ဆိုင်ရဲတာကိုပဲ ငါတစ်နေ့တစ်နေ့ ရင်ထဲက ချီးကျူးနေခဲ့ရတာပါ။ နင့်အတွက် ငါဂုဏ်ယူပါတယ် သူငယ်ချင်း။ လူ့တာဝန်နားလည်တဲ့ မိခင်တစ်ယောက်အနေနဲ့လည်း ငါ လေးစားပါတယ်။ လောကကြီးရဲ့ အမှန်တရားကို သတ္တိရှိရှိ လက်ခံနားလည်ထားတဲ့အတွက်လည်း ငါ ဂုဏ်ယူပါတယ်။ ငါတို့ မိန်းမတွေဟာ မိခင်ဖြစ်ဖို့ လူ့ဘဝကို

ရောက်ခဲ့ကြရတာ ဘဝပေးတာဝန်ပဲ မဟုတ်လား။ ဘယ်လိုနည်းနဲ့ပဲ မိခင်ဖြစ်ဖြစ် မိခင်မေတ္တာ၊ မိခင်စိတ်ထား ထားနိုင်ခြင်းအတွက်ပဲ လှပီသခဲ့ပြီလေ။ ဒါက ဘဝရဲ့ အဓိက အကျဆုံး သော့ချက်တစ်ခုပဲနော်''

''ဇာမဏီ သူငယ်ချင်းရယ်၊ နှင့်စကားတွေ နားထောင်ရင်း ငါ ကြက်သီးမွေးညင်းတွေတောင် ထလာခဲ့တယ်။ ကျေနပ်ပါပြီ သူငယ်ချင်း။ ငါ့ဘဝကို ငါလုံးဝဥသုံကျေနပ်လိုက်ပါပြီ''

''လောကကြီးကိုနားလည်သွားတဲ့ နှင့်အတွက် လောကကြီးကလည်း နှင့်အပေါ်မှာ အမှန်တွေဖြစ်လာအောင် ပြန်ပြီး ပြုပြင်ပေးလိမ့်မယ်။ ဆုံးရှုံးစရာတွေ၊ နစ်နာစရာတွေ၊ ဝမ်းနည်းကြေကွဲစရာတွေဟာ နောက်ထပ်ဘယ်တော့မှ နှင့်ဘဝမှာ ပေါ်ပေါက်လာတော့မှာ မဟုတ်ဘူး နဒီ''

''ကျေးဇူးတင်ပါတယ် ဇာမဏီရယ်၊ နှင့်လို သူတော်ကောင်းမိန်းမမြတ်တစ်ဦးကြောင့် ငါ့ဘဝမှာ အစစအရာရာ အဖက်ဖက်က တိုးတက်ပြည့်စုံခဲ့ပါပြီ''

''ဒီလိုဖြစ်လာတာဟာ ငါတစ်ယောက်ထဲ တော်လို့လဲ မဟုတ်ဘူး။ နှင့်ရဲ့ ရိုးသားပွင့်လင်းတဲ့ စိတ်စေတနာကောင်းလေးတွေကြောင့်လဲ ဖြစ်တာပါ။ အင်းနောက်ဆုံးပိတ် အဖြေထုတ်ရရင်တော့





လောကကြီးမှာ ငါတို့မိန်းမတွေ ချစ်ရဲကြတယ်။ မေတ္တာထားရဲကြတယ်။ ချစ်မိမေတ္တာထားမိတဲ့အတွက်လည်း အနစ်နာခံရဲကြတယ်။ ဖြစ်လာတဲ့ဘဝကို ရင်ဆိုင်ဖြေရှင်းရဲကြတယ်။ ဒို့မိန်းမတွေဟာ ဘဝအပေါ်မှာ သစ္စာတရားကြီးမားသူတွေပဲလို့ လက်မထောင်ပြီး ဂုဏ်ယူနိုင်ပါတယ် နဒီရယ်နော်''

သူငယ်ချင်းမနှစ်ဦး ညနေချိန် အလုပ်အားလပ်ပြီဆိုမှဖြင့် လမ်းလျှောက်ထွက်ဖြစ်တတ်၏။ တစ်ယောက်နှင့်တစ်ယောက် အားတက်စေမည့် မာန်ဝင်စေမည့် စကားများပြောကြားရင်း အားပေးအားမြှောက်ပြုတတ်ကြ၏။ နဒီလှိုင်းရင်ဝယ် လွယ်ထားခဲ့ရသော ကိုယ်ဝန်ကြီးကလည်း တစ်နေ့တစ်ခြား ရင့်မာလာခဲ့ပြီဖြစ်၏။ အထူးဂရုစိုက်စောင့်ရှောက်မှုများ ပြုလုပ်ရသော အချိန်ဖြစ်၏။ နဒီလှိုင်းက စိတ်အားမငယ်တတ်သလို ခင်ဇာမဏီကလည်း အမျိုးမျိုးရှာဖွေတွေးတောပြီး အားပေးတတ်သူဖြစ်ခဲ့၏။

တစ်ယောက်အပေါ် တစ်ယောက် ချစ်တတ်ယုံ၊ ခင်တတ်ယုံသာမဟုတ်ကြတော့။ ကြင်နာဖော် ကြင်နာဖက်၊ သံယောဇဉ်ပွားဖော် သံယောဇဉ်ပွားဖက်၊ တစ်ယောက်၏ အကျိုးတရားကို တစ်ယောက်၏ အကြောင်းတရားဖြင့် ဖြည့်ပေးဖော် ဖြည့်ပေးဖက် ဖြစ်

ခဲ့ရ၏။

တစ်ယောက်လက်ကို တစ်ယောက်တင်းတင်းဆုပ်ကိုင်ထားပြီး လမ်းလျှောက်နေကြသော သူငယ်ချင်းမနှစ်ဦးကိုကြည့်ပြီး ဦးကြီးဘတို့ လင်မယားအလိုလို အူမြူးရွှင်ပျတတ်ကြ၏။

ကိုယ်ဝန်ဆောင် မိခင်လောင်းအတွက် ဖွယ်ဖွယ်ရာရာလေးများကို စားချင်စဖွယ် ရှာရှာဖွေဖွေ ချက်ပြုတ်ပေးတတ်၏။ ထမင်းမြိန်အောင်လည်း စားချင်စဖွယ် ခူးခပ်ပြင်ဆင်ပေးတတ်၏။ မီးဖွားစဉ်အသုံးလိုမည်ထင်သော ပစ္စည်းပစ္စယလေးကိုလည်း စုဆောင်းရှာဖွေထားတတ်ကြ၏။

အထူးကျွမ်းကျင်သော သားဖွားမီးယပ်ဆရာဝန်ကြီး၏ ညွှန်ကြားချက်ဆေးဝါးစာတတ်စာတို့ကိုလည်း မပြတ်မလပ်အောင် စီမံဖန်တီးပေးတတ်ကြ၏။ စွတာအဆင့် အမြင့်ဆုံးလက်မှတ်ရရှိထားသူ သူနာပြုဆရာမကြီး ဒေါ်ထားတင့်ကိုလည်း နေ့စဉ်မပြတ် အားလပ်ချိန်တိုင်း ဝင်ရောက်ကြည့်ရှုစမ်းသပ်စေခဲ့၏။ လိုအပ်၍ ညွှန်ကြားသည်များကို ချက်ချင်းလက်ငင်းပြည့်စုံအောင် အကောင်အထည်ဖော် ဝယ်ခြမ်းပေးကြ၏။

နဒီလှိုင်းနှင့် သူမ၏ ရင်သွေးကလေး၏ ကုသိုလ်ကံက အလွန်ပင် ထူးခြားဆန်းကြယ်လှလေ၏။ ကူညီပံ့ပိုးပေးမည့်သူများ





သူနေရာနှင့်သူ ကိုယ်စီကိုယ်ငှရှိနေကြခြင်းဖြစ်၏။ ရင်သွေးအတွက် ပြင်ဆင်မှုဟူသမျှ ပြီးပြည့်စုံရုံမျှမကသေး အတွင်းစိတ်ဓာတ်နိုင်ခန့်စေရန်အတွက်လည်း စိတ်ဓာတ်ပြုပြင်မှုလေးတွေက အဆစ်အပိုပါလိုက်သေး၏။

ကံကောင်းလွန်းလေစွ လူသားငယ်ဟု တင်စားရလောက်အောင်ပင် သန္ဓေသားဘဝကတည်းက ပြည့်စုံဝင့်ထယ်မှုတို့ကို ရရှိပိုင်ဆိုင်ခဲ့လေသော လူသားလောင်းလျာလေးပင် မဟုတ်ပါလား။

အူ ... ဝဲ ဟူသော ဟစ်ကြွေးသံနှင့်အတူ မြင့်မြတ်သော လူသားယောကျ်ားလေးတစ်ဦး အောင်မြင်စွာ လူ့လောကကြီးအတွင်းသို့ ဝင်ရောက်လာခဲ့ပြီဖြစ်၏။

ကလေး၏ ခန္ဓာကိုယ်တစ်ခုလုံးတွင် ထူးခြားမှုတစ်ခုခု ချွတ်ယွင်းမှု တစ်ခုခုများ ပါရှိလေသလားဟူသော စိုးရိမ်သောကစိတ်တို့ဖြင့် ခင်ဇာမဏီတစ်ယောက် ကလေး၏ ခန္ဓာကိုယ်အနှံ့အပြားလှန်လှောကြည့်ရှုစမ်းသပ်မှုတွေ အရင်ပြုခဲ့၏။

အားလုံးကောင်းခြင်းမင်္ဂလာတွေနှင့် ပြည့်စုံလေသောအခါမှ ကြည်နူးသော အပြုံးတို့ဖြင့် စိတ်နှလုံး ဒုံးဒုံးချလိုက်ပြီး ယောကျ်ားလေးမွေးရင် ဘယ်လိုခေါ်မယ်၊ မိန်းကလေးမွေးရင် ဘယ်လိုမှည့်မယ်နှင့် ရွေးချယ်ထားသော အမည်နှစ်ခုအနက်မှ နှစ်ဦးသားကြည်နူးစွာ



Scanned by CamScanner

ရေရွတ်လိုက်မိသော လူယောက်ျားလေး၏ အမည်က သံပြိုင်ထွက်ပေါ်လာခဲ့၏။

"ပြည့်ငြိမ်း"

ပြီးလျှင် နှစ်ဦးသား ကြည်နူးစွာ ရီမောလိုက်ကြ၏။ ငြိမ်းချမ်းခြင်း၊ အေးမြခြင်း၊ ပြည့်စုံခြင်းတည်းဟူသော ကောင်းကျိုးဝေသည့် နိမိတ်ပုံတို့ဖြင့် ပြည့်ပြည့်ထွားထွား လူသားယောက်ျားလေးသည် မျက်လုံးစုံမှိတ်၊ လက်သီးဆုပ်တွေကို ဆန့်တန်းရင်း လောကကြီးအတွင်းမှ လူသားတို့၏ အယောင်ဆောင်လှည့်စားမှုများကို အံ့တုကာ မာန်ဝင့်လာသော အပြုံးမြမြလေးဖြင့် လူစာရင်း ဝင်ခဲ့လေ၏။

"ချစ်စရာကောင်းလွန်းတဲ့ မေမေ့သားလေးရယ်"

"ပြုံးချိုကြည်မြလွန်းတဲ့ သားကလေးရယ်"

ပါးစပ်ထဲတွေ့ရာ ပြောဆိုရေရွတ်ကြရင်း မေတ္တာရေစင်တွေ တသွင်သွင်ဖြန်းပတ်နေကြသည်မှာ တစ်နေ့တစ်နေ့ ကလေးငယ်နားမှ မခွာနိုင်အောင် အဖြစ်သည်းနေခဲ့ကြ၏။

ကလေးကို မှက်၊ ခြင်၊ ယင် မနားစေရ၊ အချိန်မှန်ဆေးဝါး မပြတ်လပ်စေရ၊ အိပ်ချိန်နိုးချိန် အပိုအလိုမရှိစေရ၊ ရေပတ်သုတ်ချိန် ရေချိုးချိန် အနှီးလဲချိန် မမှားမယွင်းစေရ၊ ဝိုင်းဝိုင်းလည်မြူးစုယုယနေလိုက်ကြသည်မှာ သူတို့နှစ်ဦးကြား ဦးကြီးဘနှင့် ဒေါ်





ခင်တုတ်တို့ပင် ဝင်၍ မရနိုင်အောင် လေပင်ဝင်တိုး၍ မရနိုင်အောင် ဖြစ်ခဲ့ကြ၏။

ဦးကြီးဘနှင့် ဒေါ်ခင်တုတ်တို့ကလည်း ကလေးလေးတစ်ယောက် သူတို့လိုချင်သော အရုပ်လေးတစ်ရုပ်ကောက်ရလိုက်၍ ဆွေ့ဆွေ့ခုန်နေသော ဝမ်းသာအူမြူးခြင်းတွေဖြင့် အသက်အရွယ်တွေများစွာ နုပျိုလာကြတော့၏။

နဒီလှိုင်း၏ သားချော့တေးလေးများကို အာရုဏ်တတ်ချိန်ကပင် စတင်၍ ကြားနေရတတ်၏။

"လူကလေးရဲ့ အိပ်ချိန်တန် ဖျိုင်းရှေ့ကပျံ
အိပ်ချင်ပြီကွဲ့ စံပယ်ကုံး လွှဲလိုက်ပါဦး"

"အို ... အိုး ... အေး ... အေး မေမေ့သားလေးအိပ်ပါလား .. ငိုလှချည်လား ... သားမောင်ရယ် ချော့လို့သိပ်ပါ့မယ်"

ပြည့်ငြိမ်းကလေး၏ ငိုသံအဲ့အဲ့မျှ မကြားရပါဘဲနှင့် အချစ်သည်းစွာ ထွေးပိုက်ရင်း ကလေးချော့တေးလေးတွေ မပြတ်မလပ်သီဆိုနေတတ်သော မိခင်ငယ်လေးတစ်ဦး၏ ကြည်နူးမှုတွေကို ရင်ဖွင့်မကြည့်ပါပဲ အားလုံးသိမြင်နေခဲ့ကြရလေပြီ။

ခင်ဇာမဏိကတော့ သူငယ်ချင်းမ၏ အပျော်ဓာတ်တို့ကို ကြည်နူးစွာ ကြည့်ရင်း ရုံပန်ရုံခါ မျက်ဝန်းအိမ်တွင် ဝမ်းသာကြည်နူး

လွှန်း၍ ဆို့တက်လာသော မျက်ရည်စလေးများပင် မသုတ်မိအောင် သတိကင်းမဲ့တတ်ခဲ့၏။

ဦးကြီးဘတို့ လင်မယားကလည်း မိမိတို့၏ သက်တမ်းကို ပင်မိမိမေ့လျော့နေခဲ့ကြလေပြီ။ ကလေးငိုလျှင် လိုက်ငိုလိုက်၊ ကလေး ရယ်လျှင် လိုက်ရယ်လိုက်၊ ကလေးကို နတ်သူငယ်မြူလျှင် လိုက် ၍ အူမြူးတုန်လှုပ်လိုက် အားလုံးလိုက်လုပ်နေကြ၏။

ကလေးမှောက်ချိန် ကလေးလေးဘက်သွားချိန် ကလေး ထိုင်ချိန် ကလေးထချိန်များကိုကြည့်ပြီး သူတို့ကပါ လေ့ကျင့်ခန်း ယူနေသလိုမျိုး လိုက်ပါလှုပ်ရှားနေတတ်ကြ၏။

မံမံ ... မံမံ

မေမေ .. မေမေ

ဖေဖေ .. ဖေဖေ

ကလေးအသံနောက်က သံယောင်လိုက်ရင်း လိုက်ပြောနေ ကြသည်လည်း ရှိခဲ့၏။ ကလေး၏ မပီကလာပီကလာစကားတို့ကို အသံယောင်လိုက်ပြီး လူကြီးတွေ စကားမပီကြတော့ပေ။

ဘဘ ကြီးကြီးနှင့် သူတို့ကိုသူတို့လည်း အခေါ်ခံချင်သေး ၍ သင်ကြားပေးလိုက်ရတာလည်း အကြိမ်ကြိမ်ဖြစ်၏။

ဓာဓာဟု ခေါ်သော ကလေး၏ အသံကမပီ၍ ဂျာဂျာဟုဆို





လျှင်လည်း သူတို့ကပါ ကလေးခေါ်သလို ဂျာဂျာ ဂျာဂျာနှင့် လိုက် ခေါ်တတ်ကြ၏။

ဒါတွေကို နေ့စဉ် မြင်တွေ့နေကြရပြီး ခင်ဇာမဏီနှင့် နဒီလှိုင်းတို့နှစ်ဦး အူနှိပ်ပြီး ရယ်မောမိကြသည်မှာလည်း အကြိမ် မနည်းတော့ပါ။

ယခုလည်း ကလေးနှင့်အတူ ချိုမိုင်မိုင်ကနေကြပြန်သေး၏။ တင်ပါးကြီးလှုပ်၍ လှုပ်၍ ကနေသော ဒေါ်ခင်တုတ်ကိုကြည့်ပြီး ခင်ဇာမဏီတစ်ယောက် မျက်ရည်ပေါက်ပေါက် စီးကျလာသည့်တိုင် အောင် အောင်ဟာစ်ရယ်မောလိုက်မိတော့၏။

"ဟား ... ဟား ... ဟား "

ပြည့်ငြိမ်းကလေးကလည်း ထက်မြက်လှပါသည်။ ဉာဏ် ကလည်း ကောင်းလိုက်ပါဘိခြင်း။ သိလွယ်တတ်လွယ်၊ နားလည် လွယ်ရုံမျှမက အမေးအမြန်းကလည်း ထူလှသေး၏။ သူ၏ စကား မပီ၍ မေးသော မေးခွန်းများကို လူကြီးတွေ နားမလည်လျှင် စိတ် ရှည်လက်ရှည် လက်ဟန်ခြေဟန် ကိုယ်ဟန်မူယာတို့ဖြင့် ဖော်ပြပြီး မေးလေ့ မေးထပင် ရှိခဲ့လေပြီ။

အမေးအမြန်းကလည်း ထူလှသည်။ အရာရာတွင် စူးစမ်း

သော မျက်လုံးလေးများကလည်း လှစ်နေအောင်ပါးလှသည်။ တစ်ခါ တစ်ရံ လူကြီးများပင် မဖြေနိုင်သော မေးခွန်းကလေးတွေပင် မေးပြ နေခဲ့ပြီဖြစ်၏။

ပြည့်ငြိမ်းကလေး လူလည်ဖြစ်ခဲ့ပေပြီ။ အခါလည်သား အရွယ် ကျော်လွန်ခဲ့ပြီမို့ ပေါ်လွင်လာသော မျက်နှာသွင်ပြင်က မြင်သူတိုင်း နမ်းချင်ရှုချင်စရာ ချစ်စဖွယ်မျက်နှာပေးလေးနှင့်ဖြစ်သည်။

မျက်လုံးပြူးပြူးနက်နက်ကလေးများကို ဒေါင့်ကပ်၍ ကြည့် တတ်ခြင်း၊ ကကြီးပုံကွေးနေသော လေးကိုင်းသဏ္ဍာန် နှုတ်ခမ်းပါး ကလေးကို တင်းတင်းစေ့၍ ပြုံးကြည့်တတ်ခြင်း၊ ပြေပြစ်သော နဖူး လေးထောင့်စပ်စပ်တွင် ခွေခွေကလေးကျနေသော နူးညံ့ပျော့ပျောင်း သည့် ဆံပင်မွေးညင်းကလေးများ၊ နားထင်စပ်ပါးပြင်တွင် ထူထပ်နေ သော မွေးညင်းလေးများ လက်တံခြေတံပြည့်ပြည့်ဖောင်းဖောင်းသွယ် သွယ်ဖြောင့်ဖြောင့်လေးများ၊ ဖြောင့်စင်းချွန်မြနေသော ပေါ်လွင်သည့် နှာတံလေးများဖြင့် ကျက်သရေအပြည့် ချစ်စဖွယ်ကလေးပင်ဖြစ်၏။

စစ်ငြိမ်း၏ ဓာတ်ပုံကို မြင်လျှင် ဖေရီး ဖေရီး ဟုလက်ညှိုး ထိုး၍ ပြရင်း ခေါ်တတ်ပြောတတ်ခဲ့၏။

နဒီလှိုင်းကိုတော့ မေရီး

ခင်ဇာမဏီကိုတော့ တီတီ ဇာဇာ ကြီးရာ ခေါ်ခဲ့၏။





ဦးကြီးဘကိုတော့ ဘဘ ဘကြီး ဘရီး

ဒေါ်ခင်တုတ်ကိုတော့ ကြီးမေ ရီးမေ တွင်တွင်ခေါ်တတ် မှတ်သားတတ်ခဲ့လေပြီ။

သည်ကလေးထူးခြားသည်က စကားပြောလျှင် ကိုယ်ဟန် မူယာလေးများနှင့် ဖော်ပြကာ ပြောတတ်ဆိုတတ်ခြင်းပင်။ သူပြော သောစကားများကို လူကြီးများ နားမလည်မှာစိုး၍ နားလည်အောင် အားယူပြီး ပြောဆိုနေဟန်မှာ ပေါ်လွင်လွန်းလှ၏။

ပြီးပြည့်စုံ ငြိမ်းချမ်းနေပြီဖြစ်သော ကလေးငယ်ကိုကြည့်ပြီး အားလုံးပျော်နိုင်ကြပါပြီ။ ရန်ကုန်မှ ဖိုးဖိုးနှင့် ဖွားဖွားတို့ကလည်း မြင်တွေ့လိုကြပြီဖြစ်၏။

ကလေးမွေးပြီးကာစ အခိုက်အတန့် ရောက်လာကြသေး ၏။ ယခုကလေးအရွယ်ရောက်လာမှ မရောက်လာဖြစ်ကြတော့။ ရန်ကုန်ပြန်လာရန် ခေါ်နေသည်မှာလည်း အကြိမ်ကြိမ်များစွာရှိခဲ့ပြီ။

ဒါကို နားလည်လွယ်သော ပြည့်ငြိမ်းကလေးက ...

"မေရီး .. သားကို ဖွားရီး တို့ ဖိုးရီးတို့ လွမ်းရာပြီတဲ့။ ထု သွားဂျမယ်လေ"

ဟု မပီကလာ ပီကလာ အသံလေးပြုကာ နဒီလှိုင်းကိုပင် ပူဆာစပြုခဲ့ပြီဖြစ်၏။

နဒီလှိုင်က သားလေးရဲ့ အလိုဆန္ဒကို လိုက်လျောချင်သော်လည်း ရန်ကုန်မြေကို ရုတ်တရက် ပြန်မသွားချင်သေးဟန်ရှိနေသဖြင့် ခင်စမထိကပင် အားပေးတိုက်တွန်းခဲ့ရသေး၏။

''ကလေး စိတ်ချမ်းသာမှုကို ဦးစားပေးရမယ် နဒီ။ လူကြီးဆိုတာ စိတ်ညစ်စရာ အတွေ့အကြုံများလို့ မထူးခြားတော့ပါဘူး။ ကလေး စိတ်ညှိုးငယ်တတ်သွားရင် ကလေးမှာ ဝမ်းနည်းအားငယ်တဲ့စိတ်တွေ ဝင်လာတတ်တယ်။ သူတို့အရွယ်လေးက ဖြစ်ချင်တာကို ဖြစ်လိုက်ရမှ ပျော်တတ်တာ၊ သိပြီး အပြစ်ကင်းစင်ပါတယ် နဒီရယ်''

သည်လိုနှင့် ရန်ကုန်မြေကို ပြန်လည်ခြေချခဲ့ကြ၏။

ရန်ကုန်မြို့ကြီးသို့ ပြည့်ငြိမ်းကလေး ရောက်ရှိလာခဲ့ပြီဖြစ်၏။ ဦးဇာနည်၊ ဒေါ်ခင်မေကြီးတို့ကလည်း တွေ့တွေ့ချင်း ချစ်ခြင်းမေတ္တာတတ်တို့ မြူးကြွပြီး ကလေးအား လက်မှမချ ထွေးပိုက်လျက်ရှိကြ၏။ လမ်းကောင်းစွာ လျှောက်တတ်နေပြီဖြစ်သော ပြည့်ငြိမ်းကလေးကတော့ လူကြီးတို့၏ ပွေ့ဖက်မှုအောက်တွင် ကြာကြာမနေလို၍ အကြောင်းအမျိုးမျိုးပြပြီး ရုန်းထွက်လေ့ရှိ၏။

ဦးဇာနည်က ကလေးကို လက်ကလေးဆွဲပြီး ရင်ခွင်တွင်းသွင်းကာ သူ၏ လက်နှစ်ဖက်ဖြင့် တင်းတင်းကြပ်ကြပ် ပွေ့ဖက်လိုက်





၏။ နှုတ်မှလည်း ရယ်ပြုံးလျက် စကားဆိုလိုက်၏။

''ဖိုးကြီးမြေးလေးက ဖိုးကြီးလိုပဲ အရပ်ရှည်တယ်။ အသားလည်းဖြူတယ်။ ဖိုးကြီးကို ချစ်လား။ ပြောစမ်းပါဦး မြေးလေးရယ်''

''ဖိုးရီး ‥ ဖိုးရီးကို သားချစ်ပါတယ် သားအိုက်တယ်။ သားကို ယပ်ခတ်ပေးပါ။

ပြည့်ငြိမ်းကလေးက ဦးဇာနည်လက်များကို တွန်းဖယ်ရင်း ရုန်းကန်နေ၏။ ဦးဇာနည်က လွှတ်မပေးသေးဘဲ အိမ်သားများကို အမိန့်ပေးလိုက်၏။

''ဟော့ ပန်ကာဖွင့်ကြလေ။ ဒီမှာ မြေးလေးအိုက်နေပြီ''

စကားဆုံးတော့ ပြည့်ငြိမ်း ခေတ္တငြိမ်သက်သွားပြီး ဦးဇာနည်မျက်နှာကို မော့လျက်ကြည့်လိုက်၏။ ပြီးမှ ချစ်စဖွယ်ပြုံးပြလိုက်၏။

''ဖိုးရီး သားအသက်ရှူကြပ်တယ်ဗျ။ အောက်ဆင်းမယ်''

နှာခေါင်းလေးရှုံ့ပြီး အသက်ရှူကြပ်သလို လုပ်ပြနေသော ပြည့်ငြိမ်းကို ကြည့်ပြီး မူယာမာယာလုပ်ပြတတ်သော ကလေး၏ ချစ်စဖွယ် မျက်နှာပေးလေးကြောင့် အားလုံးဝိုင်း၍ ရယ်မောလိုက်ကြ၏။ ဦးဇာနည်လည်း လက်ကိုနဖူးမှာကပ်၍ ဆလံပေးကာ ကလေးကို အောက်သို့ ချပေးလိုက်ရတော့၏။



Scanned by CamScanner

"ဟုတ်ပါ့တော်၊ သူ့အားကြီးနဲ့ ကလေးကို တအားညှစ်ပြီး ဖက်ထားတော့ ကလေးမနေတတ်တော့တာပေါ့။ သားလာ ဒီကို၊ ဘွားကြီးပေါင်ပေါ်လာထိုင်"

ပြည့်ငြိမ်းရုတ်တရက်ပြေးသွားပြီး ဒေါ်ခင်မေကြီးပေါင်ပေါ် တက်ထိုင်လိုက်၏။ ပြုံးချိုချိုမျက်နှာပေးလေးဖြင့် သူ့ကိုဝိုင်းကြည့်နေသော လူများကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး ဒေါ်ခင်မေကြီးမျက်နှာကို မော့ကြည့်ကာ ပူဆာလိုက်၏။

"ဘွားကြီး သားအအေးသောက်ချင်တယ်"

"ဟယ် ဟုတ်ပါရဲ့၊ ကလေးကို အအေးတိုက်ရအောင် သမီးဇာဇာရယ် လုပ်ပါဦးကွဲ့"

ကလေးစကားအဆုံးမှာ ပျာပျာသလဲ အလုပ်ရှုပ်သွားတဲ့ ဒေါ်ခင်မေကြီးကို ကြည့်ပြီး ကျန်လူများ၏ မျက်နှာတွင် မဲ့ပြုံးလေး ကိုယ်စီဖြင့် ပြုံးလိုက်ကြ၏။ သည်းလွန်းပိုလွန်းတယ်ဟူသော အပြုံးမျိုး။ သို့သော် အားလုံးကလေးအား အအေးတိုက်ရန် တက်ကြွစွာ စီစဉ်နေတော့၏။

ဦးဇာနည်ကလည်း "ငါ့မြေးနဲ့ ငါတို့တွေအားလုံး အအေး တူတူသောက်ကြမယ်။ ဟေ့ များများလုပ် ကြားလား"

"ဟုတ်ကဲ့ပါ ဖေဖေ"





တစ်အိမ်သားလုံး၏ ချစ်စဖွယ်အိမ်ဆွဲလွဲလေးဖြစ်ခဲ့ပါပြီ။ ခြောက်ကပ်ကပ်နိုင်လှသော အိမ်ဂေဟာလေးမှာ ယခုအခါတော့ ကလေး၏ ကစားသံ ရယ်မောသံ အော်ဟစ်ပြောဆိုသံတို့ဖြင့် ဝေဝေဆာဆာ စီစီညံညံ ဖြစ်လာခဲ့၏။

"ဖိုးရီး ‥ ဖမ်းနော်၊ မိအောင်ဖမ်း ‥ ဂိုး … ဂိုး"

မြေးအဖိုး ဘောလုံးကစားခြင်းဖြင့် ဦးဇာနည်မှာ ချွေးတစ်လုံးလုံး မောရပန်းရမှန်းမသိ အသက်ဝင်လှုပ်ရှားလာခဲ့တယ်။

ဖွားရီး နန်းတော်ကြီးထဲ ရောက်ဖူးလား …

အခု အဲဒီ နန်းတော်ကြီး ဘယ်ရောက်သွားလဲ … စသည် ဖြင့် ပုံပြင်တွေပါသော နားမလည်သည့် စကားများကိုလည်း ရှာရှာဖွေဖွေ မေးမြန်းစပ်စုတတ်သေး၏။ ဒေါ်ခင်မေကြီး တစ်ခါတစ်ခါ စိတ်မရှည်ချင်တော့။

"ဖွားရီး မောပြီသားရယ်၊ သွားကစားတော့ ဟု ချော့လွှတ် ရတတ်သေး၏။"

ကလေးဘာလုပ်လုပ် တစ်အိမ်သားလုံးက တပြုံးပြုံးဖြင့် ကျေနပ်ပျော်ရွှင်နေကြသည်မှာ အချိန်တိုင်းပင်ဖြစ်ခဲ့၏။ ပြည့်ငြိမ်းက လေးသည် အိမ်သားအားလုံး၏ ရင်တွင် အသံပြည့်ရွှင်လန်းစေသော အိမ်၏ ခေါင်းလောင်းလေးပင် ဖြစ်တော့၏။



Scanned by CamScanner

"ဖွားရီး . . . သားဖေဖေက ပြန်မလာသေးဘူးလားဟင်။ မြန်မြန်ပြန်လာရင် ကောင်းမယ်နော်။ သားဖေဖေနဲ့ စကားအများကြီး ပြောချင်သေးတယ်"

"ပြန်လာမှာပေါ့သားရယ်၊ အခုသားဖေဖေက ဟိုးအဝေးကြီးက နိုင်ငံခြားမှာရောက်နေတာ။ အလုပ်တွေက သိပ်များတော့ ဘယ်ပြန်လာနိုင်ဦးပုံ့မလဲသားရယ်"

"ဒါဆို ဖေရီးရှိတဲ့ နိုင်ငံခြားကို ဖွားရီးနဲ့ သားနဲ့ သွားကြမယ်လေ။ ဖေရီးအလုပ်တွေ ဝိုင်းလုပ်ပေးကြမယ်လေ။ ဖွားရီး သားကို လိုက်ပို့ပေးပါလားနော်၊ ဖွားရီးနော်"

ဒေါ်ခင်မေကြီးကို စကားပြောလျှင် မေးစေ့လေးကို လက်ကလေးဖြင့် ကိုင်ပြီး မျက်နှာကို မော့မော့ကြည့်ရင်း ပြောတတ်သဖြင့် ဒေါ်ခင်မေကြီးမှာ ပြည့်ငြိမ်းကလေးကို ဘာမဆို အလိုလိုက်ချင်စိတ်တို့ ဝင်လာတတ်မြဲဖြစ်၏။ ယခုအခါတော့ ဒေါ်ခင်မေကြီးအလိုမလိုက်နိုင်အောင် အကြပ်ရိုက်တော့၏။

တစ်ဖက်ခန်းမှ ခင်ဇာမဏီနှင့် နဒီလှိုင်းတို့မှာ ဒေါ်ခင်မေကြီး၏ အခက်အခဲကို နားလည်စွာဖြင့် ကူညီရန် ဧည့်ခန်းသို့ ထွက်လာခဲ့ကြ၏။

"သွားမှာပေါ့သားရယ်။ ဖေရီးစီကို သားရယ် ဖွားရီးရယ်၊



ရွှေယမင်းဦး

ဖိုးရီးရယ်၊ တီတီရယ်၊ မေရီးရယ် အားလုံးသွားကြမှာပေါ့"

"ဒါဆို အခုသွားမယ်လေ"

မိခင်ဖြစ်သူ၏ စကားအဆုံးတွင် စိတ်အားထက်သန်စွာ ပြန်ပြောနေသော ကလေးကိုကြည့်ပြီး ခင်ဇာမဏီ ရင်မောစွာ သက်ပြင်းလေးခိုး၍ ချလိုက်မိ၏။ ပြီးမှ . . .

"ဒီမှာ သား။ တီတီ ပြောတာကို နားထောင်နော်။ နိုင်ငံခြား ဆိုတာ သွားချင်တိုင်း သွားလို့မရသေးဘူးသားရဲ့။ သားစာတွေသင်ရဦးမယ်။ သားစာတွေ တတ်မှ နိုင်ငံခြားကို ခေါ်သွားလို့ရမှာ"

ဒါဆို အခုသား စာသင်မယ်လေ။ သားစာတတ်အောင် တီတီကသင်ပေးလေ"

"သင်ပေးမှာပေါ့သားရယ်။ သားကို ကျောင်းထားရဦးမယ်။ ဆရာမတွေက သားကို သင်ပေးလိမ့်မယ်။ အိမ်ပြန်ရောက်တော့ တီတီတို့ သားမေရီးတို့က ထပ်သင်ပေးလိမ့်မယ်။ ဒါမှ သားစာတွေ မြန်မြန်တတ်မှာ။ ဒါမှ သားဖေရီးဆီ မြန်မြန်သွားလို့ရမှာ သိလား သား"

"သားသိပြီ တီတီ၊ သားကို ကျောင်းထားပေးတော့နော်"

ကလေးစိတ်ပြောင်းသွားပြီမို့ အားလုံးရင်မောစွာ သက်ပြင်းချလိုက်ရင်း ကျောင်းဘက်သို့ စကားလွှဲလိုက်ကြရ၏။ မြေးအဖွား

နှစ်ယောက် ကျောင်းအကြောင်း အမေးအဖြေလုပ်နေကြတော့၏။

ခင်ဇာမဏီက နဒီလှိုင်းကို တွေတွေငေးငေးလေးပြန်ကြည့်ရင်း စကားစလိုက်၏။

"နဒီ ကလေးအတွက် ငါတို့ ရှေ့ဆက် လှုပ်ရှားကြရဦးမယ်၊ ငါတို့ ညဦးဆည်းဆာဘက်ကို စနည်းနာသွားရကောင်းမလား။ စစ်ငြိမ်း သတင်းရလိုရငြားပေါ့"

"ဇာမဏီ သဘောလေ။ နဒီ့ဘက်ကတော့ ဘာမှစဉ်းစားဆုံးဖြတ်လို့ မရနိုင်သေးပါဘူး"

"ကဲ ဒါဆိုရင် ရေချိုး အဝတ်လဲပြင်ဆင်ထားတော့။ ဒီညနေ ညဦးဆည်းဆာမှာ တစ်ခုခု သွားစားကြရအောင်နော်"

ခင်ဇာမဏီနှင့် နဒီလှိုင်းတို့ နှစ်နှစ်ကျော် သုံးနှစ်ကျော်နီးပါး ဝေးကွာခဲ့ရသော နေရာဟောင်းသို့ ပြန်လည်ခြေဦးလှည့်ခဲ့ကြတော့၏။ လူဟောင်းတချို့ ရှိနေသေးသဖြင့် သူတို့ နှစ်ဦးအား လှိုက်လှဲပျူငှာစွာ ကြိုဆိုနေရာပေးကြ၏။

လာရောက်နှုတ်ဆက်ကြရင်းမှ သီချင်းတစ်ပုဒ်စီ ချီးမြှင့်ပေးဖို့ ပွဲတောင်းလာသဖြင့် ဗီဇဝါသနာအရ ခင်ဇာမဏီနှင့် နဒီလှိုင်းတို့ မငြင်းဆန်သာပဲ တစ်ယောက်တစ်ပုဒ်စီ စိတ်ပါလက်ပါ သီဆိုဖျော်ဖြေပေးခဲ့ကြ၏။ ပန်းကုံးလက်ဆောင်တွေလဲ ပေးလိုက်ကြ၏။





အမြတ်ရလိုက်သည်က စစ်ငြိမ်းနှင့်ပတ်သက်သော သတင်းတစ်ခု သဲလွန်စ ရခဲ့ခြင်းဖြစ်၏။ စစ်ငြိမ်းအိမ်ထောင်မကျသေး။ မြို့တွင်း လူစည်ကားသော ပန်းခြံတစ်ခုအနီးတွင် ဆုံဆည်းရာအမည်ဖြင့် ကာရာအိုကေဆိုင်တစ်ခု ဖွင့်လှစ်ထားလျက်ရှိကြောင်းပါ သိခွင့်ရခဲ့ကြ၏။ တစ်ခါတစ်ရံ ညဦးဆည်းဆာသို့လည်း အလည်လာတတ်ကြောင်း သိခဲ့ရ၏။

ယနေ့ ဒေါ်ဝတ်မှုံ၏ သမီးငွေကြာဖြူတစ်ယောက် စောစောစီးစီး အိမ်သို့ ရောက်လာခဲ့၏။ ဦးဇာနည်နှင့် ဒေါ်ခင်မေကြီးတို့က ဆီးကြိုလျက် ဧည့်ခန်းတွင်းသို့ ခေါ်လာခဲ့၏။

"လာ .. လာ သမီး ငွေကြာဖြူ။ အကြောင်းထူးပြီ ထင်တယ်"

"မဟုတ်ပါဘူး အန်ကယ်ရယ်၊ သမီးကျောင်းလာရင်းနဲ့ နည်းနည်းစောသေးတာနဲ့ အန်ကယ်တို့နဲ့လည်း မတွေ့ရတာကြာပြီဆိုပြီး ဝင်ခဲ့တာပါ။ အန်တီတို့ရော နေကောင်းကြရဲ့လား"

"အေးကွယ် .. နေကောင်းကြပါတယ်။ ဒါနဲ့ သမီးမေမေ ဝတ်မှုံတစ်ယောက်ရော နေကောင်းရဲ့လားကွယ်"

"ဟုတ်ကဲ့ အန်တီခင် မေမေခုတစ်လော နည်းနည်း ချူ

ချချချ ဖြစ်လာသလိုပဲ။ အစားအသောက်လည်း နည်းလာတယ်။ ချောင်းကလည်း နည်းနည်းဆိုးချင်တယ်''

''လူကြီးတွေ အနားယူပြီဆိုမှ ဒီလို ဖြစ်တတ်ကြတာပဲကွယ်။ အန်ကယ်တို့ လင်မယားတောင် အလုပ်ကိစ္စနဲ့ ဟိုသွားဒီလာ လုပ်နေကြလို့ ကျန်းမာနေကြတာ။ အိမ်မှာ အားလပ်ချိန်ချိန်များများနဲ့ နေရတော့ စိတ်ထဲမှာ ငြီးငွေ့ပြီး ရောဂါဝင်တတ်တာပဲ''

''ဟုတ်လိမ့်မယ်ထင်တယ် အန်ကယ်၊ မေမေ အခု စက်ချုပ်လည်း ရပ်လိုက်ပြီ။ လူတွေက ခေတ်ပုံတွေမှ အပ်ကြတော့တာ။ ကြာဖြူကလည်း ကျောင်းအလုပ်နဲ့ဆိုတော့ မေမေ့ကို နားခိုင်းလိုက်တာ''

''အေး ... နားတာတော့ နားသင့်ပါပြီ။ မဝတ်မှုံ ပင်ပန်းလာတာကြာခဲ့ပြီပဲ။ ဒါပေမယ့် လုံးဝနားနေတာမျိုးတော့ မဖြစ်သင့်ဘူး။ တရားလေးဘာလေး အားထုတ်တာမျိုး။ ညနေဘက် လမ်းလေးဘာလေး လျှောက်ပေးတာမျိုး သမီးက အဖော်လုပ်ပေးပေါ့''

''ဟုတ်ကဲ့ပါ အန်ကယ်၊ သမီး ညနေဘက်တော့ မေမေနဲ့ အဖော်လုပ်ပြီး လမ်းလျှောက်ပေးနိုင်ပါတယ်''

''ကောင်းပါတယ်ကွယ် ကောင်းပါတယ်''

''သမီး ကျောင်းချိန်နီးလို့ ခွင့်ပြုပါဦး အန်ကယ်၊ အန်တီ





ခင် သမီးသွားတော့မယ်နော်''

''အေး .. အေး .. သမီးနေ့လည်တော့ သမီးညီမတွေကို မဝတ်မှုံဆီ ကျန်းမာရေးနဲ့ ပတ်သက်ပြီး လိုအပ်တာကူညီဖို့ လွှတ်လိုက်ပါဦးမယ်''

''ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် .. အန်တီခင်၊ သွားတော့မယ်နော်''

ငွေကြာဖြူ နှုတ်ဆက်ထွက်သွားခဲ့၏။ ဒေါ်ခင်မေကြီးက အလိမ်မာကြီးလိမ်မာလှသော ငွေကြာဖြူလေးကိုကြည့်ပြီး ပီတိတွေ ဝေနေ၏။

''ကဲ အမေကြီး သိပ်ပြီး ပီတိဖြစ်မနေနဲ့။ နေ့လယ်ကျ မဝတ်မှုံအခြေအနေသတင်းမေးဖို့ သမီးကို လွှတ်ဖြစ်အောင် လွှတ်ပေးလိုက် ကြားလား''

''ကျွန်မ နားလည်ပါတယ် ကိုဇာနည်ရယ်။ သမီးကလည်း လူမှုရေးကိစ္စတွေဆို မငြီးငြူရှာပါဘူး။ ကျွန်မ လွှတ်ပေးမှာပါ''

သည်လိုနှင့် နံနက်စာ စားပြီးချိန်လောက်တွင် ခင်ဇာမဏီနှင့် နဒီလှိုင်းတို့နှစ်ဦး ဒေါ်ဝတ်မှုံရှိရာသို့ သတင်းမေးရန် ရောက်လာခဲ့တော့၏။

''ဟယ် ...ဇာဇာတို့ လာကြတယ် မေမေ''



Scanned by CamScanner

ရှိုးသားပွင့်လင်းသော သဏ္ဌာန်နှင့် လှပစင်ကြယ်လွန်းသော မိန်းမလှလေး ငွေကြာဖြူက လိုက်လှဲပျူငှာစွာ ခရီးဦးကြိုဆိုပြုခဲ့၏။

"သမီး ညှော်သည်တွေကို အထဲခေါ်ပါကွယ် .. အဟွတ် အဟွတ်"

ဒေါ်ဝတ်မှုံတစ်ယောက် စကားဆုံးသည်နှင့် ချောင်းသံတဟွတ်ဟွတ်က နောက်ဆက်တွဲအဖြစ် ဆက်လျက်လိုက်ပါလာခဲ့၏။ ခင်ဇာမဏိကလည်း ပျာပျာသလဲ စကားတုံ့ပြန်ပြောခဲ့၏။

"သမီးတို့ အထဲဝင်ခဲ့ပါကွယ်။ အန်တီဝတ်မှုံ အန်တီနေမကောင်းရင် နေသာသလိုနေပါ။ သမီးတို့က အထူးဧည့်သည်တွေမှ မဟုတ်တာ။ အားနာစရာမလိုပါဘူး။ အန်တီဝတ်မှုံရယ်။ အန်တို့အတွက် သစ်သီးဆိုင်ဝင်ပြီး ဓာတ်စာတွေတောင် ဝယ်လာခဲ့သေးတယ်"

"အို .. ကွယ်။ ဒုက္ခရှာလို့ သမီးရယ်။ လူချည်းလာရင်ပဲ အန်တီဝမ်းသာလှပါပြီ"

"သမီးတို့လည်း လာမယ် လာမယ်နဲ့ မလာဖြစ်တာပါ အန်တီ၊ သမီးတို့ ပြင်ဦးလွင်က ဖေဖေ့ပွဲရုံမှာ လုပ်အားသွားပေးနေတာ အန်တီရဲ့၊ ပြန်ရောက်ကြတာ မကြာသေးဘူးလေ"





"အင်း အန်တီလဲ သတင်းကြားပါတယ်။ အန်တီတို့သားအမိကတောင် သမီးဇာဇာအကြောင်း ချီးကျူးနေကြသေးတာ။ လူမှုရေးမှာရော စီးပွားရေးမှာပါ ကိုဇာနည်တို့ မမခင်တို့အတွက် ယောက်ျားလေးတစ်ယောက်ကို အားကိုးသလို အားကိုးရတယ်လို့"

"အင်း .. ဟင်း .. ဟင်း .. အန်တီပြောတာနဲ့ ဇာဇာဘဝင်မြင့်သွားပါဦးမယ်ရှင့် .. ဟင်း .. ဟင်း"

ခင်ဇာမဏိက ကျေနပ်စွာပြုံးရင်း တစ်ဆက်တည်း နဒီလှိုင်းနှင့် မိတ်ဆက်ပေးလိုက်၏။

"သူကတော့ သမီးရဲ့ အချစ်ဆုံး သူငယ်ချင်း နဒီလှိုင်းလေ။ ဖေဖေ့အလုပ်တွေကို သူကပါဝင်ပြီး လုပ်အားပေးရင်း သမီးနဲ့ အဖော်လိုက်ပေးတာပေါ့"

"ဩော် ဟုတ်လား။ အင်း .. သမီးတို့ သူငယ်ချင်းနှစ်ယောက်က ချစ်စရာလေးတွေနော်၊ တက်ကြွပုံချင်းလည်း တူတာပါပဲ"

နဒီလှိုင်းက ချစ်စဖွယ်ပြုံးပြလိုက်၏။ ဒေါ်ဝတ်မှုံဆက်ပြီး ပြောနေခဲ့၏။

"သမီးကြာဖြူ ညီမလေးအတွက် တစ်ခုခု စားသောက်ဖို့ ပြင်ဆင်ပါကွယ်"

"ဟုတ်ကဲ့ပါ မေမေ။ သမီးလက်ဖက်သုပ်နဲ့ အကြွမ်းအိုး ပြင်ဆင်နေပါတယ်။ ခဏလေးနော် ဇာဇာ"

"ရပါတယ် မမကြာဖြူရယ်၊ အားနာစရာ"

ထိုစဉ် ဒေါ်ဝတ်မှုံ ချောင်းတဟွတ်ဟွတ် ဆိုးပြန်၏။ ထွေးခံတွင် တံတွေးထွေးလိုက်ရာ သွေးစအနည်းငယ် ကျလာသည်ကို နဒီလှိုင်း မြင်လိုက်မိသဖြင့် အံ့ဩတုန်လှုပ်စွာ အသံပြုလိုက်မိ၏။

"ဟယ် ဇာမဏီ၊ အန်တီဝတ်မှုံက ရိုးရိုးချောင်းဆိုးတာ မဟုတ်ဘူး။ ချောင်းဆိုးသွေးပါဖြစ်နေတာဟဲ့"

"ဟုတ်လား နဒီ"

"ဟိုမှာလေ ထွေးခံထဲမှာ ကြည့်ပါလား သွေးစလေးတွေ"

"ဟုတ်ပါရဲ့ အန်တီဝတ်မှုံရယ်၊ ဒါဆို ပေါ့နေလို့ မဖြစ်ဘူး။ အခုကို ဆရာဝန်ပြမှ ဖြစ်မယ်"

"ရပါသေးတယ် သမီးတို့ရယ်၊ တော်ကြာ ဆရာ့ဝန်ပြော တာတွေကြားပြီး အန်တီစိတ်သောကတွေ ဝင်နေမှာစိုးရိမ်လို့ မပြသေး တာပါကွယ်"

"ဟာ အန်တီကလဲ ဆရာဝန်က ရောဂါရှာဖွေမယ်။ ရောဂါ တွေ့ရင် ရောဂါနဲ့ ပတ်သက်တဲ့ ဆေးတွေပေးမယ်။ ဒါကို မှန်မှန် သောက်ရင် ရောဂါပျောက်တာပေါ့"





"ဟုတ်ပါတယ် အန်တီဝတ်မှုံ၊ ဆရာဝန်တွေက ညွှန်ကြား တဲ့အတိုင်း လိုက်နာရင် အန်တီရောဂါ အချိန်တိုတိုနဲ့ သက်သာ ပျောက်ကင်းသွားမှာပါ။ အန်တီဘက်က ဆေးသာမှန်မှန်မှီဝဲပေးရင် ဒီရောဂါတွေ ဒီခေတ်မှာပျောက်ပါတယ်။ ကြောက်နေစရာမလိုပါဘူး။ ကြောက်ပြီး မကုဘဲ ပြစ်ထားမှ ဒုက္ခရောက်မှာသိလား"

"မမငွေကြာဖြူက အန်တီကို ဆရာဝန်ပြဖို့ မကြိုးစားဖူး လားဟင်"

"မေမေက အတင်းငြင်းနေတယ်။ မေမေစိတ်ညစ်မှာ ကြောက်တာနဲ့ မမကြာဖြူလည်း မေမေ့အလို လိုက်မိတာပါ"

"ချစ်ရင် အလိုမလိုက်ရဘူး မမကြာဖြူရဲ့၊ ရောဂါကျွမ်းမှ ကုရတာ ပိုပြီးခက်မှာ၊ ရောဂါဖြစ်ကာစ ကုရင်သက်သာတာပေါ့"

"ဟုတ်ပါတယ် ညီမရယ်၊ မမလည်း ပေါ့သွားတယ်"

သူမ၏ အမှားကို ရိုးသားစွာဝန်ခံနေသော မျက်နှာညှိုးညှိုး နှင့် မမကြာဖြူကိုကြည့်ပြီး ခင်ဇာမဏီ စိတ်မကောင်းစွာ ဖြစ်ခဲ့၏။

"ကဲ ဒါဆိုရင် အန်တို့ကိုရေပတ်သုတ်ပြီး အင်္ကျီလဲချည်လဲ ပေးထား၊ ညီမတို့ ဆေးခန်းသွားပြပေးမယ်နော် မမကြာဖြူ"

"ကောင်းပါပြီ ညီမရယ်၊ ဇာဇာတို့ လက်ဖက်သုပ်စား ရင်း ဧည့်ခန်းက စောင့်နေကြနော်။"

ခင်ဇာမဏီနှင့် ငွေကြာဖြူတို့ ညည်ခန်းသို့ ထွက်လာခဲ့ကြ၏။ လက်ဖက်သုပ်စားနေရင်းမှ နဒီလှိုင်း၏ စူးစိုက်ကြည့်နေသော ဓာတ်ပုံတစ်ပုံကို ခင်ဇာမဏီလိုက်ကြည့်မိ၏။

"ဟယ် စစ်ငြိမ်းပုံပါလား"

"ဟုတ်တယ် ဇာမဏီ၊ နဒီလည်း အဲဒါ ကြည့်နေတာ"

ခင်ဇာမဏီ ရုတ်တရက် ဓာတ်ပုံရှိရာ ဘီဒိုလေးသို့ လျှောက်သွားပြီး ထောင်ထားသော ဓာတ်ပုံ၏ နောက်ကျောဘက်သို့ ကြည့်လိုက်မိ၏။

"ချစ်သော မမကြာဖြူသို့" ဟူသော စာတန်းလေးကို ဖတ်ခွင့်ရလိုက်၏။

ခင်ဇာမဏီ ရင်တွင်း၌ ရှုပ်ထွေးသွားခဲ့၏။ နှုတ်မှလည်း "မြတ်စွာဘုရား လွဲပါစေ ဖယ်ပါစေ" ဟု တလိုက်မိသေး၏။ နဒီလှိုင်းကတော့ နားလည်သွားသယောင် ခေါင်းငုံ့ပစ်လိုက်၏။

ထိုစဉ် အန်တီဝတ်မှုံနှင့် ငွေကြာဖြူတို့ ညည်ခန်းအတွင်းသို့ ဝင်လာသည်ကို ခင်ဇာမဏီ ငေးကြည့်လိုက်မိ၏။ လက်မှ ဓာတ်ပုံကိုလည်း မချနိုင်သေးဘဲ တွေတွေဝေဝေ ရှိနေသေး၏။ နဒီလှိုင်းကတော့ မျက်နှာပူလှပြီ မျက်နှာရဲရဲလေးနှင့် ခင်ဇာမဏီ ဘာတွေပြောမည်ကိုသာ ငံ့လင့်နေခဲ့၏။





"မမကြာဖြူ ဒီဓာတ်ပုံထဲကလူက မမကြာဖြူနဲ့ ရင်းရင်းနှီးနှီးခင်မင်ကြသလားဟင်"

ငွေကြာဖြူလည်း ရုတ်တရက် ဘာပြန်ဖြေရမည် မသိဖြစ်နေခဲ့၏။ ဒေါ်ဝတ်မှုံကဝင်၍ စကားစထောက်ပေးလိုက်၏။

"သမီးကြာဖြူ သမီးညီမတွေကို ပွင့်ပွင့်လင်းလင်း ပြောပြလိုက်လေ"

"ဟုတ်ပါတယ် ဇာဇာ၊ မောင်လေးစစ်ငြိမ်းနဲ့ မမတို့ ရင်းရင်းနှီးနှီး ခင်မင်နေကြတယ်"

"ဘယ်လောက်အတိုင်းအတာအထိ ခင်မင်တာလဲ မမကြာဖြူ"

'ပွင့်ပွင့်လင်းလင်းပြောရရင်တော့ မမကြာဖြူရဲ့ ဘဝလက်တွဲဖော်အဖြစ် ဇာဇာသိချင်လို့ပါ"

"ဇာဇာသိချင်ရင် မမပြောပြပါ့မယ်။ သူဟာ ဘွဲ့ရပညာတတ် တစ်ယောက်၊ မိဘတွေက ဂုဏ်ရည်မြင့်သူတွေ၊ သူဝါသနာပါတဲ့ တေးလောကနဲ့ ပတ်သက်ပြီး စီးပွားရေးစားကျက်တစ်ခုကို ဆုံဆည်းရာဆိုပြီး အမည်တစ်လုပ်ကိုင်နေခဲ့တယ်။ သူ့ဝင်ငွေနဲ့ သူ့ဘဝကို ကောင်းကောင်းရပ်တည်နေနိုင်တဲ့လူတစ်ယောက်။ နောက်ပြီး မမကြာဖြူအပေါ်မှာလည်း တန်ဖိုးထားတယ်။ ရိုသေလေးစားမှုလည်း

ရှိတယ်။ မမစိတ်ချမ်းသာမှုအတွက် အမြဲတမ်းမမစိတ်ကို ဦးစားပေးပြီး ပြောဆိုဆက်ဆံလေ့ရှိတယ်။ မမလည်း သူ့ကို နှစ်သက်လက်ခံမိတယ်။ သူက မမကို လက်ထပ်ခွင့်တောင်းနေတာတော့ ကြာပြီ။ မမက မေမေနေမကောင်းသေးဘူးဆိုပြီး အကြောင်းပြပြီး အချိန်ဆွဲထားခဲ့တာပါ"

"မမက ဘာလို့ အချိန်ဆွဲထားနေရတာလဲ"

"မမ အိမ်ထောင်မပြုချင်သေးတာလည်း တစ်ကြောင်း အိမ်ထောင်ပြုပြီးရင် မေမေက သူ့အပေါ်မှာ အချစ်လျော့သွားမှာ ထင်တာကို စိုးရိမ်တာလဲ တစ်ကြောင်းကြောင့်ပေါ့ ညီမရယ်"

"အန်တီဝတ်မှုံကရော ဒီကိစ္စကို ဘယ်လိုသဘောထားလဲဟင်"

"အန်တီကတော့ သမီးတကယ်စိတ်ချမ်းသာမယ်ဆိုရင် ဘာမှဝင်ရောက်စွက်ဖက်စရာ မရှိပါဘူးကွယ်။ ဒါပေမယ့် အမှန်ပြောရရင်တော့ ..." အန်တီခင်စကားမဆုံးသေး ချောင်းတဟွတ်ဟွတ် ဆိုးပြန်၏။ ဖြည်းဖြည်းပြောပါ အန်တီဝတ်မှုံဟု ခင်ဇာမဏီက ဆိုလိုက်၏။

"အင်း ... အမှန်ပြောရရင်တော့ ဒီသူငယ်လေးနဲ့ သမီးကြာဖြူရင်းနှီးတဲ့ အချိန်ကစပြီး အန်တီဝတ်မှုံ ရင်ထဲမှာ ခံစားချက်





တစ်ခုဝင်လာတယ်။ နောက်ပြီး ကျန်းမာရေးလဲ ထိခိုက်လာတယ်ထင်တာပဲ"

"ဟုတ်ပါတယ် မေမေ၊ မေမေ့အခြေအနေကို သမီးအကဲခတ်ပြီး သဘောပေါက်နေခဲ့ပါတယ်။ ဒါကြောင့်လည်း သမီးမောင်စစ်ငြိမ်းကို အချိန်ဆွဲနေတာပဲပေါ့"

သံယောဇဉ်ကြီးမားလွန်းသော သားအမိနှစ်ယောက်ကို ကြည့်ပြီး ခင်ဇာမဏီနှင့် နဒီလှိုင်း ဘယ်လို ဆုံးဖြတ်ပေးရမည်ပင် မသိနိုင်ပဲ တွေဝေနေခဲ့ကြပါသည်။ ပြီးမှ ခင်ဇာမဏီက ...

"ဟုတ်ပါတယ် မမကြာဖြူ၊ အန်တီ့ကျန်းမာရေးကို ဦးစားပေးသင့်တယ်လို့ ထင်ပါတယ်။ ဒီကိစ္စကို အချိန်ဆွဲထားတော့ တစ်ဘက်ကလူရဲ့ မေတ္တာ အတိမ်အနက်ကိုလည်း အကဲခတ်ဖို့ အချိန်ရတာပေါ့နော်"

ခင်ဇာမဏီ၏ စကားအဆုံးတွင် နဒီလှိုင်း ရင်မောစွာ သက်ပြင်းချလိုက်မိ၏။ သက်ပြင်းချသံ နှစ်ခု ပြိုင်တူဖြစ်ခဲ့၏။ ငွေကြာဖြူကလည်း နဒီလှိုင်းကဲ့သို့ပင် ရင်မောနေသူမဟုတ်ပါလား။ အားလုံး အတွေးကိုယ်စီဖြင့် ငြိမ်သက်နေစဉ်တွင် ခင်ဇာမဏီက စတင်လှုပ်ရှားလိုက်၏။

"အန်တီဝတ်မှုံ ဆေးခန်းသွားကြရအောင်"



Scanned by CamScanner

"ကောင်းပါပြီ သမီးရယ်၊ သမီးငွေကြာဖြူကတော့ နေ့လယ်ဘက် ကျူရှင်သင်တန်းတစ်ခုရှိနေသေးတော့ အိမ်မှာပဲနေခဲ့နော်။ မေမေ သမီးညီမတွေနဲ့ပဲ လိုက်သွားတော့မယ်"

"ဟုတ်ကဲ့ပါ မေမေ၊ ဇာဇာတို့နဲ့ပဲ သွားလိုက်ပါ"

ဤသို့ဖြင့် ဒေါ်ဝတ်မှုံကို ကားပေါ်တင်ပြီး ခင်ဇာမဏိနှင့် နဒီလှိုင်း ဆေးခန်းရှိရာသို့ ဦးတည်မောင်းထွက်လာခဲ့၏။

သမားတော်ကြီး ဒေါက်တာကြာဖြူ

**M.B.B.S (RGN)**

**P.H.D (LONDON)**

အဆုတ်ရောဂါအထူးကု

ရွှေရောင်စာလုံးထွင်းထားသော ဆိုင်းဘုတ်ကို ခေတ္တမော့ကြည့်လိုက်ပြီး ခင်ဇာမဏိနှင့် နဒီလှိုင်းတို့ ဒေါ်ဝတ်မှုံကို တစ်ဖက်တစ်ချက်ဝန်းရံလျက် ဆေးခန်းအတွင်းသို့ ဝင်လာခဲ့ကြ၏။ ဆေးခန်းအတွင်း လူရှင်းစပြုနေသေးသည်။ လူနာတစ်ယောက်စ နှစ်ယောက်စသာ ရှိနေ၏။ နဒီလှိုင်းက ဒေါ်ဝတ်မှုံအတွက် ဆေးမှတ်တမ်းစာအုပ်ဝယ်ရင်း ဆရာဝန်ကြီးရှိမရှိ မေးမြန်းကြည့်ခဲ့၏။





တာဝန်ကျ ဆရာမလေးက -

"ကျေးဇူးပြု၍ ခေတ္တစောင့်ဆိုင်းပါ။ ဆရာဝန်ကြီး ရှိနေပါတယ်" ဟု ယဉ်ကျေးစွာ ပြန်ပြောခဲ့၏။

လူနာနှင့် ဧည့်သည်များထိုင်ရန် ပြုလုပ်ထားသော ခုံတန်းရှည်တွင် သုံးဦးသား ဝင်ထိုင်လျက် ဆရာဝန်ကြီးနှင့် တွေ့ရမည့်အချိန်ကို မျှော်လင့်ရင်း စောင့်စားနေခဲ့ကြသည်။ မကြာမီ သူနာပြုဆရာမလေးတစ်ဦးက "ဒေါ်ဝတ်မှုံအသက်(၄၈)နှစ်" ဟု ခေါ်သံပြုလိုက်၏။

ခင်ဇာမဏိ ဦးဆောင်လျက် ဒေါ်ဝတ်မှုံ ဆေးခန်းအတွင်းဘက်သို့ ဝင်သွားခဲ့၏။

နဒီလှိုင်းကတော့ ထိုင်ခုံတွင် စောင့်ရင်း ကျန်ခဲ့၏။

ဆေးခန်းအတွင်းဝယ် နံရံတစ်ခုပေါ်တွင် ရှိနေသော ဓာတ်မှန်ရိုက်ပြီးသား ကတ်ပြားများကို ဆရာဝန်ကြီး ကြည့်ရှုစစ်ဆေးလျက် မှတ်တမ်းတင်နေ၏။ ကျောခိုင်းထားသော ဆရာဝန်ကြီး၏ အရပ်မြင့်မြင့် ပြည့်ဖြိုးသော ခန္ဓာကိုယ်နှင့် အနည်းငယ်ကျဲနေသော ဆံပင်ဦးခေါင်းတို့ကို မြင်နေကြရ၏။ ထူထဲသော မျက်မှန်နှင့် ရောဂါဗေဒရှာဖွေစစ်ဆေးမှု စူးစမ်းမှု ပြုလုပ်နေသော ဆရာဝန်ကြီးကို ကြည့်ရင်း ဒေါ်ဝတ်မှုံ့ဟာစဲယောက် အတွင်းစိတ်ဝယ် သိသလိုလို မသိသလိုလို

ဝေဝေဝါ ဖြစ်နေခဲ့၏။

တာဝန်ကျ သူနာပြုလေးက ဆေးလက်မှတ် စာအုပ်ကို ဆရာဝန်ကြီး၏ ရှေ့မှ စားပွဲပေါ်တင်ရင်း အသိပေးပြောကြားလိုက်သည်။

"ဆရာကြီး လူနာရှင် ဒေါ်ဝတ်မှုံ ဆေးခန်းထဲမှာ ရောက်နေပါပြီ ရှင့်"

"ဪ အေး .. အေး .. ခဏလေးပါကွယ်"

ဦးကြည်ဖြူက နှုတ်မှလည်းပြော လက်မှလည်း စာရွက်ပေါ်တွင် မှတ်တမ်းတစ်ခု ရေးချလိုက်၏။ ပြီးမှ စာရွက်ကို ကလစ်နှင့် ညှပ်၍ နံရံပေါ်၌ ချိတ်လိုက်ပြီး လူနာရှိရာဘက်သို့ ဦးလှည့်လာခဲ့၏။

ဒေါ်ဝတ်မှုံလိုအပ်သည်များကို စမ်းသပ်ရင်းနှင့် နှုတ်မှ မေးခဲ့၏။ ဒေါ်ဝတ်မှုံကလည်း ဆရာဝန်ကြီး၏ မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ပြီး မေးမြန်းသမျှ ဖြေဆိုပေးခဲ့၏။

သွေးပေါင်ချိန်ခြင်း၊ နှလုံးခုန်ခြင်း စမ်းသပ်ခြင်း၊ မျက်စေ့ သူငယ်အိမ်ကို အလင်းတန်းထိုး၍ ကြည့်ခြင်းတို့ ပြုလုပ်ပြီး ဓာတ်မှန်ရိုက်ရန် ညွှန်ကြားခဲ့သည်။

တာဝန်ကျဆရာမလေးက ဒေါ်ဝတ်မှုံကို ဓာတ်မှန်ရိုက်ရန်





ဓာတ်မှန်ခန်းအတွင်းသို့ တွဲလျက် ခေါ်ဆောင်သွား၏။ ဆရာမလေးနှင့် အတူပါသွားခဲ့သော ဒေါ်ဝတ်မှုံတစ်ယောက် ရောဂါနှင့်ပတ်သက်၍ပဲ စိတ်လှုပ်ရှားမှုဖြစ်နေသလား၊ တစ်စုံတစ်ရာကို ကြောက်လန့်တုန်လှုပ်ခြင်းဖြင့်ပဲ စိတ်ချောက်ချားနေသလားမသိ။ ရင်ခုန်သံနှုန်းထားများကတော့ မြင့်တက်နေပြီး မိမိရင်ခုန်သံတဒိတ်ဒိတ်ကို မိမိနားတွင် ပြန်ကြားနေရခြင်းအတွက် ဒေါ်ဝတ်မှုံ အသက်ရှူကြပ်သလို ဖြစ်နေခဲ့၏။

ဓာတ်မှန်ရိုက်ပြီး ၁၅ မိနစ်ခန့် လူနာစောင့် ထိုင်ခုံများတွင် ဒေါ်ဝတ်မှုံတို့ သုံးဦး အသီးသီး ထိုင်စောင့်နေခဲ့ရသေး၏။ မိနစ် ၂၀ ခန့်ကြာမှ ဓာတ်မှန်ကို ကလစ်နှင့် ချိတ်ဆွဲပြီး ဆရာဝန်ကြီး အခန်းတွင်းသို့ သူနာပြုဆရာမလေးတစ်ယောက် ယူသွားသည်ကို လှမ်းမြင်နေကြရ၏။

မကြာမီ သူနာပြုဆရာမလေးက ဒေါ်ဝတ်မှုံကို အတွင်းသို့လာရန် အသံပြုခေါ်ယူခဲ့သည်။

"ဒေါ်ဝတ်မှုံ ဆရာကြီး ဆေးခန်းအတွင်း ကြွနိုင်ပါပြီ"

"ဟုတ် ... ဟုတ်ကဲ့ ..."ဟု နှုတ်မှပြောရင်း သွက်လက်သော ခြေလှမ်းများဖြင့် ဆရာဝန်ကြီး၏ ဆေးခန်းအတွင်းသို့ ဒေါ်ဝတ်မှုံ ဝင်သွားခဲ့၏။ ခင်ဇာမဏိက နောက်မှ လိုက်ခဲ့၏။



Scanned by CamScanner

ဆရာဝန်ကြီးက လိုအပ်သည်များကို မှာကြားလျက် သုံးရက်စာ သောက်ရမည့် ဆေးတို့ကို ညွှန်ကြားလိုက်၏။ မပျက်မကွက်အောင် သောက်ရန်လည်း နှုတ်မှပြောခဲ့၏။

ဒေါ်ဝတ်မှုံလည်း လူနာမှတ်တမ်းစာအုပ်ကို ကိုင်လျက် ပြန်ထွက်လာခဲ့၏။ ခင်ဇာမဏီက ဆရာဝန်ကြီးအား အမေးစကား ပြုလိုက်၏။

"ဆရာကြီး ဆေး ၃ ရက်သောက်ပြီးရင် ဒီဆေးခန်းကို ပြန်လာရဦးမှာလားရှင့်"

"ဟာ . . ပြန်လာရမှာပေါ့။ ဒီဆေးက စမ်းသပ်တဲ့ဆေးပဲ ဒီဆေးနဲ့ တည့်ရင် ရောဂါတွေ့ပြီ"

ဟု ပြုံးပြုံးကြီး ပြန်လည်ပြောနေသော ဆရာဝန်ကြီး၏ သဘောမနောကောင်းပုံရသည့် မွန်ရည်သော ရုပ်ရည်ကို မော့ကြည့်နေရာမှ ခင်ဇာမဏီတစ်ယောက် ဒေါ်ဝတ်မှုံ ကံကောင်းပြီဟု မှတ်ချက်ချလိုက်သည်။

"ကောင်းပါပြီ ဆရာကြီး။ သမီးတို့ကို ပြန်ခွင့်ပြုပါဦး"

"အေး . . ကောင်းပါပြီ သမီးရယ်"

အိမ်အပြန်လမ်းတစ်လျှောက်တွင် ခင်ဇာမဏီနှင့် နဒီလှိုင်းတို့ ဆရာဝန်ကြီး သဘောကောင်းပုံ၊ စိတ်ရှည်ပုံ၊ ကုသမှုကျွမ်းကျင်





ပုံ၊ အလုပ်တွင် စိတ်ဝင်စားမှု အလေးအနက်ရှိပုံတို့ကို တစ်ယောက်တစ်မျိုး ချီးကျူးထောပနာ ပြုခဲ့ကြ၏။

တိတ်ဆိတ်လွန်းနေသူကတော့ ဒေါ်ဝတ်မှုံတစ်ယောက်ထဲ ဖြစ်သည်။ စိတ်နှင့်လူကင်းကွာနေသယောင် ခပ်ငေးငေးလေး ဖြစ်နေ၏။ ဒေါ်ဝတ်မှုံကိုမြင်ပြီး ခင်ဇာမဏီတို့ အားပေးစကားပြောလိုက်ကြသေးသည်။

"အန်တီဝတ်မှုံ ဘာမှမပူနဲ့တော့၊ ဒီဆရာဝန်ကြီးနဲ့သာကုလို့ကတော့ အန်တီဝတ်မှုံရဲ့ ရောဂါပျောက်မှာ သေချာတယ်သိလား" ဟု ကြင်နာစွာ ပြောကြားလိုက်သေး၏။ ဒေါ်ဝတ်မှုံကတော့ ဘာမှပြန်မပြောဘဲ တည်တည်ငြိမ်ငြိမ် အေးစက်စက်ဖြင့် ကားလမ်းဘေးကိုသာ ငေးစိုက်ကြည့်ရင်း အိမ်ပြန်ရောက်ခဲ့သည်။

အိမ်ရောက်လျှင် ဝယ်သင့်သော ဆေးများကို ခင်ဇာမဏီက ရှာဖွေပြီး ဝယ်ခဲ့မည်။ ရလျှင် ပြန်လာပို့မည်။ ညအိပ်ကာနီးမှ စ၍ သောက်ရမည် စသဖြင့် မှာကြားပြီး နဒီလှိုင်းနှင့်အတူ ဆေးဆိုင်သို့ ထွက်လာခဲ့ကြ၏။

ဒေါ်ဝတ်မှုံ ညှော်ခန်းတွင် ငူငူငိုင်ငိုင် ထိုင်လျက် ကျန်ရစ်ခဲ့၏။ ဒေါ်ဝတ်မှုံတွင် စိတ်ဂဏှာမငြိမ်သော ရောဂါတစ်ခု ထပ်ဝင်ခဲ့ပြီ ဖြစ်၏။ ရင်ဘတ်ကို လက်ဝါးနှစ်ဖက်ဖြင့် ဖွဖွလေး ဖိထားရင်း

နှုတ်မှလည်း တီးတိုး ရေရွတ်နေခဲ့၏။

ဘုရား ‥ ဘုရား ဒီဆရာဝန်ကြီးဟာ သူမနဲ့ ပတ်သက်ခဲ့ဖူးသော လွန်ခဲ့သောနှစ် ၂၀ ကျော်က မြို့သား ကိုလူပျိုများလားဟု မပြတ်မသား မသဲမကွဲ အတွေးတွေ ဝင်နေခဲ့၏။ မျက်လုံးနှစ်ဖက်ကိုစုံမှိတ်လျက် ပြန်လည်စဉ်းစားကြည့်မိ၏။ အသက်အရွယ် ရင့်လာခြင်း၊ ဆံပင်ပုံစံ ပြောင်းသွားခြင်းတို့သာ ကွဲပြားခြားနားမှုရှိခဲ့၏။ နဂိုရုပ်ကတော့ မျက်မှန်ထူထူကြီးအောက်မှာ သိပ်ပြီး ပြောင်းလဲခြင်းမရှိသလိုမျိုး ဆုံးဖြတ်နိုင်ခဲ့၏။ မျက်မှန်ထူထူကြီးကို ဖယ်ပြီး ပုံဖော်ကြည့်လိုက်၏။ ဒေါ်ဝတ်မှုံရင်မှာ ရင်ခုန်သံတို့ တဒိန်းဒိန်း မြည်လာခဲ့၏။ နှုတ်မှလည်း …

"ဟုတ်မှာပါ။ သူပဲ ဖြစ်မှာပါ၊ ငါ ဘာဆက်လုပ်ရမလဲ၊ ငါ သူ့ကို ရင်ဆိုင်တွေ့ပြီး ဖွင့်မေးလိုက်လျှင် ကောင်းမလား။ လွဲတော့ လွဲလိမ့်မယ် မဟုတ်ပါဘူး စသဖြင့် ဇဝေဇဝါ မသဲမကွဲ တီးတိုးရေရွတ်နေခဲ့၏။

ညနေစောင်းလောက်တွင် ခင်ဇာမဏီနှင့် နဒီလှိုင်းတို့ ပြန်လည်ရောက်ရှိလာခဲ့ကြ၏။ ဝယ်လာသော ဆေးများကို သောက်သုံးရန် ညွှန်ကြားချက်ကို ပြောပြ၍ ပြန်သွားခဲ့ကြ၏။

မကြာမီ ကျူရှင်သင်တန်းသွားနေခဲ့သော ငွေကြာဖြူ ပြန်





ရောက်လာခဲ့၏။ မိခင်ကို နှုတ်ဆက်ပြီး ဆေးများနှင့် ဆေးမှတ်တမ်းများကို ဖတ်ရှုနေခဲ့၏။ ပြီးမှ …

"မေမေ ဒီဆေးက ဒီညစသောက်ရမှာနော်။ အိပ်ကာနီးရင် မေမေ အစာလုံးဝမစားနဲ့တော့ အစာနဲ့ ဝေးဝေးသောက်ရမယ်လို့ ညွှန်ကြားထားတယ်"

"အေး ‥ ပါ သမီးရယ်၊ မေမေ ဒီနေ့ ညနေစာ စောစောပဲ စားလိုက်ပါ့မယ်။ သမီး ခဏနားပြီး ညနေစာ စားဖို့ ပြင်ဆင်တော့ဟုတ်လား"

"ဟုတ်ကဲ့ပါ မေမေ၊ မေမေ အိပ်ရာထဲ လှဲနေပါလား။ မေမေ့ကြည့်ရတာ ပင်ပန်းနွမ်းနယ်နေသလိုပဲ ဆေးခန်းက ပြန်လာတဲ့ အဝတ်တွေလဲ မလဲရသေးပါလား"

ဒေါ်ဝတ်မှုံ ယခုမှ သတိရလိုက်၏။ ဟုတ်သားပဲ နေ့လယ်ကတည်းက ဒီနားမှာ ထိုင်ပြီး စဉ်းစားတွေးတောနေလိုက်တာ အဝတ်လဲဖို့တောင် သတိမရနိုင်တော့ပါလားဟု စိတ်တွင်းမှ သတိထားလိုက်မိ၏။ ပြီးမှ …

"မေမေ ထိုင်နေချင်သေးလို့ပါ သမီးရယ်၊ အိပ်ရာထဲ လှဲလှဲနေရတာ ငြီးငွေ့လို့ပါ၊ အဝတ်တွေလဲ နောက်မှပဲ လဲတော့မယ်။ ကဲ သမီး လုပ်စရာရှိတာ လုပ်တော့လေ"

"ဩော် ..အင်း ..အင်း ..မေမေ သက်သာသလိုပဲ နေပါ မေမေ"

"အဝတ်လဲချင်ရင် သမီးကိုခေါ်လိုက်နော်။ သမီးကို ခေါ်လိုက်နော်။ သမီး ထမင်းချက်လိုက်ဦးမယ်"

ဒေါ်ဝတ်မှုံက နှုတ်မှ မည်သို့မျှ မတုံ့ပြန်တော့ပဲ ခေါင်း ညိတ်ပြလိုက်၏။ ဒေါ်ဝတ်မှုံရှေ့ဆက်စဉ်းစားခန်းဝင်ခဲ့ပြန်၏။ ငွေကြာဖြူ ကတော့ ကျောင်းဝတ်စုံများလဲပြီး ထမင်းစားခန်းအတွင်းဝင်ကာ လုပ် ကိုင်စရာရှိသည်များကို လုပ်ကိုင်ဆောင်ရွက်နေခဲ့၏။

ဒေါ်ဝတ်မှုံအတွက် လိုအပ်သည့် ဆေးဝါးများဝယ်ယူပြီး ဒေါ်ဝတ်မှုံကို ခင်ဇာမဏီက ညွှန်ကြားအားပေးစကားများ ပြောကြား နေချိန်တွင် နဒီလှိုင်းတစ်ယောက် ဘီရိုပေါ်မှ ဓာတ်ပုံကိုသာ စိတ်ဝင် တစား ငေးမောကြည့်နေခဲ့၏။ အိမ်မှ ပြန်ထွက်လာကြပြီး ကားပေါ် ရောက်မှ ခင်ဇာမဏီက နဒီလှိုင်း၏ မျက်နှာကို မသိမသာ ငေးကြည့် ရင်း သက်ပြင်းမောလေးချလိုက်၏။

"နဒီ ..နင် စိတ်ညစ်နေလား။ ဒါဆိုတို့ တစ်ခုခုတော့ ပြတ်ပြတ်သားသား ဆုံးဖြတ်ကြဖို့ အချိန်ရောက်လာပြီ ထင်တယ်"

"ဟုတ်တယ် ..ဇာမဏီ၊ ငါ့စိတ်တွေ ရှုပ်ထွေးနောက်ကျို နေတယ်။ နင်ပြောသလို ပြတ်သားဖို့ ကျပြန်တော့လည်း တစ်ဖက်





က အပြစ်ကင်းစင်လွန်း ရိုးသားပွင့်လင်းလွန်းတဲ့ မမငွေကြာဖြူတစ် ယောက် သိပ်ပြီးခံစားသွားရမှာကို ငါ စိုးရိမ်ကြောင့်ကြမှုတွေ များနေ တယ်ဟာ"

"မမကြာဖြူကိုသနားရင် အမှန်တရားကိုအမြန်ဆုံးဖော် ထုတ်ပေးကြရမှာပေါ့ နဒီရဲ့၊ ဒါမှ ချစ်ရာ သနားရာရောက်မှာပေါ့။ ခု မသိလဲ နောက်တစ်ချိန်မှာ သိမှာပဲ၊ ပြင်လို့မရနိုင်တော့တဲ့ အချိန် ကျမှ သိခဲ့ရင် မမငွေကြဖြူ ဘယ်လောက်ထိခိုက်နစ်နာမလဲဆိုတာ နင်စဉ်းစားကြည့်လေ။ ခု အချိန်က ပြင်လို့ နောက်ဆုတ်လို့ ရသေး တာပဲ မဟုတ်လား"

"အင်း ...ဟုတ်တော့လဲ ဟုတ်ပါတယ်လေ။ ဒါပေမယ့် ငါ့ရင်ထဲမှာ မမငွေကြာဖြူ ဘယ်လောက်ထိခိုက်နစ်နာမလဲဆိုတာ နင်စဉ်းစားကြည့်လေ။ ခုအချိန်က ပြင်လို့ နောက်ဆုတ်လို့ ရသေးတာ ပဲ မဟုတ်လား"

"အင်း ..ဟုတ်တော့လဲ ဟုတ်ပါတယ်လေ။ ဒါပေမယ့် ငါ့ရင်ထဲမှာ မမငွေကြာဖြူအတွက် ရဲရဲရင်ဆိုင်ပြီး မဖြေရှင်းဝံ့ဘူး ဖြစ်နေတယ်။ သတ္တိတွေ တအားနည်းနေတယ်ဟာ"

"နဒီ ခုကိစ္စက နင်ရော မမငွေကြာဖြူရော နှင့်သားလေး ပြည့်ငြိမ်းရော အားလုံးကောင်းစားရေးအတွက် ရင်ဆိုင်ရမှာလေ။



Scanned by CamScanner

နင်သတ္တိမွေးစမ်းပါဟာ နော်''

''ကောင်းပြီ သူငယ်ချင်း။ နင့်သဘောအတိုင်းပဲ ရှေ့ရေးအတွက် ငါ သတ္တိရှိရှိ ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်ပြီဟာ''

''ဒါဆို ငါတို့ စံပြိမ်းရှိနိုင်မယ့် ဆုံဆည်းရာကို သွားကြစို့လေ။ မကောင်းဘူးလား''

''ကောင်းပါတယ် ဇာမဏီ''

တူညီသော ဆုံးဖြတ်ချက်ဖြင့် ဆုံဆည်းရာ ကာရာအိုကေဆိုင်သို့ ရောက်လာခဲ့ကြ၏။ ဆိုင်အတွင်း လူရှင်းချိန်ဖြစ်သဖြင့် အဆင်သင့်လှ၏။

ဆိုင်အတွင်း တက်ကြွစွာ ဝင်လာသော မိန်းမပျိုလေးနှစ်ဦးအား မြင်သဖြင့် တာဝန်ပေးအပ်ထားခြင်းခံရဟန်တူသော လူရွယ်တစ်ဦးက ခရီးဦးကြိုပြုရင်း နေရာပေးခဲ့၏။

မိန်းမပျိုနှစ်ဦးက ဆိုင်အတွင်းနေရာအနှံ့အပြားသို့ ရှုစမ်းလေ့လာသော မျက်လုံးများဖြင့် စေ့စိုက်ကြည့်ကာ ကြည့်ရှုနေလိုက်ကြသည်။ ဧည့်ခန်းတစ်နေရာရှိ ဓာတ်ပုံတစ်ပုံကို နှစ်ဦးသား ငေးရှု စိုက်စိုက် ကြည့်နေခဲ့ကြ၏။ သူတို့နှစ်ဦးတွေ့လိုက်သော စံပြိမ်း၏ ခန့်ထည်သော အပြုံးများဖြင့် တည်ကြည်လှသော ဓာတ်ပုံတစ်ခု ဖြစ်ခဲ့၏။





တာဝန်ကျ လူရွယ်က သူတို့နှစ်ဦးကို အကဲခတ်ရင်း အမေးစကားတစ်ခွန်းမေးလိုက်၏။

''ဒီက ညီမတို့က သီချင်းဆိုဖို့ အသံသွင်းဖို့အတွက် လာခဲ့ကြတာ ထင်ပါရဲ့ ဟုတ်လား''

''ဪ .. မဟုတ်ပါဘူးရှင်။ ဒီက ဆိုင်ရှင်ကိုစံပြိမ်းနဲ့ တွေ့ချင်လို့ လာခဲ့ကြတာပါ''

''ဟုတ်လား .. ဒီလိုဆိုရင်တော့ မတွေ့နိုင်ကြသေးဘူးခင်ဗျ။ အစ်ကိုကြီးက နေ့လယ်တက်ဆို အလုပ်ကိစ္စတွေနဲ့ မြို့ထဲသွားလေ့ရှိတယ်''

''ဒါဆို ကိုစံပြိမ်း ဘယ်အချိန်လောက် သေချာပေါက်ရှိနေနိုင်သလဲဆိုတာ သိချင်ပါတယ်''

''ညဘက် ၇ နာရီကျော်ရင်တော့ သေချာပေါက် ပြန်ရောက်လာတတ်ပါတယ်။ အစ်ကိုကြီး ပြန်လာရင် ကျွန်တော် ဘယ်သူတွေလာသွားတယ်လို့ ပြောပေးရမလဲခင်ဗျာ''

''ကိစ္စမရှိပါဘူးရှင်၊ ကျွန်မတို့နှစ်ယောက် ညကျမှပဲ ထပ်လာခဲ့ပါ့မယ်။ သေချာပေါက် ရှိနိုင်တဲ့ အချိန်လာခဲ့ပါ့မယ်''

''ဟုတ်ကဲ့ .. ဒီလိုဆို ကောင်းပါပြီဗျာ''

''ကျေးဇူးတင်ပါတယ်ရှင် .. ခွင့်ပြုပါဦးနော်''



Scanned by CamScanner

ခင်ဇာမထီကပင် ဦးဆောင်လျက် ရောက်ခဲ့၏။ ယခုလည်း ခင်ဇာမထီကပင် ဦးဆောင်လျက် စကားပြောဆိုခဲ့၏။ ပြန်တော့လည်း ခင်ဇာမထီဦးဆောင်မှုနောက်မှပင် နဒီလှိုင်း ငြိမ်သက်စွာ လိုက်ပါလာခဲ့ခြင်းဖြစ်၏။

ကာရာအိုကေဆိုင်အတွင်းမှ တာဝန်ကျ လူရွယ်ကတော့ မိန်းမပျိုလေးနှစ်ဦး တက်ကြွသွက်လက်စွာ ကျောခိုင်းသွားနေသည်ကို လှမ်းကြည့်ရင်း ခေါင်းကို ကုတ်နေခဲ့၏။

ဒီနေ့ ကျောင်းအားလပ်ရက်မို့ ငွေကြာဖြူတစ်ယောက် အိမ်သန့်ရှင်းရေးများဖြင့် အလုပ်ရှုပ်နေခဲ့သည်။ အတွင်းစိတ်၌လည်း အတွေးစတို့ အမျှင်တန်းပြီး ဂဏှာမငြိမ်ဖြစ်နေခဲ့၏။ စိတ်ဂဏှာမငြိမ်လေ အလုပ်များကို ဖိလုပ်လေဖြင့် စိတ်ငြိမ်အောင် ကြံဖန်ကြိုးစားနေခဲ့၏။

ငွေကြာဖြူ မူလတန်းပြဆရာမလေး ဖြစ်လာချိန်တွင် ငွေကြေးဥစ္စာ အသင့်အတင့် စုဆောင်းရရှိနေပြီဖြစ်သော ဒေါ်ဝတ်မှုံ တစ်ယောက် စက်ဆိုင်လေးပိတ်ပြီး အနားယူခဲ့တော့၏။ သမီးဖြစ်သူ၏ လစာငွေအပြင် ပြင်ပအချိန်ပိုစာသင်၍ ရရှိခဲ့သော ဝင်ငွေများကလည်း ရှိနေသဖြင့် သားအမိနှစ်ယောက် ဟန်မပျက်





စားသောက်နိုင်ခဲ့ကြ၏။

မိခင်နှင့်သမီးနှစ်ဦးအကြားတွင် ဘာဆိုဘာမှ လိုလေသေး မရှိအောင် ပြည့်စုံအေးချမ်းလှသည်။ တစ်ယောက်၏ စိတ်အလိုကို တစ်ယောက်က အလိုလိုသိပြီး အားဖြည့်စိတ်ချမ်းသာမှုလေးများပေးခဲ့ကြသည်။

မကြာသေးမီကာလကမှ ငွေကြာဖြူထက် အသက်ခြောက်နှစ်ခန့်ငယ်သော မောင်စစ်ငြိမ်းတစ်ယောက် ရုတ်တရက် မိသားစုအဖြစ် အိမ်သို့ ဝင်ရောက်လာခဲ့ခြင်းဖြစ်၏။ ပွင့်လင်းသော ငွေကြာဖြူကလည်း မိခင်ကို ရင်ဖွင့်အသိပေးခဲ့ခြင်းဖြစ်၏။

မောင်စစ်ငြိမ်း၏ ရဲဝံ့သော ဟန်ပန်အမူအယာကို အကဲခတ်ပြီး ဒေါ်ဝတ်မှုံတွေဝေသလို ရှိနေခဲ့၏။ သမီးငွေကြာဖြူအတွက်လည်း ဒီလိုကိစ္စတွေ အတွေ့အကြုံမရှိခဲ့သူမို့ စိုးရိမ်ကြောင့်ကြမှုတို့ ရင်တွင်းမသိမသာ ဝင်လာခဲ့၏။

ငွေကြာဖြူကို အကဲခတ်ပြန်တော့လည်း စိတ်ဝင်စားမှု ဟန်ပန်အပြည့်အဝရှိကြောင်း သူမ၏ လှုပ်ရှားမှုလေးများက သက်သေခံလျက်ရှိ၏။ သိမ်မွေ့အေးချမ်းစွာနေတတ်သော ငွေကြာဖြူတစ်ယောက် ငယ်မူငယ်သွေး တက်ကြွဟန်လေးများ မြူးတူးရွှင်ပျလေးများ ပိုမိုရှိလာခဲ့၏။



Scanned by CamScanner

တစ်ခါတစ်ရံ တစ်ယောက်ထဲ တွေးရင်း ရီနေ ပြုံးနေတတ်သည်ကိုလဲ ဒေါ်ဝတ်မှုံတွေ့ရပြန်၏။ ငွေကြာဖြူ စိတ်ကူးယဉ်တတ်သည်ကို ဒေါ်ဝတ်မှုံ အကဲခတ်ရင်းမကြာခဏ စိတ်မောခဲ့ရ၏။ ယခင် အိပ်ရာဝင်လျှင် ခေါင်းအုံးနှင့် ခေါင်းထိုလိုက်သည်နှင့် မကြာခင်အိပ်ပျော်လေ့ရှိတတ်သော ကလေးငယ်တစ်ယောက်လို အပြစ်ကင်းစင်ခဲ့သည့် ငွေကြာဖြူတစ်ယောက် ယခုအခါ နဖူးပေါ်လက်တင်စဉ်းစားခန်းဝင်နေသည်ကို သန်းခေါင်ယံအထိ တွေ့မြင်သုံးသပ်ခဲ့မိ၏။

ဒေါ်ဝတ်မှုံစိတ်တွင်း မငြိမ်းချမ်းနိုင်တော့ စား၍လည်း မဝင်တော့ပြီ၊ အိပ်၍လည်း မပျော်တော့ပြီဖြစ်လာ၏။ သူမက သမီးကို စိတ်ဝင်စားသလောက် အသေးစိတ်အကဲခတ်သလောက် သမီးက အမေဖြစ်သူကို တစ်ခါတစ်ရံမေ့လျော့ပြီး ရှာနိုဝင်နေတတ်ပုံလေးများကြောင့် ဒေါ်ဝတ်မှုံရင်တွင်း ကြေကွဲခံခက်ခြင်းဝေဒနာ သောကလေးများ တစတစ ဝင်ရောက်လာတတ်သေး၏။

ငွေကြာဖြူ၏ အတွေးစိတ်ကူးအတွင်းမှာတော့ မိမိအပေါ် မမ မမနှင့် တစ်ချိန်လုံး တွယ်တွယ်တာတာဂရုစိုက်နိုင်လွန်းသော မောင်စစ်ငြိမ်းကို သံယောဇဉ်ပိုခဲ့မိ၏။ မိမိကို ရိုသေလေးစားသောဟန်ပန် မြတ်နိုးတွယ်တာ တန်ဖိုးထားလွန်းသော အမူအရာလေးများ





ကြောင့် စိတ်တွင်းဝယ် ကြည်နူးမှုတို့ လွှမ်းခြုံလျက် တုံ့ပြန်မေတ္တာစေတနာစိတ်တို့ မောင်စစ်ငြိမ်းအတွက် ပြည့်သိပ်နေခဲ့၏။

တစ်ကြိမ်တစ်ခါမှ မဖြစ်ဖူးသော နှလုံးသား၏ လှုပ်ခတ်မှုဝေဒနာလေးများကို ကြည်နူးစွာခံစားရင်း မောင်စစ်ငြိမ်း၏ မျက်နှာသွင်ပြင်ကို မိမိဘဝ၏ အဖော်မွန်အဖြစ် တဝလဲလည်လည် လှည့်ပတ်မြင်ယောင်နေခဲ့၏။ သွားပုံလာပုံပြောပုံဆိုပုံ ရီပုံပြုံးပုံလေးများကို မျက်ဝန်းမှ မထွက်နိုင်အောင် ရစ်ဝဲနေခဲ့၏။ ငွေကြာဖြူ စိတ်ရွှလန်းမှု ကြီးမားခဲ့၏။

"မမ . မောင်တို့အတူတူ နေကြရအောင်နော်။ မောင်မမနဲ့ တွေ့ပြီး ပြန်ကာနီးတိုင်း မခွဲနိုင်အောင် ခံစားရပါတယ် မမရယ်"

"အင်း . . ပါ မောင်ရယ်၊ အခုတစ်လော မေမေ့ကျန်းမာရေးက နည်းနည်းမကောင်းသေးလို့ပါ။ မေမေ နေကောင်းတာနဲ့ မမအမြန်ဆုံး ဖွင့်ပြောပြီး ခွင့်တောင်းပေးပါ့မယ်။ မမအတွက် အခုအချိန်က မေမေ့ရဲ့ စိတ်ချမ်းသာမှုက အဓိက ဖြစ်နေလို့ပါနော်"

"အင်းလေ . . . မမကို ချစ်မိတော့မှတော့ မမအပေါ် စိတ်ရှည်ရှည်ထားနိုင်အောင် ကြိုးစားရမှာပေါ့ဗျာ။ ဘယ်တတ်နိုင်ပါ့မလဲ။ ဒါပေမယ့် မမတစ်ခုတော့ မောင့်ကို ကတိပေးရမယ်နော်"



Scanned by CamScanner

"ပြောပါမောင် ... ဘယ်လို ကတိပေးရမှာလဲ"

"ဘယ်လို အကြောင်းကိစ္စမျိုးနဲ့ပဲဖြစ်ဖြစ် မမမောင့်ကို မငြင်းပယ်လိုက်ပါနဲ့နော်။ မငြင်းပယ်လိုက်တဲ့နေ့ဟာ မောင့်ဘဝမှာ အကြီးမားဆုံး ဆုံးရှုံးမှုတွေနဲ့ ဘဝပျက်တဲ့နေ့ပဲဖြစ်မှာ မမရဲ့ သိလား"

"အေးပါကွယ် .. မမကတိပေးပါတယ်။ မမမှာ မေမေကလွဲရင် သံယောဇဉ်တွယ်တာရမယ့်လူဆိုလို့ မောင်တစ်ယောက်ထဲသာ ရှိခဲ့တာပါမောင်။ မမရဲ့ အချစ်ကို ယုံပါလို့ပဲ မမထပ်ပြီး ပြောပါရစေနော်"

"ယုံပါတယ် မမရယ်၊ ဒါကြောင့်လည်း မမခွင့်ပြုတဲ့ အချိန်အထိ မမအပေါ် အလွန်အကြူးချစ်ချင်တဲ့စိတ်တွေကို ထိန်းချုပ်ရင်းစောင့်ဆိုင်းရတာပေါ့။ မမတစ်ယောက် စိတ်ချမ်းသာပါစေဆိုတာလဲ မောင် နေ့တိုင်း ဆုတောင်းနေပါတယ်။ မမ မေမေ မြန်မြန်ကျန်းမာပါစေလို့လဲ ထည့်ပြီး ဆုတောင်းရဦးမယ်။ ဒါမှ မောင်နဲ့ မမ အတူတူ နေနိုင်ကြမှာနော်"

မောင်စစ်ငြိမ်း၏ စကားပရိယာယ်ကြောင့် ငွေကြာဖြူနှလုံးသားအတွင်း သိမ့်ခနဲ ကြေကွဲစွာ ခံစားလိုက်ရ၏။ ချစ်သူ၏ အလိုကို လိုက်လျောချင်သော စိတ်တို့ကလည်း ပွံ့လွင့်လာခဲ့၏။ မိမိ၏ စိတ်များကို မိမိသတိပညာဖြင့် ပြန်လည် ချုပ်တီးလိုက်ရင်း ငွေ



ဧရှယမင်းဦး

ကြာဖြူရင်မောစွာ သက်ပြင်းချလိုက်၏။

ငွေကြာဖြူ၏ နွမ်းနယ်မှုဟန်ပန်ကို မြင်တွေ့လိုက်သော စစ်ငြိမ်းက ငွေကြာဖြူ၏ လက်တစ်ဖက်ကို ကြင်နာစွာ ကိုင်တွယ်ပွတ်သပ်ပေးလိုက်၏။ ငွေကြာဖြူလည်း မောင်စစ်ငြိမ်းကို အားကိုးတကြီး မော့ကြည့်လိုက်ပြီး စစ်ငြိမ်း၏ ပခုံးစွန်းတွင် ခေါင်းတင်လျက် စိတ်တို့လျော့ချပစ်လိုက်၏။

ထို့နောက် နှစ်ဦးစလုံး၏ ပင့်သက်ရှိုက်သံတို့က တူညီစွာ ထွက်ပေါ်လာခဲ့၏။

ဒေါ်ဝတ်မှုံတစ်ယောက် ငွေကြာဖြူ၏ အိမ်ထောင်ရေးနှင့်ပတ်သက်၍ စဉ်းစားလေလေ ရင်မောလေလေဖြစ်နေခဲ့၏။ သမီးနှင့်အမေတို့နှစ်ဦးအကြား လျော့ပါးသွားတော့မည့် မေတ္တာတရားများအတွက် နာကြင်ခံခက်ဖြစ်မိ၏။ သမီးလေးကို လူတစ်လုံးသူတစ်ငုံးဘဝတစ်ခု ထူထောင်ပေးလိုစိတ်ကလည်း အမှန်ရှိခဲ့၏။ အိန္ဒြေကြီးလွန်းသော သမီးလေးဘဝကို တင့်တင့်တယ်တယ် ထယ်ထယ်ဝါဝါဂုဏ်ရှိန်တို့ဖြင့် ဆင်စီးမြင်းရံလည်း မြင်လိုလှ၏။ သို့သော် မိမိထင်သလို ဖြစ်မလာဘဲ ပတ်သက်လာမည့် ယောကျ်ားသားတစ်ဦး၏ အရှိန်အဝါ ဩဇာစက်အောက်ဝယ် စိုးမိုးခြယ်လှယ်အနိုင်ကျင့် နိုင်

စက်ခံရမည်ကိုလည်း တွေးတော စိုးရိမ် ပူပန်ကြောင့်ကြစိတ်တို့ မကင်းနိုင်ဖြစ်ခဲ့၏။

အိမ်ထောင်ကျပြီးသည်နှင့် မိမိ၏ အစွမ်းအစတို့ကို မြှုပ်နှံထားတတ်ကြရသော မိန်းမသားတို့၏ဘဝကိုလည်း စာနာနားလည်ထားခဲ့သူဖြစ်၏။ သမီးလေးကို ထာဝရအဖိုးတန်သည့် ပတ္တမြားပမာ အရောင်တဖိတ်ဖိတ် တောက်ပနေသည်ကိုသာ မြင်လိုခြင်းဆန္ဒတို့ကလည်း ပြင်းပျလှ၏။ ကြည့်မဝ ရှုမဝေသေးချစ်မဝေသေးသဖြင့် အချိန်ဆွဲနေမိခြင်းဖြစ်သည်။ ကြောင့်ကြစိတ်များကြောင့် ကျန်းမာရေးကလည်း ထိခိုက်လာခဲ့၏။ ယခုတော့သည် ကျန်းမာရေးကို အကြောင်းပြုပြီး မိမိလုံးဝမမျော်လင့် မထင်မှတ်ထားသော ဆရာဝန်ကြီး ဦးကြည်ဖြူနှင့် ဆုံဆည်းခွင့်ရခဲ့၏။ ဆရာဝန်ကြီး ဦးကြည်ဖြူနှင့် တွေ့ဆုံပြီးသည့်နောက်ပိုင်း ဒေါ်ဝတ်မှုံစိတ်တို့ မငြိမ်မသက်ဖြစ်နေခဲ့၏။ ဘာဆိုဘာမှတိတိကျကျ ဆုံးဖြတ်ချက်များမချလိုသေးသော ကာလလမ်းခုလတ်သို့ ရောက်နေချိန်ဖြစ်၏။

သမီး၏ အိမ်ထောင်ရေးကိစ္စကို အချိန်ဆွဲလိုသဖြင့် မောင်စစ်ငြိမ်းအတွက် လိုအပ်သော စုံစမ်းစစ်ဆေးမှုတွေ ပြုနိုင်အောင် ခင်ဇာမဏီနှင့် နဒီလှိုင်းကို တာဝန်များပေးထားခဲ့ခြင်းဖြစ်၏။ သမီးဖြစ်သူ၏ အိမ်ထောင်ရေးကို ခုတော့ အခိုက်အတန့် မေ့မေ့ပျောက်





ပျောက် ထားလိုက်ပြီဖြစ်၏။ သူမ စဉ်းစားတွေးတောနေသည်က ဆရာဝန်ကြီး ဦးကြည်ဖြူ ဖြစ်၏။ သူမ အချိန်ဆွဲပြီး စိတ်ဆင်းရဲခံမနေလိုတော့။ ယနေ့ည အိပ်ပျော်အောင်အိပ်မည်။ မနက်ဖြန် သမီးလေး ကျောင်းသွားချိန်တွင် ဆရာဝန်ကြီးနှင့် သွားရောက်တွေ့ဆုံဆွေးနွေးတော့မည်။ ဦးကြည်ဖြူနှင့် တွေ့ဆုံရင်ဆိုင်ရန် သတ္တိအပြည့် မွေးယူလိုက်၏။ ဒေါ်ဝတ်မှုံရင်အတွင်း ငြိမ်းချမ်းသွား၏။ ပေါ့ပါးလန်းဆန်းသွား၏။ အားမာန်သစ်များ ပြန်လည်နိုးထ တက်ကြွလာခဲ့သည်။

သမီးပေးသော ဆေးကို ရေအေးအေးဖြင့် တဝကြီးသောက်ပစ်လိုက်၏။ ဒေါ်ဝတ်မှုံ ငြိမ်းချမ်းစွာ အိပ်ပျော်ခြင်းသို့ ရောက်ခဲ့၏။ ဆေးသောက်ပြီး မကြာမီ နှစ်ခြိုက်စွာအိပ်ပျော်သွားသော ဒေါ်ဝတ်မှုံကိုကြည့်ပြီး ငွေကြာဖြူ ကျေနပ်စွာပြုံးလျက် ခြင်ထောင်ချထားပေးလိုက်၏။

ပြီးလျှင် မိခင်၏ ဘေးဘက်တွင် ဝင်ရောက်လဲလျောင်းလျက် နဖူးပေါ် လက်တင်ပြီး ရှေ့ရေးအတွက် စိတ်ကူးယဉ် အိပ်မက်များ မက်ခဲ့၏။ အိပ်မက်အတွင်း ပန်းခင်းသော လမ်းမပေါ်ဝယ် သူမနှင့် မောင်စစ်ငြိမ်း ပျော်ရွှင်ကြည်နူးစွာ လက်တွဲလျက် ချစ်ပွဲဝင်ခဲ့ကြ၏။ အချိန်ပေါင်းများစွာ ကြာသွားခဲ့၏။ သူမ၏ ဘဝရှေ့ရေး

က မိခင်ကျွန်မသာပြီဆိုလျှင် အားလုံး လိုရာ ပြည့်စုံပြီ မဟုတ်ပါလား။

ဦးကြည်ဖြူထံ ဒေါ်ဝတ်မှုံတစ်ယောက် ဒုတိယအကြိမ်မြောက် တစ်ယောက်တည်းရောက်ရှိလာခဲ့၏။ သူမတစ်ယောက်တည်း တက္ကစီငှားပြီး ဦးကြည်ဖြူနှင့် နှစ်ဦးသားတွေ့ဆုံဆွေးနွေးရန် အရေး အားမာန်အပြည့်ဖြင့် ရောက်ရှိလာခဲ့ခြင်းဖြစ်၏။ ဆေးလက်မှတ်ကို ကိုင်ဆောင်လျက် ဆရာဝန်ကြီး၏ ဆေးခန်းအတွင်းသို့ တန်းတန်းမတ်မတ်ပင် ရဲရဲတွာ ဝင်ရောက်လိုက်၏။ ဆရာဝန်ကြီးကတော့ သူ၏ ထုံးစံအတိုင်း ဓာတ်မှန်ပြားများဖြင့် အလုပ်ရှုပ်နေခဲ့၏။

ဒေါ်ဝတ်မှုံ ဦးကြည်ဖြူ၏ နောက်ဘက်တည့်တည့်မှ ရပ်လျက် တိုးတိတ်ညင်သာသော လေသံဖြင့် အသံပြုလိုက်၏။

"ဒီမှာ အစ်ကိုလေး ..ဝတ်မှုံကို သေသေချာချာကြည့်ပြီး သတိရပါသေးရဲ့လားရှင်။ အစ်ကိုလေးလို့ ခေါ်လိုက်ကတဲ့က ဝတ်မှုံဘယ်သူလဲဆိုတာ အစ်ကိုလေး မှတ်မိနိုင်မှာပါနော်"

ခန္ဓာကိုယ်ဝိုင့်ဝိုင့်ကြီး ရုတ်တရက်ကြွမ်စက်နှင့် တို့လိုက်သလို ဆတ်ခနဲ တုန်လှုပ်သွားခဲ့သည်။ ပြီးနောက် နောက်ဖက်သို့ တရွေ့ရွေ့လှည့်လာသော မျက်မှန်ထူထူထဲထဲကြီးအောက်မှ ဦးကြည်ဖြူ၏ မှေးမှိန်နေသော မျက်ဝန်းများက တဖျတ်ဖျတ်အရောင်လက်လာခဲ့၏။ ဒေါ်ဝတ်မှုံကို စူးစူးစိုက်စိုက်ကြည့်နေပြီး အံ့ဩတွေဝေနေခဲ့





သည်။

မျက်စေ့ရှေ့တွင် ပြုံးဝဝ မျက်နှာလေးဖြင့် ရပ်နေသူ ဒေါ်ဝတ်မှုံ၏ မျက်နှာကို ငေးကြည့်နေလိုက်သည်မှ တွေတွေငေးငေးလေးဖြစ်၏။ ပြီးမှ ဦးကြည်ဖြူ၏ မျက်နှာပြင်ပေါ်တွင် ကြည်လင်ရွှင်ပြသော အပြုံးရိပ်လေးများ လှိုင်းကလေးများ တစ်လုံးစီ လိမ့်ဝင်လာသလို တဖြည်းဖြည်း ပီပြင်ထင်ရှားလာခဲ့၏။ ဒေါ်ဝတ်မှုံ ရင်တွင်းကြည်နူးခြင်းများစွာဖြင့် ခေါ်လိုက်၏။

"အစ်ကိုလေး ဝတ်မှုံကို သတိရသေးတယ်နော်"

"ဩော် ..မဝတ်မှုံကိုး ...ဝမ်းသာလိုက်တာကလေးရယ်၊ လာထိုင် ပြန်ဆုံတွေ့ကြရလို့ အစ်ကိုလေး အလွန်အမင်းဝမ်းသာကြည်နူးမိပါတယ်ကွယ်"

နှုတ်မှလည်းပြော လက်မှလည်း ကုလားထိုင်တစ်လုံးကို ဆွဲပြီး ထိုင်ရန် နေရာပေးနေသော ဦးကြည်ဖြူကို ကြည့်ပြီး ဒေါ်ဝတ်မှုံ ရုတ်တရက် မင်သက်သလို ဖြစ်နေခဲ့၏။

"ထိုင်လေ မဝတ်မှုံ။ အစ်ကိုလေး မှတ်မိပါပြီ။ အစ်ကိုလေးက မျက်လုံး အကြည်ဓာတ် တော်တော်အားနည်းနေပြီမို့ မနည်းကြည့်ယူရတယ်။ မဝတ်မှုံကိုယ်တိုင်က မပြောလို့ကတော့ သိနိုင်မှာမဟုတ်ဘူးကွယ်"



Scanned by CamScanner

"ဝတ်မှုံကတော့ အစ်ကိုလေးနဲ့ ပထမအကြိမ် တွေ့က တည်းက မှတ်မိပြီးသားပါ။ ဂုဏ်ရှိန်ခြင်း၊ အခြေအနေခြင်းတွေက ကွာခြားလွန်းနေတာနဲ့ အစ်ကိုလေးကို အသိပေးပြီး မနှုတ်ဆက်ရဲခဲ့ တာပါ"

"ဩော် ဖြစ်မှဖြစ်ရလေ မဝတ်မှုံရယ်။ ဂုဏ်ရှိန်တို့ ထယ်ဝါ တာတို့ ခန့်ငြားတာတို့ ဘယ်လောက်ပဲ ကွာခြားနေပါစေ။ အတွင်း အနှစ်သာရ မေတ္တာတရားကတော့ ဘယ်မှာများ ကွာခြားနိုင်မှာမို့ လဲကွယ်"

"ဒီလိုဆိုရင် ...အစ်ကိုလေး ဝတ်မှုံအပေါ်မှာ မေတ္တာ တရား မပျက်ပြားခဲ့ဘူးပေါ့နော် ...ဒါဆိုရင် .."

ဒေါ်ဝတ်မှုံစကား ရှေ့မဆက်နိုင်မီမှာပင် ဦးကြည်ဖြူတစ် ယောက် လက်ဝါးကာလျက် စကားဆက်ဖြစ်လိုက်၏။ နှုတ်မှလည်း အလောသုံးဆယ် ဖြေရှင်းချက်လေးတစ်ခု ထွက်ပေါ်လာခဲ့၏။

"မဝတ်မှုံရဲ့ ရင်ထဲမှာ ဘယ်လို ခံစားချက်တွေ ရှိနေနိုင် သလဲဆိုတာ အစ်ကိုလေးနားလည်ခဲ့ပြီးသားပါ။ မဝတ်မှုံကို အစ်ကို လေး နားလည်ခဲ့ပြီးသားပါ။ မဝတ်မှုံနဲ့ အစ်ကိုလေးအဖြစ်က ကြုံသာ ကြုံ မဆုံနိုင်ကြတဲ့ အဖြစ်မျိုးကိုး"

ဒေါ်ဝတ်မှုံမျက်နှာပြင်ပေါ်ဝယ် မချိတင်ကဲ မဲ့ပြုံးလေးတစ်





ခု ထင်ရှားစွာ ဖြစ်ပေါ်လာခဲ့၏။ ဦးကြည်ဖြူကတော့ သူ့စကားကို ဆက်ပြောလိုက်၏။

"အစ်ကိုလေး ကန်းနီရွာ ဒုတိယအကြိမ်ပြန်ရောက်တော့ ရွာမှာ မဝတ်မှုံမရှိတော့ဘူး။ မေးမြန်းစုံစမ်းလို့လဲမရ။ တစ်ရွာလုံး ကလည်း အစ်ကိုလေးကို ရိုက်မောင်းပုတ်မောင်း လုပ်လာလို့ အစ်ကို လေး အခြေအနေမဟုတ်ဘဲ ရန်ကုန်ကို ပြန်ပြေးခဲ့ရတယ်"

"ဟင် ဒါဆို အစ်ကိုလေး မဝတ်မှုံဆီကို တကယ်ပြန်လာ သေးတာပေါ့နော်"

"ဟုတ်ပါတယ် .. မဝတ်မှုံ ပြန်လာခဲ့ပါတယ်။ မဝတ်မှုံနဲ့ လက်တွဲပြီး ဘဝမှာ ဒိုးတူဘောင်ဖက် လုပ်ကိုင်စားသောက်ဖို့ ဆုံး ဖြတ်ပြီး လာခဲ့တာပါပဲ။ ဒါပေမယ့် အစ်ကိုလေးရဲ့ ဆုံးဖြတ်ချက်တွေ အကောင်အထည်မဖော်နိုင်ခဲ့ပါဘူး"

ဒေါ်ဝတ်မှုံ ဦးကြည်ဖြူပြောသမျှ မမိုတ်မသုန် စူးစိုက်နား ထောင်နေခဲ့၏။

"ရန်ကုန်ပြန်ရောက်တော့ အစ်ကိုလေး စိတ်လေခဲ့တယ်။ အပေါင်းအသင်းတွေများပြီး အသောက်အစားဖက်လာခဲ့တယ်။ ဒီမှာ တင် အစ်ကိုလေးမိဘတွေက စိတ်ငြိမ်အောင်ဆိုပြီး အိမ်ထောင်ရက် သားချပေးခဲ့တယ်။ အိမ်ထောင်ကျပေမယ့် အိမ်ထောင်သည်တစ်



Scanned by CamScanner

ယောက်ဗီဗီ အစ်ကိုလေး ဘာမှ မဆောင်ရွက်ပေးနိုင်ခဲ့ဘူး။ မှုးမြို ရှုးမြို ဖြစ်နေတာနဲ့ နောက်ဆုံးမှာတော့ အစ်ကိုလေးရဲ့ မိဘတွေက အစ်ကိုလေးကို နိုင်ငံခြားပို့ပေးပြီး ပညာဆက်သင်စေခဲ့တယ်။ ဟိုမှာပဲ အစ်ကိုလေးဘဝကို ဇာတ်မြှုပ်ပြီး နေဖို့ အစ်ကိုလေး ဆုံးဖြတ်လိုက်တယ်''

ဦးကြည်ဖြူ အသက်ရှူသံ ပြင်းပြင်းဖြင့် ခေတ္တအနားယူလိုက်၏။ ဒေါ်ဝတ်မှုံကတော့ ငေးလျက် နားထောင်နေဆဲဖြစ်၏။

''အစ်ကိုလေးရဲ့ အိမ်ထောင်ဘက် မိန်းကလေးကလည်း အစ်ကိုလေးအတွက် သားယောကျ်ားလေးတစ်ယောက် မွေးဖွားပေးပြီး မီးတွင်းမှာပဲ ဆုံးသွားခဲ့တယ်။ အစ်ကိုလေး ဒီသတင်းကြားတော့ စိတ်မကောင်းရုံကလွဲပြီး ဘာမှမတတ်နိုင်ခဲ့ဘူးလေ။ အစ်ကိုလေးရဲ့ သားလေးကိုတော့ အစ်ကိုလေးရဲ့ မိဘတွေကပဲ ကျွေးမွေးစောင့်ရှောက်မွေးထားလိုက်တယ်''

''အစ်ကိုလေး နိုင်ငံခြားမှာ ဆယ့်ငါးနှစ်လောက် ကြာခဲ့တယ်။ ပြန်ရောက်တာ ခုနှစ်နှစ်လောက်ပဲရှိသေးတယ်။ ပညာတွေတော့ အစွမ်းကုန် သင်ယူခဲ့လို့ ခုလိုဘဝမျိုးနဲ့ မြင်ရတာပေါ့''

''ဒီနေ့ မဝတ်မှုံနဲ့ တွေ့ဆုံရတာ အစ်ကိုလေးဘဝမှာ အားသစ်အင်သစ်တွေ တိုးပွားသလိုပဲ။ နှစ်ပေါင်းများစွာ ပခုံးပေါ်မှာ ထမ်း





ထားခဲ့ရတဲ့ ကြီးမားတဲ့ ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုကိုလည်း ရှင်းရှင်းလင်းလင်း ပစ်ချခွင့်ရလိုက်သလိုပဲ။ ပေါ့ပါး ကြည်လင်သွားခဲ့တယ်''

''အစ်ကိုလေးကို မှတ်မိတဲ့အတွက် အစ်ကိုလေးကို တွေ့ဆုံဖို့ ရောက်လာတဲ့အတွက် မဝတ်မှုံကို အစ်ကိုလေး အများကြီးကျေးဇူးတင်ပါတယ်ကွယ်''

ဒေါ်ဝတ်မှုံ ဘာပြော၍ ပြောရမှန်းမသိ နှုတ်ဆွံ့နေခဲ့၏။

ဆုံဆည်းရာ ကာရာအိုကေဆိုင်အတွင်းမှ လူရွယ်တစ်ဦးက စာအုပ်တစ်အုပ်ကို စိတ်မပါလက်မပါ ဖတ်ရင်း တစ်စုံတစ်ယောက်မျှော်နေဟန်ဖြင့် ညှော်ခန်းတွင် စတိုင်ကျကျ ထိုင်နေခဲ့၏။ မကြာမီဆိုင်ရှေ့တွင် ကားတစ်စီး ထိုးရပ်လိုက်သံကို ကြားလိုက်ရ၏။ ကားအတွင်းမှ မိန်းမပျိုနှစ်ဦး ဆင်း၍ ဆိုင်အတွင်းဝင်ရောက်လာခဲ့၏။

တက်ကြွဖျတ်လတ်မှု ဟန်ပန်အသွင်သဏ္ဍာန်တို့နှင့် ဝင်ရောက်လာခဲ့သော အမျိုးသမီးနှစ်ဦးမှာ ခင်ဇာမဏီနှင့် နဒီလှိုင်းတို့ဖြစ်သည်။ စာအုပ်ဖတ်နေသော လူရွယ်မှာ စာအုပ်ကို လက်မှ ဖွင့်လျက်သား ကိုင်ရင်း ပြူးကျယ်ဝိုင်းစက်သော မျက်လုံးများဖြင့် ဝင်လာသော မိန်းမချောနှစ်ဦးကို စူးစူးဝါးဝါး စိုက်ကြည့်နေခဲ့၏။

''ဩော် .. ဘယ်သူတွေများလဲ မှတ်တယ်၊ နဒီလှိုင်းတို့ပါလား။ ကြွပါ ကြွပါ ကျော်ကျော်ရေ .. ညှော်သည်တွေအတွက်

အအေးစိစဉ်လိုက်ပါကွယ်'' နဒီလှိုင်းတို့ကို ကြိုဆိုနေရာပေးရင်း တလက်စတည်း ညှော်ခံရေးအတွက်ပါ ပြင်ဆင်စေခဲ့၏။ တကယ့်ကို လူကြီးလူကောင်းတစ်ယောက်၏ ဟန်ပန်အမူအရာစတိုင်အပြည့်ဖြင့် ဖြစ်၏။

ရင်တွင်း၌ မခံချမခံသာ ဝေဒနာတစ်ရပ်တို့ ဝင်ရောက်လာပြီးရင်ဆို့မတတ် နင့်နေအောင် ခံစားလိုက်ရသူကတော့ နဒီလှိုင်းပင် ဖြစ်၏။ ခင်ဇာမဏီကတော့ ရှေ့မှ ဦးဆောင်လျှက် ညှော်ခန်းအတွင်း ကုလားထိုင်တစ်လုံး၌ သွက်လက်စွာနေရာယူ ဝင်ထိုင်လိုက်၏။

''ကဲ ဆိုစမ်းပါဦး ... ဘာတွေများ အရေးကြီးလာပါလိမ့်''

''အရေးတကြီး အခွင်ဟကျယ်မရှိဘဲ ဒီနေရာကို နဒီ ရောက်လာနိုင်စရာ ကိစ္စမရှိနိုင်ပါဘူးဆိုတာ စစ်ငြိမ်းနားလည်လိုက်ပါ''

နဒီလှိုင်း ရင့်သီးပြတ်သားစွာ နှုတ်ခွန်းဆက်လိုက်၏။ တင်းမာသွားသော မျက်နှာထားဖြင့် စစ်ငြိမ်းကလည်း ပြတ်သားစွာ ပြန်ပြောခဲ့၏။

''ကဲ ဒါဆိုလဲ တိုတိုနဲ့ရှင်းရှင်း လာရင်းကိစ္စကိုပဲ ပြော နိုင်ပါတယ်ဗျာ''

''လာရင်းကိစ္စကတော့ စစ်ငြိမ်းရဲ့ ခြေလှမ်းတွေကို ရပ်တန့် ကရပ်ပေးဖို့ပါပဲ''





စစ်ငြိမ်း ဒေါသစိတ် အံ့ဩစိတ်တို့ဖြင့် ကိုယ်ကို ဆတ်ခနဲ မတ်မတ်ထိုင်လိုက်ရင်း စကားပြန်စလိုက်၏။

''ဘယ်လို ... ဘာကြောင့် ကိုယ့်ခြေလှမ်းတွေကို ရပ်ပေး ရမှာလဲ၊ ဘာကိုဆိုလိုနေတာလဲ။ ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ နဒီ ရာ''

စစ်ငြိမ်းစကားအဆုံးတွင်မတော့ ခင်ဇာမဏီက တည်ငြိမ် အေးဆေးသော လေသံဖြင့် ဝင်ရောက်၍ စကားဆိုခဲ့၏။

''ဒီလိုပါ မောင်စစ်ငြိမ်း၊ မင်းနဲ့ ငွေကြာဖြူကိစ္စအတွက် သူ့မိခင်ရဲ့ ခွင့်ပြုချက်ယူပြီး တို့လာခဲ့တာပါ။ သူ့မိခင် ဒေါ်ဝတ်မှုံဟာ တို့အဒေါ်အရင်းပါ။ ငွေကြာဖြူဟာ တို့ရဲ့ အမဆိုတာကိုတော့ မင်း သိထားရင် ပိုကောင်းလိမ့်မယ်''

ခင်ဇာမဏီစကားသံတို့ကို နားထောင်နေခဲ့သော စစ်ငြိမ်း ၏ ရင်တွင်း၌ ရထားနှစ်စီး အပြိုင်ခုတ်မောင်းနေသကဲ့သို့ တဂျုံးဂျုံး မြည်ဟီးသံတို့ ဆူညံနေခဲ့၏။ နီရဲလာသော မျက်နှာပြင်၊ ဝိုင်းစက်လာ သော နှုတ်ခမ်းပါး၊ တွန့်လိပ်သွားသော မျက်ခုံး၊ အံ့ဩနေသော ငေးကြောင်ကြောင် မျက်လုံးများဖြင့် ခင်ဇာမဏီ၏ စကားသံများကို ဂဏှာမငြိမ်လှစွာ စူးစိုက်နားထောင်နေခဲ့၏။ ပြီးမှ အံကို တင်းတင်း ကြိတ်လိုက်ပြီး ပြတ်သားသော လေသံဖြင့် အမေးစကားကိုဆိုလိုက်

တ်။

"ဆိုကြစမ်းပါဦး မမကြာဖြူရဲ့ အမေက ဘာကြောင့် ကိုယ့်အပေါ် မကြည်ဖြူနိုင်တာလဲဆိုတာ ပြောပြပါဦး"

"ဒါကတော့ ကာယကံရှင်က ကိုယ့်အပြစ်ကိုယ်သိပြီးသား ပဲ မောင်စစ်ငြိမ်။ မင်းဟာ လူပျိုမှမဟုတ်တာပဲ။ မင်းမှာ သားနဲ့ မယားနဲ့လေ။ မမငွေကြာဖြူလို သန့်ရှင်းစင်ကြယ်ပြီး ပကတိ ရိုးသား အပြစ်ကင်းတဲ့ မိန်းမသားတစ်ယောက်ရဲ့ဘဝကို မတည်ငြိမ်အငြိ အနေပျက်အောင် မင်းသွေးဆောင်ဖြားယောင်းနေတာတော့ မကောင်းပါဘူးကွယ်"

"ဟာ .. ဗျာ။ ခင်ဗျားတို့ ဘာတွေလာပြောနေကြတာလဲ။ ခင်ဗျားတို့ စွပ်စွဲပြောဆိုနေသလို ကျုပ်မှာက ဘာအိမ်ထောင်မှမရှိ သေးဘူး။ သားသမီးဆိုတာတော့ အဝေးကြီးပဲ။ ခင်ဗျားတို့ အဓိပ္ပာယ် မဲ့စကားတွေပြောတိုင်း ကျုပ်က လက်ခံမယ့်ကောင် မဟုတ်ဘူးဆို တာနားလည်ထားကြစမ်းပါဗျာ .. ဟင်း .. ဟင်း"

"ဒါဆို .. မင်း နောက်မဆုတ်ဘူးဆိုပါတော့ ဟုတ်လား မောင်စစ်ငြိမ်း"

ခင်အမထီက စစ်ငြိမ်းထံမှ သုံးဖြတ်ချက်ကို တောင်းလိုက် တ်။ စစ်ငြိမ်းက မဖြေပဲ ရန်စကားပြောလိုက်တ်။





"ခင်ဗျားတို့ ဒီနေရာကနေ အခုချက်ချင်း ပြန်သွားကြရင် အကောင်းဆုံးဖြစ်လိမ့်မယ် ထင်တယ်။ ကျုပ်ဒေါသ ဖြစ်လာရင် မလွယ်ဘူးနော်"

"မင်း စိတ်အေးအေးထားပြီး ခေါင်းအေးအေးနဲ့ ပြန်စဉ်းစား ပါ မောင်စစ်ငြိမ်။ လွန်ခဲ့တဲ့ သုံးနှစ်လောက်က မင်းဟာ နဒီလှိုင်း ရဲ့ အပေါ်မှာ သားမယားလို ကျူးလွန်ခဲ့တယ်။ နဒီလှိုင်းမှာ မင်းရဲ့ ရင်သွေး ရလာခဲ့တယ်။ ကလေးကိုယ်ဝန်ရှိချိန်မှာ မင်းက ခေါင်း ရှောင်နေခဲ့တယ်။ ဒါပေမယ့် မိခင်စိတ်ဓာတ်အပြည့်အဝရှိတဲ့ နဒီလှိုင်း ဟာ ရဲဝံ့စွာ မွေးဖွားပေးထားခဲ့တယ်။ အခုမင်းမှာ နှစ်နှစ်ကျော် သုံးနှစ်အတွင်းဝင်နေတဲ့ ကလေးတစ်ယောက် ရှိနေခဲ့တယ်။ မင်း လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ မင်းဟာ သားတစ် ယောက် အဖေဖြစ်နေခဲ့တယ်။ မင်းတာဝန်မဲ့ပေမယ့် မင်းရဲ့ ရင်သွေး ဟာ လောကမှာ လူပီပီသသ ဖြစ်နေတာ အမှန်တရားပဲ။ ပုံပြင် လည်းမဟုတ်ဘူး။ ဒဏ္ဍာရီလည်းမဟုတ်ဘူး ဆိုတာ မင်းနားလည် ထားပါ မောင်စစ်ငြိမ်း"

"ဘာ ... ဘာပြောတယ်။ ခင်ဗျားတို့ စကားတွေကို ကျုပ် လုံးဝလက်မခံနိုင်ဘူး။ ယုံလည်းမယုံနိုင်ဘူး။ ကြားလဲ မကြား ချင်ဘူး။ ခင်ဗျားတို့ဟာ ယောက်ျားတွေကို အမိဖမ်းနေတဲ့ မိန်းမ

လည်း မိန်းမရှုပ်တွေပဲ။ ကျုပ်က ခင်ဗျားတို့နဲ့ ပတ်သက်စရာ အကြောင်းမရှိဘူး။ ပြန်ကြစမ်းပါဗျာ''

''ကောင်းပြီ စစ်ငြိမ်း၊ မင်းငြင်းချင်သလောက် ငြင်းနိုင်တယ်။ မင်းပေးထားတဲ့ မေတ္တာစာတွေ ဓာတ်ပုံတွေဟာ တို့မှာ ခုအချိန်ထိ ရှိနေတုန်းပဲ။ တို့ မင်းရဲ့ သက်သေခံပစ္စည်းတွေကို ခုအချိန်ထိ တရိုတသေ အမြတ်တနိုး သိမ်းထားဆဲပါ စစ်ငြိမ်း၊ ဒါတွေကို မမငွေကြာဖြူကိုသာ ထုတ်ပြလိုက်လို့ကတော့ မင်းကိုမမငွေကြာဖြူ ဘယ်လိုမှ လက်ခံနိုင်စရာ အကြောင်းရှိမှာ မဟုတ်ဘူးဆိုတာတော့ မင်းနားလည်သင့်ပါပြီလေ။ ကဲ တို့ပြန်မယ် စစ်ငြိမ်း''

နဒီလှိုင်းက နောက်ဆုံးပိတ် အနိုင်ယူသော စကားကိုဆိုရင်း ထိုင်ရာမှ လျှင်မြန်စွာထလိုက်၏။ စစ်ငြိမ်းမကျေမချမ်းခြင်းကြီးစွာဖြင့် တောက်တစ်ချက် ပြင်းထန်စွာ ခေါက်လျှက် ကျန်ရစ်ခဲ့၏။

''တောက် .. ခင်ဗျားတို့ တော်တော် အကြံပက်စက်တဲ့ မိန်းမယုတ်တွေပဲ''

စစ်ငြိမ်းစကားအဆုံးတွင် ခင်ဇာမဏီနှင့် နဒီလှိုင်းတို့ ပြန်လှည့်လာခဲ့၏။

''ဟုတ်တယ် စစ်ငြိမ်း။ တို့အကြံပက်စက်တာ ယုတ်မာတာက အခုမှပါ မင်းကတော့ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကတည်းက





တို့အပေါ်မှာ ယုတ်မာပက်စက်ခဲ့တာပါ။ တို့သားလေးရဲ့ သွေးကို ဖောက်စစ်လိုက်ရင် မင်းဟာ သူ့ရဲ့ ဖခင်ဖြစ်ကြောင်း သွေးက သက်သေခံပါလိမ့်မယ်။ တို့သားလေးရဲ့ ဓာတ်ပုံကို မင်းအတွက် တို့ယူလာခဲ့ပါတယ်။ နာမည်ကိုလည်း မင်းနာမည်ပါအောင် ပြည့်ငြိမ်းလို့ မှည့်ထားခဲ့ပါတယ်''

မိမိ၏ ရှေ့စားပွဲပေါ်သို့ ကျလာသော ကလေးငယ်တစ်ဦး၏ ဓာတ်ပုံကလေးကို စစ်ငြိမ်း ရုတ်တရက် မြင်လိုက်ရ၏။

''ဒီကလေးဟာ သူ့ရဲ့ အဖေဆိုတာကို သိပ်ပြီး တွေ့ချင်လွန်းနေတဲ့ ဆန္ဒတွေ ရှိနေခဲ့တယ်။ နေ့စဉ်ရက်ဆက် မျှော်လင့်တမ်းတနေခဲ့တယ်။ ဒီကလေးရဲ့ ဘဝမှာ ကွက်လပ်ဆိုလို့ အဖေတစ်ယောက်ထဲသာ ရှိဖို့ လိုနေတာပါ။ ဒီကွက်လပ်ကို ဖြည့်စွက်ပေးနိုင်သူကလည်း မင်းတစ်ယောက်ထဲသာ ရှိတာပါ စစ်ငြိမ်း။ မင်း စဉ်းစားနိုင်ပါတယ်။ မင်းဆုံးဖြတ်ချင်သလို ဆုံးဖြတ်နိုင်ပါတယ်။ တို့ကို ခွင့်ပြုပါဦး''

စစ်ငြိမ်း ဘာဆိုဘာမှ ပြန်ပြောနိုင်စွမ်းမရှိဘဲ။ ကုလားထိုင်နောက်မှီပေါ်တွင် ခြေပစ်လက်ပစ် ထိုင်လိုက်ရင်း ရင်မောစွာ သက်ပြင်းချလိုက်၏။

စားပွဲပေါ်တွင်တော့ ရှင်ပြုကြည်လင်သောမျက်နှာပေး ပြုံး

စစဖြင့် ကလေးငယ်တစ်ယောက်၏ ဓာတ်ပုံလေးက သူ၏ မျက်လုံးများကို သံလိုက်ဓာတ်အပြည့်ဖြင့် ဆွဲဆောင်ထားသလိုမျိုး အသက်မဲ့စွာ မမှိတ်မသုန် စိုက်ကြည့်ရင်း တွေဝေစိတ်ဖြင့် ရင်တွင်းပြည့်သိပ်မွန်းကြပ်နေခဲ့သည်။

ဦးကြည်ဖြူနှင့် ဒေါ်ဝတ်မှုံတို့ တစ်ဦးနှင့်တစ်ဦး ပွင့်လင်းရင်းနှီးစွာ ဆက်ဆံရေးတို့ ပြေပြစ်ခဲ့ကြ၏။

"ဒါဆို .. အစ်ကိုလေးရဲ့ ရင်သွေးဟာ သမီးလေးပေါ့နော်"

"ဟုတ်ပါတယ် အစ်ကိုလေး သမီးပါ၊ ငွေကြာဖြူလို့ နာမည်ပေးထားပါတယ်။ ဖြူဖြူဖွေးဖွေး သိမ်မွေ့နူးညံ့တဲ့ စိတ်နှလုံးပိုင်ရှင် မိန်းမချောလေးတစ်ဦးပါပဲ"

"ဒါဆို အစ်ကိုလေး သမီးနဲ့ အစ်ကိုလေး တွေ့ပါရစေလား မဝတ်မှုံ၊ အဲဒါ တစ်ခုတော့ အစ်ကိုလေးအတွက် စီစဉ်ပေးပါနော်"

"သမီးလေးကလည်း သူ့အဖေကို သိပ်တွေ့ချင်နေရှာတာပါ အစ်ကိုလေး။ ဒါပေမယ့် လောလောဆယ်ကြီးတော့ အဖေလို့ အသိအမှတ်ပြုပြီး တွေ့ဆုံခွင့်မပေးပါရစေနဲ့ဦး။ နောက်တစ်ကြိမ် ဝတ်မှုံ ဆေးခန်းပြဖို့လာရင် သမီးလေးကို အစ်ကိုလေးမြင်ဖူးအောင် ခေါ်လာ





ခဲ့ပါ့မယ် အစ်ကိုလေး"

"ကောင်းပါပြီ မဝတ်မှုံ၊ အစ်ကိုလေး ကျေနပ်ပါတယ်။ မဝတ်မှုံတို့အပေါ် တာဝန်လစ်ဟင်းခဲ့တဲ့ အစ်ကိုလေးအတွက် ပေးဆပ်ရမယ့် ကွက်လပ်တွေက အများကြီးပါ။ မဝတ်မှုံတို့ရဲ့ အခက်အခဲတွေကို အစ်ကိုလေး တတ်နိုင်သလောက် ကူညီဖြည့်ဆည်းပေးချင်ပါတယ်ကွယ်"

"ရပါတယ် အစ်ကိုလေး ဝတ်မှုံတို့အတွက်က သိပ်ပြီး လိုအပ်ချက်မရှိသလောက် ဘဝကို ရင်ဆိုင်ဖြေရှင်းတတ်ခဲ့ကြပါပြီ"

"မဝတ်မှုံကို အစ်ကိုလေး ချီးကျူးပါတယ်။ မိခင်ကောင်းတစ်ယောက် ပီပီသသ သမီးလေးကို ထိန်းကျောင်း ပဲ့ပြင်နိုင်ခဲ့တဲ့အတွက်လည်း မဝတ်မှုံကို ကြည်ညိုလေးစားမှုတို့ ရှိနေပါတယ်ကွယ်"

ဒေါ်ဝတ်မှုံကတော့ ဦးကြည်ဖြူ၏ မျက်နှာကို ကျေးဇူးတင်သော ဂုဏ်ယူသော မျက်လုံးတို့ဖြင့် မော့လျှက်ကြည့်နေခဲ့ပါ၏။

သက်ပြင်းတချချ တမှိုင်မှိုင်တတွေတွေ တွေဝေငေးမောနေတတ်သော မြေးဖြစ်သူကိုကြည့်ပြီး ဒေါ်လှပိုသံသယတွေးစိတ်တို့ဖြင့် စိုးရိမ်ပူပန်မှုတို့ ဝင်ခဲ့၏။ စိတ်တွင်းမှလည်း အေးချမ်းလွန်းတဲ့ကလေး။ ပျော်တတ်လွန်းတဲ့ကလေး။ ဖျတ်လတ်တက်ကြွလွန်းတဲ့



Scanned by CamScanner

ကလေး။ ဒီလိုမြေးလေးမှာ ဘယ်လို ပူပင်ကြောင့်ကြမှုသောက ဝေဒနာတွေ ဖိစီးနှိပ်စက်နေရှာပါလိမ့် ဟုလည်း စဉ်စားနေခဲ့၏။ ဒီနေ့တော့ ပွင့်ပွင့်လင်းလင်း ဖွင့်မေးမှ ဖြစ်တော့မည်ဟု ဆုံးဖြတ်လိုက်၏။

"မြေးလေး . . မောင်စစ်ငြိမ်း သားကိုကြည့်ရတာ အခုတစ်လော အဆင်မပြေသလို မငြိမ်းချမ်းသလိုမျိုး မြင်နေရတယ်။ အစားမမှန် အအိပ်မမှန်နဲ့ မျက်ကွင်းမျက်ဆံတွေလည်း ညိုနေပါလား။ အဘွားကို ပွင့်ပွင့်လင်းလင်းပြောပြပါလား သားရယ်၊ မြေးလေးဘာတွေဖြစ်နေသလဲ ဘာတွေဖြစ်ချင်နေသလဲ ပြော"

စားပွဲခုံပေါ်တွင် မျက်နှာမှောက်လျက် စိတ်ဓာတ်ကျနေသော စစ်ငြိမ်းတစ်ယောက် ဘွားအေဖြစ်သူ၏ စကားသံတို့ကြောင့် ခေါင်းထောင်ပင့်မော့လာပြီး ဘွားအေ၏ ရင်ခွင်အတွင်းသို့ မိမိ၏ ဦးခေါင်းကို တိုးဝှေ့ဖက်ဝင်လိုက်၏။ စစ်ငြိမ်း၏ မျက်လုံးအိမ်မှ မျက်ရည်ပူတို့က ဒလဟော စီးကျလာခဲ့၏။ နှုတ်မှလည်း လေးလံကြေကွဲသော စကားသံတို့ဖြင့် ရင်ဖွင့်ပြောလာခဲ့၏။

"ဘွား . . သားလေး အိမ်ထောင်ရေးပတ်သက်ပြီး အနှောက်အယှက်တွေ ပေါ်လာလို့ပါ အဘွား။ အဲဒါ အဘွားသားကို အကူအညီပေးနိုင်မလားဟင်"





"ဩော် . . ဖြစ်မှဖြစ်ရလေ၊ ပြောပြစမ်းပါဦး မြေးလေးရယ်၊ ဟို ကျောင်းဆရာမလေးက မင်းကိုသစ္စာဖောက်သွားလို့ပါလား။ ဒါဆိုလဲ ဘာဖြစ်သေးလဲ မြေးလေးအတွက် သူ့ထက်သာတာတွေ ဒုနဲ့ဒေးပဲ ဘွားရှာပေးမယ်။ ဒါတွေအတွက် ဘွားတာဝန်ထားပါ မြေးလေးရယ် နော် . . တိတ် . . တိတ်"

ဒေါ်လှပိုက မောင်စစ်ငြိမ်း၏ ကျောပြင်ကို ကြင်နာစွာ ပွတ်သပ်ပေါ်ရင်း ချော့မြူလိုက်တယ်။

"မဟုတ်ဘူး အဘွား။ အဘွားထင်သလို မဟုတ်ပါဘူး။ အခုသားမှာ ရှုပ်ထွေးနေတာတွေကို ပြောပြပါ့မယ်။ အဘွားအနေနဲ့ အေးအေးဆေးဆေး စဉ်းစားပြီး ဆုံးဖြတ်ပေးပါနော်"

"ကဲ ကောင်းပြီသား။ ဒါဆိုရင်လည်း ပြောတော့၊ အဘွားနားထောင်နေပါ့မယ်"

စစ်ငြိမ်းပြောသမျှ မျက်နှာအမူအရာ အမျိုးမျိုး ပြောင်းလဲသွားခြင်း၊ အံ့ညြတွေဝေသွားခြင်း၊ စိတ်ရှုပ်ထွေးသွားခြင်းစသော ဟန်ပန်အမူအရာအမျိုးမျိုးပြောင်းလဲမှုများစွာဖြင့် ပြောင်းလဲနေခဲ့သော ဘွားလှပိုမှာ စစ်ငြိမ်းစကားသံအဆုံးတွင် ရင်ဘတ်ကို လက်ကလေးနှစ်ဖက်ဖြင့် ဖိထားရင်း ကြောင်တက်တက် မျက်လုံးများဖြင့် စစ်ငြိမ်းပြသော ဓာတ်ပုံအတွင်းမှ ကလေးငယ်ကို စူးစိုက်တွေဝေ ငေးကြည့်

နေခဲ့သည်။ ပြီးမှ အင်း . . ဟူသော သက်ပြင်းရှည်ကြီးတစ်ခုကို ချလိုက်ပြီး လက်တစ်ဖက်က စံငြိမ်းလက်အတွင်းမှ ဓာတ်ပုံလေးကို ဆွဲယူလိုက်ပြီး သေသေချာချာ ကြည့်ရှုလိုက်၏ ။

"ဟုတ်တယ် မြေး၊ မင်းမငြင်းနဲ့တော့၊ မယုံလဲ မရှိနဲ့တော့။ ဒါ မင်းကလေးမှ မင်းကလေးအစစ်၊ မင်းရင်သွေးပဲဆိုတာ ဘွား ရဲရဲဝံ့ဝံ့ အာမခံရဲတယ်။ မင်းငယ်ငယ်တုန်းက ရိုက်ထားတဲ့ ဓာတ်ပုံ ဘွားမှာ ရှိတယ်။ ဖွားယူပြမယ်၊ တထပ်တည်းပဲ တစ်ပုံစံထဲပဲ သိလား မြေး"

စံငြိမ်း ဆံပင်အတွင်းသို့ လက်ချောင်းများ ထိုးသွင်းပြီး ခေါင်းမှ ဆံပင်များကို ထိုးဖွနေခဲ့၏။ အားစေးထည့်ခံထားရသူပမာ မင်တတ်နေခဲ့ပြီး စကားလုံးတို့ ပြော၍ မထွက်နိုင်အောင် ထစ်အ ဆို့နင့်နေခဲ့သည်။

ဘွားလှပိုယူလာသော ဓာတ်ပုံတစ်ခု မိမိလက်တွင်း ရောက်လာခဲ့၏။ ဓာတ်ပုံအတွင်းမှာတော့ ဘိုးဘိုးရယ် ဘွားဘွားရယ် စံငြိမ်းရယ် မိမိလသားအရွယ် ကလေးဘဝက ရယ်မောပျော်ရွှင်စွာ ရိုက်ကူးထားသောပုံဖြစ်သည်။ ဓာတ်ပုံအတွင်းမှ စံငြိမ်းကလေး ဘဝက မျက်နှာနှင့် ယခု ဓာတ်ပုံအတွင်းမှ ကလေးငယ်၏ မျက်နှာ တို့က စွတ်ချွတ်ခွဲမရအောင် တူနေခဲ့၏။ တစ်ပုံတည်းပဲ ရယ်ပုံ ပြုံး



ရွှေယမင်းဦး

ပုံလေးတွေကအစ တထေရာတည်းတူလှ၏။ စံငြိမ်းလေပူပြင်းပြင်း ကြီးကို ပင်ပန်းလေးလံစွာ ရင်တွင်းမှ ပြင်ပသို့တွန်းထုတ်မှုတ်ပစ်လိုက် ၏။

"ဝှူး . . . သွားပါပြီ။ မဟာရည်ရွယ်ချက် အုတ်တံတိုင်း ကြီး ပြိုကွဲပျက်စီးသွားပါပြီ။ မမလေး . . ရေ . . မောင့် ဒုက္ခတွေကို မကယ်နိုင်တော့ဘူးလားဗျ"

စံငြိမ်းတစ်ယောက် အရူးပမာ ဟစ်အော်ရင်း ပြောချင်ရာ ပြော ဆိုချင်ရာဆိုဖြစ်နေခဲ့၏။ ဖွားလှပိုလည်း လက်လျှော့လိုက်တော့ ၏။ လူမိုက်၏ နောက်မှရသော နောင်တတရားကို သံဝေဂကြီး စွာ ပွားရင်း မြေးဖြစ်သူကို ရင်မောစွာ ငေးမောကြည့်နေခဲ့၏။

"ကြာဖြူပန်းလေးလိုလှတဲ့ မမရယ်၊ ငွေလမင်းလေးလို ဖြူစင်သန့်ရှင်းတဲ့ မမရယ်။ မမရဲ့ ဘဝမှာ မောင့်ကြောင့် နှလုံးသား ကြေကွဲခြင်းတွေ ဖြစ်ရတော့မယ်။ ဒီမောင် မှားခဲ့မိပြီလေ။ မမဒီ အကြောင်းတွေကြားရင် မောင့်အပေါ် နာကျည်းမှာပဲနော်။ မျက်နှာ မကြည့်ချင်အောင်ကို မုန်းတီးနေမှာပဲနော်။ မောင့်ရဲ့ တစ်ချိန်က မှားယွင်းမှုရဲ့ ဒဏ်ခတ်ခြင်းတွေကို မောင်တစ်ယောက်ထဲ အံကြိတ် ခံစားပါရစေ မမရယ်။ မောင်ချစ်တဲ့ မမတစ်ယောက် မျက်ရည်ပေါက် ကြီးငယ်ကျရင်း ကြေကွဲခြင်းတွေ မခံစားပါရစေနဲ့လို့ မောင်ဆုတောင်း

ပေးချင်ပါတယ်။ ဒါဟာ မမအပေါ်မှာ ထားတဲ့ မောင့်ရဲ့ စစ်မှန်တဲ့ ချစ်ချင်းမေတ္တာတရားတွေပါပဲ မမရယ် ...''

''မမရေ ... မောင့်ကို ခွင့်လွှတ်လိုက်ပါတော့''

() () ()

အောင်မြင်သော မိန်းမလှနှစ်ဦး၏ ရွှင်မြူးကြည်နူးနေသော အပြုံးပန်းတို့သည် ပြည့်ငြိမ်းလက်ဖက်ခြောက် ပွဲရုံကြီးအတွင်းဝယ် ဝံ့ဝံ့ကြွားကြွား ပွင့်လန်းနေခဲ့၏။ ဦးဇာနည်၏ ဦးဆောင်အုပ်ချုပ်မှုအောက်တွင် လက်ဖက်ခြောက်ပွဲရုံသစ်ကြီးတစ်ခု တည်ဆောက်ခဲ့ကြ၏။ သားလေး မောင်ပြည့်ငြိမ်း၏ နောင်ရေးအတွက် ရည်စူးပြီး နဒီလှိုင်းနှင့် ခင်ဇာမဏီတို့ လုံ့လပြုစီးပွားရှာခြင်း ပြုခဲ့ကြ၏။ အနာဂတ်အတွက် မျှော်လင့်ချက်တို့ဖြင့် ရှင်သန်နိုးကြားနေခဲ့ကြ၏။ အလုပ်နှင့် လက်ပြတ်လပ်သည်မရှိ။ အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာကြသော သွင်းကုန်ထုတ်ကုန် ကိုယ်စားလှယ်တို့ဖြင့် ပွဲရုံအတွင်း လူစည်ကားလှ၏။ ရောင်းဝယ်ခြင်း၊ ငွေစာရင်းပြုလုပ်ခြင်းတို့ကို နဒီလှိုင်းက တာဝန်ယူ ဆောင်ရွက်ခဲ့၏။ ကုန်သည်လူတန်းစားတို့နှင့် အရောင်းအဝယ်စကား ဈေးစကား ပစ္စည်းတန်ဖိုးဖြတ်ခြင်းတို့ကို ခင်ဇာမဏီက တာဝန်ယူ ဆောင်ရွက်ရ၏။ တာဝန်ကိုယ်စီ ကျေပွန်အောင် လှုပ်ရှားကြရင်း တစ်ယောက်ကိုတစ်ယောက် ကူညီဖေးမ အားပေး





ကြခြင်းဖြင့် လက်တွဲညီညီ လှုပ်ရှားနေကြသော သူငယ်ချင်းမနှစ်ဦးမှာ ပတ်ဝန်းကျင်၏ လေးစားကြည်ညိုခြင်းတို့ကို အပြည့်အဝရရှိခံစားကြရ၏။

နေ့စားအလုပ်သမားတို့ကလည်း သူတို့နည်းသူတို့ဟန်ဖြင့် စေတနာတရား ထက်သန်စွာ ဆောင်ရွက်ပေးကြ၏။ လခစားအလုပ်သမားတို့ကလည်း မိသားစုစိတ်ဓာတ်အပြည့်အဝထားလျက် ကူညီဆောင်ရွက်ပေးကြ၏။ လက်ရေတပြင်တည်း စားသောက်ကြခြင်း လူနေမှုအဆင့် မခွဲခြားပဲ ပြောဆိုဆက်ဆံကြခြင်းဖြင့် တက်ညီလက်ညီ လှုပ်ရှားသံများမှာ ပွဲရုံအတွင်းဝယ် ကိန်းအောင်းလျက် တစ်နေ့တစ်ခြား တိုးတက်ကြီးပွား လူသိများစရာ ပွဲရုံကြီးတစ်ခု အသွင်ဆောင်ခဲ့၏။

ဘဝကို အောင်နိုင်သူ၊ လောကကို နားလည်သူ လူသားတို့၏ အကျိုးကို စောင့်ရှောက်သူများအဖြစ် ခင်ဇာမဏီနှင့် နဒီလှိုင်းတို့ လှုပ်ရှားမှုများက သက်သေပြစရာ တက်ကြွသွက်လက်လွန်းလှ၏။

စစ်ငြိမ်းတစ်ယောက် အိမ်တွင်းမှ အိမ်ပြင်မထွက်နိုင်အောင် အကြပ်ရိုက်နေခဲ့၏။ ငွေကြာဖြူ၏ မျက်နှာကို မြင်လိုလှသော်လည်း မတွေ့ရဲ မဆုံရဲအောင် ဖြစ်နေ၏။ အိမ်၏ ပြင်ပဝန်းကျင်တွင် နဒီလှိုင်း



Scanned by CamScanner

တို့နှင့် ရင်ဆိုင်တွေ့ဆုံရမည့်အရေးကိုလည်း စိုးရိမ်ထိတ်လန့်နေခဲ့၏။ မပြတ်မသား မရှင်းမလင်းနိုင်သော ဘဝအရှုပ်အထွေးကြီးအတွင်း တွေဝေခြင်း၊ စိတ်ပင်ပန်းခြင်းတို့ဖြင့် မှန်ကြည့်မှုမြေဖျောက်နိုင်ရန် အရက်ကိုသာ မမှုမှုအောင် ဖိသောက်နေခဲ့၏။

ဘွားလှပိုတစ်ယောက် မြေးဖြစ်သူ၏ ခံစားချက်များကို မကြည့်ရက်နိုင်တော့ပါ။ တစ်နေ့တစ်ခြား အခြေအနေ ပိုမိုဆိုးရွားလာတော့မည့် အရိပ်အယောင်များကို မြင်မိပြီး မြေး၏ ဘဝရပ်တည်မှု မှန်ကန်အောင် ဆောင်ရွက်ပေးမှ ဖြစ်တော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်ပြီး ..

"ကဲ မြေး သားလေး ရင်ထဲက ဖြစ်ချင်နေတာတွေကို ဘွားကို အမှန်အတိုင်း ဖွင့်ပြောစမ်း။ မင်းဟာ ယောကျ်ားတစ်ယောက်ပါ မြေးရယ်။ မင်းဖြစ်ချင်တာကို ဖြစ်အောင် လုပ်နိုင်ရမှာပေါ့။ မင်းဆုံးဖြတ်ချက်တစ်ခု ပြတ်ပြတ်သားသား ချလိုက်ပါ။ မင်းဆုံးဖြတ်ချက်တွေ အကောင်အထည်ပေါ်လာလိမ့်မယ်။ ဘွားမြေးလေးရဲ့ ဆန္ဒနဲ့ လိုလားချက်တွေ အားလုံးပြည့်စုံအောင် ဘွားစီစဉ်ဆောင်ရွက်ပေးပါ့မယ်"

"ဘွား ... တကယ်ပြောတာလားဘွား။ ဒါဆို သား မမလေးကိုပဲ လက်ထပ်ချင်တယ်။ လက်ထပ်ဖို့ စီစဉ်ပြန်ရင်လဲ သူညီမ





တွေသိသွားပြီး ဖျက်ကြလိမ့်မယ် အရှက်ခွဲကြလိမ့်မယ်။ ဒီတော့ သား မမလေးကိုခိုးပြေးချင်တယ်ဘွား"

"ဟော .. မင်းမှာ ဒီလို လုပ်ရဲတဲ့ သတ္တိတကယ်ရှိရဲ့လားကွယ်"

"ရှိပါတယ် အဘွား။ ဒါပေမယ့် တစ်ခုစဉ်းစားရမှာက ဒီကိစ္စကို မမလေးလို အိမ်ခြေကြီးမားလှန်းတဲ့ မိန်းကလေးက လက်ခံမှာ မဟုတ်ဘူး။ သူ့ကို ဖွင့်ဟတိုင်ပင်လို့ကတော့ သဘောတူမှာ မဟုတ်ဘူး။ အလစ်ချောင်းပြီး ကားတင်ပြေးမှ မမလေးကို သားပိုင်ဆိုင်ခွင့် ရနိုင်ပါလိမ့်မယ် အဘွားရယ်နော်၊ သားဆုံးဖြတ်ချက်အတိုင်း သားလုပ်တော့မယ်။ နောက်ပိုင်းပြဿနာတွေကိုတော့ ဘွားဖြေရှင်းပေတော့။ ဘွား သားကို ကူညီမယ်မဟုတ်လား ဟင် .. ဘွား"

ဘွားလှပို ပြုံးလိုက်၏။ လိုက်လှသော အပြုံး။ သားအချစ် မြေးအနှစ် မဟုတ်ပါလား။ မြေးလေး အရက်သမား အမူးသမားဘဝဖြင့် ဘဝဆိုးမှ လွတ်ရင်ပဲ ကျေနပ်ပြီ။ ဆုံးဖြတ်ပလေ့စေ။ သူ့ဆုံးဖြတ်ချက်မှာ အနှောက်အယှက်ဝင်လာရင် ဘွားဖြေရှင်းပေးနိုင်ရမှာပေါ့ဟု ရင်တွင်းမှ တွေးတောစဉ်းစားရင်း မြေးဖြစ်သူ စစ်ငြိမ်းအား ဘွားလှပိုတစ်ယောက် ပြုံးပြုံးကြီးကြည့်ပြီး ခေါင်းညိတ်ပြလိုက်တော့၏။

စစ်ငြိမ်းထခုန်မတတ် ဝမ်းမြောက်မှု လွှမ်းကဲသွားခဲ့၏။ စိတ်

တွင်းမှလည်း နေရာရွှေ့လိုက်သည်။ မင်္ဂလာဒုံအနီးရှိ ဘွားလှပို ပိုင်ဆိုင်သော သုံးဧကခန့် ကျယ်ဝန်းသည့် သစ်သီးခြံကြီးတစ်ခု ရှိ၏။ ခြံအတွင်း၌ ဂိုဒေါင်တစ်လုံးလည်းရှိ၏။ အိမ်ငယ်လေးတစ်လုံး လဲရှိသည်။ မမလေးကို ထိုနေရာသို့ နိုးပြေးမည်။ မမလေး စိတ်ဆိုး လျှင် အစွမ်းကုန်တောင်းပန်မည်။ စိတ်ဆိုးပြေအောင် ချော့မည်။ မမလေးကလည်း သူ့အပေါ်တွင် မေတ္တာအရင်းခံစိတ်ရှိသဖြင့် သည်းခံ ခွင့်လွှတ်လိမ့်မည်။ နောက်ဆုံးမှာတော့ စစ်ငြိမ်းကို အလိုလိုက်လိမ့် မည် သေဖြင့် တွေးတောရင်း ကြည်နူးနေခဲ့သည်။

တစ်ယောက်အပေါ် တစ်ယောက်နားလည်မှု ကြီးမားစွာ ပေါင်းဆုံခွင့် ရပြီဆိုမှဖြင့် ဘယ်လိုအဟန့်အတားမျိုး ဘယ...ို အနှောက်အယှက်မျိုးမှ ဝင်ရောက်ခြယ်လှယ်နိုင်တော့မည် မဟုတ်ဟု ကျေနပ်စွာ တွေးပြီး စစ်ငြိမ်း လက်မထောင်လိုက်၏။

()()()

စစ်ငြိမ်းတစ်ယောက် မမလေး၏ ကျောင်းပတ်ဝန်းကျင် တွင် ကျောင်းဆင်းချိန်ခေါင်းလောင်းသံကို နားစွင့်ရင်း ချောင်ကျကျ နေရာတွင် ကားကို ရပ်ထားခဲ့သည်။ ထိုနေ့တွင် ကျောင်းဆင်းပြီး ကျောင်းသားများကို ပြန်လွှတ်ခဲ့သော်လည်း ကျောင်းတွင်းမှ ဆရာ ဆရာမ တစ်စုံတစ်ယောက်မှ ကျောင်းပြင်ပသို့ ထွက်လာခြင်းမရှိ





ခဲ့ပါ။ စစ်ငြိမ်း ကျောင်းစောင့်လူကြီးအနီးသို့ ကပ်ပြီးမေးကြည့်လိုက် သည်။ အချိန်က ညနေ ၅ နာရီပင် ထိုးတော့မည်။ ကျောင်းဖွင့်စမိုး ရွာနေချိန်မို့ ပတ်ဝန်းကျင်တွင် အမှောင်ရိပ်တို့ ကြီးစိုးနေခဲ့သည်။ ကျောင်းစောင့်လူကြီးက စစ်ငြိမ်းကို အဖြေပေးလိုက်သည်။

"ဒီနေ့ ဆရာ ဆရာမတွေ ဆရာကြီးရုံးခန်းထဲမှာ ကျောင်း တွင်းအစည်းအဝေးပွဲကြီးတစ်ခု ရှိနေလို့ မပြန်နိုင်ကြသေးတာပါ"

"ဪ ဟုတ်လား ကျေးဇူးတင်ပါတယ်ခင်ဗျာ" စစ်ငြိမ်း အဖို့ မျက်ဖြူဆိုက်လေ ဆရာကြိုက်လေဖြစ်သည်။ မိုးချုပ်၍ အမှောင် တို့ ကြီးစိုးလာလေ မိမိ၏ အလုပ်ကို အကောင်အထည်ဖော်နိုင်လေ ဖြစ်မည်မဟုတ်ပါလား။ စစ်ငြိမ်း စိတ်တွင်းမှ စီစဉ်နေခဲ့သည်။ မှောင် ရိပ်ကိုခိုပြီး မမလေးနောက်မှ လိုက်မည်။ လူရှင်းသော နေရာရောက် လျှင် မမလေး၏ မျက်နှာကို လက်ကိုင်ပဝါဖြင့် အုပ်ပြီး ကားပေါ် ဆွဲတင်ခဲ့မည်။ မင်္ဂလာဒုံသို့ ကားရှင်းသော လမ်းများမှ လှည့်ပတ် မောင်းနှင်ခဲ့မည်။ နောက်ပိုင်းဖြစ်လာမည့် ပြဿနာများကို ဘွားလှပို က ဖြေရှင်းပေးလိမ့်မည်။ ပြီးပြီ။ ဘယ်သူတွေ နှောက်ယှက်နိုင်ဦး မည်နည်း။ ဘယ်သူတွေ ဝင်ရှုပ်နိုင်ဦးမည်နည်း။ မမလေးကတော့ ရှက်ရှာပေလိမ့်မည်။ မတတ်နိုင်တော့ ဒီလိုမှ မစီစဉ်ရင် ဒီတစ်သက် မောင်နှင့် မမလေး ဆုံဆည်းနိုင်စရာ အကြောင်းမရှိပြီ။ မမလေးကို

မောင် လုံးဝလက်လွှတ်ဆုံးရှုံးမခံနိုင်တော့ပါ။

"နွင့်လွှတ်ပါတော့ မမကြာဖြူရယ်၊ မောင် မမကြာဖြူကို ချစ်လွန်းလို့ မခွဲခွာနိုင်လွန်းလို့ပါဗျာ"

ကျောင်းဝန်း ခြံအပြင်ဘက်သို့ နောက်ဆုံးမှထွက်လာသူမှာ ငွေကြာဖြူဖြစ်သည်။ အိမ်ထောင်သည် ဆရာမများက သုတ်သုတ်ပြာပြာဖြင့် အိမ်ပြန်သွားကြပြီ ဖြစ်သည်။ မိမိတစ်ယောက်တည်း ကျန်မှ အိမ်သို့ အမြန်ရောက်လိုစိတ်ဖြင့် သုတ်ခြေတင်လိုက်သည်။ ခြေလှမ်းနှစ်ဆယ်ခန့်တွင် ငွေကြာဖြူအနီးသို့ ကားတစ်စီး ထိုးကပ်ရပ်လိုက်ပြီး ငွေကြာဖြူသတိလစ်မေ့မျော့သွားခဲ့သည်။ ရုတ်တရက် မိမိကိုယ်မိမိ ဘာဖြစ်သွားမှန်း မသိလိုက်နိုင်ခဲ့ပါ။ မည်ရွေ့မည်မျှ ကြာသည်မသိ။ လူသံများ စကားပြောသံများ ကားစက်သံများ နားတွင်းသို့ ဝင်လိုက် ပျောက်လိုက် နီးလိုက် ဝေးလိုက်ဖြင့် သတိရတစ်ချက် မရတစ်ချက် ဖြစ်ကာ မျက်လုံးများကို အားယူ၍ ဖွင့်လိုက်သည်။ မရပါ။ မျက်ခွံများ လေးလံနေခဲ့၏။ အမှောင်ရိပ်တို့ ကြီးစိုးနေခဲ့သည်။ ဦးခေါင်းအတွင်းမှ တဆစ်ဆစ် ကိုက်ခဲနေခဲ့သည်။ အသက်ဝဝ မရှူနိုင် မွန်းကြပ်ကြပ် ဖြစ်နေခဲ့သည်။ လည်ချောင်းတို့ ခြောက်သွေ့နေခဲ့သည်။ အားယူ၍ အသံထွက်အောင် အော်ဟစ်လိုက်သည်။





"မေမေ .. မေမေ သမီးကြောက်တယ်၊ မေမေ သမီးဆီကို မေမေ အမြန်လာခဲ့ပါ၊ မေမေ အမြန်လာခဲ့ပါ"

သည်စကားလုံးများကို ရင်တွင်းမှ စီကာစဉ်ကာဖြင့် ရှိသမျှအင်အားစုစည်းပြီး အသံကုန်အားယူ၍ အော်ဟစ်လိုက်ခြင်းဖြစ်သည်။ အသံများကတော့ ပြင်ပသို့ ထွက်မလာနိုင်။ လည်ခေါင်းဝတွင် တစ်ဆို့ ပျောက်ဆုံးသွားကြသည်။ လက်တွေ ခြေတွေကို အားယူ၍ ရုန်းကန်လှုပ်ရှားလိုက်၏။ ခြေလက်တို့ လုံးဝ လှုပ်ရှားနိုင်ခြင်းမရှိ။ လေးလံနေခဲ့၏။ ငွေကြာဖြူ ကြောက်လန့်တုန်လှုပ်ခြင်းကြီးစွာဖြင့် တအားကုန်ရုန်းကန် အော်ဟစ်ပစ်လိုက်သည်။ ငို၍မရ အော်၍မရ အမှောင်ထုနှင့် မွန်းကြပ်မှုတို့က ဖိစီးနှိပ်စက်နေခဲ့၏။ လူကတော့ ကားတစ်စီးပေါ်တွင် ရောက်နေပြီး ကားသယ်ဆောင်ရာသို့ လိုက်ပါရွေ့လျားနေသည်ကို သတိထားလိုက်၏။ သတိထားရင်း ထိတ်လန့်စိတ်တို့ငြိမ်သက်အောင် အားမွေးယူလိုက်သည်။ ထိုအချိန်တွင် ရွေ့လျားနေသော ကားက ရုတ်တရက် တုန့်ခနဲ ရပ်တန့်သွားခဲ့၏။ တံခါးဖွင့်သံတို့ ကြားလိုက်ရ၏။ မီးအလင်းတန်းတစ်ခု မျက်နှာပြင်ပေါ် ကျလာခဲ့၏။

"လွှတ် .. လွှတ် .. ဖွယ် .. ဖယ် ကျွန်မကို ကယ်ကြပါ။ ကျွန်မကို ကယ်ကြပါ"



Scanned by CamScanner

တအားကုန်ရုန်းကန်အော်ဟစ်ကာ အကူအညီတောင်းလိုက်၏။ လည်ချောင်းများ ဆို့နင့်နာကျင်နေ၏။ အသံတို့ ကျယ်လောင်စွာ ထွက်လာနိုင်ခြင်းမရှိခဲ့။ မိမိ၏ ခန္ဓာကိုယ်ကို တစ်စုံတစ်ယောက်က ကားပေါ်မှ ပွေ့ချလိုက်၏။ မိမိ၏ မျက်နှာကို အဝတ်စတစ်စဖြင့် တင်းကြပ်စွာစည်းနှောင်ထားကြောင်း သိလိုက်ရ၏။ မျက်နှာပေါ်မှ အဝတ်ကို ဖယ်ရှားရန် လှုပ်ရှားလိုက်သော်လည်း လက်နှစ်ဖက်ကို တစ်စုံတစ်ယောက်က တင်းကြပ်စွာ ချုပ်နှောင်ထားခဲ့၏။ ငွေကြာဖြူအားမတန်မာန်လျှော့ကာ လှိုက်လှဲ့စွာ ငိုကြွေးလိုက်၏။

တရွေ့ရွေ့ဖြင့် အခန်းကျယ်ကြီးတစ်ခုအတွင်း ရောက်လာခဲ့၏။ ငွေကြာဖြူကို ဆုပ်ကိုင်ထားသော လက်များမှ လွှတ်မြောက်ခဲ့သည်။ ငွေကြာဖြူ လျှင်မြန်စွာ မျက်နှာမှ အဝတ်တို့ ဆွဲဖယ်လိုက်၏။ မှုံတိမှုံဝါး အလင်းရောင်အတွင်း၌ ငွေကြာဖြူနှင့် လူတစ်ယောက် တစ်ယောက်နှင့်တစ်ယောက် သဲကွဲစွာ မမြင်နိုင် မမြင်မကမ်းဖြစ်နေခဲ့သည်။

"ရှင် .. ရှင် ဘယ်သူလဲ ကျွန်မကို ဘယ်လိုအကြံမျိုးနဲ့ ဒီလိုလုပ်ရတာလဲ ... ဟင်"

မလှမ်းမကမ်းမှ လူကို အားနှင့်မာန်နှင့် ဆွဲကိုင်လှုပ်ရင်း





ပါးစပ်ထဲ တွေ့ရာတွေ မေးချလိုက်၏။ တစ်ဖက်လူမှ ပြန်ဖြေသံတို့ မကြားရသေး။ ငွေကြာဖြူဒေါသထွက်လာသည်။ မျက်ရည်များ စီးကျလာသည်။ ရှိုက်သံတို့ ပြင်းထန်စွာ ထွက်လာခဲ့သည်။ အနီးမှ လူကလည်း ဘယ်လိုထုထု ရိုက်ရိုက် မလှုပ်မယှက်။ မတုန်မလှုပ်၊ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။ ဒေါသတို့ အထွဋ်အထိတ်သို့ ရောက်လာပြီး ကျယ်လောင်စွာ ထပ်မေးလိုက်၏။

"ရှင်ဘယ်သူလဲ .. ကျွန်မမေးနေတာ ဖြေစမ်းပါ"

တစ်ဖက်လူက လှုပ်ရှားလာခဲ့သည်။ ငွေကြာဖြူ၏ ပခုံးသားတို့ကို ထွေးပွေ့ဖက်ယမ်းပစ်လိုက်သည်။

"လွှတ်လွှတ် ရှင်မယုတ်မာနဲ့၊ ကျွန်မနားမကပ်နဲ့ ကျွန်မကိုလွှတ်"

ရုန်းရင်းကန်ရင်း နောက်ဖက်သို့ တရွေ့ရွေ့ ဆုတ်နေသော ငွေကြာဖြူ၏ ကိုယ်လုံးမှာ နံရံတစ်ခုနှင့် ထိကပ်ပြီး ဆက်လက်၍ ဆုတ်မရအောင် ဖြစ်ခဲ့၏။ ငွေကြာဖြူတစ်ကိုယ်လုံး ချွေးစေးများ ပြန်နေခဲ့သည်။ ကြောက်ရွံ့စိတ်များ ဝင်လာပြီး ဒူးများ ချောင်ကျလာခဲ့၏။ လူကလည်း နတ်ကျသလို ကတုန်ကယင် ဖြစ်နေခဲ့သည်။ ထိုစဉ် တိုးတိတ်ညင်သာလွန်းသော လေသံလေးဖြင့် စကားသံတို့ ထွက်လာခဲ့သည်။



Scanned by CamScanner

"'မောင် ...ပါ မမရယ်၊ ...မကြောက်ပါနဲ့နော်"

"မောင် .. မောင် ဟုတ်လား။ မင်းဘယ်လိုအကြံနဲ့ မမကို ဒီလို ရက်ရက်စက်စက် လုပ်ရက်တာလဲဟင် ပြောစမ်း စစ်ငြိမ်း"

"ခွင့်လွှတ်ပါ မမ .. မမ ကို မောင်ပိုင်ဆိုင်ချင်လွန်းလို့ ချစ်လွန်းလို့ ဒီလိုစီစဉ်လိုက်ရတာပါ။ မောင်လေ မမကို လက်လွှတ် မခံနိုင်ဘူး။ အဆုံးရှုံးမခံနိုင်ဘူး မမရယ်"

"အို ...အဓိပ္ပာယ်မရှိတာတွေ၊ မင်း မမကို တကယ် ချစ်ရင် အခုအိမ်ကို အမြန်ဆုံး ပြန်ပို့ပေးပါ။ မမအိမ်ပြန်ချင်တယ်။ မင်း မမစကားကို နားမထောင်ရင် မမကိုယ်မမ သတ်သေရဲတယ်။ မင်းကိုလည်း မချစ်တော့ဘူး။ မင်းလုပ်ရက်က သိပ်ပြီး အောက်တန်းစားဆန်တာပဲ။ မမဘဝက အသက်နဲ့ လူလုပ်နေတာ မဟုတ်ဘူး။ အရှက်နဲ့ လူလုပ်နေတဲ့ မိန်းမဘဝပါ။ နောက်ပြီး လူအများ လေးစားမှုခံနေရတဲ့ ဆရာမတစ်ယောက်ပါ။ မမဒီလို ဘဝမျိုး ဒီလို အဖြစ်မျိုးနဲ့ မင်းကို ဘယ်လိုလုပ်ပြီး လက်တွဲနိုင်ပါ့မလဲ"

"မမရယ် .. ခဏလေး နားထောင်ပေးပါဦး။ ကျွန်တော် ရှင်းပြပါရစေနော်"

"သား ...စစ်ငြိမ်း တံခါးဖွင့်ပေးပါ သားရယ်၊ ဖေဖေ လဲ ပါလာပါတယ်။ မင်းဖြစ်ချင်တာတွေ ဖေဖေတို့အားလုံး စီစဉ်ပေး





ပါ့မယ်"

စစ်ငြိမ်း ရင်တို့ တဒိတ်ဒိတ် ခုန်နေ၏။ အားမတန် မာန် လျှော့ရပေတော့မည်။ မင်းတုတ်ခတ်လျက် ပိတ်ထားသော တံခါး မင်းတုပ်ကြီးကို မယူ၍ ရွှေ့ချလိုက်သည်။ တံခါးတစ်ချပ်ကို တွန်းဖွင့်လိုက်ပြီး ငွေကြာဖြူပြေးထွက်သွားခဲ့၏။ မှောင်ထဲမှာတော့ စစ်ငြိမ်း တစ်ယောက်ထဲ ငုတ်တုတ်ထိုင်လျက် လက်မှိုင်ချကာ သူ၏ ဦး ခေါင်းအတွင်း၌လည်း ဆုံးဖြတ်ချက်တို့ မပြတ်မသား မရှင်းမလင်း တွေဝေရှုပ်ထွေးနေခဲ့သည်။

"ကံကြီးပေလို့ပေါ့ သမီးရယ်" ဒေါ်ဝတ်မှုံ၏ အသံကိုကြားလိုက်ရလျှင် စစ်ငြိမ်း အံ့သြထိတ်လန့်သွားခဲ့သည်။ ဇာတ်လမ်းတွေကတော့ ရှုပ်ကုန်ပြီထင်၏။ ဦးကြည်ဖြူ ဂိုဒေါင်အတွင်းမှောင်ရိပ်သို့ ဝင်လာခဲ့သည်။ သားဖြစ်သူ စစ်ငြိမ်း၏ ပခုံးကို ပွေ့ဖက်လျက် ပြင်ပသို့ ထွက်ခွာရန် ညင်သာစွာ တွဲခေါ်ခဲ့၏။ စစ်ငြိမ်းခေါင်းမဖော်နိုင်။ ဦးကြည်ဖြူက ပခုံးကို ပုတ်လျက် အားပေးလိုက်၏။ စစ်ငြိမ်းတို့ အပြင်ရောက်သည်နှင့် သစ်သီးခြံအတွင်း ဟိုမှ သည်မှ မီးလုံးများ လင်းလက်လာခဲ့သည်။ ခြံအစောင့် အလုပ်သမားများကို ဘွားလှပိုက ဖွင့်နိုင်းလိုက်ခြင်းဖြစ်သည်။

ဒေါ်ဝတ်မှုံနှင့် ငွေကြာဖြူ ဦးကြည်ဖြူနှင့် မောင်စစ်ငြိမ်း



Scanned by CamScanner

ယှဉ်လျက် ရပ်နေခဲ့ကြ၏။ ဒေါ်ဝတ်မှုံက မိခင်ပီသစွာ သမီးအား ကြင်နာယုယမှုတို့ဖြင့် ချော့မော့နေခဲ့သည်။ ဦးကြည်ဖြူကလည်း ဖခင်ပီသစွာ သားဖြစ်သူကို အားပေးပွေ့ဖက် ကြင်နာခြင်းတို့ပြခဲ့၏။ ဒေါ်ဝတ်မှုံနှင့် ဦးကြည်ဖြူတို့နှစ်ဦး၏ ရင်တွင်းမှာတော့ အေးမြသော စမ်းချောင်းလေးတစ်ခုစီ စီးဆင်းနေရာမှ တစ်ခုတည်းသော စမ်းရေအိုင်လေး ဖြစ်သွားသလိုမျိုး ပီတိတွေ ပျုံးနေခဲ့၏။

ကံကြမ္မာ၏ ဆန်းကြယ်ပုံကလည်း အံ့မခန်းစရာပင်။ အကြောင်းစုံလင်အောင် ဘွားလှပို ဇာတ်စုံခင်းပြလိုက်တော့မှ အားလုံးသောရင်တို့ ပေါ့ပါးကြည်လင်သွားခဲ့သည်။ ငွေကြာဖြူက ဦးကြည်ဖြူ ဦးကြည်ဖြူနှင့် ဒေါ်ထားထားတို့၏ သားဖြစ်နေခဲ့သည်။ အဖေတူ အမေကွဲ မောင်နှမနှစ်ဦး အရင်းအချာကြီးဖြစ်၏။ ကံကြီးလွန်း၍ အမှားမှားအယွင်းယွင်းတွေ မဖြစ်ခဲ့ကြသေး။ အချိန်မီ လက်မတင် ကလေးအတွင်းဝယ် ကံတရားက မျက်နှာသာပေးလိုက်ခြင်းဖြစ်၏။ မောင်နှမနှစ်ဦးဟု သိလိုက်ရသည့် အချိန်ဝယ် သောကမျက်ရည်များကြားမှ ပီတိတွေ ဝေဖြာသွားသူက ငွေကြာဖြူဖြစ်၏။ ကွဲကွာနေသော ဖခင်ကို ပြန်တွေ့ဆုံရ၍ ပျော်ရွှင်ခြင်းကတစ်မျိုး မောင်စစ်ငြိမ်းတည်းဟူသော မောင်လေးတစ်ယောက်ကို ဘဝတစ်သက်တာတွင် ဖြူစင်ခြင်း မေတ္တာစာတ်တို့ဖြင့် ရင်းနှီးစွာ ချစ်နိုင်ခွင့်ရတော့မည်က





တစ်ကြောင်း ပီတိတွေ ဝေဖြာနေခဲ့သည်။ အပြုံးတွေ ဝေဖြာနေခဲ့သည်။ အပျော်ရိပ်များ မင်းမူနေခဲ့သည်။ မောင်လေးစစ်ငြိမ်းအပေါ် ကြင်နာသော မျက်လုံးများဖြင့် အားပါးတရကြီး ကြည့်၍ ပြုံးလိုက်သည်။ မောင်စစ်ငြိမ်းကတော့ မိမိ၏ အရှက်အကြောက်မဲ့ လုပ်ရပ်များကြောင့် အပြစ်ရှိသူပီပီ မျက်နှာချင်းမဆိုင်ရဲဘဲ အစ်မကို ကြောက်ရွံ့ရှိသေဟန် မျက်နှာပေးလေးဖြင့် ခေါင်းငုံ့ပြစ်လိုက်၏

ကာလရှည်လျားစွာ ဝေးကွာနေခဲ့သော မိသားစုတစ်စု ပြန်လည် ရှင်သန်ထမြောက် ပေါင်းဆုံခြင်းကား ရင်တွင်းပီတိများစွာဖြင့် ကြည့်နူးစရာဖြစ်ခဲ့၏။ ဘွားလှပိုက မြေးလေးစစ်ငြိမ်း၏ ဦးခေါင်းမှ ဆံပင်များကို ဖွဖွလေး ပွတ်သပ်ပေးရင်း အိမ်ပြန်ကြရန်သတိပေးလိုက်သည်။

"ကဲ အားလုံးလဲ လူပင်ပန်း စိတ်ပင်ပန်းမှုတွေ အနားပေးရအောင် မိသားစုတွေ့ဆုံပွဲလေးတစ်ခုကိုလည်း ပျော်ရွှင်စွာ ကျင်းပကြရအောင်။ အိမ်ကို ပြန်ကြရင် မကောင်းဘူးလား သား"

"ဟုတ်ကဲ့ပါ မေမေ၊ အမေစီစဉ်တာ ကောင်းပါတယ်။ မဝတ်မှုံတို့ မိသားစုလည်း အိမ်ကို ရောက်ဖူးသွားတာပေါ့ ဟုတ်လား"

ဒေါ်ဝတ်မှုံကတော့ ခေါင်းညိတ်ပြုံးပြလိုက်သည်။

မမငွေကြာဖြူကို အကြောင်းပြု၍ ခင်ဇာမဏီနှင့် နဒီလှိုင်း

တို့၏ ဘဝအစစ်အမှန်ကို စစ်ငြိမ်းသိခွင့်ရခဲ့၏။ ရဲရင့်ပြတ်သားသော မိန်းမနှစ်ဦး၏ ဘဝနှင့် ချစ်စဖွယ်ကောင်းသော ကလေးငယ်တစ်ဦး ၏ ဘဝကို အနီးကပ် နားလည်ခံစားခွင့်များစွာ ရရှိခဲ့သည်။

ပြည့်ငြိမ်းကလေး၏ လှုပ်ရှားမှုများကို ရံဖန်ရံခါ ချောင်း ကြည့်ကျေနပ်ခဲ့၏။ မိခင်၏ အလစ်တွင် ကလေးနှင့် ရင်းနှီးမှုယူရန် ကြိုးစားခဲ့၏။ သို့သော် ကလေးမှာ လူကြီးသူမတို့၏ စောင့်ရှောက် မှုအောက်တွင်လွန်စွာ ယဉ်ကျေးလှ၏။ အိမ်၏ ပြင်ပပတ်ဝန်းကျင် သို့ ထွက်၍ လည်ပတ်ခြင်းမရှိခဲ့။ အိမ်တွင်း ကစားစရာလေးများဖြင့် သာ ပျော်ရွှင်စွာ ကစားခုန်စား ပျော်ပါး မြူးတူးခြင်း တို့ဖြင့် ချစ်စဖွယ် လိမ်မာပါးနပ်လွန်းလှသော ကလေးငယ်ဖြစ်၏။

စစ်ငြိမ်းအားလပ်တိုင်း မမငွေကြာဖြူ အနီးကပ်လျက် နုဒီ လှိုင်းတို့၏ အခြေအနေအရပ်ရပ်ကိုသာ စနည်းနာသတင်းယူနေခဲ့ သည်။ ဖေဖေ ဦးကြည်ဖြူ မေမေဒေါ်ဝတ်မှုံ မမငွေကြာဖြူနှင့် မိမိ တို့၏ မိသားစုဘဝကတော့ မမျှော်လင့်သော ပျော်ရွှင်အေးချမ်းမှုတို့ ဖြင့် ဘဝတွင် တင့်တင့်တယ်တယ် ရပ်တည်နိုင်ခဲ့ပြီဖြစ်၏။ မိမိ၏ ကိုယ်ပိုင်ဘဝကိုလည်း စစ်ငြိမ်း တည်ငြိမ်စွာ တည်ဆောက်လိုလှ ပြီဖြစ်သည်။





ထိုစိတ် ထိုဆန္ဒတို့ ပြင်းပျစွာဖြင့် နုဒီလှိုင်းအား တွေ့ဆုံ ရန် ကြိုးစားလိုက်၏။ အလုပ်များလွန်းသော နုဒီလှိုင်းကို တွေ့ဆုံရန် မလွယ်ကူလှသေးပါ။ နုဒီလှိုင်းတို့နှင့် အေးဆေးစွာ ဆွေးနွေးခွင့်မရ သေးမီ သားလေး ပြည့်ငြိမ်းကိုပင် အားလပ်တိုင်း မလှမ်းမကမ်း မှ သွားရောက်ကြည့်ရှုနေခဲ့သည်။

ယနေ့ သားလေးပြည့်ငြိမ်းကို မတွေ့ခဲ့ရ။ အိမ်ရှိ လူများ၏ လှုပ်ရှားမှုများကလည်း ပျာလောင်ခတ်နေကြ၏။ နုဒီလှိုင်းတစ်ယောက် လည်း ကားတစ်စီးဖြင့် အိမ်နှင့်အလုပ်ရုံသို့ အကြိမ်ကြိမ် ကူးပြောင်း သွားလာ လှုပ်ရှားနေသည်ကို မြင်တွေ့နေရ၏။ စစ်ငြိမ်းပူလောင်မှု တို့ ကျွမ်းမြိုက်လာခဲ့သည်။

"သားလေး ပြည့်ငြိမ်း နေမျှားမကောင်းဖြစ်နေသလား မသိဘူး။ မမငွေကြာဖြူကို သတင်းမေးခိုင်းမှ ဖြစ်တော့မယ်"

အိမ်သို့ အမြန်ပြန်ခဲ့သည်။ မမငွေကြာဖြူကို အခြေအနေ ပြောပြီး နုဒီလှိုင်းတို့ အိမ်သို့သွားရန် တိုက်တွန်းလိုက်၏။ ငွေကြာဖြူ ကလည်း ကျောင်းအလုပ်တစ်ဖက်နှင့်မို့ ညဦးပိုင်းမှ သွားမေးပေးမည် ဟု ပြောခဲ့သည်။ စစ်ငြိမ်း နေမထိ ထိုင်မသာ ဖြစ်နေခဲ့သည်။ သူ့ အတွက် အလွန်အရေးကြီးသလို ဖြစ်နေသဖြင့် မမငွေကြာဖြူကို အေးစက်စက်နိုင်သည်ဟု အပြစ်တင်မိသည်။



Scanned by CamScanner

ညဘက် မမငွေကြာဖြူအိမ်သို့ ပြန်ရောက်လာခဲ့သည်။ စစ်ငြိမ်းမျက်နှာကို စိတ်မကောင်းခြင်းကြီးစွာဖြင့် ကြည့်ပြီးမေးလိုက်သည်။

"မောင်လေး မင်းကို မမတစ်ခုမေးချင်တယ်။ မင်းက ဘာဖြစ်လို့ နဒီလှိုင်းရဲ့ ကလေးလေးကို စိတ်ဝင်စားနေရတာလဲ"

"ဟာ .. ဗျာ၊ မမကလည်း ဆရာမပီပီ သိပ်စကားကြောရှည်တာပဲ။ ဒီအကြောင်းတွေကို နောက်တော့ မမသိရမှာပါ။ ခု ကလေး ဘာဖြစ်နေတယ်ဆိုတာပဲ ကျွန်တော်သိချင်တယ် ပြောစမ်းပါ မမရယ်"

"အေး မင်းသိချင်ရင် ပြောရတာပေ့ါ။ နဒီလှိုင်းရဲ့ သားလေး သွေးလွန်တုတ်ကွေးရောဂါဝင်လို့ ဆေးရုံတင်လိုက်ရတယ်တဲ့"

"ဗျာ .. ဆေးရုံတင်မှာ ဘယ်ဆေးရုံမှာလို့ပြောလဲ မမ"

"ကလေး ဆေးရုံကြီးမှာလို့ ပြောတာပဲ၊ အခြေအနေကလည်း စိုးရိမ်ရတယ်တဲ့။ နဒီလှိုင်းတို့တောင် ပွဲရုံပိတ်ထားကြတယ်"

"အခြေအနေက စိုးရိမ်ရတယ် .. ဘုရား .. ဘုရား"

ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသော စစ်ငြိမ်းကိုကြည့်ပြီး ငွေကြာဖြူ စိတ်မောစွာ သက်ပြင်းချလိုက်မိ၏။

စစ်ငြိမ်းကတော့ ပြင်ပပတ်ဝန်းကျင်ကို ငေးမောရင်း ငွေကြာ





ဖြူကို မေ့လျော့ထားလိုက်ပုံရသည်။

စစ်ငြိမ်းမျှော်လင့်ထားတာတွေ စစ်ငြိမ်းစိတ်ကူးထားတာတွေ နဒီရယ် သူရယ် သားလေး ပြည့်ငြိမ်းရယ် ငြိမ်းချမ်းပျော်ရွှင်ဖွယ်ရာကောင်းသော မိသားစုဘဝလေးအတွင်း သက်ဝင်လှုပ်ရှား ပျော်ရွှင်မှုခံစားလိုသော ဆန္ဒဖြင့် ရင်တွင်းမှ တိတ်တခိုး အိပ်မက်ပုံများကို မျက်လုံးထဲတွင် ရုပ်ရှင်ပြနေသလိုမျိုး တကန့်စီ တကန့်စီ ပြန်လည်မြင်ယောင်နေမိ၏။ မည်၍မည်မျှ ကြာသွားသည်မသိ၊ စိတ်ကူးယဉ် အိပ်မက်ကမ္ဘာမှ ရုတ်တရက် လန့်နိုးသွားပြီး ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုလိုက်တော့ စစ်ငြိမ်း ရင်တွင်း ပူပန်သောကများစွာဖြင့် အသံကုန်အော်ဟစ်ရင်း မမငွေကြာဖြူကို ခေါ်လိုက်သည်။

"မမ ငွေကြာဖြူ ခဏ ဒီကိုခဏလေး မြန်မြန်ပြန်လာခဲ့ပါ မမရယ်"

"အေး .. အေး လာမယ်မောင်လေး။ ဒီမှာ လက်မအားလို့ ခဏလေးနော်"

မီးဖိုဆောင်တွင် အလုပ်များနေသော ငွေကြာဖြူ အသံပြုရင်း ပြန်အော်လိုက်သည်။

"မြန်မြန်လာစမ်းပါ မမရယ်၊ ကျွန်တော် ကလေးဆေးရုံ သွားချင်လို့ပါ။ အဲဒါ မမလိုက်ခဲ့ပါနော်"

"အခု သွားမှာလား မောင်လေး။ ဒါဆိုရင် မီးဖိုဆောင် အလုပ်တွေ မမလက်စသတ်လိုက်ဦးမယ်။ မေမေပြန်လာရင် အဆင်သင့်မဖြစ်မှာစိုးလို့နော်။ ခဏလေးစောင့် ဟုတ်လား"

"စောင့်ပါ့မယ်ဗျာ .. စောင့်ပါ့မယ်။ မမမြန်မြန်တော့ ပြီးအောင်လုပ်ပေးပါ"

"အေးပါကွယ် .. မင်းလောတာနဲ့ မမဘာလုပ်လို့ ဘာကိုင်ရမှန်းတောင် မသိတော့ဘူး။ တကထဲမှဘဲ"

စစ်ငြိမ်း ဧည့်ခန်းအတွင်းမှ ကုလားထိုင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချပစ်လိုက်သည်။ အရုပ်ကြိုးပြတ်ပုံစံဖြင့် ငေးကြောင်ထိုင်နေရင်းမှ ရင်တွင်းမှ ပူပြင်းသော လေပူများကို ပြင်းထန်စွာ မှုတ်ထုတ်လိုက်သည်။

" ဟူး ..."

() () ()

ကလေးဆေးရုံကြီး၏ အရေးပေါ် လူနာဌာနအတွင်းဖြစ်၏။ ခုတင်ထက်တွင် သွေးပိုက် ဆီးပိုက် ဂလူးကို့စ်ပိုက် အောက်စီဂျင်ပိုက်များဖြင့် ရှုပ်ရှက်ခပ်နေသော ကလေးငယ်တစ်ဦး အိပ်မောကျနေခဲ့သည်။

ကလေးငယ်၏ ခုတင်နှင့် မလှမ်းမကမ်း အပြင်ဘက်တွင်





နဒီလှိုင်းတစ်ယောက် ဟိုမှဒီမှ လူးလာခေါက်ပြန် ဂဏှာမငြိမ် ယောက်ယက်ခတ်မှု လှုပ်ရှားနေခဲ့သည်။ နဒီလှိုင်းအား အစဉ်သဖြင့် အားပေးတတ်ခဲ့သော ခင်ဇာမဏီတစ်ယောက် နှုတ်မှ အားပေးစကားသံတို့ ထွက်မလာနိုင်တော့။ ဘုရားစာ ဂါထာများကိုသာ ရွတ်ဖတ်ခြင်းဖြင့် တတွတ်တွတ် ရေရွတ်နေခဲ့သည်။ မျက်လုံးများကို မှိတ်ထားပြီး လက်များကို တင်းကြပ်စွာ ဆုပ်ကိုင်ပွတ်သပ်နေခဲ့သည်။ အစဉ်သဖြင့် တက်ကြွနေခဲ့သော သူငယ်ချင်းမနှစ်ဦး တစ်ဦးကိုတစ်ဦး ဂရုမပြုနိုင်။ အပူသောကမီးကိုယ်စီ တောက်လောင်နေခဲ့သည်။ ဘိုးဘိုး ဘွားဘွားတို့ကတော့ ဆေးရုံလာလိုက် အိမ်ပြန်သွားလိုက် ပြန်ရောက်လာလိုက်ဖြင့် ချက်စိမျက်နှာများ ပျက်နေကြသည်။

ကလေးမှာ သုံးရက်ခန့် အပြင်းဖျားလိုက်သဖြင့် တာဝန်ကျ ဆရာ ဆရာမတွေ ဆရာဝန်တွေကလည်း မအားလပ်နိုင်ကြ။ တစ်ယောက်ဝင်လိုက် တစ်ယောက်ထွက်လိုက် စမ်းသပ်ချက်ယူလိုက်ဖြင့် ကလေး၏ ရောဂါဝေဒနာ သက်သာရာသက်သာကြောင်း အစွမ်းကုန် လှုပ်ရှားဆောင်ရွက် နေကြသည်။ နေ့နေ့ညည မအားလပ်အောင် ရှိနေခဲ့ကြသည်။

နဒီလှိုင်းနှင့် ခင်ဇာမဏီတို့ကတော့ ငိုကြွေးခြင်းမှတစ်ပါး အခြားမည်သို့မျှ မတတ်နိုင်ခဲ့ပါ။ ဆရာဝန်များ ညွှန်ကြားချက်များကို



Scanned by CamScanner

အစွမ်းကုန်လိုက်နာ ဆောင်ရွက်ရင်း သားလေး၏ အသက်ရှင်သန်ရေးကို အစွမ်းရှိသမျှ ကြိုးစားကူညီရင်း မစားနိုင် မအိပ်နိုင်အောင် ဖြစ်လာကာ အားအင်များ ကုန်ခမ်းလျက် မူးဝေယိုင်လဲကျသည်အထိ ချိနဲ့လာကြသည်။

“ကလေးအတွက် သွေးလိုအပ်တယ်။ ဆေးရုံမှာ ကလေး သွေးအမျိုးအစားနဲ့ တူတဲ့ သွေး ကုန်နေပြီဆရာ”

သူနာပြုဆရာမလေး စကားသံအဆုံးတွင် ဆေးရုံသို့ ရောက်ရှိနေကြသော လူကြီးအားလုံး သွေးဖောက်အစစ်ခံယူခဲ့ကြသည်။ ကလေးအတွက် လိုအပ်သော သွေးကို ပေးလှူလိုကြသည်။ သို့သော် ကလေးကသိုလ်ကံမကောင်းခဲ့ပေ။ သွေးဖောက်၍ စစ်ဆေးကြည့်ရှုသမျှ သွေးတို့တွင် ကလေး၏ သွေးအမျိုးအစား AB က ပါမလာခဲ့ပေ။ အမျိုးအစားမတူသော သွေးကို ဆရာ ဆရာမတို့က မသွင်းပေးနိုင်သဖြင့် အခက်အခဲကြုံနေခဲ့ရသည်။

နဒီလှိုင်းတစ်ယောက်သည် လောကကြီး အိုးထိန်းစက်ကဲ့သို့ ချာချာလည်ခဲ့ရပြီဖြစ်၏။ ငိုကျွေးခြင်း ပင်ပန်းခြင်းသောကများစွာဖြင့် မူးမိုက်လဲကျသွားသည်။ ထိုအချိန်အတွင်း အရေးပေါ် လူနာဆောင်သို့ အပြေးအလွှားရောက်ရှိလာသော လူရွယ်တစ်ယောက်ကိုကား အားလုံးသတိထားလိုက်မိကြသည်။ ခင်ဇာမဏီက မူးဝေနေ





သော နဒီလှိုင်းကို ပွေ့ဖက်လျက် တီးတိုးရေရွတ်လိုက်သည်။

“နဒီ စစ်ငြိမ်း ဆေးရုံကို အပြေးအလွှားရောက်လာတယ် သိလား”

တစ်စုံကြေကွဲသံဖြင့် ဝမ်းနည်းစွာဆိုလိုက်သော စကားသံကြောင့် နဒီလှိုင်းအားယူပြီး မျက်လုံးဖွင့်ကြည့်လိုက်မိသည်။ မိမိ၏ မှုန်ဝါးဝါး အမြင်များကြားတွင် သွေးဖောက်စစ်ဆေးနေသော ဆရာဝန်အနီးသို့ အပြေးအလွှားရောက်ရှိသွားသော စစ်ငြိမ်းကို ကြေကွဲစွာမြင်လိုက်ရသည်။

စစ်ငြိမ်း၏ မျက်လုံးအစုံက ခုတင်ပေါ်ကလူနာ ကလေးငယ်ကလေးကို ကြေကွဲစွာကြည့်လျက် မျက်ရည်တို့ ပါးပြင်ပေါ်သို့ စီးကျလာခဲ့သည်။ နှုတ်မှလည်း တစ်စုံတစ်ခုကို ရေရွတ်နေခဲ့သည်။ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားရင်း မိမိရှေ့မှ ဆရာဝန်ကြီးအား စစ်ငြိမ်း စကားဆိုလိုက်သည်။

“ဆရာ ကျွန်တော့်သားလေးအတွက် သွေးသွင်းဖို့ အခက်အခဲရှိနေတယ်လို့ သတင်းကြားခဲ့ပါတယ်။ ကျွန်တော့်သားလေးအတွက် ကျွန်တော် သွေးလှူချင်ပါတယ်။ ကျွန်တော့်သွေးကိုလိုသလောက် ဖောက်ယူနိုင်ပါတယ်ခင်ဗျား”

“ကောင်းပါပြီ .. ကောင်းပါပြီ၊ သွေးအမျိုးအစား တူမတူ

စမ်းသပ်ဖို့တော့ လိုနေပါတယ်။ ခဏလေး စောင့်ပါနော်''

ဆရာဝန်ကြီးက စစ်ငြိမ်းထံမှ သွေးစတို့ကို ဖောက်ယူပြီး စမ်းသပ်နေခဲ့သည်။

''နဒီ .. မောင့်ကို ခွင့်လွှတ်ပါ။ မောင့်သားလေးအတွက် မောင်လာခဲ့တာပါ။ မောင့်လုပ်ရပ်အတွက် အမှားရှိရင်လဲ ခွင့်လွှတ်ပါ။ မောင်တောင်းပန်ပါတယ် နဒီရယ် နော်''

''နဒီလှိုင်း၏ ဒူးခေါင်းရှေ့ကြမ်းပြင်ပေါ်တွင် ဒူးထောက်ထိုင်ချရင်း အရှုံးပေးသော လူတစ်ယောက်၏ တောင်းပန်ခြင်းမျိုးဖြင့် နဒီလှိုင်း၏ ခြေထောက်များကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ရင်း စစ်ငြိမ်း အသနားခံတောင်းပန်လိုက်သည်။

မျက်ဝန်းအိမ်မှ အဆက်မပြတ်စီးကျနေသော မျက်ရည်တို့က စစ်ငြိမ်း၏ ပါးပြင်ပေါ်တွင် ရွှဲရွှဲစိုနေခဲ့သည်။ ရင်သွေးအတွက် သောကမီးတောက်လောင်နေသော ဖခင်တစ်ဦး၏ မေတ္တာတရားကို အားလုံးက နားလည်ခြင်းကြီးစွာဖြင့် ခွင့်လွှတ်သနားကြသည်။ နဒီလှိုင်းက စစ်ငြိမ်း၏ ပခုံးနှစ်ဖက်ကို ကြင်နာစွာ ဆုပ်ကိုင်မထူရင်း တိုးညှင်းသောအသံဖြင့် စကားပြန်လိုက်သည်။

''နဒီ မောင့်ကိုခွင့်လွှတ်ပြီးသားပါမောင်။ နဒီတို့ သားလေး အတွက် လိုအပ်နေတဲ့ သွေးမရနိုင်လို့ စိုးရိမ်သောကကြီးစွာဖြစ်နေ





ချိန်ပါမောင်။ အခု မောင်ရောက်လာတော့ နဒီ ဝမ်းသာသွားတယ်။ သားလေးရဲ့သွေးဟာ မောင့်သွေးနဲ့ ထပ်တူထပ်မျှ ဖြစ်ပါလိမ့်မယ် လေ။ ဆရာဝန်ကြီးရဲ့ အဖြေကို စောင့်ကြည့်ကြရအောင်နော်''

''နဒီ သားလေးဟာ မောင့်သားလေးအစစ်ပါ နဒီရယ်။ ဒါကြောင့် မောင့်သွေးဟာ သားလေးသွေးပဲဖြစ်မှာပါ။ သားလေး အသက်ရှင်သန်ဖို့အတွက် မောင့်တစ်ကိုယ်လုံးက သွေးတွေအားလုံး ထုတ်ပေးရမယ်ဆိုရင်တောင် မောင်ပေးမှာပါ နဒီရယ်''

''ဩော် မောင်ရယ်''

စစ်ငြိမ်းနှင့်နဒီလှိုင်းတို့ကို ကြည့်နေသူအားလုံး မျက်ရည် ကိုယ်စီ စီးကျနေခဲ့သည်။ မိခင် ဖခင်တို့၏ ကြီးမားသော မေတ္တာ တရားကလည်း ထင်ထင်ရှားရှား ဖော်ပြပြီးသား ဖြစ်နေခဲ့သည်။

ဆရာဝန်ကြီး၏ နှုတ်မှ ထွက်ပေါ်လာမည့် စကားသံကို လည်း အားလုံးသောလူတို့က နားစွင့်ရင်း ရင်ခုန်နေခဲ့ကြသည်။ အလွန်အမင်းရင်ခုန်သံပြိုင်နေသူ နှစ်ဦးကတော့ နဒီလှိုင်းနှင့် စစ်ငြိမ်း တို့ပဲဖြစ်သည်။

ကံကောင်းလိုက်တာဗျာ။ ကိုစစ်ငြိမ်း ခင်ဗျားရဲ့ သွေးက လည်း AB အမျိုးအစားပဲ။ ကလေးရဲ့သွေးနဲ့ တထပ်တည်းပဲ။ ခင်ဗျား တို့ စိတ်အေးအေးထားကြတော့ ဒီကလေး ဒီနေ့ သွေးသွင်းနိုင်ရင်



Scanned by CamScanner

မျှော်လင့်ချက် အများကြီးကောင်းလာပါပြီဗျာ''

အရေးပေါ်လူနာခန်းအတွင်းမှ လူအားလုံး၏ မျက်ဝန်းအိမ်မှ မျက်ရည်တို့သည် တလိမ့်လိမ့် စီးကျနေခဲ့ကြသည်။ သူနာပြုဆရာမလေးများပင် လက်ကိုင်ပဝါလေးများဖြင့် မျက်ရည်စကို သုတ်နေကြသည်။

စစ်ငြိမ်း၏ မာန်ပါသော အပြုံးပီတိတွေ ဖုံးနေသော ဖခင်တစ်၏ မေတ္တာတရားတို့နှင့်အတူ သွေးထုတ်သွေးသွင်း တပြိုင်တည်း ပြုလုပ်လျက် ဖခင်၏ သွေးစက်တို့ဖြင့် သားလေးပြည့်ငြိမ်း၏ အသက်ကို ဆက်လက်ရှင်သန်ခွင့် ရနိုင်တော့မည်ဖြစ်သည်။

တိုစဉ်ဆေးရုံဝန်းကျင်ရှိ လက်ဖက်ရည်ဆိုင်တစ်ခုမှ တေးသီချင်းသံတို့ကို ကိုယ်စီကိုယ်င ကြားလိုက်ကြရသည်။

''မေမေရဲ့ သားနိုင်တယ် မေမေရေ ..ရင်ဆိုင်ပွဲတိုင်း ..မေမေရဲ့ သားနိုင်တယ် ...အန္တရာယ်တွေ ရင်ဆိုင်ပွဲတိုင်း ..မေမေရဲ့ အားမာန်တွေ သားလေးရဲ့သွေးထဲကို စီးဝင်နေ အရှုံးပွဲနဲ့ တွေ့ဖို့ရာအကြောင်းမမြင် ..အားလုံး ..အောင်ပွဲဆင် ...အိုး ..အောင်ပွဲဆင် ...။

ရွှေဃမင်းဦး





Scanned by CamScanner